



# THE STRUGGLE

တော်လှန်ရေးသီအိုရီမဂ္ဂဇင်း တော်လှန်ရေးလုပ်သားမှ မဂ္ဂဇင်း

issue 14
MARCH 2026


# DOWN WITH THE GENOCIDAL STATE



# THE STRUGGLE

Theoretical organ of the

REVOLUTIONARY MARXISM

issue 14 March 2026 marxistburma.org

စာမျက်နှာ -၀၃
ဂျန်နီဆိုက်(ဒ်) နိုင်ငံတော်ကို ဖြိုချရေးဟာ ဒီကနေ့ တော်လှန်ရေး တာဝန်
အယ်ဒီတာ့အာဘော်

စာမျက်နှာ -၀၉
တော်လှန်ရေး မျက်နှာဖုံးအောက်က တန်ပြန် တော်လှန်ရေး
မေဆန်

စာမျက်နှာ -၁၂
ဗင်နီဇွဲလားကို ဗိုလ်ကျနေတဲ့ ယူအက်(စ်)က ဗမာပြည်မှာ မင်းပြောင်းမင်းလွဲ လုပ်ပေးမလား
သူရိန်မွန်

စာမျက်နှာ -၁၈
ကျားဖြန့်နဲ့ ဘတ်ငွေ မာလာခြင်း၊ ထိုင်း-ဗမာ စီးပွားရေးကို ဘယ်လို ရိုက်ခတ်မှု ရှိမလဲ
Abdul Yasha and Ko Tin Oo

စာမျက်နှာ -၂၃
ဒိုင်ယာလက်တစ် မိတ်ဆက် ( ၃)
မြန်မာပြန်သူ - မွန်းနောင်

စာမျက်နှာ -၂၇
ကွန်မြူနစ် အင်တာနေရှင်နယ်ကို ဘယ်လို တည်ဆောက်ခဲ့သလဲ
ဘာသာပြန် - ရှင်မင်းဟန်

စာမျက်နှာ -၄၂
အမေရိကန် နယ်ချဲ့က ဗင်နီဇွဲလားကို ကျူးကျော် တိုက်ခိုက်
သူရိန်မွန်

စာမျက်နှာ -၄၅
စစ်စတိုက်နေပြီ ဖြစ်တဲ့ ယူအက်(စ်)
ဘာသာပြန် - ဆွတ်ရိန်လင်း

စာမျက်နှာ -၄၉
ပါလဗီနဲ့ နယ်ချဲ့တွေ အီရန်ကို မထိနဲ့
ဘာသာပြန် - ဆွတ်ရိန်လင်း

စာမျက်နှာ -၅၅
ဆူဒန် ပြည်တွင်းစစ် - တန်ပြန် တော်လှန်ရေးရဲ့ ဆိုးဝါးသော အကျိုးဆက်များ
မေဆန်

# ဂျန်နိုဆိုက်(ဒ်) နိုင်ငံတော်ကို ဖြိုခွဲရေးဟာ ဒီကနေ့တော်လှန်ရေးတာဝန်

## အယ်ဒီတာ့အာဘော်

အိုင်စီဂျေမှာ ဗမာ စစ်တပ်ရဲ့ လူမျိုးတုန်း သတ်ဖြတ်မှု (genocide) ကို ကြားနာ စစ်ဆေးလျက် ရှိပါတယ်။ လက်ရှိ အာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်မင်းအောင်လှိုင် ကာချုပ်လုပ်နေတဲ့ အာဏာရှင် စစ်တပ်က ရခိုင်ပြည်နယ်က ရိုဟင်ဂျာ လူမျိုးစုကို မျိုးတုန်းသတ်ဖြတ်မှုတွေ ကျူးလွန်ခဲ့တယ်။

အခု အဲဒီ အာဏာရှင် စစ်တပ်ကပဲ ဗမာပြည် တနံ့တလျားက အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူတွေကို နေ့ညမရွေး သတ်ဖြတ်နေတယ်၊ မုဒိမ်းကျင့်နေတယ်၊ မြို့တွေ ရွာတွေကို မီးလောင်တိုက်သွင်းနေတယ်။ ကလေးသူငယ်နဲ့ သက်ကြီးရွယ်အိုတွေပါမချန် လေကြောင်းက ဗုံးကြဲသတ်နေတယ်။

အဲဒီလောက် ရက်စက် ကြမ်းကြုတ်တဲ့ ဂျန်နိုဆိုက်(ဒ်) စစ်တပ် အိုင်စီဂျေမှာ တရားရင်ဆိုင်နေရတာ မကောင်းဘူးလား၊ စစ်တပ် ထောက်ခံသူ မဘသ အသိုင်းအဝိုင်းကလွဲရင် ကျန်လူထုတရပ်လုံးက 'အိုင်စီဂျေမှာ မြန်မာ ရှုံးပါစေ၊ ရိုဟင်ဂျာ လူထုကြီး နိုင်ပါစေ' လို့ တညီတညွတ်တည်း အသံမထွက်သင့်ဘူးလား။ ကဗျာ ဆရာ အောင်ချိမ့်ရဲ့ နာမည်ကျော် စာသားတခုလို 'ငါရှုံးပါစေ၊ တရားက နိုင်ပါစေ' လို့ မကြွေးကြော်သင့်ဘူးလား။

အခုတော့ စစ်အာဏာရှင်တွေကို မကြိုက်ဘူး၊ ဒီစနစ်ကြီးကို လက်မခံဘူး ဆိုသူ တချို့ကပါ အိုင်စီဂျေမှာ ဗမာ စစ်တပ် ရှုံးမှာကို မလိုလားဘူး ဖြစ်နေကြတယ်။ အိုင်စီဂျေမှာ "မြန်မာ ရှုံးပါစေ" လို့ ပြောလာရင် အမျိုးသား သစ္စာဖောက်လိုလို၊ နိုင်ငံချစ်စိတ် မရှိသူလိုလို ကိုမျိုးချစ် မမျိုးချစ် မဘသ မျိုးညစ်တွေက ပုံဖော် ပြောဆိုနေကြတယ်။

ကိုမျိုးချစ် မမျိုးချစ် မဘသ မျိုးညစ်တွေလို့ သုံးထားပေမဲ့ သူတို့ကို မဘသလို့ သွားပြောရင် တီကိုဆားနဲ့ တို့သလို ဖြစ်သွားမဲ့ ဘုရားစူး တော်လှန်ရေးဘက်တော်သား နိုင်ငံရေး သုံးသပ်ကြီးသူတွေ ဖြစ်နေတာ တွေ့ရလိမ့်မယ်။ မဘသ အလံအောက်ကနေ စစ်အာဏာရှင်တွေကို ဖြောင်ထောက်ခံနေတဲ့ အုပ်စုကို လူထုက ဖားမှန်း ငါးမှန်း သိပြီးသား ဖြစ်ပါတယ်။

သို့သော် သူ့လူ ကိုယ့်ဘက်သား လုပ်နေတဲ့ အနီ နိုင်ငံရေးသမား၊ နီပေါ် လော်ဘီ ဆိုသူတွေက အမျိုးသားရေး အလံလွှင့်ထူလာတဲ့အခါ တချို့ နားဝေတိမ်တောင် ဖြစ်သွားတတ်တယ်။ အမြင်တွေ ဝေဝါးသွားတတ်တယ်။ ဒါ့ကြောင့်လဲ သာမန် ပြည်သူတွေကြားမှာ သူတို့ ပြောစကား နားယောင်သူ မနည်းမနော ရှိနေတာ သတိထားကြည့်ရင် တွေ့ရလိမ့်မယ်။

အမျိုးသားရေး ဝါဒမှိုင်း တိုက်လာခြင်း

တော်လှန်ရေးဘက်တော်သားလိုလို စစ်အာဏာရှင်စနစ်ကို အာဘောင်အာရင်းသန်သန်နဲ့ ဆန့်ကျင်နေသူ တချို့ အင်တိုက်အားတိုက် တင်သွင်းလာတဲ့ အမျိုးသားရေးဝါဒဟာ အဖိနှိပ်ခံ ပြည်သူ လူထုကြီးကို စစ်အာဏာရှင်တွေ လက်အောက် ဘယ်လို တွန်းပို့နေသလဲ နမူနာ ကြည့်လိုက်ရအောင်။

"မြန်မာ နိုင်ငံကို တရားစွဲတာ၊ စစ်တပ်ကို ကွက်ပြီး တရားစွဲတာ မဟုတ်ဘူး" လို့ ဝါဒဖြန့်ကြတယ်။ ဒီလို ပြောလိုက်တော့ လူတော်တော်များများ နားယောင်ကုန်တယ်။ မိမိကိုယ်မိမိ မြန်မာနိုင်ငံသားလို့ ခံယူထားသူ တယောက်က မြန်မာနိုင်ငံကို အခြား နိုင်ငံတခုက တရားစွဲနေပြီလို့ ကြားလိုက်ရတဲ့အခါ "မြန်မာ နိုင်ငံကို တရားစွဲနေပြီ = ငါတို့ကို တရားစွဲနေပြီ" လို့ ထင်သွားမှာပဲ။

အဲ့တော့ ဂျန်နိုဆိုက် ကျူးလွန်တဲ့ စစ်တပ်ကို တရားစွဲနေတာပဲလို့ မမြင်နိုင်တော့ဘူး၊ ငါတို့ကို တရားစွဲနေပြီလို့ မြင်သွားတယ်။ ငါတို့အပေါ် ကျရောက်လာတဲ့ ခြိမ်းခြောက်မှုကြီးလို့ ထင်ယောင်ထင်မှား ဖြစ်သွားတယ်။ အဲဒီ ကြောက်စိတ်ကို ထိုးဆွပေးတဲ့ နည်းနဲ့ ဒီလှည့်ဖျားမှုဟာ အလုပ်လုပ်ပါတယ်။

သို့သော် ဒီဝါဒဖြန့်ချက်ဟာ မမှန်ကန်ဘူး။ လူတွေရဲ့ စိတ်ထဲ ဒီလို တုံ့ပြန်မှုဖြစ်လာအောင် တမင် framing လုပ်ထားတဲ့ လှည့်ဖျားချက်သာ ဖြစ်တယ်။ အဲသလို ကြောက်စိတ်နဲ့ မှုန်ထူမနေဘူးဆိုရင် ရိုဟင်ဂျာတွေကို ဂျန်နိုဆိုက် လုပ်ခဲ့တာ ငါတို့ မဟုတ်ဘူး၊ ငါတို့ကို ဖိနှိပ် သတ်ဖြတ်ခဲ့တဲ့ ဗိုလ်မင်းအောင်လှိုင်တို့ရဲ့ အာဏာရှင် စစ်တပ်သာ ဖြစ်တယ်၊ အခု လက်ရှိ နိုင်ငံတော် အာဏာကို သိမ်းပိုက်ထားတာလဲ



ဒီစစ်တပ်ပဲ။

ဒါ့ကြောင့် အဲဒီ စစ်တပ် ဂျနိုဆိုက် အမှုနဲ့ တရားစွဲခံရလို့ သူတို့ တရားရင်ဆိုင်နေရပြီလို့ ရှင်းရှင်းလင်းလင်း မြင်နိုင်လိမ့်မယ်။

ဒီထက် စိတ်ရှင်းချင်ရင် အေအိုင် ခေတ်မှာ လေ့လာစရာတွေ လက်တကမ်းမှာ တပုံတပင် ရှိတယ်။ အိုင်စီဂျေမှာ စီရင်ခဲ့တဲ့ ဂျနိုဆိုက် အမှုတွေကို ဥပဒေ ရှုထောင့်ကနေ လေ့လာမလား၊ ဒီအမှုတွေရဲ့ သမိုင်း ဖြစ်စဉ်ကို လေ့လာမလား၊ စိတ်ကြိုက် လေ့လာလို့ ရတယ်။

အဲလို တီးခေါက် လေ့လာကြည့်လိုက်မယ်ဆိုရင် နိုင်ငံတခုက အခြား နိုင်ငံတခုကို တရားစွဲတယ် ဆိုရာမှာ အခြား တိုင်းသူပြည်သားတွေက သန်းငါးဆယ်ကျော် ဗမာ ပြည်သူတွေကို တရားစွဲနေတာ မဟုတ်ဘူး ဆိုတဲ့ အင်မတန် ရိုးရှင်းတဲ့ အချက်ကို နားလည်လာလိမ့်မယ်။ နားလည်ဖို့လဲ မခက်လှပါဘူး။

အခုတော့ တော်လှန်ရေးဘက်တော်သားလိုလို လက်ယာ နိုင်ငံရေးသမား နီပေါ လော်ဘီတချို့ရဲ့ ဝါဒဖြန့်ချက်ကို ယုံစားပြီး ကြောက်အားလန့်အားနဲ့ ဘာကိုမှ ဆင်ခြင်သုံးသပ်နိုင်စွမ်း မရှိဘူး ဖြစ်ကုန်တယ်။

ဒီနေရာမှာ တော်လှန်ရေး ဘက်တော်သား ဆိုတဲ့ မီဒီယာတွေရဲ့ တာဝန် ပျက်ကွက်မှုလဲ အများကြီး ပါတယ်။ သူတို့ကိုယ်တိုင်က အိုင်စီဂျေမှာ မြန်မာ ရှုံးသွားခြင်းဟာ အဖိနှိပ်ခံ လူထုကြီးအတွက် အရှုံး မဟုတ်ဘူး၊ စစ်အာဏာရှင်တွေအတွက်သာ ကြီးမားတဲ့ ထိုးနှက်ချက်တခု ဖြစ်သွားမယ်။ အဖိနှိပ်ခံ လူထုကြီးက နိုင်ငံရေးအရ အမြတ်တောင် ထွက်ဦးမယ်လို့ ရှင်းရှင်းလင်းလင်း ဖော်ထုတ်တင်ပြတာမျိုး မလုပ်ခဲ့ကြဘူး။ (TM media တို့လို မီဒီယာ ခပ်သေးသေး တချို့က ဒီအမြင်ကို တင်ပြနေတာ ရှိပေမဲ့ မီဒီယာကြီး အများစုက အခုထိ ပျက်ကွက်နေဆဲ ဖြစ်ပါတယ်)။

အမေရိကန် စစ်တပ်ထဲ အမှုတော်ထမ်းနေတဲ့ ဗမာ ပက်တီးဘူဗ္ဗာတယောက်က သူဟာ အာဏာသိမ်း စစ်တပ်ကို ဆန့်ကျင်ကြောင်း၊ တော်လှန်ရေးကို ထောက်ခံကြောင်း အမြဲ ပြောလေ့ရှိတယ်။ ဒါပေမဲ့ ဗမာ စစ်တပ်က ဂျနိုဆိုက်(ထ်) ကျူးလွန်ထားတယ်လို့ ပြောသူတွေကိုတော့ အမျိုးမျိုး ပုံဖျက် ဆဲဆိုလေ့ရှိတယ်။

သူတို့ဟာ တချိန်က 'အမေစုနဲ့အတူ ရပ်တည်ပါသည်' ဆိုပြီး စစ်တပ်ရဲ့ ဂျနိုဆိုက်ကို ဖုံးဖိဖို့ ကြိုးစားခဲ့ဖူးတယ်။ အဲဒီတုန်းကလဲ 'စစ်တပ်ကို တရားစွဲတာ မဟုတ်ဘူး၊ ငါတို့ မြန်မာနိုင်ငံကြီးကို တရားစွဲတာ' ဆိုပြီး ဂျနိုဆိုက် စစ်တပ်ဘက်က ရပ်တည်ခဲ့ကြတယ်။ အဲဒီလို စစ်တပ်ဘက်က ရပ်တည်ခဲ့သူက အခုတချီလဲ ဂျနိုဆိုက် စစ်တပ်ကို တဖက်လှည့်နဲ့ ကာကွယ်ပေးနေတာ မထူးဆန်းပါဘူး။

သို့သော် သူတို့ဟာ သူရဲဘောကြောင်သူတွေ ဖြစ်တယ်။ သူတို့ရဲ့ စစ်တပ် ထောက်ခံတဲ့ လုပ်ရပ်ကို လူမမြင်အောင် လှည့်ဖျားနည်း အဖုံဖုံ သုံးလာကြတယ်။ "ခင်ဗျားတို့ အလွန်အားထားတဲ့ အိုင်စီဂျေကတောင် ဂျနိုဆိုက် ဟုတ်မဟုတ် မဆုံးဖြတ်ရသေးဘဲ ခင်ဗျားတို့က နွားရှေ့ထွန်ကျူးပြီး ဂျနိုဆိုက်ချင်း မိုးမွှန်နေတာပဲ" တဲ့။ "တမိုးလုံး ဖျောက်ဆိတ်ဖြစ်လာတဲ့ ဂျနိုဆိုက်"တဲ့။

သူထောက်ခံတဲ့ ဗမာ စစ်တပ်က လူမျိုးတုန်း သတ်ဖြတ်မှုတွေ လုပ်ထားတယ်၊ ဒါကို ဘယ်သူမှ မငြင်းနိုင်ဘူး၊ သက်သေ အထောက်အထားပေါင်း အမြောက်အမြား ရှိတယ်၊ ဒါက reality ပဲ။ အဲဒီ reality ကို ဂျနိုဆိုက်လို့ပဲ ခေါ်ခေါ်၊ ethnic cleansing လို့ပဲ သုံးသုံး၊ great slaughter လို့ပဲ ပြောပြော ငြင်းလို့ မရပါဘူး။

တရားရုံးက စီရင်ချက် မချရသေးလို့ ဟိုစကားလုံး မသုံးရဘူး၊ ဒီစကားလုံး သုံးခွင့် မရှိဘူးလို့ ပြောနေတာဟာ အဲဒီ reality ကို (legalistic terms) ဥပဒေ စကားလုံး အငြင်းအခုန်နဲ့ ဖုံးဖိဖို့ ကြိုးစားလိုက်တာပဲ။ စစ်အာဏာရှင်တွေကို ဆန့်ကျင်ပါတယ်လို့ ဘယ့်လောက်ပဲ အော်အော် လက်တွေ့မှာ ဂျနိုဆိုက် စစ်တပ်ကို အပြတ်အသတ် ထောက်ခံလိုက်တာပဲ။ အမေရိကန် စစ်တပ်ထဲ ဝင်ထားတဲ့ စစ်ဘောမ ပီသပါပေတယ်လို့ပဲ ခပ်ရှင်းရှင်း ပြောရလိမ့်မယ်။

ကမ္ဘာတလွှားက အဖိနှိပ်ခံ လူထုကြီးဟာ ပါလက်စတိုင်း ပြည်သူတွေကို လူမျိုးတုန်း သတ်ဖြတ်နေတဲ့ ဇိုင်ယင်နစ် အစ္စရေး နိုင်ငံတော်ကို ဂျနိုဆိုက် ကျူးလွန်နေတယ်လို့ ပြတ်ပြတ်သားသား ပြောပြီး ပြတ်ပြတ်သားသား ဆန့်ကျင် တိုက်ပွဲဝင်ခဲ့ကြတာ မသိလေရော့သလား။ မသိတာတော့ မဖြစ်နိုင်၊ ဂါဇာ ဂျနိုဆိုက်ကို ကာယကံမြောက် အားပေးထောက်ခံထားတဲ့ အမေရိကန် အစိုးရကို အမှုတော်ထမ်းနေရလို့ စုံလုံးကန်းသွားတာပဲ ဖြစ်လိမ့်မယ်။

ဒီလို ဂျနိုဆိုက် အားပေးတွေက ဗမာ စစ်တပ်ရဲ့ လူမျိုးတုန်း သတ်ဖြတ်မှုတွေကို ဂျနိုဆိုက် ဖြစ်ကြောင်း အမှန်အတိုင်း ထုတ်ဖော်ပြောသူတွေကို နိုင်ငံရေးအရ နှပ်ကြောင်းပေးခဲ့သူတွေလို့ စွပ်စွဲတာမျိုးလဲ လုပ်ပါတယ်။ ဒီနေရာမှာ ဂျနိုဆိုက် အားပေးတွေလို့ သုံးလိုက်တာကိုလဲ သူတို့ ထွန့်ထွန့်လူး နာကြပါလိမ့်မယ်။ ဂျနိုဆိုက်ကို ဂျနိုဆိုက်လို့ ပြောတာ လက်မခံနိုင်သူတွေကို ဂျနိုဆိုက် အားပေးတွေလို့ မခေါ်ရင် ဘယ်လို ခေါ်ရမလဲ ပြန်မေးရလိမ့်မယ်။

နိုင်ငံရေးအရ နှပ်ကြောင်းပေးတယ် ဆိုတဲ့ စကားကတော့ မဘသတွေရဲ့ ပြောစကားနဲ့ တထပ်တည်းပဲ။ သဘောကတော့ သူတို့ စစ်တပ်ကြီးက ဂျနိုဆိုက် လုပ်မထားပါဘဲ ဂျနိုဆိုက် စစ်တပ်လို့ နိုင်ငံတကာမှာ အရှက်ကွဲအောင် အတိုက်အခံ နိုင်ငံရေးသမားတွေက နှပ်ကြောင်းပေးခဲ့ကြတာ ဆိုတဲ့ အပေါ်စား ဝါဒဖြန့်နည်းတမျိုးပဲ။ ဒါကလဲ genocide denial နည်းတမျိုးပဲ။

တချိန်တည်းမှာ "ဒါဟာ နိုင်ငံရေး မဟုတ်ဘူး၊ အနီ အစိမ်း ဘယ်ဘက်မှ ထောက်ခံလို့ မဟုတ်ပါဘူး၊ ငါတို့ နိုင်ငံကို ဂျနိုဆိုက် နိုင်ငံလို့ မတရားစွပ်စွဲနေတာ မခံနိုင်လွန်းလို့ပါ" ဆိုတဲ့ မဘသ အတွေးအခေါ် ခေါင်းထောင်လာတယ်။ အပေါ်မှာ ပြောခဲ့တဲ့ နီပေါ လော်ဘီတွေရဲ့ အမျိုးသားရေးဝါဒနဲ့ မဘသ အတွေးအခေါ် တထပ်တည်း ဖြစ်နေပါရော့လား။ အနီ Vs အစိမ်း ဖြစ်နေမှ နိုင်ငံရေးလို့ ထင်ရင် တုံးအလွန်းရာ ကျတယ်။

ဂျနိုဆိုက် ကျူးလွန်ထားတဲ့ စစ်တပ်ဘက်က ရပ်တည်တာဟာ နိုင်ငံရေး အစစ်ပါပဲ။ အမျိုးသားရေး ဝါဒ အဆိပ်တွေ ပက်ဖြန်းထားတဲ့ လက်ယာ နိုင်ငံရေးလို့ ခေါ်ပါတယ်။ အဲဒီလို ဖောက်ပြန်လှတဲ့ နိုင်ငံရေးမှာ မဘသတွေနဲ့ နီပေါ လော်ဘီတွေ တလေတည်း ထွက်နေကြတာပဲ။ ဒါကို အဖိနှိပ်ခံ ပြည်သူလူထုကြီးက ပြတ်ပြတ်သားသား ဆန့်ကျင်ရမယ်။

အဲဒီလို မဘသ ဝါဒဖြန့်နည်းတွေနဲ့ ဂျနိုဆိုက်ကို ငြင်းပြီးသကာလ ပြည်သူတွေကို ဖြဲခြောက်လိုက်သေးတယ်။ "အိုင်စီဂျေက မြန်မာကို အရှုံးပေးလဲ စစ်တပ်က ဂရုစိုက်တာမျိုး မဟုတ်ပါဘူး"တဲ့။ ဒါကလဲ စစ်တပ်ကို အပြစ်တင်သလိုလိုနဲ့ အထင်ကြီးစိတ်ကို ဖော်ပြနေတာပဲ။

နိုင်ငံတကာမှာ လူမျိုးတုန်း သတ်ဖြတ်တဲ့ စစ်တပ် ဆိုပြီး စွဲချက်တင်ခံရတာနဲ့တင် စစ်ဗိုလ်ချုပ်ကြီးတွေ အရှက် ဖြန်းဖြန်းကွဲနေပြီ။ နဂိုကမှ လူရာမဝင်တဲ့ ဗမာ စစ်ဗိုလ်ချုပ်တွေရဲ့ inferiority complex ဘယ့်လောက်တောင် ကြီးထွားလာလိုက်မလဲ။ လက်နက်မဲ့ ပြည်သူတွေကို မျိုးတုန်း သတ်ဖြတ်ခဲ့သူတွေ သူတို့ အလှည့်ကျ ဘယ့်လောက်တောင် သွေးပျက်နေလိမ့်မလဲ။

ဒါဟာ စစ်ဗိုလ်ချုပ် တဦးချင်းအလိုက် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုပဲ ဖြစ်စေတာ မဟုတ်ဘူး၊ အုပ်စိုးသူ လူတန်းစား ကိုယ်စားလှယ်တွေကြား





အကြောင်းတွေပါ ပိုဖြစ်လာလိမ့်မယ်။ အခု ဗမာ စစ်ဗိုလ်ချုပ်တွေ အလွန်ကြီးမားတဲ့ နိုင်ငံရေး အကျပ်အတည်းကို ရင်ဆိုင်နေရပြီ။

ဒါက စစ်ဗိုလ်ချုပ်တွေပဲ ခေါင်းကိုက်ရမဲ့ ကိစ္စ မဟုတ်ဘူး။ ဂျန်နိုဆိုက် ကျူးလွန်ထားတဲ့ သူတို့စစ်တပ်အတွင်း အကြီးအကျယ် သက်ရောက်မှု ရှိတယ်။ နဂိုကတည်းက စိတ်ဓာတ်ပြိုလဲနေတဲ့ စစ်တပ်ကို လူပြန်ပေးဆွဲတဲ့နည်းနဲ့ အားဖြည့်နေရတဲ့ အခြေအနေ။ ဂျန်နိုဆိုက် စစ်တပ်အဖြစ် ကမ္ဘာ့အလယ် ကြေငြာခံလိုက်ရပြီဆိုရင် စိတ်ဓာတ်ရေးရာ ပျက်ပြားမှု အခုထက် ပိုဆိုးသွားမှာ ကြိမ်းသေတယ်။

ဒါ့ကြောင့် မြန်မာ စစ်တပ်က ရှုံးလဲ ဘာမှ အရေးစိုက်တာ မဟုတ်ဘူး ဆိုတဲ့ အမြင်တွေဟာ မအလ စစ်တပ်ကို လူလွန်မသားတွေနဲ့ ဖွဲ့စည်းထားတဲ့ စစ်တပ်အဖြစ် အထင်ကြီးလွန်းရာကနေ ထွက်ပေါ်လာတာပဲ။

သို့သော် ဒီနေရာမှာ ကျနော်တို့ သဘောထားကို ရှင်းအောင် ပြောထားပါရစေ။ အခုလိုတွေ ထောက်ပြနေတာဟာ အိုင်စီဂျေမှာ ဂျန်နိုဆိုက်အဖြစ် စီရင်ချက်ချနိုင်ရင် ဗိုလ်မင်းအောင်လှိုင်တို့ စစ်အုပ်စုကို ထိထိရောက်ရောက် အရေးယူနိုင်လိမ့်မယ်လို့ မျှော်လင့်ယုံကြည်လွန်းလို့ မဟုတ်ဘူး။

အိုင်စီဂျေပဲဖြစ်ဖြစ်၊ အိုင်စီစီပဲဖြစ်ဖြစ် ဘယ်လစ်ဘရယ် အင်စတီကျူးရှင်းကိုမှ မျှော်လင့်အားကိုးတာမျိုး မရှိပါဘူး။ ကမ္ဘာ့ အဖိနှိပ်ခံ အလုပ်သမားထုကိုယ်တိုင် အာဏာ အရယူနိုင်မှ ရက်စက်ကြမ်းကြုတ်တဲ့ စစ်တပ်တွေ၊ စစ်ဗိုလ်ချုပ်တွေကို ထိထိရောက်ရောက် အရေးယူနိုင်မယ်၊ အဖိနှိပ်ခံ လူထုအတွက် တရားမျှတမှု ဖော်ဆောင်နိုင်မယ်လို့ပဲ အပြည့်အဝ ယုံကြည်ပါတယ်။

## သူတို့ ဘယ်လို ဖြဲခြောက်သလဲ

ဆက်ကြည့်လိုက်ရအောင် - "ကြားထဲက မြန်မာဆိုတဲ့ နိုင်ငံမှာ အမည်းစက်ကြီး ဖြစ်သွားတာ အဖတ်တင်မယ်၊ ... ကြားထဲက ရှုံးတာက မြန်မာ ဆိုတဲ့ နေရာမှာ နေထိုင်ကြသူတွေ အကုန် ရှုံးတာပါ" တဲ့။

"အခု အိုင်စီဂျေမှာ စစ်တပ်ကိုပဲ တရားစွဲတာ မဟုတ်ဘူး၊ ဗမာ နိုင်ငံမှာ ရှိသမျှ တိုင်းသူပြည်သား အားလုံးကို ဂျန်နိုဆိုက်နဲ့ တရားစွဲထားတာ" ဆိုတဲ့ လံကြုတ်ဇာတ်လမ်းကို လှည့်ဖျားချက်အဖြစ် ရှင်းရှင်းလင်းလင်း နားလည်ထားမယ်ဆိုရင် အခုလို ဖြဲခြောက်နေတာကို ထွင်လုံး ခြောက်လုံးတွေအဖြစ် ထင်းကနဲ မြင်ရလိမ့်မယ်။ မှားယွင်းတဲ့ premise တခုအပေါ် အခြေခံပြီး ထွက်လာတဲ့ ကောက်ချက် အမှားတွေပဲလို့ တန်းပြောနိုင်လိမ့်မယ်။

နိုင်ငံတော်က ကျူးလွန်တဲ့ ရာဇဝတ်မှုတွေအတွက် အဖိနှိပ်ခံ ပြည်သူတွေက ဘာ့ကြောင့် အရှက်ရ ရမှာလဲ။ အဖိနှိပ်ခံ ပြည်သူတွေက လူမျိုးတုန်း သတ်ဖြတ်နေတဲ့ အဲဒီ နိုင်ငံတော်ကို ပြတ်ပြတ်သားသား ဆန့်ကျင်နေကြတယ်။ ဒါကို တကမ္ဘာလုံး အသိပဲ။

ဒီတော့ လူမျိုးတုန်း သတ်ဖြတ်တဲ့ နိုင်ငံတော် ရှုံးသွားတာဟာ အဲဒီ နိုင်ငံတော်ရဲ့ ဖိစီး နှိပ်စက်မှုဒဏ် ခံနေရတဲ့ ပြည်သူတွေအတွက် ဘယ်လိုကြောင့် အရှက်ရစရာ အမည်းစက်ကြီး ဖြစ်သွားရတာလဲ။ ဘယ်လို ဦးနှောက်နဲ့များ စဉ်းစားပြီး ပြောလိုက်ပါလိမ့်။ စဉ်းစားတတ်တဲ့ ဦးနှောက်ကို မရှိတော့တာလား။

## နိုင်ငံတော်နဲ့ စစ်တပ်ကို ခွဲမြင်တဲ့ အတွေးအခေါ် အမှား

ဒီနေရာမှာလဲ လစ်ဘရယ်တွေ နားဝေတိမ်တောင် ဖြစ်နေတဲ့ နိုင်ငံတော် ဆိုတဲ့ အသုံးအနှုန်းကို ထည့်ရှင်းဖို့ လိုလာတယ်။ စစ်တပ်ကိုတော့ ဆန့်ကျင်တယ်၊ နိုင်ငံတော်ကိုတော့ ထောက်ခံရမတဲ့။ အဲသလို အမြီးအမြောက် မတည့်တဲ့ အယူအဆတွေကို လစ်ဘရယ်တွေ တွင်တွင်ဖြန့်ပါတယ်။

အဲဒီတော့ ဘာဖြစ်သွားသလဲ။ "အိုင်စီဂျေမှာ ငါတို့ နိုင်ငံတော်ကြီး တရားစွဲခံနေရပြီ၊ ငါတို့ နိုင်ငံတော်ကြီး ရှုံးလို့ မဖြစ်ဘူး၊ ရှုံးရင် ကမ္ဘာမှာ ငါတို့ မျက်နှာငယ်ရပြီ၊ အမိ နိုင်ငံတော်ကြီးကို ကာကွယ်ကြ" ဆိုတဲ့ အမျိုးသားရေးဝါဒကို အတောင့်လိုက်ကြီး မြိုချလိုက်ကြတယ်။ မြိုချရုံတင်မကဘဲ အမျိုးသားရေးဝါဒ အဆိပ်တွေ တွင်တွင်ဖြန့်လာကြတယ်။

အဲဒီလို အမျိုးသားရေးဝါဒ အဆိပ်တွေ တွင်တွင်ဖြန့်နေသူတွေက ပညာတတ်လို့ သူတို့ဘာသာထင်နေတဲ့ လစ်ဘရယ် နိုင်ငံရေးသမားတွေ များပါတယ်။ ငါတို့ တိုင်းပြည်မှာ အစိုးရနဲ့ နိုင်ငံတော်ကို မသဲကွဲကြဘူးလို့ ပြောတာလဲ သူတို့ပဲ။

အစိုးရက အာဏာသိမ်း စစ်အစိုးရ ဖြစ်နေလို့ ဆန့်ကျင်တယ်၊ သို့သော် နိုင်ငံတော်က အစိုးရနဲ့ မတူဘူး၊ ဒါ့ကြောင့် ငါတို့ နိုင်ငံတော်ကို ကာကွယ်ရမယ်လို့ ဆိုလေ့ရှိတယ်။ တိုင်းချစ်ပြည်ချစ်ဝါဒ (patriotism) ကို အခြေခံတဲ့ state defending ကို နိုင်ငံသားတိုင်းရဲ့ တာဝန်အဖြစ် သတ်မှတ်ရမတဲ့။

State ဆိုတဲ့ နိုင်ငံတော်နဲ့ government ဆိုတဲ့ အစိုးရကို ခွဲပြောတာ ပြောလို့ ရပါတယ်။ ဒါကို မငြင်းဘူး။ သူတို့နဲ့ ကျနော်တို့ ခွဲပြောပုံချင်း တူမှာတော့ မဟုတ်ဘူး။ အဲသလို မတူဘူးဆိုတဲ့ လစ်ဘရယ်တွေကို မေးစရာ ရှိတာက မင်းတို့ ကာကွယ်ရမယ်လို့ ပြောနေတဲ့ state (နိုင်ငံတော်) ဆိုတာ ဘာလဲ။

သူတို့ဆီကနေ ရှင်းလင်းတဲ့ အဖြေ ထွက်လာလိမ့်မယ်လို့ ဘယ်တော့မှ မမျှော်လင့်ပါနဲ့။ သို့သော်လဲ သူတို့က ခွဲပြီး နားလည်ရမယ် ဆိုလို့ သဲကွဲတဲ့ အဖြေကို တောင်းရခြင်း ဖြစ်ပါတယ်။

မာ့(က်စ်)ဝါဒီတွေရဲ့ အမြင်ကတော့ ရှင်းပါတယ်။ state (တိတိကျကျ ဆိုရရင် modern capitalist state) ဆိုတာ နောက်ဆုံး သတ္တုချလိုက်ရင် armed bodies of men ပဲ။ ဒီတော့ ခေတ်သစ် နိုင်ငံတော်လို့ ဆိုလိုက်ရင် စစ်တပ်၊ ရဲတပ်၊ အကျဉ်းထောင်၊ တရားရုံး၊ ဗျူရိုကရေစီ တို့ဟာ အခြေခံ အကျဆုံး နိုင်ငံတော် ယန္တရားပဲ။

လေးနှစ်တကြိမ်၊ ငါးနှစ်တကြိမ် ရွေးကောက်ပွဲကနေ တက်လာတဲ့ အစိုးရတွေက အဲဒီ state machine (နိုင်ငံတော် ယန္တရား) ပေါ် တက်ထိုင်ရတာပဲ။ အစိုးရတွေသာ လေးငါးနှစ်တကြိမ် တက်လာလိုက်၊ ဆင်းသွားလိုက် အပြောင်းအလဲ ဖြစ်ချင် ဖြစ်မယ်၊ နိုင်ငံတော်က မပြောင်းဘူး ဆိုတာ အဲဒါပဲ။

ဒါ့ကြောင့် တော်လှန်ရေးတခု အောင်မြင်ဖို့ဆိုရင် အစိုးရနေရာ တက်ထိုင်ထားသူတွေ ဖယ်ရှားပစ်ရုံနဲ့ မလုံလောက်ဘူး (ရှင်းအောင် ပြောပါတယ်၊ မလုံလောက်ဘူးလို့ပဲ ပြောတာ၊ ဖယ်ရှားမပစ်ရဘူးလို့ မပြောဘူး)၊ နိုင်ငံတော်ဟောင်း တခုလုံးကို ဖြိုချနိုင်မှ ရမယ်လို့ ကျနော်တို့ အမြဲ ပြောခဲ့တယ်။

လစ်ဘရယ်တွေက အခု ဘယ်လို ပြောနေကြသလဲ။ state ကို ကာကွယ်ရမယ်၊ state ပေါ် တက်ထိုင်နေတဲ့ အစိုးရ ပြောင်းသွားရင် ရပြီလို့ ပြောနေကြတယ်။

အခုလို အိုင်စီဂျေမှာ မြန်မာ နိုင်ငံတော်ကို တရားစွဲထားတယ် ဆိုတော့

ပြောင်းဆန်သွားတယ်။ စစ်တပ်ဆိုတာ နိုင်ငံတော်ပဲ (တိတိကျကျ ပြောရရင် စစ်တပ်ဆိုတာ နိုင်ငံတော်ရဲ့ အကြီးမားဆုံး ဒေါက်တိုင်တခုပဲ) ဆိုတာ သူတို့ နားမလည်ကြဘူး။ ဒါ့ကြောင့် စစ်တပ်ကို ဆန့်ကျင်ပါတယ်လို့ တစာစာ အော်ရင်း နိုင်ငံတော်ကို ကာကွယ်ကြပေ့ ဆိုပြီး ကြွေးကြော်လာတာပဲ။

ဒါကို နားမယောင်ဖို့ အရေးကြီးတယ်။

အိုင်စီဂျေမှာ စစ်အာဏာရှင်တွေ ဂျန်နိုဆိုက် အမှု ရင်ဆိုင်နေရတာဟာ အုပ်စိုးသူ လူတန်းစား ကြုံတွေ့နေရတဲ့ နိုင်ငံရေး အကျပ်အတည်း သည်းထန်လာတာကို ပြလိုက်တာပဲ။ အဲဒါကို နားလည်ထားရင် မဘသ မျိုးညစ်တွေနဲ့ လစ်ဘရယ် ကြောင်သူတော်တွေရဲ့ အမျိုးသားရေးဝါဒ အဆိပ်ကို ရှောင်ရှားနိုင်လိမ့်မယ်။

ဂျန်နိုဆိုက် ငြင်းဆန်သူတွေရဲ့ အမျိုးသားရေးဝါဒကို အင်တာနေရှင်နယ်ဝါဒနဲ့ ဆန့်ကျင် တိုက်ပွဲဝင်ရလိမ့်မယ်။ ဂျန်နိုဆိုက် ကျူးလွန်ခံထားရတဲ့ ရိုဟင်ဂျာ လူထုဘက်က ပြတ်ပြတ်သားသား ရပ်တည်ရလိမ့်မယ်။

ဒီနေရာမှာ လူမျိုးနွယ်တခုရဲ့ အမည်နာမကို နိုင်ငံတော် အစိုးရတွေက ဟိုလို လက်မခံဘူး၊ ဒီလို လက်မခံဘူး လုပ်လာတာကိုလဲ ပြတ်ပြတ်သားသား ဆန့်ကျင်ရမယ်။

## အလုပ်သမားထုမှာ နိုင်ငံတော် မရှိဘူး

အလုပ်သမား လူတန်းစားမှာ နိုင်ငံတော် မရှိဘူးလို့ မာ့(က်စ်)နဲ့ အန်းဂယ်(စ်) တို့က ၁၈၄၇ ကွန်မြူနစ် ကြေညာစာတန်းမှာကတည်းက ရဲရဲဝံ့ဝံ့ တင်ပြခဲ့ကြတယ်။

ဒါဟာ ကြွေးကြော်သံသက်သက် မဟုတ်ဘူး။ အဖြစ်မှန်ကို ဘွင်းဘွင်းရှင်းရှင်း ပြောသွားခဲ့ခြင်း ဖြစ်တယ်။ သမိုင်းဖြစ်စဉ်ကို သိပ္ပံနည်းကျ ခွဲခြမ်းသုံးသပ်ပြီး ထွက်ပေါ်လာတဲ့ ကောက်ချက်တခုပဲ။

ဘာ့ကြောင့် ဒီလို ပြောရသလဲ။ ရန်ကုန် စက်မှုဇုံတခုက အလုပ်သမားတယောက်၊ ဒါမှမဟုတ်ရင်လဲ ရန်ကုန်မှာ ဂျပန်က လာဖွင့်ထားတဲ့ အိုင်တီ ကုမ္ပဏီက နည်းပညာ အလုပ်သမားတယောက်ရဲ့ ဘဝကို မြင်ယောင်ကြည့်လိုက်ပါ။

စက်မှုဇုံက အလုပ်သမားအနေနဲ့ စက်ရုံပိုင်ရှင် သူဌေးက တရုတ် ဖြစ်နေလို့ ကိုးရီးယား ဖြစ်နေလို့ သွေးစုပ်ခံနေရတာ မဟုတ်ဘူး၊ ဗမာ ဖြစ်နေလဲ သွေးစုပ်ခံရမှာပဲ၊ ရခိုင် ဖြစ်နေလဲ သွေးစုပ်ခံရမှာပဲ။ အကြောင်းကတော့ ဗမာဖြစ်ဖြစ် တရုတ်ဖြစ်ဖြစ် ကိုးရီးယားဖြစ်ဖြစ် အရင်းရှင် လူတန်းစားက အလုပ်သမား လူတန်းစားကို သွေးစုပ်မှာပဲ။

အဲသလိုပဲ ရန်ကုန်က ဂျပန် ကုမ္ပဏီတခုမှာ လုပ်နေရတဲ့ အလုပ်သမားတယောက်ဟာ သွေးစုပ်ခံနေရလို့ ငါ့သူဌေးသာ ဗမာလူမျိုးဖြစ်ရင်လို့ သူတွေးမှာ မဟုတ်ဘူး။ သူ့ကုမ္ပဏီပိုင်ရှင်က ဗမာ လူမျိုးဖြစ်နေလို့ သူ့အတွက် လခ နှစ်ပြား တိုးမလာဘူး။ လျော့ချင်သာ လျော့သွားနိုင်တယ်။

“ငါတို့ ဗမာ ကုမ္ပဏီတွေက နိုင်ငံခြား ကုမ္ပဏီတွေနဲ့ အပြိုင် လုပ်နေရတာ၊ သူတို့နဲ့ ရင်ဘောင်တန်းလိုက်နိုင်အောင် ရုန်းနေရတဲ့ ကာလဖြစ်နေလို့ ဝန်ထမ်းတွေဘက်က လခတွေ တိုးမတောင်းကြနဲ့ဦး” ဆိုပြီး အမျိုးသားရေး ဂျင်းတောင် ကျွေးလိမ့်ဦးမယ်။

အမျိုးသားရေးဝါဒီတွေ ငိုသွားအောင် ဖြစ်နေတဲ့ အခြေအနေမှန်ကို ထည့်ရေးပြရဦးမယ်။ လောလောဆယ် ရန်ကုန်က ဂျပန် အိုင်တီ ကုမ္ပဏီတွေမှာ လုပ်နေကြတဲ့ ဗမာ အလုပ်သမားတွေဟာ သူတို့ ကုမ္ပဏီပိုင်ရှင်က ဂျပန် ဖြစ်နေတာကိုပဲ ဝမ်းသာနေကြပါလိမ့်မယ်။ ဒါမှ သူတို့အနေနဲ့ ဂျပန် အခြေစိုက် ကုမ္ပဏီဆီ အလုပ်သွားလုပ်နိုင်မဲ့ အခွင့်အလမ်း ရှိမှာကိုး။

ဗမာပြည်တွင်းမှာ လခလေး နှစ်ပဲခြောက်ပြားနဲ့ ငတ်ငတ်ပြတ်ပြတ်နဲ့ ဘယ်သူ လုပ်ချင်မလဲ။ သွေးစုပ်ခံရတာချင်း တူရင်တောင် ဂျပန်မှာ အလုပ်လုပ်ရင်း သွေးစုပ်ခံရတာကမှ အသက်ရှူချောင်သေးတာပဲလို့ သူတို့ တွက်လိမ့်မယ်။ ဒါလဲ မှန်သင့်သလောက် မှန်တာပဲ။ ဂျပန်မှာ သွေးစုပ်ခံရဦးတော့ ဗမာပြည်မှာ သွေးစုပ်ခံရတာထက်တော့ relatively သက်သာသေးတယ်။

အဲသလိုနဲ့ ဂျပန်ရောက်သွားလို့ ဂျပန်မှာ တကယ် အလုပ်လုပ်ရပြီဆိုရင် ဗမာပြည်မှာထက် လခ ပိုကောင်းတာ မှန်ပေမဲ့ အရင်းရှင် လူတန်းစားက ငါတို့



အလုပ်သမားတွေကို သွေးစုပ်ခြယ်လှယ်နေတာကတော့ နေရာတိုင်းပါလား ဆိုတဲ့ consciousness ဝင်လာမှာပဲ။

ဒါကြောင့် ဂျပန်မှာ လုပ်ခလစာ တိုးပေးရေး၊ အလုပ်ခွင် အခြေအနေ တိုးတက်ကောင်းမွန်ရေး သပိတ် တိုက်ပွဲဝင်ရတဲ့အခါ ဂျပန် အလုပ်သမားကသက်သက်၊ ဗမာ အလုပ်သမားကသက်သက် ခွဲတောင်းလို့ မရဘူး၊ နိုင်ငံပေါင်းစုံ လူမျိုးပေါင်းစုံက အလုပ်သမားတွေ တညီတညွတ်တည်း တသံတည်း ပေါင်းစည်း တိုက်ပွဲဝင်မှရမယ် ဆိုတာ ရှင်းရှင်းလင်းလင်း နားလည်လာလိမ့်မယ်။

ဒါကြောင့် ခေတ်သစ် အလုပ်သမား လူတန်းစားမှာ နိုင်ငံတော်ဆိုတာ မရှိဘူး။ အလုပ်သမားထုကြား လူမျိုးတွေ၊ အသားအရောင်တွေ၊ ဂျန်ဒါတွေ၊ နိုင်ငံတွေ ခွဲခြားနေမယ်ဆိုရင် အရင်းရှင် လူတန်းစား အကြိုက်သာ ဖြစ်သွားမယ်။

ဒါကြောင့် လူမျိုးရေးတွေ၊ အမျိုးသား နိုင်ငံတော် ဆိုတာတွေက အုပ်စိုးသူ အရင်းရှင် လူတန်းစားရဲ့ အကျိုးစီးပွားကိုသာ အလုပ်အကျွေးပြုတယ်။ သွေးစုပ်ခံ နင်းပြားတွေအတွက် ဘာအဓိပ္ပါယ်မှ မရှိဘူး။

ဒါကြောင့် အရင်းရှင် ကမ္ဘာက အမျိုးသား နိုင်ငံတော်ဆိုတာ ဒီကနေ့ အုပ်စိုးသူ ဖြစ်နေတဲ့ အရင်းရှင် လူတန်းစားရဲ့ နိုင်ငံတော်ပဲ၊ အလုပ်သမား လူတန်းစားရဲ့ နိုင်ငံတော် မဟုတ်ဘူး။

ဗမာ နိုင်ငံတော် ဆိုတာ ဗမာ အုပ်စိုးသူ စစ်အာဏာရှင် အရင်းရှင် လူတန်းစားရဲ့ နိုင်ငံတော်သာ ဖြစ်တယ်။ သွေးစုပ်ခံ အလုပ်သမား လူထုကြီးရဲ့ နိုင်ငံတော် မဟုတ်ဘူး။

ဒီအချက်ကို မရှင်းလင်းအောင် အမျိုးသားရေးဝါဒီတွေက နည်းအမျိုးမျိုးနဲ့ ဝါဒဖြန့်နေကြတယ်။ ဒီအချက်ကို ဝေဝါးအောင် နိုင်ငံတော်ကို တရားစွဲတာဟာ တိုင်းသူပြည်သား အားလုံးကို တရားစွဲတာလိုလို ပုံဖော် ပြောဆိုနေကြတာပဲ။

သူတို့ကို ပြောစရာ တခွန်းပဲ ရှိတယ်။ မင်းတို့ အမျိုးသား နိုင်ငံတော်ကြီး တရားစွဲခံရတာ မင်းတို့ ကိစ္စ၊ ငါတို့ သောက်ကြောင်း မဟုတ်ဘူး။ မင်းတို့ ကာကွယ်နေတဲ့ အမျိုးသား နိုင်ငံတော်ကြီးကို ဖြိုချရေးဟာ ငါတို့ အလုပ်သမား လူထုကြီးရဲ့ တော်လှန်ရေး တာဝန် ဖြစ်တယ်။



## တိုင်းရင်းသားဖြစ်မှု အယူအဆကို ဆန့်ကျင်ကြ

ကျနော့် ဆောင်းပါးကို ဒီမှာတင် နိဂုံးချုပ်ဖို့ပါပဲ။ ဒီဆောင်းပါး ရေးနေရင်း မဘသ စာရေးဆရာ တယောက်ရဲ့ ပို့စ်တခု ဖတ်လိုက်ရတယ်။ သူ့စာရဲ့ အဓိက ဆိုလိုရင်းကတော့ မူဆလင်ဘာသာဝင်တွေရဲ့ အခွင့်အရေးကို လေးစားသော်ငြား တိုင်းရင်းသားအဖြစ် တောင်းဆိုတာကို လက်မခံနိုင်ဘူးတဲ့။

သူက ရိုဟင်ဂျာလို့ မခေါ်နိုင်ဘူး၊ မူဆလင်ဘာသာဝင် အဖြစ်သာ အသိအမှတ်ပြုသတဲ့။ လူမျိုးတခုရဲ့ အမည်နာမကိုတောင် အသိအမှတ် မပြုနိုင်သူ တယောက်က အဲဒီ လူမျိုးရဲ့ အခွင့်အရေးကို လေးစားပါတယ်လို့ ပြောတာဟာ အဓိပ္ပါယ်လဲ မရှိဘူး၊ ရှေ့နောက်ညီညွတ်မှုလဲ မရှိဘူး။ ဒီတော့ သူ့ရဲ့ ရိုဟင်ဂျာ မုန်းတီးစိတ်ကို ဖုံးဖိဖို့ သဖန်းရွက်ကလေးနဲ့ ကာလိုက်တဲ့ သဘောပဲ။ ပြဿနာက သဖန်းရွက်ကို နားရွက်မှာ တက်ချိတ်သလို ဖြစ်နေတော့ အရှက်လဲ လုံမသွားဘူး။

ရိုဟင်ဂျာတွေကို ဘယ်ကိုမှ သွားလာခွင့် မပေးဘဲ မြို့ပြင်ထုတ်၊ ပင်လယ်ကမ်းခြေက ဝက်ခြံလို ဖွက်တောထဲ မောင်းပို့ခဲ့တုန်းက သူတို့ အခွင့်အရေး လေးစားပါတယ် ဆိုတဲ့ အနီ မဘသ စာရေးဆရာ အသံထွက်ခဲ့ဖူးလား။

အနိမ့်ဆုံးအဆင့် အဲ့သလောက်မှ ရပ်တည် ပြောဆိုခဲ့တာ မရှိဘဲ ကျနော်လဲ သူတို့ အခွင့်အရေး လေးစားသူပါ ဆိုတာမျိုး ပြောပိုင်ခွင့် မရှိဘူး။ ထားတော့။

ဒီနေရာမှာ အဓိက ဝေဖန်ချင်တဲ့ အကြောင်းအရာက မဘသ စာရေးဆရာ အပါအဝင် လူတော်တော်များများ ပြောနေကြတဲ့ တိုင်းရင်းသား ဖြစ်ခြင်း မဖြစ်ခြင်း ကိစ္စ။ ဗမာ နိုင်ငံမှာ ဘယ်လူမျိုးတွေကတော့ တိုင်းရင်းသား အစစ်၊ ဘယ်လူမျိုးကတော့ နောက်မှ ရောက်လာတာ၊ ဘယ်ခေတ်မှာ မရှိသေးဘူး၊ တိုင်းရင်းသား မဟုတ်ဘူး၊ အစရှိတဲ့ ဇာတ်လမ်းတွေ အတော် ပြောတတ်ကြတယ်။

အဲသလို ပြောနေသူတွေဟာ လူသား သမိုင်း ဖြစ်စဉ်ကို နားမလည်လို့ ပြောနေကြတာပဲ။ လူသား သမိုင်း ဖြစ်စဉ်က ဝေးပါသေးတယ်။ လွတ်လပ်ရေးရပြီး ဗမာပြည် နိုင်ငံရေး သမိုင်းကိုတောင် အုပ်စိုးသူတွေ ဝါဒဖြန့်ထားသလောက်ပဲ သိပုံရတယ်။

အဲသလို မဟုတ်ဘဲ မျက်စိဖွင့် နားဖွင့်ပြီး လေ့လာကြည့်မယ်ဆိုရင် တိုင်းရင်းသား ဘယ်နှမျိုး ရှိသည် ဘာညာ ဆိုတာတွေက ဗိုလ်နေဝင်းခေတ်မှာ လုပ်ခဲ့တဲ့ သမိုင်း အလိမ်အညာတွေသာ ဖြစ်တယ်။

တိုင်းရင်းသား ဆိုတဲ့ concept ကို ထွင်ပြီး တိုင်းရင်းသား ဖြစ်မှ နိုင်ငံသား ဖြစ်ခွင့်ရမယ် ဆိုတဲ့ ၁၉၈၃ နိုင်ငံသား ဥပဒေ ဆိုတာ ဗိုလ်နေဝင်း ခေတ်မှာ ပြဋ္ဌာန်းခဲ့တာပဲ။ အဲဒီ အယူအဆကို ကိုင်စွဲပြီး "ငါတို့က တိုင်းရင်းသား စစ်တယ်၊ မင်းတို့က တိုင်းရင်းသား မစစ်ဘူး" လုပ်နေကြတာဟာ စစ်အာဏာရှင်တွေကို မုန်းတယ် ပြောပြီး စစ်အာဏာရှင်တွေ အလိုကျ ခွဲခြားမှုတွေ လုပ်နေခြင်း မဟုတ်လား။

လူမျိုးရေး တိမ်သလ္လာဖုံးပြီး အိမ်ကြက်ချင်း အုံးမဲသုတ် ခွပ်ခိုင်းတဲ့ စစ်အာဏာရှင်တွေရဲ့ ထောင်ချောက်ကို မမြင်နိုင် ဖြစ်ကုန်တာပဲ။
တကယ်တော့ ဟောဒီ ကမ္ဘာမြေပေါ်မှာ ဘယ်လူမျိုးကမှ တိုင်းရင်းသား အစစ် ဆိုတာမျိုး မရှိဘူး။

လူသား သမိုင်း ဖြစ်စဉ်ကို ကြည့်လိုက်ပါ။ ဟိုမို ဆေးပီးယန်း ဆိုတဲ့ လူသား မျိုးနွယ်ဟာ ဘယ်မှာ စတင်ခဲ့သလဲ။ တရုတ်မှာလဲ မဟုတ်ဘူး၊ ဗမာမှာလဲ မဟုတ်ဘူး။ အာဖရိကတိုက်မှာ စတင်ခဲ့တာ။ အဲဒီကနေ လူသား မျိုးနွယ်တွေ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်း နေထိုင်ကြရင်း ကမ္ဘာ့အရပ်ရပ် ပြန့်သွားကြတာပဲ။

ဒါကြောင့်လဲ ဒီကနေ့ ကမ္ဘာပေါ်မှာ လူမျိုးပေါင်း များစွာ ရှိပေမဲ့ အဲဒီ လူမျိုးတွေကို ခွဲခြားဖို့ရာ biological basis မရှိဘူး။ ဆိုလိုတဲ့ သဘောက လူမျိုး နှစ်ခုကို ဗီဇတွေ နှိုင်းယှဉ်လေ့လာကြည့်လိုက်မယ်ဆိုရင် လူမျိုး A လို့ ပြောနိုင်တဲ့ ဗီဇ၊ လူမျိုး B လို့ ပြောနိုင်တဲ့ ဗီဇ ရယ်လို့ ခွဲခြားပြစရာ မရှိဘူး။

လူမျိုး A နဲ့ လူမျိုး B ကို ဗီဇအရ နှိုင်းယှဉ် လေ့လာကြည့်မယ်ဆိုရင် သူတို့ နှစ်ခုကြား genetic differences ဟာ လူမျိုး A အတွင်းက လူတွေ အချင်းချင်းကြား

တွေ့ရတဲ့ genetic differences လောက် မများဘူး၊ အဲသလိုပဲ လူမျိုး B အတွင်းက လူတွေ အချင်းချင်းကြား တွေ့ရတဲ့ genetic differences လောက် မများဘူး။

ဒါ့ကြောင့် လူမျိုးတွေ ခွဲပြောနေကြပေမဲ့ တကယ့် လက်တွေ့မှာ ခွဲခြားလို့ရတဲ့ genetic အခြေခံ မရှိဘူးလို့ ပြောတာပဲ။

လူမျိုး အချင်းချင်း မပြောနဲ့ လူနဲ့ ချင်ပန်ဇီးကို နှိုင်းယှဉ် လေ့လာမယ် ဆိုရင်တောင် ဗီဇ ကွာခြားမှုဟာ ၂% မရှိဘူး။ ဘာမှ မပြောမလောက်ဘူး။

ဒါ့ကြောင့် လူမျိုးပေါ် အခြေခံတဲ့ အုပ်စု ခွဲခြားမှုကို ကျနော်တို့ မာ့(က်စ်) ဝါဒီတွေက လက်မခံဘူး၊ လူတန်းစားကို အခြေခံတဲ့ သွေးစည်းညီညွတ်မှုကိုသာ တောင်းဆိုတယ်။ ကျနော်တို့ ရိုဟင်ဂျာတွေဘက်က ရပ်တည်တာဟာ ရိုဟင်ဂျာ လူမျိုး ဖြစ်နေလို့ မဟုတ်ဘူး၊ အဖိနှိပ်ခံ လူတန်းစား ဖြစ်နေလို့ပဲ။

အဲဒီအတွက် အဖိနှိပ်ခံ လူတန်းစားဝင် လူမျိုးတခုကို ဟိုနာမည် ခေါ်ခွင့်မရှိဘူး၊ ဒီလို နာမည် လက်မခံဘူး လုပ်နေကြတာဟာ ဖိနှိပ်သူ လူတန်းစား အလိုကျ လုပ်နေတာပဲ၊ ဒါ့ကြောင့် အဲသလို အယူအဆတွေကို ပြတ်ပြတ်သားသား ဆန့်ကျင်တယ်။

တိုင်းရင်းသား ကိစ္စ ပြန်ကောက်လိုက်ရအောင်။

ဒီကနေ့ ဗမာပြည်မှာ ကိုယ့်ဘာသာ တိုင်းရင်းသားပါလို့ ကြွေးကြော်နေကြတဲ့ လူမျိုး အားလုံးရဲ့ ဇစ်မြစ်ကို လှန်လိုက်ရင် ဘယ်သူမှ တိုင်းရင်းသား အစစ် မဟုတ်ဘူး ဆိုတာ ပြောနိုင်တယ်။

အရင်ဆုံး တိုင်းရင်းသား ဆိုတာ ဘာလဲ အရင် မေးရလိမ့်မယ်။ အခုထိ ရှင်းလင်းတဲ့ ဖွင့်ဆိုချက်မျိုး မတွေ့ဖူးသေးလို့ အခုလို မေးရတာပဲ။ ဖြစ်နိုင်ချေရှိတဲ့ အဖြေကတော့ ကိုလိုနီခေတ် မတိုင်ခင် ပဒေသရာဇ် ခေတ်ကတည်းက နေထိုင်လာတဲ့ အထောက်အထားတွေ သူတို့ ဆွဲထုတ်ပြလိမ့်မယ်။ ပဒေသရာဇ် ခေတ် ဆိုတာကရော နှစ်သက်တမ်း ဘယ့်လောက် ကြာသေးလို့လဲ။ အလွန်ဆုံး ရှိလှ နှစ်တထောင်ပေါ့။

မြန်မာတွေ ရွှေ့ပြောင်း ဝင်ရောက်လာတဲ့ သက်တမ်းကိုက ဘာကြာသေးလို့လဲ။ အဲ့တော့ ဒီမတိုင်ခင်က ဘယ်မှာ နေခဲ့ကြတာလဲ။ ကိုယ့်ကိုယ်ကိုယ် တိုင်းရင်းသား အစစ် ဖြစ်ကြောင်း တရားထူထောင်ဖို့ရာ နှစ်တွေ ခေတ်တွေ ပိုင်းခြားပြလေ့ရှိတယ်။

သူတို့ ပြောသလို တိုင်းရင်းသားစစ်စစ် ဖြစ်ဖို့ဆိုရင် အဲသလို ခေတ်ပိုင်း ပြောလို့ မရတော့ဘူး။ လူသား မျိုးနွယ်ရယ်လို့ စပေါ်ထွန်းကတည်းက ဒီနေရာ ဒီဒေသမှာပဲ စတင် ပေါက်ဖွားခဲ့သူ ဖြစ်မှ ရမယ်။ အဲသလို မဟုတ်ဘူးဆိုရင် ဘယ်သူမှ တိုင်းရင်းသား အစစ်လို့ ပြောပိုင်ခွင့် မရှိဘူး။

လူသား သမိုင်း ဖြစ်ပေါ်မှုဟာ အဲသလို မဟုတ်ဘူး။ အဲသလိုသာ ဖြစ်ခဲ့မယ် ဆိုရင်လဲ လူသား မျိုးနွယ်ဆိုတာ ဒီကနေ့ ရှိတော့မှာ မဟုတ်ဘူး။ မျိုးတုန်း ပျောက်ကွယ်သွားတာ ကြာလောက်ပြီ။ ဒါ့ကြောင့် တိုင်းရင်းသား ဆိုတဲ့ concept ကိုပါ လုံးဝ အဓိပ္ပါယ် မရှိတဲ့ အယူအဆလို့ ပြောရခြင်း ဖြစ်တယ်။

သွေးစုပ်ခံ လူထုကြီးကို အမြင် ရှုပ်ထွေးအောင် အုပ်စိုးသူ လူတန်းစား ထွင်ထားတဲ့ concept တခုသာ ဖြစ်တယ်။ ဒါကို ချေဖျက်ပစ်ရမယ်။

လူလူချင်း တန်းတူရည်တူ ပေါင်းသင်းနေထိုင်ဖို့ ဘယ်သူမှ တိုင်းရင်းသား ဖြစ်စရာ မလိုဘူး။ ဟောဒီ ကမ္ဘာမြေကိုလဲ ဘယ်လူမျိုး တမျိုးကမှ ငါပိုင် လုပ်လို့ မရဘူး။ အဲသလိုသာ လုပ်ခဲ့ရင်လဲ လူသား သမိုင်း ပျက်သုဉ်းသွားတာ ကြာခဲ့ပြီ။

ရှင်းအောင် ထပ်ပြောပါမယ်၊ ဒီကနေ့ တိုင်းရင်းသား လို့ ပြောနေတဲ့ လူမျိုးအားလုံး တချိန်က အခြား အရပ်တခုကနေ ရွှေ့ပြောင်း အခြေချ လာသူချည်းပဲ။

အခုလဲ ဗမာပြည်က အဲဒီ လူမျိုးတွေ ကမ္ဘာအရပ်ရပ်ကို ရွှေ့ပြောင်း အခြေချ နေရတုန်းပဲ။ ဒီဖြစ်စဉ်ဟာ အရင်းရှင်စနစ်က world system ဖြစ်လာတာနဲ့အမျှ အရှိန်အဟုန် ပိုပြင်းလာတာပဲ ရှိလိမ့်မယ်။ ဘယ်တော့မှ ရပ်သွားမှာ မဟုတ်ဘူး။

ချုပ်ရရင် -

အလုပ်သမားထုမှာ နိုင်ငံတော်မရှိဘူး၊ နိုင်ငံတော်ကို ဖြိုချပစ်ရမဲ့ တော်လှန်ရေး တာဝန်သာ ရှိတယ်။ တိုင်းရင်းသား ဆိုတာ မရှိဘူး။

လူမျိုးရေး ဝါဒမှိုင်း၊ အမျိုးသားရေးဝါဒမှိုင်းတွေကို ဖယ်ရှားပစ်ကြ၊

အဖိနှိပ်ခံ ရိုဟင်ဂျာတွေနဲ့အတူ ပြတ်ပြတ်သားသား ရပ်တည်ကြ၊

ဂျန်နိုဆိုက် စစ်တပ် ဂျန်နိုဆိုက် နိုင်ငံတော် ရှုံးနိမ့်ရမယ်။

•Down with the genocidal military!

•Abolish the capitalist state!

•Stand with the Rohingya masses!

•Fight against national chauvinism!

•Workers of the world, Unite!

**စာပြီးရက်စွဲ (၂၁၊ ၁၊ ၂၀၂၆)**



စောကျော်ဇံ ရေး၊ မျက်နှာဖုံး ဒေါက်ကကာ

# တန်ပြန်တော်လှန်ရေး



၂၀၂၁ ခုနှစ် မတိုင်ခင်က ဗမာပြည်မှာ တော်လှန်ရေး ဖြစ်ဖို့ သိပ်မလိုတော့ဘူး၊ ဒေသအလိုက် တိုက်ပွဲကလေးတွေကနေ တခွင်တပြင်လုံး လက္ခဏာဆောင်တဲ့ တော်လှန်ရေးကြီးအဖြစ် ပေါက်ကွဲထွက်လာလိမ့်မယ် ဆိုတဲ့ perspective ကို ကျနော်တို့ တင်ပြခဲ့ဖူးတယ်။ အဲဒီတုန်းက တော်လှန်ရေးလို့ ဆိုလိုက်တာနဲ့ ဒီခေတ်နဲ့ အံမဝင်တော့သလိုလို၊ သီဟတင်စိုး ဇာတ်ကားထဲမှာပဲ ရှိတော့သလိုလို ထင်ခဲ့ကြတယ်၊ လစ်ဘရယ် ရင်ကြားစေ့ရေးလှိုင်းက အဲ့သလောက်ထိ အားကောင်းခဲ့ပါတယ်။ အရိုးဒေါ်ပုံဆိုပြီး ပြက်ရယ်ပြုခဲ့သူတွေလဲ မနည်း။

တကယ်တော့ ဒီကနေ့ခေတ်ဟာ စစ်၊ တော်လှန်ရေးနဲ့ တန်ပြန် တော်လှန်ရေး ခေတ်ပဲ။ ကမ္ဘာနဲ့ အဝှမ်း ဒီဖြစ်စဉ်ကို ကြုံတွေ့နေရတယ်။ ဗမာပြည်ဟာ ခြွင်းချက် မဟုတ်ဘူး။ ဒီဖြစ်စဉ်ထဲက အစိတ်အပိုင်း တခုဆိုတာ ရှင်းရှင်းလင်းလင်း နားလည်ထားဖို့ လိုပါတယ်။ တော်လှန်ရေး ခေတ် ကုန်ပြီလို့ ထင်ခဲ့ကြတာ ကိုယ်ဖြတ်သန်းနေရတဲ့ ခေတ်ကို မသိကြလို့ဘဲ။

အခုတော့ အဲလို လူတွေက တော်လှန်ရေး ဆိုတဲ့ စကားကို ပါးစပ်ဖျားက မချချင်။ တော်လှန်ရေးနဲ့ ဆန့်ကျင်ဖက်တွေချည်း လုပ်နေလဲ တော်လှန်ရေး ဆိုတာက တပြားသားမှ မလျှော့။ လူ့အဖွဲ့အစည်းပိုင် သယံဇာတတွေ ခိုးထုတ်ပြီး ချမ်းသာလာတဲ့ ငနဲတွေကလဲ တော်လှန်ရေး မျက်နှာဖုံးလေးနဲ့။ နောက်ဆုံး လူသတ်၊ မုဒိမ်းကျင့်ခဲ့တဲ့ တရားခံ ဆိုရင်တောင် တော်လှန်ရေး အဖွဲ့အစည်းက ဆိုတာနဲ့ impunity ရပြီးသား။ အန်ယူဂျီနဲ့ သူ့ခါးပိုက်ဆောင် လက်နက်ကိုင် တပ်တွေ (လွင်ကိုလတ် တစင်ထောင်ထားတဲ့ ပသုံးလုံး အပါအဝင်) က အကာအကွယ် ပေးထားပြီးသား။

သမိုင်း မှတ်ဉာဏ် ချို့ယွင်းလာတဲ့ ဒီကနေ့ခေတ်မှာ အတိတ် သုံးလေးနှစ်က အခိုင်အမာ ဖြစ်ရပ်တွေ ခဏထား။ ပူပူနွေးနွေး နမူနာ တချို့ပဲ ပေးပါမယ်။ လွန်ခဲ့တဲ့ ၂၄ နာရီအတွင်း Myanmar Now က တင်ထားတဲ့ သတင်းတပုဒ်ကို ကြည့်ပါ။ “မြိုင်မြို့နယ် NUG လက်အောက်ခံ အဖွဲ့အချင်းချင်း ဖမ်းဆီးနှိပ်စက်မှုတွင် တဦး သေဆုံး” လို့ ခေါင်းစဉ်တပ်ထားပါတယ်။

မြို့နယ်အဆင့် ပကဖက ရပ်ကျေးအဆင့် ပအဖ အဖွဲ့ဝင် သုံးဦးကို လက်နက်သိမ်း ဖမ်းဆီးပြီး နှိပ်စက်ခဲ့လို့ ရပ်ကျေး ပအဖ အဖွဲ့ဝင် ဦးလှအောင် သေဆုံးခဲ့ရတယ်။ သေဆုံးသူ ဦးလှအောင်ရဲ့ မိသားစုဝင်တွေခမျာ ရုပ်အလောင်းတောင် ပြန်မရခဲ့ရှာဘူး။ သူနဲ့အတူ ဖမ်းခံလိုက်ရတဲ့ တခြား နှစ်ယောက်ရဲ့ အခြေအနေလဲ ဘာမှ ထပ်မသိရသေးဘူး။

အဲဒီ သတင်းဆောင်းပါးမှာ ဒေသခံ အမျိုးသားတဦး ဖြေထားသလိုပဲ

-

“ပြောရရင် စစ်ကောင်စီနဲ့ ယှဉ်ပြောရတော့မှာပဲ၊ ၂၀၂၁



အာဏာသိမ်းခါစက ဆန္ဒတွေပြတော့ စစ်ကောင်စီက ညက လာဖမ်းသွားတယ်။ မနက်ကျ အလောင်းပြန်ပို့တယ်ဆိုတာ ဒီပုံစံမျိုးတွေပေါ့။ အခုက ဖမ်းသွားတယ်၊ လက်လွန်သွားတယ်၊ အဲဒီလိုမျိုး ပြောတယ်။ အလောင်းလဲ ပြန်မရဘူး။ ဒါက တော်တော်လေး ဆိုးရွားတဲ့ အခြေအနေပေါ့။”

ဒါက ပသုံးလုံး ယန္တရားအတွင်း အထက်အောက် ဗိုလ်ကျသတ်ဖြတ်မှု ဖြစ်ပါတယ်။ ယင်းမာပင် တပ်ရင်းက ဘုန်းကြီးလူထွက် ဗိုလ်သံမဏိ ဆိုသူ သတ်ခဲ့တာ ဆယ်ဂဏန်း အတော်များပါတယ်။ အရပ်သားရော လက်နက်ကိုင် တပ်ဖွဲ့ဝင်ရော အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကြီး ဖြစ်ပါတယ်။ အခု ဗိုလ်သံမဏိကို အန်ယူဂျီ စစ်ရုံးမှာ ရာထူးကြီးကြီး ပေးထားတယ်လို့ သိရတယ်။ ဒီလို သတ်ဖြတ်မှုကြီးတွေ ကျူးလွန်သူကို ဖယ်ရှားမပစ်ရုံသာမက ရာထူးပါ တိုးပေးထားတာ ဘာသဘောလဲ။ အန်ယူဂျီ လုပ်နေတဲ့ တော်လှန်ရေး ဆိုတာ ဒါလား။

တော်လှန်ရေး ဘက်တော်သား အရပ်သားတွေကို ဒလန် တံဆိပ်ကပ်ပြီး ခပ်လွယ်လွယ် သတ်ခဲ့တာတွေ မနည်းမနော ရှိပါတယ်။ လက်လွတ်စပယ် သတ်ပြီး သုံးနှစ်ကျော်မှ ဒလန် မဟုတ်မှန်း သိရလို့ တောင်းပန်တဲ့ ဖြစ်ရပ်မျိုးလဲ တွေ့ခဲ့ရတယ်။ စွပ်စွဲချက်သက်သက်နဲ့ လက်လွတ်စပယ် သတ်ဖြတ်ခဲ့သူ လက်နက်ကိုင် အုပ်စုကို ဝိုင်းဝန်းပြစ်တင်ရမယ့်အစား၊ အပြစ်ပေး အရေးယူရမယ့်အစား မှားကြောင်း ဝန်ခံရဲလို့ ချီးကျူးသူတွေလဲ မနည်းလှဘူး။

တော်လှန်ရေး မျက်နှာဖုံးစွပ်ပြီး အခုလို ထင်ရာစိုင်း သတ်ဖြတ်နေတဲ့ ခေတ်မှာ စခန်းလိုက်ခဲ့ပါ ဆိုတဲ့ စကားကို အဖိနှိပ်ခံ ပြည်သူတွေက ဘယ်လို ယုံကြည်မှုနဲ့ လိုက်ရဲမလဲ။ ဒီအချက်ကို လေးလေးနက်နက် စဉ်းစားကြည့်ပါ။

တော်လှန်ရေး ရဲဘော်တွေက လာခေါ်တာပဲ၊ အသာတကြည်လိုက်သွားပေါ့၊ ဘာ့ကြောင့် တင်းခံ ငြင်းဆန်နေကြသလဲ ဆိုတာမျိုး အွန်လိုင်းပေါ်ကနေ လက်လွတ်စပယ် မပြောပါနဲ့။ ဖမ်းသွားပြီး အလောင်းတောင် ပြန်မရတဲ့ ဖြစ်စဉ်တွေ မနည်းမနော ရှိခဲ့တာ မင်းတို့ မေ့နေသလား။

ဒီအချက်ကို သဘောပေါက်ရင် စဉ့်ကူး၊ လက်ပန်လှ ဖြစ်စဉ်မှာ မန်း ပီဒီအက်ဖ်နဲ့ ပအဖက လာဖမ်းတော့ ဒေသခံ မိသားစုက ဘာ့ကြောင့် အကြောက်အကန် ငြင်းဆန်သလဲ၊ မင်းကင်းနယ်က ဒေါက်တာ ဒေါ်ခင်သူသူလွင်ကို လွင်ကိုလတ် ခါးပိုက်ဆောင် ပလဖ ဆိုသူတွေက လာဖမ်းတော့ ဘာ့ကြောင့် မလိုက်ရဲသလဲ ခင်ဗျားတို့ နားလည်လာလိမ့်မယ်။

ဒီလို ဖြစ်ရပ်တွေ ဆိုရှယ် မီဒီယာပေါ် တက်လာပြီဆိုရင် နဂိုဘက်က ဆယ်လီ အကြီးအသေး လော်ဘီ တသိုက်က ဝါဒဖြန့် ဆိုက်ဝါးတွေ စလုပ်ပါပြီ။

အမျိုးသမီးတယောက်ကို လက်နက်ကိုင် အုပ်စုက လူမြင်ကွင်းမှာ ရုပ်ပျက်ဆင်းပျက် အကြမ်းဖက်မှု လုပ်ထားတော့ မလုပ်ပါဘူးလို့ ပြောင်ငြင်းလို့ မရဘူး။ ဒီတော့ “procedure အရ ချို့ယွင်းချက် ရှိခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် အဖမ်းခံရသူ အမျိုးသမီးကလဲ” ဆိုတဲ့ နရေးတစ်ကို တည်ဆောက်လိုက်ပါတယ်။

ဒီတော့ သူတို့စကား နားယောင်သူတွေ စိတ်ထဲ ဘယ်လို ထင်သွားမလဲ။ ဖြစ်တာကတော့ ရုပ်ပျက်ဆင်းပျက်ပဲ၊ ဒါပေမယ့် အဖမ်းခံရတဲ့သူကလဲ ဘာတွေ ကျူးလွန်ထားလဲ မသိဘူး ဆိုတဲ့ ဒွိဟစိတ်ဝင်သွားမယ်။ မတရား အကြမ်းဖက် နှိပ်စက်နေတာ မြင်ပါရက်နဲ့ တောင်တောင်အီအီ လျှောက်တွေးအောင် လုပ်ပစ်လိုက်တာ။

ဒါနဲ့တင် အားမရသေးတော့ လွင်ကိုလတ်ရဲ့ ဝန်ကြီးဌာန ပေ့ဂ်ျကပါ ငွေကြေးအလွဲသုံးစား လုပ်ထားသူလိုလို၊ ပအဖ လက်နက်တွေ ပြန်မအပ်သူလိုလို စာထုတ်ပြီး အသရေဖျက်လိုက်သေးတယ်။ လွင်ကိုလတ်ရဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ တရားစီရင်ရေး ဘာဆိုင်သလဲ။ လိုသလို စွပ်စွဲပြီး အခုလို ထုတ်ပြန်လို့ ရသလား။ အဲဒီ လုပ်ရပ်မျိုးကို character assassination လို့ ခေါ်ပါတယ်။ ဒီလိုနည်းနဲ့ လက်နက်ကိုင် အုပ်စုရဲ့ အကြမ်းဖက်မှုကို တရားထူထောင်ပေးပြီး impunity ရစေတယ်။

ဒေါက်တာ ခင်သူသူလွင်အပေါ် သူတို့ စွပ်စွဲချက်က plausible ဖြစ်တယ်၊ ဒါ့ကြောင့် အခုလို လုပ်တာ အပြစ်ပြောစရာ မရှိဘူး ဆိုတဲ့ သဘောမျိုး နဂို လော်ဘီတွေက ဇွတ်တရားထူထောင်နေကြတယ်။ ဒါဆိုရင် သူတို့ကို မေးစရာ ရှိတာက ဝန်ကြီးချုပ်ရုံးကို ခြယ်လှယ်နေတဲ့ မကြည်ပြာအပေါ် စွပ်စွဲချက်တွေက ဒီထက် အဆပေါင်းများစွာ ခိုင်လုံမှု ရှိတယ်၊ ဒါပေမယ့် မကြည်ပြာကို အခုလို အရေးမယူခဲ့ဘူး။ ဘာ့ကြောင့်လဲ။ မကြည်ပြာကို တိုင်ကြားသူတွေရဲ့ အမည်စာရင်း ပေါက်ကြားအောင် နဂို ထိပ်ပိုင်းက ဘာ့ကြောင့် လုပ်သလဲ။ တနည်းအားဖြင့် ပြစ်မှုတွေ တသီကြီး စွဲချက်တင်ခံထားရတဲ့ မကြည်ပြာကို တဖက်လှည့်နဲ့ အကာအကွယ်ပေးထားတာပဲ။ ဒေါက်တာခင်သူသူလွင်ကို လာဖမ်းတဲ့ ရဲဘော်လေးတွေ မမှားဘူးလို့ ကာပေးနေသူ နဂို လော်ဘီအပေါင်း ဒီမေးခွန်းကို ဖြေရလိမ့်မယ်။

ကျနော် ကြိုပြီး ဟောကိန်း ထုတ်လိုက်ပါမယ်။ မကြည်ပြာတို့ လင်မယား ဘာမှ မယ်မယ်ရရ အရေးယူ မခံရဘဲ လွတ်ရာကျွတ်ရာကို အသာလေး ရှောင်ထွက်သွားပါလိမ့်မယ်။ အခန့်မသင့်ရင် တိုင်ကြားသူတွေကိုသာ နည်းတမျိုးမျိုးနဲ့ ရန်ပြုကြလိမ့်မယ်။

ဘာ့ကြောင့် ဒီလို ပြောနိုင်သလဲ။ ဝေးဝေးကြည့်စရာ မလိုဘူး။



အထက်မှာ နမူနာပေးခဲ့တဲ့ ဗိုလ်သံမဏိ လူသတ်မှုကိုပဲ ကြည့်။ ဒီလောက်ကြီးမားတဲ့ လူသတ်မှုကြီး ကျူးလွန်ထားတာတောင် နဂျီက အကာအကွယ်အပြည့်ပေးထားတာ။ ဗိုလ်သံမဏိဆိုတာ မကြည်ပြာနဲ့ ယှဉ်လိုက်ရင် ပမွှားပဲ။

ဒေါက်တာ ခင်သူသူလွင် အကြမ်းဖက် အဖမ်းခံရတဲ့ ဖြစ်စဉ်ကို လော်ဘီတွေ စကား နားယောင်ပြီး အပေါ်ယံ procedure လောက်ပဲ ဖောင်းပေး မပြောသင့်ဘူး။ သူတို့ ပြောပုံအရဆိုရင် ဖမ်းတုန်းက ရဲမေသာ ပါလာရင် ပလဖရဲ့ လုပ်ရပ်က မမှားဘူး၊ ကျန်တာ အကုန် မှန်ပြီးသားတဲ့။

စဥ့်ကူး၊ လက်ပန်လှ ဖြစ်စဉ်တုန်းကလဲ အခုလို လော်ခဲ့ကြပြီးပြီ။ အဲတုန်းက နဂျီ လော်ဘီတွေ ဘယ်လို လိမ်ခဲ့ကြသလဲ ပြန်စဉ်းစားကြည့်ပါ။ လာပြောတဲ့ ရဲဘော်လေးတွေက PR ပိုင်း အားနည်းတာကလွဲရင် ကျန်တာ အကုန်မှန်တယ်။ ဒေါက်တာ စိုးမင်းဆိုတဲ့ နဂျီ လော်ဘီက အိမ်ရှင် အဖွားကြီးကို နွားနဲ့နှိုင်းပြီး ဆဲခဲ့သေးတယ်။

တကယ်တော့ လက်နက်ကိုင် အုပ်စုလိုက် အိမ်ပေါ်တက်လာပြီး လာဝိုင်းကတည်းက သာလွန် အင်အားပြထားပြီးသား။ စကားချိုတာတွေ၊ စကားမာတာတွေ အရေးမကြီးတော့ဘူး။ စခန်းလိုက်ခဲ့ဖို့ အသာခေါ်နေတာကို အဖွားကြီးက ကတ်ကတ်လန် ရန်တွေ့နေလို့ ရှန်းရင်းဆန်ခတ် ဖြစ်ကုန်သယောင် လိမ်ခဲ့ကြတယ်။ တကယ်တော့ ရုပ်သံကို သေချာကြည့်ရင် အစမှာကတည်းက လာဖမ်းတာလို့ ပြောင်ပြောင်ပြောထားတာ တွေ့ရလိမ့်မယ်။

အဲဒီတုန်းက သူတို့ပေးတဲ့ နောက်ဆင်ခြေ တခုရှိသေးတယ်။ “စစ်အတွင်း ကာလ စတားလင့်(ခ်) မသုံးရဘူးလို့ တားမြစ်ထားတာကို မလိုက်နာလို့ အရေးယူခြင်း ဖြစ်တယ်၊ လူလို သိရင် ဒါကို လိုက်နာရမှာပဲ” တဲ့။ တကယ်တော့ အဲဒီ ရုပ်သံကို သေချာ ပြန်ကြည့်ပါ။ “စတားလင့်ခ် သုံးခွင့်ပေးတယ်၊ အခကြေးငွေ ယူပြီး ဌားစားလို့” ဆိုတဲ့ စကားကို လာဖမ်းတဲ့ အဖွဲ့ကိုယ်စားလှယ် အမျိုးသမီးကိုယ်တိုင် ပြောသွားတာ။

အဲဒီ ဒေသမှာ စတားလင့်ခ် သုံးနေတာ အဲဒီ တအိမ်တည်း မဟုတ်ဘူး။ စတားလင့်ခ် သုံးလို့ ဖမ်းကြေးဆို အကုန် ဖမ်းရုံပဲ၊ မန်းပီဒီအက်ဖက်ကိုပါ စဖမ်းရမယ်။ ဒီတော့ စတားလင့်ခ်ကြောင့် ရန်သူ့ဘက်က သတင်းအချက်အလက်တွေ ရသွားမှာ စိုးရိမ်ပြီး အရေးယူရတာပါ ဆိုတဲ့ စကားက ဘာမှ အဓိပ္ပါယ် မရှိဘူး။ စဥ့်ကူးနဲ့ မန္တလေး ဘယ့်လောက် ဝေးလို့လဲ။ ရန်သူ့ သတင်းပေးတွေ လူချင်းတွေ့ပြီး သတင်း ဖလှယ်ရင်တောင် နာရီပိုင်းအတွင်း ကိစ္စပြီးတယ်။

ဒါပေမယ့် နဂျီ လော်ဘီတွေကတော့ စတားလင့်ခ်ကြောင့် သတင်းပေါက်ရပါတယ် ဆိုတဲ့ ဆိုက်ဝါးကို တွင်တွင်ဖြန့်ပြီး သာမန် ပြည်သူကို နင်းဆဲတော့တာပဲ။ တကယ်တော့ စတားလင့်ခ်တွေကို အခကြေးငွေ ယူပြီး ဖွင့်စားနေတာ ပသုံးလုံး ယန္တရား အပါအဝင် နဂျီအောက်က အဖွဲ့တွေ အဓိကပဲ။ သာမန် ပြည်သူက စတားလင့်ခ် ဆိုင်ဖွင့်တော့ သတင်း လုံခြုံရေး အကြောင်းပြပြီး နှိပ်ကွပ်တယ်။ ဈေးကွက်ထဲ ပြိုင်ဖက်ပေါ်လာမှာ ကြောက်လို့ ဒီလို လုပ်သလား မေးစရာ ရှိလာတယ်။

တော်လှန်ရေး နာမည်ခံ လက်နက်ကိုင် အဖွဲ့တွေ ထိန်းချုပ်ထားတဲ့ ဒေသတွေမှာ စတားလင့်ခ်ကို ပိတ်ပင်တာဟာ အာဏာသိမ်း စစ်အုပ်စုလုပ်သလို သာမန် ပြည်သူတွေရဲ့ သတင်း လွတ်လပ်ခွင့်ကို ပိတ်ပင်တာပဲ။ အဲသလို ပိတ်ပင်ထားမှ ဒေါက်တာ ခင်သူသူလွင် အဖမ်းခံရတဲ့ ဖြစ်စဉ်၊ မြိုင်မြို့နယ်က ရပ်ကျေး ပအဖ အဖွဲ့ဝင် အသတ်ခံရတဲ့ ဖြစ်စဉ်၊ ပသုံးလုံးရဲ့ ရွှေလုပ်ကွက်ကို ဒေသခံ လူထုက ဆန့်ကျင်ဆန္ဒပြတဲ့ ဖြစ်စဉ်တွေ အများပြည်သူ မသိအောင် ဖုံးဖိထားလို့ ရနိုင်မယ်။

ဒါဟာ အင်တာနက် ပိတ်ပင်ခြင်းရဲ့ နောက်ကွယ်က အရေးကြီး နိုင်ငံရေး အကြောင်းတရား ဖြစ်တယ်။ ဒီလို ပိတ်ပင်နှိပ်ကွပ်မှုကို တရားထူထောင်ဖို့ရာ သတင်းပေါက်ကြားမှု ဘာညာ ခေါင်းစဉ်တပ်ပစ်တာပဲ။ စတားလင့်ခ် မပေါ်ခင်ကရော ရန်သူ့ သတင်းပေး ကွန်ယက် မရှိခဲ့လို့လား။

ဒီဖြစ်ရပ်တွေက ဘာကို ပြနေသလဲ။ တော်လှန်ရေး မျက်နှာဖုံးစွပ်ပြီး တန်ပြန် တော်လှန်ရေး ဖြစ်နေတာကို လှစ်ဟပြနေခြင်းပဲလို့ ဆိုရလိမ့်မယ်။ ရန်သူ စစ်တပ်က အကြမ်းဖက် သတ်ဖြတ်တာကိုပဲ တန်ပြန် တော်လှန်ရေးလို့ မထင်ပါနဲ့။ မှန်တယ်၊ အဲဒါက ပြောင်ကျတဲ့ တန်ပြန် တော်လှန်ရေး။ ပြောင်ကျတော့ မြင်သာတယ်။ အရေခြုံထားရင် မြင်ဖို့ ခက်တယ်။ ဒါ့ကြောင့် နဂျီ လော်ဘီတွေစကား နားမယောင်ဘဲ အခိုင်အမာ ဖြစ်ရပ်၊ အချက်အလက်တွေကို မှန်မှန်ကန်ကန် သုံးသပ်ကြည့်ရဲတဲ့ သတ္တိရှိဖို့ လိုပါတယ်။

“ပသုံးလုံးက မတရားဖမ်းထားသူ အားလုံး ချက်ချင်းလွှတ်”
“ပသုံးလုံး ယန္တရား ဖျက်သိမ်းပစ်”
“ခါးပိုက်ဆောင် လက်နက်ကိုင်တပ် အလိုမရှိ”

ရေးသူ - မေဆန်

ဒီဆောင်းပါးကို ၂၀၂၅ ဒီဇင်ဘာလ (၃) ရက်နေ့ကတည်းက Revolutionary Marxism ရဲ့ ဖေ့(စ်)ဘွတ်(ခ်) စာမျက်နှာနဲ့ website marxistburma.org မှာ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာလ နှောင်းပိုင်းမှာ US Department of War က စစ်ဗိုလ်ချုပ် ၈၀၀ ဝန်းကျင် တက်ရောက်တဲ့ အစည်းအဝေးတခု ပြုလုပ်ခဲ့တယ်။ ဒီအစည်းအဝေးမှာ ယူအက်(စ်) သမ္မတ ထရမ့်နဲ့ စစ်ဌာန အတွင်းရေးမှူး Pete Hegseth တို့ မိန့်ခွန်းပြောခဲ့တယ်။ စစ်ဗိုလ်ချုပ်တွေ ဒီလောက် အများကြီး ခေါ်ထားတဲ့ အစည်းအဝေးရဲ့ ရည်ရွယ်ချက် ဘာဖြစ်မလဲ။ အများပြည်သူရှေ့ ထုတ်ပြန်တဲ့ မိန့်ခွန်းတွေမှာ ရည်ရွယ်ချက် အစစ်အမှန်ကို တွေ့ရမှာ မဟုတ်ဘူး။

စစ်တပ် အရာရှိတွေ ဒီလောက် အများကြီး စုဝေးထားခြင်းရဲ့ ရည်ရွယ်ချက်ကို စေ့ငုကြည့်ရင် စစ်ပွဲအတွက် ပြင်ဆင်ခိုင်းဖို့သာ ဖြစ်နိုင်တယ်။ အမေရိကန်က ဘယ်သူ့ကို ပစ်မှတ်ထား တိုက်မှာလဲ။ အထင်ကရ ပစ်မှတ် နှစ်ခု ရှိပါတယ်။ တခုက ဗင်နီဇွဲလား၊ နောက်တခုက အီရန်။

ယူအက်(စ်)က ဗင်နီဇွဲလားကို တိုက်တော့မလား။ ရုတ်တရက်ဆို အတော် ထူးဆန်းတဲ့ မေးခွန်းပဲ။ အမေရိကန်က ဗင်နီဇွဲလားကို ဘာ့ကြောင့် တိုက်ရမှာလဲ။ ဗင်နီဇွဲလားက အမေရိကန်ကို တိုက်ခိုက်နေခြင်း မရှိဘူး။ ဗင်နီဇွဲလားက ယူအက်(စ်)ကို စစ်ရေးအရ ခြိမ်းခြောက်နိုင်တဲ့ တိုင်းပြည်လဲ မဟုတ်ဘူး။

ဒါပေမယ့် အမေရိကန် မီဒီယာတွေမှာ ဗင်နီဇွဲလား ဆန့်ကျင်ရေး အသံတွေ ဆူညံပွက်လောရိုက်နေတယ်။ ဗင်နီဇွဲလား အစိုးရက drug cartel တခုပဲလို့ စွပ်စွဲကြတယ်၊ ဒါ့ကြောင့် ဗင်နီဇွဲလားက ယူအက်(စ်)အတွက် အန္တရာယ်တဲ့။ ဒီတော့ အမေရိကန်က ဗင်နီဇွဲလားကို တိုက်ခိုက်ဖို့ တာဆူနေပြီ ဆိုတဲ့ သဘော။

<u>နျူးယော့(ခ်)တိုင်း(စ်) ဆောင်းပါးတပုဒ်က</u> ဒီအချက်ကို ထောက်ခံထားတယ်။ ဘယ်လို ရေးထားလဲ ဆိုတော့ -

"သမ္မတ ထရမ့်က ဗင်နီဇွဲလားနဲ့ သံတမန်ရေး သဘောတူညီချက် ရရှိအောင် ကြိုးပမ်းနေတာတွေ ဖျက်သိမ်းလိုက်ပြီလို့ ယူအက်(စ်) အစိုးရ အရာရှိတွေဆီက သိရပါတယ်၊ ဒီတော့ Nicolás Maduro အစိုးရ သို့မဟုတ် မူးယစ်ဆေး မှောင်ခိုသွင်းသူတွေကို ဆန့်ကျင်တိုက်ခိုက်ဖို့ စစ်ရေး အရှိန် မြှင့်တင်လာနိုင်ချေ အတော်များသွားပြီ။"

အောက်တိုဘာ ၆ ရက်က NYT ဆောင်းပါး ကောက်နုတ်ချက် ဖြစ်ပါတယ်။ နောက်ပိုင်း ဖြစ်ရပ်တွေက ဒီခန့်မှန်းချက်ကို သက်သေထူနေတယ်။

## ကရစ်ဘီယန် ပင်လယ်အတွင်း အမေရိကန် စစ်အင်အား အကြီးအကျယ် တိုးချဲ့လာခြင်း

ထရမ့်ရဲ့ ဗင်နီဇွဲလားအပေါ် ဒီတချီ နယ်ချဲ့ ဗိုလ်ကျမှုဟာ ပြီးခဲ့တဲ့ ဩဂုတ်လ နှောင်းပိုင်းမှာ စတင်ခဲ့တယ်။ ရေတပ် သင်္ဘောတွေ၊ ရေငုပ် သင်္ဘောတွေအပါအဝင် အရေးကြီးတဲ့ စစ်လက်နက် အမြောက်အမြား ကရစ်ဘီယန် ပင်လယ်ဘက် ရွှေ့ပြောင်းခိုင်းတဲ့ အမိန့်တွေ ဩဂုတ်လမှာ ဒေါ်နယ်ထရမ့် စထုတ်ခဲ့တယ်။ စက်တင်ဘာမှာလကျ ဖိုက်တာဂျက်တွေ၊ အခြား စစ်လေယာဉ်တွေကိုပါ Puerto Rico ကျွန်းမှာ နေရာယူထားစေခဲ့တယ်။

လောလောဆယ် ကရစ်ဘီယန် ပင်လယ်ပြင်မှာ ယူအက်(စ်) စစ်အင်အား အကြီးအကျယ် ဖြည့်တင်းထားတဲ့ အခြေအနေကို ခန့်မှန်းနိုင်အောင် နမူနာ ဆွဲထုတ်ပြပါရစေ၊ ဘာသာပြန် မပြတော့ပါဘူး။
"… at least four Arleigh Burke-class destroyers (the USS Gravely,



USS Jason Dunham; USS Sampson and the USS Stockdale);
a 3-ship Amphibious Ready Group (amphibious assault ship USS Iwo Jima and the amphibious transport docks USS San Antonio and USS Fort Lauderdale);
at least one littoral combat ship (the USS Minneapolis-Saint Paul); the guided-missile cruiser USS Lake Erie; the MV Ocean Trader (described as a 'special ops mothership');
and the nuclear-powered fast-attack submarine, the USS Newport News."

ဒါ အကုန် မဟုတ်သေးပါဘူး။ ယူအက်(စ်) ရေတပ်ရဲ့ အဆင့်မြင့် ဖျက်အားပြင်း လက်နက်တွေ ကရစ်ဘီယန် ရေပြင်မှာ အသင့် နေရာယူထားတဲ့ အခြေအနေကို ခန့်မှန်းနိုင်ရုံ ကောက်နှုတ် တင်ပြခြင်း ဖြစ်ပါတယ်။

တကယ်တော့ နေရာယူထားရုံတင် မကပါဘူး။ အောက်တိုဘာ ၂၆၊ တနင်္ဂနွေနေ့က the USS Gravely အမည်ရ ဖျက်အားပြင်း စစ်သင်္ဘောဟာ ထရစ်နီဒက် နဲ့ တိုဘဂိုး အမြှောကျွန်းတွေပေါ် စစ်ရေးပြခဲ့တယ်။ ဒီကျွန်းတွေနဲ့ ၇မိုင်ပဲ ဝေးတဲ့ ဗင်နီဇွဲလားကို နောက်ထပ် ရန်စ ခြိမ်းခြောက်လိုက်တာပဲ။

အခုလို စစ်အင်အား အလုံးအရင်း တိုးမချခင်က ထရမ့် အစိုးရနဲ့ မက်ဒူရို အစိုးရတို့ စေ့စပ် ညှိနှိုင်းမှုတွေ လုပ်ခဲ့ကြတယ်။ အမေရိကန်ဘက်က စပယ်ရှယ် နှစ်ထပ်ကွမ်း တပ်ထားတဲ့ စေ့စပ်ညှိနှိုင်းရေး အထူး ကိုယ်စားလှယ် အဖွဲ့ (အတိအကျ ဖော်ပြရရင် Special Presidential Envoy for Special Missions) ကို ရစ်ချတ် ဂရန်းနဲ(လ်) ဦးဆောင်ခဲ့တယ်။ ၂၀၂၅ ဖေဖော်ဝါရီလောက်မှာ နှစ်ဖက် အပေးအယူတွေ လုပ်နိုင်ခဲ့ကြတယ်။ အကျဉ်းကျနေတဲ့ ယူအက်(စ်) နိုင်ငံသားတွေကို ဗင်နီဇွဲလားက ပြန်လွှတ်ပေးပြီး ယူအက်(စ်)က ပြန်ပို့လိုက်သူတွေကို ဗင်နီဇွဲလားဘက်က လက်ခံပေးရမယ်။ ယူအက်(စ်)ဘက်က ရှက်ဗ်ရွန် ကုမ္ပဏီကို ဗင်နီဇွဲလားမှာ ရေနံနဲ့ ဓာတ်ငွေ့ ထုတ်လုပ်ခွင့် လိုင်စင် သက်တမ်းတိုးပေးခဲ့တယ်။ တခြား ရေနံနဲ့ သတ္တု ထုတ်လုပ်ရေး ကိစ္စတွေလဲ ပြောထားတာ အများကြီး ရှိသေးတယ်။

အခု ဂရန်းနဲ(လ်)ကို ဗင်နီဇွဲလား မစ်ရှင်ကနေ ဖယ်ထုတ်လိုက်ပြီး ထရမ့်က မက်ဒူရို ခေါင်းဆောင်တဲ့ မူးယစ် ကာတယ်(လ်)က ဗင်နီဇွဲလားမှာ အာဏာရနေတာလို့ ကြေညာထားသလို ဗင်နီဇွဲလား သမ္မတကို ဒေါ်လာ သန်း ၅၀ ဆုကြေးထုတ်ထားတယ်။ တချိန်တည်းမှာ မူးယစ် ကာတယ်(လ်)တွေကို 'အကြမ်းဖက် အဖွဲ့အစည်းတွေ' အဖြစ် သတ်မှတ်ပြီး စစ်ကြေညာထားတယ်။ ဒါ့အပြင် စီအိုင်အေကို ဗင်နီဇွဲလားမှာ လျှို့ဝှက် စစ်ဆင်ရေးတွေ လုပ်ဖို့ ခွင့်ပြုချက်ပေးထားကြောင်း အများပြည်သူရှေ့မှာ ဝန်ခံထားတယ်။

စက်တင်ဘာ ၂ ရက်ကစလို့ ယူအက်(စ်)ဘက်က သင်္ဘော ၁၅ စီးကို တိုက်ခိုက်ခဲ့တယ်။ ၁၄ စီးက စပိဘုတ်တွေ၊ ကျန်တစီးက ခဏတဖြုတ် ရေငုပ်နိုင်တဲ့ ရေငုပ် သင်္ဘောတမျိုး။ ယူအက်(စ်) ရေတပ်ရဲ့ ဒီတိုက်ခိုက်မှုတွေကြောင့် စုစုပေါင်း လူ ၆၀ သတ်ခံထားရတယ်။ ဒီသင်္ဘောတွေနဲ့ အသတ်ခံလိုက်ရတဲ့ လူတွေဟာ မူးယစ်ဆေး သယ်ဆောင်လာသူတွေ ဖြစ်ကြောင်း အမေရိကန်ဘက်က ဘာသက်သေမှ တင်ပြနိုင်ခြင်း မရှိဘူး။ တမင် ရန်စ သတ်ဖြတ်နေခြင်း သက်သက်ပဲ။ မူးယစ်ဆေးကြောင့် ဆိုတာ ဆင်ခြေသက်သက်ပဲ။

## Fighting drug trafficking?


အခုလို ယူအက်(စ်) အစိုးရက ဗင်နီဇွဲလားကို ရုတ်တရက် ရန်စ တိုက်ခိုက်လာတာ ဘာ့ကြောင့်လဲ၊ သူတို့ရဲ့ အဓိက ရည်မှန်းချက်က ဘာဖြစ်မလဲ။ ထရမ့်က အမေရိကကို မူးယစ် သင်္ဘောတွေ ရောက်မလာအောင် ဟန့်တားဖို့လို့ အကြောင်းပြတယ်။ ဗင်နီဇွဲလားကနေ အမေရိကကို တင်သွင်းလာတဲ့ မူးယစ်ဆေးတွေကြောင့် တနှစ်တနှစ်ကို လူပေါင်း သောင်းချီ သေဆုံးနေရသတဲ့။ ဒေါ်နယ်ထရမ့်ရဲ့ ဒီစွပ်စွဲချက်ဟာ ပကတိ အချက်အလက်တွေနဲ့ တခြားစီ ဖြစ်နေတယ်။

ယူအက်(စ်) အစိုးရ အဖွဲ့အစည်းတွေက ထုတ်ပြန်ထားတဲ့ အစီရင်ခံစာတွေ (ဥပမာ၊ the DEA Drug Enforcement Administration က ထုတ်ပြန်ထားတဲ့ တိုင်းပြည်အပေါ် ကျရောက်လာတဲ့ မူးယစ်ဆေး အန္တရာယ် NDTA အစီရင်ခံစာ၊ ကွန်ဂရက်က ထွက်လာတဲ့ အစီရင်ခံစာနဲ့ အခြား ပွင့်လင်းမြင်သာတဲ့ ရင်းမြစ်တွေဆီက လာတဲ့ အစီရင်ခံစာတွေ) အားလုံးက အခုလို ဖော်ပြထားတယ်။ မှောင်ခို တင်သွင်းလာတဲ့ ကိုကိန်း အများစု (၇၄%) ဟာ ပစိဖိတ် သမုဒ္ဒရာ လမ်းကြောင်းကနေ အမေရိကကို ဝင်ရောက်လာခြင်း ဖြစ်တယ်။ အဲဒီ မူးယစ်ဆေးတွေကို အခု ယူအက်(စ်) အစိုးရ ဖောက်ခွဲပစ်နေတဲ့ စပိဘုတ်လေးတွေနဲ့ သယ်နေတာ မဟုတ်ဘူး။ ကွန်တိန်နာ သင်္ဘောကြီးတွေ၊ လေယာဉ်တွေနဲ့ သယ်ခဲ့တာ။ နောက်ထပ် ၁၆% ကို 'Western Caribbean Vector' လို့ခေါ်တဲ့ ကိုလမ်ဘီယာဘက်ခြမ်း ကရစ်ဘီယန် ကမ်းရိုးတန်းကနေ တင်သွင်းခဲ့ကြတယ်။ ၈%လောက်ကပဲ (ဗင်နီဇွဲလား ကမ်းရိုးတန်း) ကနေ ဖြတ်သန်း ဝင်ရောက်လာခြင်း ဖြစ်တယ်။

ဒါ့အပြင် ဗင်နီဇွဲလားက ကိုကိန်း မထုတ်ဘူး။ ကိုကိန်း အဓိက ထုတ်တာက ကိုလမ်ဘီယာ၊ အက်ကွာဒေါ၊ ပီရူးနဲ့ ဘိုလီးဗီးယား။

တရုတ်က ဖန်တနယ်(လ်)တွေ ယူအက်(စ်)ကို တင်သွင်းတဲ့အခါ





ဗင်နီဇွဲလားကို အဓိက လမ်းကြောင်း ဖြစ်နေတယ်လို့ ထရမ့်က စွပ်စွဲထားတယ်။ တကယ်တော့ မက်ဆီကိုကနေ အဓိက ဝင်ရောက်နေခြင်း ဖြစ်တယ်။

ဒီတော့ ယူအက်(စ်) နယ်ချဲ့ အစိုးရက ဗင်နီဇွဲလားကို မူးယစ်ဆေး အကြောင်းပြပြီး ရန်စ တိုက်ခိုက်နေတာ ဘာ့ကြောင့်လဲ။ ဒေါ်နယ်ထရမ့် ဘာလိုချင်တာလဲ။

မကြာသေးခင်ကအထိ ဒေါ်နယ်ထရမ့် လိုချင်တာ ဗင်နီဇွဲလားက ရေနံနဲ့ သတ္တု ရင်းမြစ်တွေ ရရှိရေး ဖြစ်ဖို့များတယ်။ ဗင်နီဇွဲလားမှာ ကမ္ဘာ့ အကြီးမားဆုံး ရေနံသိုက်ကြီးတွေ ရှိတယ်။ ဗင်နီဇွဲလားက ယူအက်(စ်)နဲ့လဲ ပထဝီ အနေအထားအရ အလွန်နီးကပ်တယ်။ ဒီတော့ ဈေးချိုပြီး စိတ်ချရတဲ့ ကုန်ကြမ်း ရင်းမြစ်တခု ဖြစ်လာနိုင်တယ်။ ဒါပေမယ့် ဗင်နီဇွဲလားက ရေနံတွေ ရဖို့သက်သက်ဆို ယူအက်(စ်)အနေနဲ့ စစ်ထတိုက်စရာ မလိုဘူး။ အခုလို စစ်အင်အားပြပြီး ရန်စ ခြိမ်းခြောက်နေဖို့တောင် မလိုဘူး။ တကယ်တမ်း ဗင်နီဇွဲလားမှာ လည်ပတ်နေတဲ့ ယူအက်(စ်) ကုမ္ပဏီတွေကို ယူအက်(စ်) အစိုးရကပဲ ပိတ်ပင်တားမြစ်ထားတာ၊ ခြွင်းချက်အနေနဲ့ ရှက်ဗ်ရွန်ကို လုပ်ငန်း လိုင်စင် ထုတ်ပေးထားတာ ရှိမယ်။

[New York Times](#) ဆောင်းပါး တပုဒ်က အခုလို ဆိုတယ် -

"ယူအက် အစိုးရ ထိပ်ပိုင်း အရာရှိတဦးနဲ့ မစ္စတာ မက်ဒူရိုရဲ့ လက်ထောက်တို့ကြား ဆွေးနွေးခဲ့တဲ့ သဘောတူညီမှုမှာ ဗင်နီဇွဲလား အာဏာရှင်က လက်ရှိ လည်ပတ်နေတဲ့ ရေနံနဲ့ ရွှေ ထုတ်လုပ်ရေး ပရောဂျက်တွေအပြင် လာမယ့် ပရောဂျက် အားလုံးမှာလဲ အမေရိကန် ကုမ္ပဏီတွေကို တံခါးဖွင့် ကြိုဆိုမယ်၊ အမေရိကန် လုပ်ငန်းတွေကို ဦးစားပေး ကန်ထရိုက်တွေ ချပေးမယ်၊ တရုတ်ဆီ တင်ပို့နေတဲ့ ဗင်နီဇွဲလား ရေနံတွေကို အမေရိကကိုပဲ တင်ပို့မယ်၊ ဒါ့အပြင် တရုတ်၊ ရုရှား၊ အီရန် ကုမ္ပဏီတွေနဲ့ ချုပ်ဆိုထားတဲ့ စွမ်းအင်နဲ့ တူးဖော်ရေး ကန်ထရိုက်တွေကို သိသိသာသာ လျှော့ချပစ်မယ်လို့ ကမ်းလှမ်းခဲ့တယ်"။

ဗင်နီဇွဲလား အစိုးရဘက်က ဒီအစီရင်ခံစာကို ငြင်းပေမယ့် ဗင်နီဇွဲလားမှာ ယူအက်(စ်) ကုမ္ပဏီတွေ လည်ပတ်ခွင့်ကို ပိတ်ထားတာကတော့ ယူအက်(စ်) အစိုးရကိုယ်တိုင်ပဲ၊ ဒီအချက်ကို ငြင်းလို့ မရဘူး။ ဒီတော့ ဗင်နီဇွဲလားက ရေနံနဲ့ တခြား ကုန်ကြမ်းရင်းမြစ်တွေ ရရှိရေးသက်သက်ဆို ယူအက်(စ်)ဘက်က ချထားတဲ့ ဆန့်ရှင်တွေ ပြန်ရုတ်သိမ်းလိုက်ရုံပဲ။

မက်ဒူရို အစိုးရကလဲ ယူအက်(စ်) နယ်ချဲ့ဘက်က တောင်းသမျှ အကုန် လိုက်လျောထားပြီးသား။ မက်ဒူရို မလိုက်လျောနိုင်တဲ့ တောင်းဆိုချက်ဆိုလို့ တခုပဲ ကျန်တယ်။ အဲဒါကတော့ ယူအက်(စ်) အစိုးရက မက်ဒူရိုကို ဖယ်ရှားပြီး ဗင်နီဇွဲလားမှာ မင်းပြောင်းမင်းလွှဲ လုပ်ချင်တာပဲ။ ထရမ့်ရဲ့ စစ်ရေး အရှိန်မြှင့်တင်မှုရဲ့ အဓိက ရည်ရွယ်ချက်ကလဲ ဒါပဲ။

၂၀၂၅ နှစ်အစပိုင်းတုန်းက ထရမ့်ဟာ မက်ဒူရိုနဲ့ စေ့စပ်ပြီး အပေးအယူလုပ်တဲ့ လမ်းကြောင်းကို သွားချင်ခဲ့ပုံရတယ်။ ဒေါ်နယ်ထရမ့် ပထမ သက်တမ်းမှာ ဗင်နီဇွဲလား အစိုးရကို အာဏာသိမ်းတဲ့ နည်းနဲ့ ဖယ်ရှားပစ်ဖို့ ကြိုးပမ်းခဲ့ပြီးပြီ။ အဲဒီ ကြိုးပမ်းမှုကို ဝိုင်းတွန်းခဲ့သူတွေထဲ John Bolton နဲ့ Mike Pompeo တို့လို ထစ်ခနဲရှိ စစ်ထတိုက်ချင်သူတွေ၊ Elliot Abrams လို စစ်အေးခေတ် လက်ကျန် တိုက်ခိုက်ရေးသမားတွေ ပါခဲ့တယ်။ ဒါပေမယ့် သူတို့ရဲ့ အာဏာသိမ်း အကြံအစည်ဟာ ရှက်ဖွယ်လိလိ အရေးနိမ့်ခဲ့ရတယ်။ ဒေါ်နယ်ထရမ့် က ဒီလို နှာခေါင်းကျည်ပွေ့ တွေ့ခဲ့ဖူးလို့ အပေးအယူ လုပ်တဲ့နည်းကို အရင် စမ်းကြည့်ခဲ့တာပဲ။

## Pushing for regime change in Venezuela

ဒေါ်နယ်ထရမ့် အစီအစဉ်က ဘာ့ကြောင့် တဆစ်ချိုး ပြောင်းသွားတာလဲ။ ဗင်နီဇွဲလားကို နယ်ချဲ့ ဗိုလ်ကျတဲ့ စစ်ရေး အရှိန်မြှင့်တင်မှု လုပ်ရတဲ့ လတ်တလော အကြောင်းတရားတွေ ဒေါ်နယ်ထရမ့်မှာ အမျိုးမျိုး ရှိနိုင်တယ်၊ ဒီနေရာမှာ လတ်တလော အကြောင်းတွေကို ထည့်မဆွေးနွေးတော့ဘူး။ သေချာတာကတော့ အခုလို စစ်ရေး အရှိန်တင်ပြီး ဗိုလ်ကျတဲ့ လုပ်ရပ်ဟာ ယူအက်(စ်) နိုင်ငံခြားရေး ပေါ်လစီမှာ တွေ့ရတဲ့ wider trend ရဲ့ အစိတ်အပိုင်း တခုပဲ။

အဲဒီ wider trend က ဘာလဲ။ ယူအက်(စ်) အရင်းရှင် နယ်ချဲ့ တဗိုလ်တည်း ကြီးစိုးရမယ်လို့ သူတို့ ယူဆထားတဲ့ အမေရိကတိုက်ကြီးကို တရုတ်က တစတစ ထိုးဖောက် နေရာယူထားတယ်။ အမေရိက တိုက်မှာ ယူအက်(စ်) အရင်းရှင် နယ်ချဲ့စနစ်ရဲ့ အနေအထားကို ခိုင်မာအားကောင်းအောင် လုပ်ဖို့ ယူအက်(စ်)အတွက် နေရှင်နယ် မဟာဗျူဟာ အကျိုးစီးပွား မရှိဘူးလို့ ယူဆထားတဲ့ ပဋိပက္ခတွေကနေ ပြန်ဆုတ်တဲ့ ပေါ်လစီကို ဒေါ်နယ်ထရမ့် ကျင့်သုံးနေတယ်။

## US imperialism wants to take back control of its backyard

ဗင်နီဇွဲလားအပေါ် နယ်ချဲ့ ဗိုလ်ကျတဲ့ လုပ်ရပ်ကို ဝါရှင်တန်ရဲ့ တခြား ဆုံးဖြတ်ချက်တွေနဲ့ ဆက်စပ်ကြည့်ဖို့ လိုအပ်တယ်။

ယူအက်(စ်)က တရုတ် BRI မှာ ပါဝင်နေလို့ ပနားမားကို အနိုင်ကျင့်ခဲ့တယ်၊ ယူအက်(စ်) စစ်တပ်ကို ပနားမားမြေပေါ် ခြေချခွင့်ပေးခိုင်းတယ်၊ ဟောင်ကောင် အခြေစိုက် (CK Hutchison) ကုမ္ပဏီကို ပနားမား တူးမြောင်း တဖက်တချက်စီက ဆိပ်ကမ်း နှစ်ခုလုံး ရောင်းခိုင်းခဲ့တယ်။ ဒီအငြင်းပွားမှုကတော့ အခုထိ အဆုံး မသတ်သေးပါဘူး။

ဩဂုတ်လမှာ ထရမ့်က ဘရာဇီးလ်ကို [သွင်းကုန် စည်းကြပ်ခွန် ၅၀%](#) စတင် သတ်မှတ်ခဲ့တယ်၊ ဘရာဇီးလ် ထိပ်သီး အရာရှိတွေကို ဒဏ်ခတ်အရေးယူဖို့ Magnitsky Act ကို ထုတ်သုံးခဲ့တယ်။ ဘော်ဆိုညာရို တရားခွင်ကြောင့် ဒီလို အရေးယူရတာပါလို့ အကြောင်းပြတယ်၊ ဒါပေမယ့် ဒီအရေးယူမှုတွေရဲ့ နောက်ကွယ်မှာ ယူအက်(စ်) မီဒီယာ multinational တွေရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးဖို့ ဖြစ်သလို BRICS မှာ ပါဝင်နေပြီး တရုတ်နဲ့ နီးစပ်တဲ့ ဘရာဇီးလ်ကို အပြစ်ပေးဖို့လဲ ဖြစ်တယ်။






မကြာသေးခင်ကပဲ ကိုလမ်ဘီယာ သမ္မတ ပီထရိုကို ထရမ့်က ရန်စတိုက်ခိုက်ခဲ့သေးတယ်။ ပီထရိုကို “တရားမဝင် မူးယစ်ဆေး ရောင်းဝယ်သူ” လို့ ပြောဆိုခဲ့တယ်။ ထရမ့်က ပီထရိုရဲ့ ယူအက်(စ်) ဗီဇာကို ရုတ်သိမ်းပြီး ပီထရိုနဲ့ သူ့မိသားစုကို ဒဏ်ခတ်ပိတ်ဆို့လိုက်တယ်။ ဒါ့အပြင် ကိုလမ်ဘီယာကို ပေးထားတဲ့ ယူအက်(စ်) အကူအညီတွေ အားလုံး ဖြတ်တောက်လိုက်တယ်။ သွင်းကုန် စည်းကြပ်ခွန်နဲ့ ခြိမ်းခြောက်ထားသေးတယ်။

တချိန်တည်းမှာပဲ အာဂျင်တီးနားက Milei ကို ထရမ့်က အကူအညီတွေ အမြောက်အမြား ပေးခဲ့တယ်။ Milei ကို ဒေါ်လာ ဘီလျံ ၂၀ သီးသန့် ထုတ်ချေးသလို အာဂျင်တီးနား ငွေကြေးကို ခိုင်မာလာအောင် ပီဆိုတွေ ဒေါ်လာ သန်း ၄၀၀ ဖိုး ဝယ်ခဲ့တယ်။ ဒီလို အကူအညီပေးတဲ့အတွက် ယူအက်(စ်)က ဘာပြန်တောင်းသလဲ။ ယူအက်(စ်) ငွေတိုက် အတွင်းရေးမှူး Scott Bessent ကတော့ “အာဂျင်တီးနားကနေ တရုတ် ထွက်သွားရေး” ကို ယူအက်(စ်)ဘက်က ဆုံးဖြတ်ထားပြီး ဖြစ်ကြောင်း ပြောသွားတယ်။ တခြား အရာရှိတွေကတော့ သတ္တုနဲ့ အခြေခံ အဆောက်အဦ ကန်ထရိုက်တွေမှာ ယူအက်(စ်)ကို ဦးစားပေးသင့်ကြောင်း ထုတ်ပြောထားတာ ရှိသလို Patagonia ဒေသက တရုတ် အာကာသ လေ့လာရေး စခန်းဟာ စစ်ဘက် အသုံး ဖြစ်လာနိုင်ကြောင်း စောဒကတက်ကြတာလဲ ရှိတယ်။

‘အမေရိကတိုက်ဟာ အမေရိကန်တွေ အတွက်ပဲ ဖြစ်ရမယ်’ ဆိုတဲ့ အဆိုအမိန့်ဟာ ၁၈၂၃ က Monroe Doctrine ကို အနှစ်ချုပ် ဖော်ပြပေးတယ်။ အခု အမေရိကတိုက်နဲ့ ပတ်သက်လို့ ဒေါ်နယ်ထရမ့်ရဲ့ ခြေလှမ်းတွေဟာ မွန်ရိုး သဘောတရားကို ထင်ဟပ်နေတယ်၊ ဒီအချက်ကို ရည်ညွှန်းပြီး ‘Donroe Doctrine’ လို့တောင် တချို့က ကင်ပွန်းတပ်လာကြတယ်။ ၁၉ ရာစုခေတ် ယူအက်(စ်)ရဲ့ အနေအထားက အင်အားကြီး ဥရောပ နယ်ချဲ့ ပါဝါတွေ အမေရိကတိုက်ကို မင်းမူခြယ်လှယ်ခြင်း မရှိအောင် ကြိုးစားကာကွယ်ရတဲ့ အခြေအနေ။ ဒီနောက် နှစ်ဆယ်ရာစု ဝင်ရောက်လာချိန်မှာ မွန်ရိုး သဘောတရားကို Roosevelt Corollary (1904-05) နဲ့ ထပ်လောင်း အားဖြည့်ခဲ့တယ်။ သဘောက အဲဒီကာလမှာ တက်သစ်စ အရင်းရှင် နယ်ချဲ့ ပါဝါ ဖြစ်လာတဲ့ ယူအက်(စ်) က အနောက်ဖက်ခြမ်း ဒေသကြီး (Western Hemisphere) တခုလုံးကို အုပ်ချုပ်ပိုင်ခွင့် ရှိကြောင်း ပိုင်စိုးပိုင်နင်း ကြေညာလိုက်တာပဲ -

“ပြစ်မှုတွေ တောက်လျှောက် ကျူးလွန်နေတာ ဒါမှမဟုတ် ထိထိရောက်ရောက် စွမ်းဆောင်နိုင်ခြင်း မရှိတာတွေကြောင့် ယဉ်ကျေးမှု မြင့်မားတဲ့ လူ့အဖွဲ့အစည်းတခုရဲ့ စည်းနှောင်မှုတွေ အဖက်ဖက်က ယိုယွင်းလာပြီဆိုရင် အခြား ဒေသတွေမှာလိုပဲ အမေရိကတိုက်မှာလဲ ယဉ်ကျေးမှု မြင့်မားတဲ့ တိုင်းပြည်တခုခုက အဆုံးသတ် ကြားဝင်စွက်ဖက်ရတာမျိုး လိုအပ်လာနိုင်တယ်။ အနောက်ဖက်ခြမ်း ဒေသကြီးမှာ ပြစ်မှုတွေ ပြောင်ပြောင်တင်းတင်း ကျူးလွန်နေရင် ဒါမှမဟုတ် ဘာမှ ထိထိရောက်ရောက် မစွမ်းဆောင်နိုင်ဘူး ဆိုရင် မွန်ရိုး သဘောတရားကို လိုက်နာကျင့်သုံးတဲ့ ယူအက်(စ်)အနေနဲ့ ဘယ်လောက်ပင် ဝန်လေးသော်ငြား အပြည်ပြည်ဆိုင်ရာ ပုလိပ် ပါဝါကို မလွှဲမရှောင်သာ ကျင့်သုံးရမှာပဲ”။

ဒီနေရာမှာ “ဘယ်လောက်ပင် ဝန်လေးသော်ငြား” ဆိုတဲ့ စကားရပ်က အရှက်ပြေ သဖန်းရွက် ဖုံးပေးရုံသက်သက်ပဲ၊ “ယဉ်ကျေးမှု မြင့်မားတဲ့ လူ့အဖွဲ့အစည်း” ဆိုတဲ့ အသုံးကလဲ ယူအက်(စ်) နယ်ချဲ့ အရင်းရဲ့ ဝတ်လစ်စလစ် အကျိုးစီးပွားကို ဖုံးအုပ်ထားချင်လို့ပဲ။ ယူအက်(စ်) နယ်ချဲ့က အမေရိက တိုက်ကြီးကို သူ့အိမ်နောက်ဖေးက မြေကွက်လပ်လို သဘောထားတယ်။ ဒါ့အပြင် ကုန်ကြမ်း ရင်းမြစ်၊ ရင်းနှီးမြှုပ်နှံစရာ လုပ်ကွက်အဖြစ် သဘောထားပြီး သူ့လက်ခုပ်ထဲက ဈေးကွက်လို့ မြင်ထားတယ်။ ယူအက်(စ်) နယ်ချဲ့စနစ်က “အပြော ညင်သာပြီး ဒုတ်ကြီးကြီးနဲ့ ဆော်ပေးရမယ်” ဆိုတဲ့ ရုစ်ဗဲ့ရဲ့ အယူအဆကို တိုးချဲ့ထားတဲ့ ပေါ်လစီကို ကျင့်သုံးခဲ့တယ်။ ကျူးဘား၊ နစ်ကရာဂွါ၊ ဒိုမီနီကန် ရီပတ်ဘလစ်၊ ဟေတီနဲ့ အခြား နိုင်ငံပေါင်း များစွာကို စစ်အင်အားသုံးပြီး တိုက်ရိုက် ဝင်ခြယ်လှယ်တိုင်း တရားထူထောင်ပြဖို့ အဲဒီ ပေါ်လစီကို အသုံးပြုခဲ့တယ်။

ဒီကနေ့ ထရမ့် လုပ်ရပ်တွေက အဲဒီ ပေါ်လစီကို ချွတ်စွပ်နီးပါး လိုက်တုထားတာပဲ။ အခုတချီလဲ အမေရိက တိုက်ကြီးဟာ ယူအက်(စ်)ရဲ့ နောက်ဖေး ခြံကွက်လပ် ဖြစ်သွားပြန်ပြီ။ ဒီကနေ့ အမေရိကတိုက်က နိုင်ငံ အများစုမှာ တရုတ် နယ်ချဲ့ ပါဝါရဲ့ ဩဇာ ကြီးကြီးမားမား ရှိလာပြီ။ အတိုင်းအတာတခုထိ ရုရှား ဩဇာလဲ သက်ရောက်မှု ရှိလာတယ်။ အမေရိကတိုက်အတွင်း ယူအက်(စ်) တဖိုလ်တည်း အုပ်စိုးပိုင်ခွင့်ကို ထိပါးလာတဲ့ နယ်ချဲ့ ပါဝါ အားလုံးကို အကြမ်းဖက် ဖယ်ရှားပစ်မှာပဲ ဆိုတဲ့ သဘောထားကို မြင်တွေ့လာရတယ်။

၂၀၀၀ ပြည့်နှစ်တွေကစပြီး လက်တင် အမေရိကနဲ့ ကရစ်ဘီယန် တိုင်းပြည်တွေမှာ တရုတ်ရဲ့ ပါဝင်မှု ကျယ်ပြန့်လာခဲ့တယ်။ အဲဒီ ဒေသရဲ့ စွမ်းအင်၊ အခြေခံ အဆောက်အဦနဲ့ အာကာသ ကဏ္ဍတွေမှာ တရုတ် အစိုးရပိုင် လုပ်ငန်းစုတွေက အဓိက ရင်းနှီးမြှုပ်နှံသူတွေ ဖြစ်လာတယ်။ တရုတ်နဲ့ လက်တင် အမေရိက၊ ကရစ်ဘီယန် နိုင်ငံတွေကြား ကုန်သွယ်ရေးဟာ ၂၀၀၀ ခုနှစ်မှာ ဒေါ်လာ ၁၂ ဘီလျံ ဝန်းကျင်ပဲ ရှိခဲ့တယ်၊ ၂၀၂၄ မှာ ဒေါ်လာ ၅၀၀ ဘီလျံကျော်အထိ မြင့်တက်သွားပြီ။ အခုဆိုရင်



တရုတ်ဟာ တောင်အမေရိကရဲ့ နံပါတ်တစ် ကုန်သွယ်ဖက် ဖြစ်သလို လက်တင် အမေရိကနဲ့ ကရစ်ဘီယန် ဒေသကြီးတခုလုံးရဲ့ ဒုတိယ ကုန်သွယ်ဖက် ဖြစ်လာပြီ၊ သူ့ရှေ့မှာ ယူအက်(စ်)ပဲ ကျန်တော့တယ်။

ဒါတွေ အားလုံးကို ယူအက်(စ်)က ဒေသတွင်း သူ့အနေအထားကို ခြိမ်းခြောက်လာတာပဲလို့ သဘောထားတယ်။ သူ့အနီးအနားက ဒေသကြီး တခုလုံးမှာ သူတကောင်တည်း မောင်ပိုင်စီးထားချင်တဲ့ ကုန်ကြမ်း ရင်းမြစ်တွေ၊ စွမ်းအင် ရင်းမြစ်တွေ၊ ရင်းနှီးမြှုပ်နှံစရာ အကွက်အကွင်းတွေ၊ ဈေးကွက်တွေကို လာထိပါးတာပဲလို့ သတ်မှတ်တယ်။ ဒီအခြေအနေကို ပြောင်းပြန်လှန်ပစ်ဖို့ ယူအက်(စ်)က သူ့ရှိတဲ့ အင်အား အကုန်ထုတ်သုံးဖို့ ဆုံးဖြတ်ထားတယ်။ သူ့အပိုင်စား နယ်လို့ သတ်မှတ်ထားတဲ့ ဒီဒေသကြီးကို အရင်လို တဗိုလ်တည်း ကြီးစိုးနိုင်အောင် ယူအက်(စ်) နယ်ချဲ့က လုံးပမ်းနေတယ်။ လွယ်တဲ့ ကိစ္စတော့ မဟုတ်ဘူး။ ယူအက်(စ်)ဟာ အရင်တုန်းက ယူအက်(စ်) မဟုတ်တော့ဘူး၊ relative decline ဖြစ်နေတဲ့ ယူအက်(စ်)၊ decline ဟာ အရှိန်နဲ့ ဆင်းနေပြီ။

## Communists say: Hands off Venezuela – Hands off Colombia!

ယူအက်(စ်) နယ်ချဲ့က ကရစ်ဘီယန် ပင်လယ်ပြင်မှာ စစ်အင်အား အလုံးအရင်း တိုးချပြီး ဗင်နီဇွဲလားကို ဗိုလ်ကျ အနိုင်ကျင့်နေတာဟာ အခု တင်ပြခဲ့တဲ့ ‘re-hemispherisation’ ဖြစ်စဉ်ရဲ့ အစိတ်အပိုင်းဘဲ။ ထရမ့် အစိုးရ (အနည်းဆုံးတော့ ထရမ့် အစိုးရ အစိတ်အပိုင်း တခု) က ဗင်နီဇွဲလားမှာ မင်းပြောင်းမင်းလွှဲလုပ်ဖို့ ကြိုးစားနေတာ ထင်ရှားတယ်။ ဒါနဲ့တင် ရပ်သွားမှာ မဟုတ်ဘူး၊ နောက်ထပ် စစ်ရေး ကျူးကျော် ရန်စမှုတွေ ဆက်လုပ်ဖို့ လေ့ကျင့်ရေး ကွင်းဆင်းသလို သဘောထားနေကြတယ်။

တော်လှန်ရေးသမား ကွန်မြူနစ်တွေရဲ့ ရပ်တည်ချက်က ရှင်းပါတယ်။ *‘ဗင်နီဇွဲလားကို မထိနဲ့၊ ကိုလမ်ဘီယာကို မထိနဲ့’* လို့ ပြတ်ပြတ်သားသား ပြောပါတယ်။ We say Hands off Venezuela – Hands off Colombia!

ဒါဟာ နယ်ချဲ့ ကျူးကျော် ရန်စခြင်းကို ဆန့်ကျင်သော အဖိနှိပ်ခံ၊ အုပ်စိုးခံ တိုင်းပြည်တွေကို ထောက်ခံ အားပေးတဲ့ မူခိုင်မာတဲ့ ရပ်တည်ချက် ဖြစ်တယ်။ အဲဒီ တိုင်းပြည်တွေက အာဏာရ အစိုးရတွေကို ထောက်ခံတာ မဟုတ်ဘူး။

## ယူအက်(စ်)က ဗမာပြည်မှာ မင်းပြောင်းမင်းလွှဲ လုပ်ပေးမလား

ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၂ ရက်နေ့မှာ U.S. Attorney Jeanine Ferris Pirro က ပထမဆုံး Scam Center Strike Force ဖွဲ့စည်းထားကြောင်း ကြေညာခဲ့တယ်။ ဒီကြေညာချက်ကို ပြည်တွင်း ပြည်ပက လစ်ဘရယ်တွေ ဝမ်းသာအားရနဲ့ ကြိုဆိုခဲ့ကြတယ်။ ကြိုဆိုရုံမက ဗမာပြည် စစ်အစိုးရကို ယူအက်(စ်) ကပဲ မင်းပြောင်းမင်းလွှဲ လုပ်ပေးတော့မယောင် အာဘော်တွေ ဖန်တီးခဲ့ကြတယ်။ ရောဝတီ၊ ဒီဗွီဘီ သတင်းဌာနတို့မှာ ဒီလို သုံးသပ်ချက်တွေ မမြင်ချင်အဆုံး ဖော်ပြခဲ့ကြတယ်။

Asia Times စာစောင်မှာ အမေရိကရောက် မြန်မာ လစ်ဘရယ်တဦးက US won’t win the scam war unless Myanmar’s junta is broken ခေါင်းစဉ်နဲ့ ဆောင်းပါး တပုဒ် ရေးထားတယ်။ ဆောင်းပါး အာဘော်ကို အနှစ်ချုပ်လိုက်ရင် ဗင်နီဇွဲလားကို မူးယစ်ဆေး အကြောင်းပြပြီး ယူအက်(စ်) အစိုးရက ဗိုလ်ကျ ခြိမ်းခြောက်နေတာ ထောက်ခံတယ်၊ ထောက်ခံရုံမက မင်းပြောင်းမင်းလွှဲ လုပ်တာကို အားပေးတယ်၊ ဗင်နီဇွဲလားမှာလိုပဲ ဗမာမှာလဲ ကျားဖြန့် အကြောင်းပြပြီး ယူအက်(စ်)က မင်းပြောင်းမင်းလွှဲ လုပ်ပေးဖို့ ဖြောင်ကျကျ ဖိတ်ခေါ်ထားတယ်။

ဆောင်းပါး ခေါင်းစဉ်မှာတင် ဒီသဘောထားကို မြင်ရလိမ့်မယ်။ ပိုပြီး သေချာသွားအောင် အခုလို ဖြည့်စွက်ထားသေးရဲ့။ မူရင်းအတိုင်း ဖော်ပြပေးပါမယ် -

“If Washington weighs Venezuela regime change over drugs, the same logic could apply to Myanmar’s military-abetted scam hubs” (Asia Times article by Than N Oo. November 20, 2025)

အဲဒီဆောင်းပါးမှာပဲ -

“Hence, it can be argued that the regime-change option, currently under consideration in Venezuela, should also be on the table if Washington hopes to dismantle the scam centers once and



for all.”

“ဒါ့ကြောင့် ဝါရှင်တန်ကသာ ကျားဖြန့် စင်တာတွေကို အပြီးတိုင် ဖျက်သိမ်းပစ်ချင်တယ် ဆိုရင် ဗင်နီဇွဲလားမှာ အကောင်အထည်ဖော်ဖို့ စဉ်းစားနေတဲ့ မင်းပြောင်းမင်းလွဲ လမ်းကြောင်းမျိုး ဗမာပြည်အတွက်လဲ ရွေးသင့်တယ်လို့ ငြင်းချက်ထုတ်နိုင်ပါတယ်။”

ဒီနောက် ဆက်ပြောထားတာတွေကို လိုရင်း ချုပ်လိုက်ရင် ယူအက်(စ်)က ဗမာပြည်မှာ စစ်အစိုးရကို ဖြုတ်ချပေး၊ ပြီးရင် အန်ယူဂျီ၊ ပီဒီအက်(ဖ်)နဲ့ အီးအာအိုတို့ ဦးဆောင်တဲ့ လစ်ဘရယ် အစိုးရ တရပ် ဖန်တီးပေး ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။ အဲဒါ လစ်ဘရယ် မျှော်ရည်တဲ့ တော်လှန်ရေး ဆိုတာပါပဲ။ ဒီနေရာမှာ ERO တို့ ဘာတို့ ထည့်ပြောရတာက လောလောဆယ် အာဏာမရသေးလို့ပါ၊ လိုရင်း တည့်တည့်ပြောရရင် လူကြားမကောင်းလို့။ သူတို့ လိုချင်တာက စစ်အစိုးရကို ကျုပ်တို့တော့ ဖြုတ်မချနိုင်ဘူး၊ ခင်ဗျားတို့က ဖြုတ်ချပေး၊ ခင်ဗျားတို့ အကျိုးစီးပွား ကာကွယ်ပေးမယ့် ကျုပ်တို့ လစ်ဘရယ် ဘူဇွာ အန်ယူဂျီ အုပ်စုက အစိုးရ တက်လုပ်မယ်၊ ဒါပဲ။

ဒီလို နယ်ချဲ့ အလိုတော်ရိ အာဘော်ကို ဘာသာပြန် ဖော်ပြပေးတာ ကျနော် တွေ့ရသလောက် မီဒီယာ နှစ်ခု ရှိပါတယ်။ နှစ်ခုလုံးက တော်လှန်ရေး ဘက်တော်သားလိုလို ဟန်လုပ်နေတဲ့ မီဒီယာတွေ။ ဧရာဝတီ သတင်း မီဒီယာနဲ့ DMG မီဒီယာတို့ပဲ။ သာမန် လူထုအတွက် မှန်ကန်တဲ့ တော်လှန်ရေး အမြင်တွေ ဖော်ထုတ်ပေးဖို့ နေနေသာသာ အရင်းရှင် နယ်ချဲ့ကို ကယ်တင်ရှင် ထင်စေတဲ့ illusion တွေပဲ တွင်တွင်ဖြန့်နေကြတယ်။

ယူအက်(စ်)က အခုဖွဲ့လိုက်တာ task force မဟုတ်ဘူး၊ strike force ဖြစ်တယ်၊ ဒါ့ကြောင့် တကယ် ဝင်ဆော်တော့မှာ၊ အခုတောင် FBI က ထိုင်းရောက်နေပြီ၊ ဘာညာ စိတ်ကူးယဉ်လို့ ကောင်းနေတုန်း။ ဒီအချိန်မှာ ယူအက်(စ်) အစိုးရက မြန်မာပြည်မှာ တည်ငြိမ်မှု ရှိလာပြီ၊ လွတ်လပ်ပြီး မျှတတဲ့ ရွေးကောက်ပွဲလဲ ကျင်းပတော့မယ်၊ ဒါ့ကြောင့် TPS ကို ရုတ်သိမ်းလိုက်ပြီ၊ အမေရိကန်ရောက် မြန်မာတွေ ကိုယ့်အိမ်ကိုယ် ပြန်နေလို့ ရတဲ့ အခြေအနေ ရောက်ပြီလို့ ထကြေညာလိုက်ပါရောလား။

ယူအက်(စ်) အရင်းရှင်နယ်ချဲ့ရဲ့ သရုပ်မှန်ကို တကယ် နားလည်ရင် အခုလို ထင်ယောင်မှားမှုတွေ အစကတည်းက ဖြစ်ခဲ့မှာ မဟုတ်ဘူး။ အခုတော့ ကျောရိုးမဲ့တဲ့ လစ်ဘရယ်တွေဟာ အလုပ်သမား လူတန်းစား ဦးဆောင်တဲ့ လူတန်းစား တိုက်ပွဲကို အယုံအကြည် မရှိသလို တော်လှန်ရေးကိုလဲ အယုံအကြည် မရှိဘူး။ တော်လှန်ရေးကို ဦးဆောင်နိုင်ဖို့ ဆိုတာ အဝေးကြီး။ အဲဒါကြောင့်လဲ မျှော်လင့်ချက် အမှားတွေ ပေးပြီး သူတို့ နေရာ တည်မြဲအောင် အလိမ်အညာတွေနဲ့ ကြိုးပမ်းနေရတာဘဲ။

တကယ်တော့ ဗင်နီဇွဲလားနဲ့ ဗမာပြည်ဟာ ယူအက်(စ်) အရင်းရှင်နယ်ချဲ့အတွက် အကျိုးစီးပွားချင်း မတူဘူး။ ဗင်နီဇွဲလားကို ယူအက်(စ်)က အနိုင်ကျင့် ဗိုလ်ကျနေရတဲ့ အကြောင်းရင်းကို အထက်မှာ တင်ပြခဲ့ပြီးပြီ။ ဒီနေရာမှာ နှစ်ခါထပ် မပြောတော့ပါ။ ဗင်နီဇွဲလားက ယူအက်(စ်)ရဲ့ နောက်ဖေး ခြံကွက်လပ် ဖြစ်ပေမယ့် ဗမာပြည်က အဲသလို မဟုတ်ဘူး၊ အဲဒါနဲ့ ပြောင်းပြန်။ ဗမာပြည်က တရုတ် အရင်းရှင်နယ်ချဲ့ရဲ့ နောက်ဖေး ခြံကွက်လပ် ဖြစ်နေတာ။ အဲဒီလို နိုင်ငံက ကျားဖြန့်အရေးအတွက် ယူအက်(စ်) နယ်ချဲ့က စစ်မတိုက်ဘူး။ အထူးသဖြင့် ယူအက်(စ်) နယ်ချဲ့ ပါဝါရဲ့ relative decline ကို အသိအမှတ် ပြုထားတဲ့ ထရမ့် အစိုးရက သူ့အနီးအနား hemisphere ကိုပဲ ခြေကုပ်ခိုင်အောင် ဦးစားပေး လုပ်နေတယ်။ ဒါ့ကြောင့် သူ့အတွက် အကျိုးမရှိတဲ့ ယူကရိန်း စစ်ပွဲတို့၊ ဂါဇာ စစ်ပွဲတို့ကနေ ပြန်ဆုတ်နေတာ။

တရုတ်ရဲ့ နောက်ဖေးခြံကွက်လပ် ဖြစ်နေတဲ့ ဗမာပြည်မှာ ယူအက်(စ်)က ဝင်ပါဖို့ဆိုတာ အဝေးကြီး။ အဲသလို ယူအက်(စ်)က ကြားဝင်စွက်ဖက်လိမ့်မယ်လို့ စိတ်ကူးယဉ်နေတာ အနောက်မျှော်တဲ့ လစ်ဘရယ် အုပ်စုနဲ့ conspiracy theory ကို အဟုတ်ထင်နေတဲ့ မော်ဝါဒီအုပ်စု တချို့ပဲ ရှိနိုင်တယ်။ နှစ်အုပ်စုလုံးကတော့ ဒီကနေ့ ကမ္ဘာ့ အရင်းရှင်စနစ် အကျပ်အတည်းနဲ့ နယ်ချဲ့ ပါဝါတွေကြားက ချိန်ခွင်လျှာ အပြောင်းအလဲကို နားမလည်ဘူး။

ယူအက်(စ်) အစိုးရ ကြိုးကိုင်ခဲ့တဲ့ ကမ္ဘာပေါ်က စစ်အာဏာသိမ်းပွဲတွေ၊ မင်းပြောင်းမင်းလွှဲတွေ အများကြီး ရှိပါတယ်။ ဘယ်မှာမှ ဒီမိုကရေစီနဲ့ လူထု လွတ်မြောက်ရေးအတွက် လုပ်ခဲ့တာ မရှိပါဘူး။ အဲသလို တွေးကြော်ကောင်း တွေးကြော်လိမ့်မယ်၊ ဒါပေမယ့် တကယ့် လက်တွေ့မှာ အဲဒီ တိုင်းပြည်တွေ ဒီမိုကရေစီ ရသွားလား၊ လွတ်မြောက်သွားလား၊ ပြန်ကြည့်ပါ။ သမိုင်း မသိရင် အ,တယ်လို့ အော်နေရုံနဲ့ မရဘူး။ တကယ် သမိုင်းကို သေချာကြည့်ဖို့ လိုတယ်။ အဲသလို သမိုင်းကို ကြည့်ရရင် ယူအက်(စ်) နယ်ချဲ့ရဲ့ သရုပ်အမှန်ကို တွေ့ရလိမ့်မယ်။ လစ်ဘရယ်တွေရဲ့ ဝါဒဖြန့်ချက်က နှစ်ရက်တောင် မခံဘူးဆိုတာ အခု မြင်ခဲ့ရပြီ မဟုတ်လား။

လူထု လွတ်မြောက်ရေးကို ဘယ်နယ်ချဲ့ပါဝါကမှ ဆောင်ကျဉ်းမပေးနိုင်ဘူး။ နယ်ချဲ့ပါဝါတွေ ဝင်မွှေလို့ အဖိနှိပ်ခံ လူထုကြီး သွေးချောင်းစီးတာပဲ သမိုင်းမှာ ရှိဖူးတယ်။ ဒါ့ကြောင့် ဘယ်နယ်ချဲ့ ပါဝါကိုမှ ကယ်တင်ရှင် မထင်လေနဲ့။ အလုပ်သမား လူတန်းစား ခေါင်းဆောင်တဲ့ ဆိုရှယ်လစ် တော်လှန်ရေးနဲ့သာ ဒီကနေ့ ကြုံနေရတဲ့ barbarism ကို အမြစ်ကနေ ဖယ်ရှားပစ်နိုင်မယ်။

ရေးသူ - သူရိန်မွန်
၂၉ နိုဝင်ဘာ၊ ၂၀၂၅

**မှီငြမ်းကိုးကား။ ။**

**Trump’s escalation in the Caribbean – US imperialism attempts to reassert control over its ‘backyard’ by Jorge Martin**

**Will Donald J Trump ever be awarded the Nobel Peace Prize? By Alan Woods**

ဗမာနိုင်ငံရဲ့ အိမ်နီးချင်းဖြစ်တဲ့ ထိုင်းနိုင်ငံဟာ ပြီးခဲ့တဲ့ ၂၀၂၅ ကာလတလျှောက် အကြပ်အတည်းပေါင်းစုံကို ရင်ဆိုင်ခဲ့ရပါတယ်။ ခရီးသွားလာမှု tourism လုပ်ငန်းဟာ နှစ်စဉ် ထိုင်းနိုင်ငံရဲ့ GDP 10-20% ထိ ရှာပေးနေတဲ့ လုပ်ငန်းတခုဖြစ်ပြီးတော့ ဒီလုပ်ငန်းဟာ ထိုင်းနိုင်ငံရဲ့ ဝယ်ယူစားသုံးမှုကို လှုံ့ဆော်ရေးမှာရော၊ ဝင်ငွေအရရော တကယ်အရေးပါတဲ့ လုပ်ငန်းတခုပါပဲ။

ဒါပေမဲ့ ၂၀၂၄ လောက်ကစလို့ ထိုင်းနိုင်ငံရဲ့ tourism လုပ်ငန်းဟာ ဒေသတွင်းပြိုင်ဘက်တွေဖြစ်တဲ့ ဗီယက်နမ်နဲ့ မလေးရှားတို့ရဲ့ ဈေးကွက်လုယူမှုကို သိသိသာသာစခံလာရတယ်။ ခရီးတို အလည်လာတဲ့ ပမာဏ သိသိသာသာ ကျဆင်းသွားခဲ့တယ်။ ဥပမာ၊ တရုတ်ပြည်ကနေ ထိုင်းကို လာလည်တဲ့ ပမာဏ (၃၃%)၊ ဟောင်ကောင်ကနေ ထိုင်းကို လာလည်တဲ့ ပမာဏ (၂၉%)၊ ဗီယက်နမ်ကနေ လာလည်တဲ့ ပမာဏ (၃၃%)နဲ့ ထိုင်ဝမ်က (၁၁%) ကျဆင်းပြီးနောက်[1] တိုးရစ် အများအပြားဟာ အရှေ့တောင်အာရှရဲ့ အခြားနိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်နဲ့ မလေးရှားဈေးကွက်ဆီ ရောက်သွားကြတယ်။

ဒီနေရာမှာ ထည့်ပြောဖို့လိုလာတာက ထိုင်းကို ခရီးတို လည်ပတ်သူ ပမာဏ ကျမသွားဘဲ တိုးလာတဲ့ နိုင်ငံထဲ ဗမာပြည် ပါဝင်နေတယ်။ ၁၇% တိုးလာတယ်လို့ သိရပါတယ်။

အနောက် ဥရောပ နိုင်ငံတွေကနေ ခရီးရှည် အလည်လာတဲ့ ပမာဏ တိုးလာတာ ရှိပေမဲ့ ခရီးတို အလည်လာတဲ့ ပမာဏ ကျဆင်းသွားတာကို ပြန်မကုစားနိုင်သေးဘူး။ ဥပမာ၊ တရုတ်ကနေ လာလည်တဲ့ လူဦးရေပမာဏဟာ ပြည်ပက ရောက်လာသူ စုစုပေါင်းရဲ့ ၂၈% လောက်ရှိတယ်။ ဒါ့ကြောင့် အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းဟာ နှစ်အလိုက် ပျမ်းမျှတွက်ကြည့်ရင် ၇%လောက် ကျဆင်းသွားပါတယ်။

ထိုင်းနိုင်ငံရဲ့ အဓိကစီးပွါးရေး လုပ်ငန်းကြီးတခုဖြစ်တဲ့ ခရီးသွားလာရေးလုပ်ငန်း ဝင်ငွေ တအိအိကျဆင်းလာတာမှာ အကြောင်းများစွာ ရှိပါတယ်။ ဒါပေမဲ့ ဘယ်လိုမှ ချန်ထားခဲ့လို့ မရတဲ့ အကြောင်းရင်းတွေထဲက တခုကတော့ scam center လို့ခေါ်တဲ့ ကျားဖြန့်လုပ်ငန်းတွေပါပဲ။


၂၀၂၅ ဇန်နဝါရီလမှာ တရုတ် ဆယ်လီဘရစ်တီတယောက် ထိုင်းနိုင်ငံမှာ ကျားဖြန့်တွေရဲ့ ပြန်ပေးဆွဲခံလိုက်ရတဲ့အကြောင်း တကမ္ဘာလုံး အုပ်အော်သောင်းနင်း ဖြစ်သွားရာကနေ တရုတ်ပြည်တွင်းက ခရီးသွားတွေအနေနဲ့ ထိုင်းနိုင်ငံရဲ့ လုံခြုံရေးအကြောင်းကို စပြီးတော့ မေးခွန်းထုတ်လာကြတယ်[2]။

ထိုင်းအစိုးရအနေနဲ့ ကျားဖြန့်နှိမ်နင်းရေးကို အင်တိုက်အားတိုက် လုပ်ရတဲ့နေရာမှာ တချိန်က ထိုင်းနိုင်ငံကို တိုးရစ်တွေအပါအဝင် Dig-

# ကျားဖြန့်နဲ့ ဘတ်ငွေမာလာခြင်း
# ထိုင်းဗမာ စီးပွါးရေးကို ဘယ်လိုရိုက်ခတ်မှုရှိမလဲ




Household debt to GDP




Source: BOT, Krungsri Research

Household debt to GDP: June 2023 vs end-2019 (pre-COVID level)





Source: BOT, BIS, Krungsri Research

ital nomad တွေ လာချင်စဖွယ် ဖြစ်စေခဲ့တဲ့ အခင်းအကျင်းတွေပါ ပြန်ရုပ်သိမ်းပစ်ရတဲ့အထိ ဖြစ်သွားခဲ့တယ်။ ဗီဇာကင်းလွတ်ခွင့် ပေးထားတဲ့ နိုင်ငံကြီးတွေက နိုင်ငံသားတွေကို အကြိမ်ကြိမ် visa run ခွင့်မရတော့အောင် အကြိမ်ရေ ကန့်သတ်ပစ်ရတာတွေ၊ ငွေကြေးခဝါချမှုတွေကို ပိတ်ပင်ကန့်သတ်ဖို့အတွက် ဘဏ်အကောင့်တွေအပေါ် ကန့်သတ်ပိတ်ပင်တာတွေ၊ အသစ်ဖွင့်မယ့် ဘဏ်အကောင့်တွေအတွက် လိုအပ်ချက်တွေ အများအပြား ပြဌာန်းရတာတွေ လုပ်လာရတဲ့အခါမှာ ထိုင်းနိုင်ငံမှာ အခြေစိုက်တဲ့ Digital nomad တွေအတွက်ပါ ထိုင်းနိုင်ငံဟာ နေချင်စရာ မကောင်းလှတော့ဘူး။

အဲ့ဒါအပြင် ပြည်တွင်းမှာလည်း ထိုင်းနိုင်ငံရဲ့ အိမ်ထောင်စုကြွေးမြီတွေဟာ ကြောက်ခမန်းလိလိ ဖြစ်နေပြီးတော့ ၂၀၂၃ မှာဆိုရင် တိုင်းပြည် GDP ရဲ့ ၉၁.၃% ထိ ရှိနေပြီးတော့ တကမ္ဘာလုံး အတိုင်းအတာအဆင့်မှာပါ ထိုင်းနိုင်ငံဟာ အိမ်ထောင်စု ကြွေးမြီနဲ့ GDP အချိုး အမြင့်ဆုံး နိုင်ငံထဲ ပါနေခဲ့တယ်။ ၂၀၂၅ ဒုတိယ သုံးလပတ်မှာ အိမ်ထောင်စု ကြွေးမြီက ထိုင်း GDP ရဲ့ ၈၆.၈% ရှိခဲ့ပါတယ်။ Debt-service coverage ratio (DSCR) မှာဆိုရင် ၂၂.၃% ထိရှိနေပြီးတော့ ကမ္ဘာ့နိုင်ငံကြီးတွေရဲ့ ပျမ်းမျှနှုန်းထား ၉.၈% ကိုတောင် များစွာ ကျော်နေပါပြီ။

အောက်ပါပုံမှာ ကိုဗစ်မတိုင်မီနဲ့ ၂၀၂၃ခုနှစ် အိမ်ထောင်စု ကြွေးမြီတွေကို အခြားသော နိုင်ငံတွေနဲ့ ယှဉ်ပြထားပါတယ်။[3]

Debt-service coverage ratio (DSCR) by country (%)




*Thailand as of 2021
Source: BIS, Krungsri Research

ထိုင်းနိုင်ငံအနေနဲ့ လွန်ခဲ့တဲ့ ၅နှစ်တာ ကာလကနေ အခုချိန်အထိ ရင်ဆိုင်နေရတဲ့ စီးပွါးရေးဆိုင်ရာ အကျပ်အတည်းကို မြင်သာအောင် အကျဉ်းချုပ်ပြောခဲ့တာ ဖြစ်ပါတယ်။

၂၀၂၆ အတွက် Bank of Thailand (BoT) နဲ့ Siam Commercial Bank(SCB) တို့ရဲ့ ခန့်မှန်းချက်အရ စီးပွါးရေး တိုးတက်နှုန်းဟာ ၁.၅% လောက်ပဲ ရှိနိုင်ပါတယ်၊ ဒါဟာ ဆယ်စုနှစ် ၃ခုစာအတွင်း အနိမ့်ဆုံး အနေအထား ဖြစ်ပါတယ်။[4]

၂၀၂၃ ခုနှစ်က ကောက်ယူရရှိတဲ့ အချက်အလက်တွေအရ ထိုင်းနိုင်ငံသားတွေရဲ့ အသက်အရွယ် အိုမင်းမှုဟာ ဆိုလို့ရှိရင်လည်း နိုင်ငံသားတွေရဲ့ ၂၀% ဟာ အသက် ၆၀ကျော်အရွယ်ထဲကို ရောက်ရှိလာပြီ ဖြစ်ပါတယ်။[5] ဒီကိန်းဂဏန်း ပမာဏဟာ ဘယ်လိုမှ လျစ်လျူရှုလို့ မရတဲ့ အနေအထား ဖြစ်ပါတယ်။ လူငါးယောက်တိုင်းမှာ တစ်ယောက်က ပင်စင်စားအရွယ်ကို ချဉ်းနင်းဝင်ရောက်နေတာဖြစ်ပြီးတော့ ထိုင်းလုပ်သားအင်အားထုထဲက အားကောင်းမောင်းသန်အရွယ်တွေ အလွန်အမင်းလျော့ကျလာတာဖြစ်ပါတယ်။

## ထိုင်းဘတ်မာရခြင်းရဲ့ နောက်ကွယ်

စီးပွါးရေးဝင်ငွေ၊ ကြွေးမြီ၊ လုပ်သားအင်အားထု၊ လူ့စွမ်းအားအရင်းအမြစ်၊ အားလုံးက အခြေအနေ မကောင်းပေမယ့် ထိုင်းဘတ် တန်ဖိုးကတော့ မြင့်တက်လျက်ရှိတယ်။ ကျဆင်းနေတဲ့ စီးပွါးရေးနဲ့ တန်ဖိုးမြင့်တက်နေတဲ့ ငွေကြေးဆိုတဲ့ အတွဲအစပ်က သိပ်ကောင်းလှတဲ့ အရာတော့ မဟုတ်တာ အမှန်ပါပဲ။

ဒါပေမဲ့ ဘာဖြစ်လို့ အခုလိုမျိုး ဖြစ်နေရသလဲ။ ပုံမှန်အားဖြင့်ဆိုရင်တော့ တိုင်းပြည်တခုရဲ့ စီးပွါးရေး တိုးတက်အားကောင်းနေတဲ့ အချိန်မှာ ပြည်တွင်းသာမက ပြည်ပရင်းနှီးမြှုပ်နှံသူတွေကပါ ပြည်တွင်းငွေကြေးနဲ့ ရင်းနှီးမြှုပ်နှံလို့ ဝယ်လိုအားတက်ပြီး ငွေကြေးဈေးမြင့်တာ မှန်ပေမယ့် အခုဖြစ်နေတာက မျက်စိလည်စရာပဲ။

ရွှေဈေးဟာ ၂၀၂၅ခုနှစ်မှာ စံချိန်တင် မြင့်တက်ခဲ့တယ်၊ အရင်နှစ်ကထက် ၆၇ % မြင့်တက်သွားခြင်း ဖြစ်ပါတယ်။ ထိုင်းနိုင်ငံဟာ ရွှေကို အကြီးအကျယ် ရောင်းဝယ်ဖေါက်ကားတဲ့ နေရာတခုလို ဖြစ်လာပြီးတော့ ရောင်းဝယ်တဲ့အခါမှာ ထိုင်းဘတ်ကို အသုံးချတာကြောင့် ဘတ်တန်ဖိုး မာနေခြင်း ဖြစ်နိုင်တယ်လို့ တချို့က ဆိုပါတယ်။[6]

နောက်ထပ် အရေးကြီးတဲ့ အကြောင်းရင်းတခုကတော့ ထိုင်း-ဗမာ-လာအို-ကမ္ဘောဒီးယား နယ်စပ်တဝိုက်က ကျားဖြန့်စင်တာတွေပါပဲ။

---

1- Tourism in Thailand faces challenges but shows growth as long-haul arrivals soar

2- Thailand Faces Significant Setback As Foreign Visitor Numbers Decline By Seven Percent In 2025, While Cambodia, Vietnam, Malaysia, And The Philippines Report Tourism Growth - Travel And Tour World

3- Thai Household Debt and risks to the economy

4-Bangkok Post - Long-term structural issues hobble Thailand's growth

5- Aged Society: Embracing Challenges and Unlocking Opportunities

6- Scam centers behind Thailand's strangely strong baht? - Asia Times

သူတို့ဆီကနေ ဘီချံနဲ့ချီတဲ့ ငွေမည်းတွေ ထိုင်းနိုင်ငံအတွင်း စီးဝင်လာပြီး ငွေကြေးခဝါချတာတွေ လုပ်နေကြတယ်။ ဒီအချက်ဟာ လတ်တလော ထိုင်းဘတ်မာရခြင်းရဲ့ နောက်ကွယ်က အကြောင်းရင်း တခု ဖြစ်ပါတယ်။

ဗမာပြည်မှာ ကျပ်ငွေတန်ဖိုး ထိုးကျနေတာကို လူထုတရပ်လုံး ခါးစီးခံနေရတယ်။ ကိုယ့်လက်ထဲက ကျပ်ငွေဟာ တနေ့တခြား စက္ကူစုတ်နဲ့ မခြား ဖြစ်လာတယ်။ ကျပ်ငွေတန်ဖိုး ကျဆင်းလာခြင်းကြောင့် ကိုယ်ရတဲ့ လုပ်ခလစာရဲ့ အမှန်တကယ် ဝယ်ယူစားသုံးနိုင်စွမ်းကို ဖျက်စီးပစ်နေတာပဲ။ အရင်က သောင်းတန်တရွက်ကိုင်ပြီး မိသားစုတခုလုံး အသားငါး ဝယ်ချက်ကျွေးနိုင်ခဲ့တဲ့ အိမ်ရှင်မဟာ အခုဆိုရင် အသားတန်း ငါးတန်းရှေ့က ဖြတ်မလျှောက်ရဲတော့ဘူး။ အဲဒါ ကျပ်ငွေ depreciation ဖြစ်သွားလို့ အလုပ်သမားထု ရရှိနေတဲ့ လုပ်ခလစာတွေရဲ့ purchasing power ထိုးကျသွားခြင်းပဲ။

အခု ပြောနေတဲ့ ထိုင်းဘတ်က ဒါနဲ့ ပြောင်းပြန်ဖြစ်ပါတယ်။ ဘတ်ငွေ မာလာခြင်း "appreciation" ဖြစ်ပါတယ်။ ဘတ်က ကျပ်နဲ့ ယှဉ်လို့ မာတယ် ထင်ရတာ မဟုတ်ပါဘူး။ အမေရိကန် ဒေါ်လာနဲ့ယှဉ်ရင်ကို ၁၀% နီးပါး တန်ဖိုးတက်လာတဲ့ အနေအထား ဖြစ်ပါတယ်။

ဒီတော့ ရုတ်တရက်ကြည့်ရင် အလွန်ကောင်းတာပဲလို့ ထင်စရာ ရှိတယ်။ အထူးသဖြင့် ဗမာပြည်က လူတယောက်အနေနဲ့ အဲလို ထင်မိမှာပဲ။ ကိုယ့်လက်ထဲက ဘတ်တရာတန်ဟာ အရင်ကထက် ပိုအသုံးခံလာတာ မကောင်းဘူးလား။ ဟုတ်ကဲ့၊ တကယ့် လက်တွေ့မှာတော့ အဲသလို မဟုတ်ဘူးလို့ပဲ ပြောရပါလိမ့်မယ်။ ဘာ့ကြောင့်ပါလဲ။

အကြောင်းကတော့ ဘတ်ငွေမာခြင်း၊ ပျော့ခြင်းဟာ သူ့ချည်းသီးသန့် ဖြစ်နေတဲ့ ကိစ္စ မဟုတ်လို့ဘဲ။ ဒါကိုလဲ ဒိုင်ယာလက်တစ် အတွေးအခေါ်နဲ့ကြည့်မှ ပိုရှင်းပါတယ်။ ဘယ် အစိတ်အပိုင်းကမှ သူ့ချည်း သီးခြား ရပ်တည်နေတာမျိုး မဖြစ်နိုင်ဘူး၊ သူပါဝင်ရာ the whole ရဲ့ အစိတ်အပိုင်းအဖြစ်သာ တည်ရှိနေခြင်း ဖြစ်တယ်။ ဒီတော့ ထိုင်းဘတ်မာခြင်း ကိစ္စကိုလဲ အရင်းရှင်စနစ် ဆိုတဲ့ the whole နဲ့ ကင်းလွတ်ပြီး နားမလည်နိုင်ဘူး။

အထက်မှာ ပြောခဲ့သလိုပဲ ထိုင်း အရင်းရှင်စနစ်ဟာ ထိုင်းမှိုင်းနေတာ ကြာပြီ။ ဂျီဒီပီ တိုးတက်မှုက လောက်လောက်လားလား မရှိဘူး။ ၂၀၁၂ ကနေ ၂၀၂၅ အထိ ပျမ်းမျှ ၂% တောင် မရှိတော့ဘူး။ ဒါကလဲ အကြောင်းမဲ့ မဟုတ်ဘူး။ ကမ္ဘာ့ အရင်းရှင် လူတန်းစားနည်းတူ ထိုင်း အရင်းရှင် လူတန်းစားဟာလဲ ကုန်ထုတ်လုပ်ရေးဘက်မှာ ဟုတ်တိပတ်တိ ရင်းနှီးမြှုပ်နှံမှု မလုပ်ချင်ဘူး။ ဘန်ကောက်ပို့(စ်)လို ဘူဇွာ မီဒီယာတွေကတောင် ထုတ်ညည်းနေတာ ခဏခဏပဲ။ ၁၉၉၇ အရှေ့ပိုင်းတုန်းက ကုန်ထုတ်လုပ်ရေးမှာ ရင်းနှီးမြှုပ်နှံမှု ပမာဏ ဂျီဒီပီရဲ့ ၄၀% အထိ ရှိခဲ့တယ်၊ အဲဒီနောက် ကျဆင်းလာလိုက်တာ ၂၀-၂၃% လောက်ပဲ ရှိတော့တယ်လို့ ဘန်ကောက်ပို့(စ်)က ဆိုပါတယ်။

ဒီကြားထဲ ထိုင်းမှာ အိမ်ထောင်စု ကြွေးမြီတွေ နင့်သထက် နင့်လာတယ်။ ဒီတော့ ဘဏ်တွေက အရင်လို ခရက်ဒစ် လွယ်လွယ်နဲ့ ထုတ်မချေးတော့ဘူး။ အကုန် တင်းကြပ်လာတယ်။ အကျိုးဆက်အနေနဲ့ ပြည်တွင်း ဝယ်လိုအား ကျဆင်းလာတယ်။

ပြည်ပက ဝင်လာမဲ့ ဧည့်သည်တွေဆီက ဝယ်လိုအားကို မျှော်နေရချိန် ခရီးသွား လုပ်ငန်းဘက်ကလဲ အကျပြလာတယ်။ ထိုင်းဘတ်က မာနေတော့ ပြည်ပ ခရီးသွားတွေအနေနဲ့ ထိုင်းကို အလည်လာရတာ အရင်ကထက် အကုန်အကျ ပိုများတယ်လို့ မြင်လာမှာပဲ။ ဒီတော့ ပြည်ပ ပို့ကုန်ကို ပိုအားထားရတဲ့ အခြေအနေ ရောက်လာတယ်။

ဒီနေရာမှာလဲ productive investment နည်းနည်းနဲ့ ထုတ်ထားတဲ့ ရောင်းကုန်တွေကို ကမ္ဘာ့ ဈေးကွက်မှာ ယှဉ်တိုးရတာ ဖြစ်ပါတယ်။ ဒီကြားထဲ ဘူးလေးရာ ဖရုံဆင့် ဆိုသလို ထိုင်းဘတ်က မာနေတော့ နိုင်ငံတကာ ဈေးကွက်မှာ သူများနဲ့ ယှဉ်တဲ့အခါ ထိုင်းပစ္စည်းတွေက ဈေးပိုကြီးသလို ဖြစ်နေမယ်။ အဲဒါကို "less competitive" ဖြစ်နေတယ်လို့ ပြောကြတာပဲ။



ဒီတော့ ပြည်ပ ပို့ကုန်အပေါ် မှီခိုအားထားရတဲ့ ထိုင်း စိုက်ပျိုး မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူတွေ အထိနာကုန်ပါပြီလို့ အော်လာကြတယ်။ ဆိုလိုတဲ့ သဘောက အကြီးစား အရင်းရှင် လူတန်းစားကိုပဲ ထိတာ မဟုတ်ဘဲ သာမန် အသေးစား ထုတ်လုပ်သူလေးတွေကိုပါ ပိုအထိနာသွားစေခဲ့တယ်။

ကိုယ်ပိုင် လုပ်ငန်း မရှိတဲ့ အခစား အလုပ်သမားတွေကျ ထိုင်းဘတ်မာတာ ပိုမကိုက်ဘူးလား။ ဒါလဲ မျက်နှာစာ တခုတည်းက ကြည့်ရင် မှန်ပါတယ်။ ဒါပေမယ့် ထိုင်းစီးပွားရေး ချိနဲ့လာချိန်၊ low investment ဖြစ်နေချိန် ဝယ်လိုအား ကျလာ၊ နိုင်ငံတကာ ဈေးကွက်မှာ ထိုင်း ပို့ကုန်တွေက ယှဉ်ပြိုင်နိုင်စွမ်း နည်းလာတဲ့ အခြေအနေမှာ အလုပ်သမား လူတန်းစားအဖို့ အလုပ်ရဖို့ ပိုခက်ခဲ မသွားဘူးလား။ ခက်ခဲသွားရုံမက ရှိပြီးသား အလုပ်တောင် ပြုတ်သွားနိုင်သေးတယ်။ အရင်းရှင် လူတန်းစားဆိုတာ သူ့အတွက် အမြတ်နည်းရင်၊ တွက်ခြေမကိုက်ရင် ထုတ်လုပ်ရေးဘက်ကို



cost လျှော့ချမှာပဲ။ အလုပ်သမား အင်အား လျှော့မယ်၊ လခလျှော့မယ်၊ နောက်ဆုံး ထုတ်လုပ်ရေးဘက် invest မလုပ်တော့ဘူး၊ စက်ရုံတွေ ပိတ်ချလိုက်မယ်၊ စသဖြင့်။ ဒီနည်းနဲ့ အရင်းရှင်စနစ် အကျပ်အတည်းကို အလုပ်သမား လူတန်းစား ပုခုံးပေါ် ပစ်တင်လေ့ရှိတယ်။

## နှစ်နိုင်ငံကြား စီးပွားရေး သက်ရောက်မှုများ

ထိုင်းစီးပွားရေး ထိုင်းရုံမကလို့ ပြိုလဲသွားပါစေ၊ ဗမာပြည်က ငါတို့နဲ့ ဘာဆိုင်သလဲလို့ မေးစရာ ရှိပါတယ်။ ညောင်ဦးကမ်းပါး ပြိုတာနဲ့ စမ္ဗာနဂိုက နွားမ ပေါင်ကြိုးတာ ဘာဆိုင်လဲလို့ ထင်စရာ ရှိပါတယ်။ ဆိုင်သမှ သိပ်ကို ဆိုင်ပါတယ်။ အဲသလို ထင်တတ်သူတွေ ဝေးဝေးကြည့်စရာ မလိုပါဘူး၊ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လိုက်ပါ၊ မနက်နိုးတော့ သွားတိုက်တဲ့အခါ ဘယ်နိုင်ငံကထုတ်တဲ့ သွားတိုက်ဆေးနဲ့ တိုက်ခဲ့လဲ၊ ဘယ်ကထုတ်တဲ့ ဒယ်အိုးနဲ့ ထမင်းကြော်ခဲ့လဲ၊ ဟင်းချက်ခဲ့လဲ၊ ဘယ်က ထုတ်တဲ့ ပေါင်းအိုးနဲ့ ထမင်းတည်ပြီး စားခဲ့သလဲ၊ တခုချင်း လိုက်ကြည့်လိုက်ပါ။ မိတ်ဆွေ နေ့တစ်ဓူဝ စားသုံးနေတာ အားလုံး ထိုင်း စီးပွားရေးနဲ့ ကင်းလွတ်တာ ဘယ်နှခု ရှိမလဲ ချတွက်လိုက်ပါ။

ဒီလို လက်တွေ့ကျကျ စဉ်းစားလိုက်မယ်ဆိုရင် ဗမာပြည်ဟာ ကုန်ပစ္စည်း အမျိုးအစား အမြောက်အမြားကို ထိုင်းကနေ တင်သွင်းနေရတယ် ဆိုတာ သိလာလိမ့်မယ်။ အဲဒီလို သိလာရင် ထိုင်းဘတ်မာနေခြင်းဟာ ဗမာပြည် ဈေးကွက်ထဲက ကုန်ပစ္စည်းတွေ ဈေးကြီးနေခြင်းနဲ့ တိုက်ရိုက် ပတ်သက်နေတာ အထင်းသား မြင်လာလိမ့်မယ်။ နိုင်ငံတကာ ဈေးကွက်မှာ ထိုင်းပစ္စည်းတွေက less competitive ဖြစ်တယ် ဆိုပေမဲ့ ဗမာပြည်အနေနဲ့တော့ ထိုင်းပို့ကုန်အပေါ် သိသိသာသာ မှီခိုနေရတာ အားလုံး အသိပဲ။ အထူးသဖြင့် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဒီမှီခိုမှုဟာ ပိုများလာတယ်။ ပြည်တွင်းစစ်ကာလ တရုတ်-ဗမာ ကုန်သွယ်ရေး လမ်းကြောင်းတွေ ပိတ်သွားလေ ဗမာက ထိုင်းကို ပိုမှီခိုလာရလေ ဖြစ်ခဲ့တယ်။

ဗမာက ထိုင်းကို ပို့ကုန် တင်ပို့ရင်လဲ ထိုင်းဘတ်က မာနေတော့ ဗမာဘက်ကပဲ အရှုံးပြိုပါတယ်။ ဒါ့အပြင် ဗမာက ထိုင်းဘက်က manufactured goods ကို တင်သွင်းရတာ ဖြစ်ပြီး ထိုင်းက ဗမာဘက်က ကုန်ကြမ်းကို တင်သွင်းရတာ ဖြစ်ပါတယ်။ ဒီတော့ ကျပ်က တန်ဖိုးကျပြီး ဘတ်က မာနေတဲ့ အခြေအနေမှာ နှစ်ပြန် ရှုံးပါတယ်။ ဒါက ကုန်သွယ်ဆက်ဆံရေးကနေ အတိုင်းသား မြင်တွေ့ရတဲ့ တိုက်ရိုက် သက်ရောက်မှုတွေပဲ ဖြစ်ပါတယ်။

အရေးကြီးတဲ့ နောက်ကဏ္ဍတခုကတော့ FDI ပါ။ ဗမာပြည်မှာ ထိုင်းရဲ့ FDI က စစ်အာဏာသိမ်းပြီးနောက်ပိုင်း ပိုများလာတယ်။ ဒီနေရာမှာလဲ ထိုင်းဘတ်မာနေခြင်းဟာ ဗမာပြည်အတွက် အနှုတ်ပြပြန်တယ်။ အခြားတဖက်မှာတော့ ဗမာပြည်က ကျားဖြန့်ခေါ် call center scammer ဂိုဏ်းတွေက ထိုင်း စီးပွားရေးအပေါ် negative impact ကြီးကြီးမားမား သက်ရောက်ပါတယ်။

ကျားဖြန့် ဂိုဏ်းတွေရဲ့ နောက်ကွယ်မှာ နိုင်ငံရေး အာဏာ ကြီးကြီးမားမား ကိုင်ထားသူတွေ ပါဝင် ပတ်သက်နေတယ် ဆိုတဲ့ စွပ်စွဲချက်တွေ ထွက်ပေါ်လာပြီး နောက်ပိုင်း ထိုင်း ဒုဘဏ္ဍာရေးဝန်ကြီး နှုတ်ထွက်ခဲ့ရတဲ့အထိ ရိုက်ခတ်မှု ကြီးမားခဲ့တယ်။

## ကျားဖြန့် နိုင်ငံတော်

ကျားဖြန့်ဂိုဏ်း အများအပြားဟာ ကမ္ဘောဒီးယား နိုင်ငံ၊ ထိုင်း-မြန်မာနယ်စပ်တွေမှာ တည်ရှိပြီးတော့ နှစ်စဉ် ထိုင်းနိုင်ငံအပါအဝင် ကမ္ဘာအနှံ့က လူတွေဆီကနေ လိမ်လည်ရရှိငွေဟာ ဒေါ်လာဘီလျံ ရာချီပါတယ်။ အဲဒီဒုစရိုက် လိမ်လည်မှုတွေကနေ ရလာတဲ့ ငွေတွေကို ငွေဖြူဖြစ်အောင် ငွေကြေးခဝါချဖို့ လိုလာတဲ့အခါ ထိုင်းနိုင်ငံထဲက စွမ်းအင် ကုမ္ပဏီကြီးတွေနဲ့ ငွေကြေး ကုမ္ပဏီကြီးတွေမှာ ရှယ်ယာ အမြောက်အမြား ဝယ်ယူပြီးတော့ ငွေမဲတွေကို ငွေဖြူဖြစ်အောင် လုပ်ပါတယ်။ ဒီလိုနည်းနဲ့ ထိုင်း စီးပွားရေး စနစ်အတွင်း fictitious capital (ထွင်ထားတဲ့ အရင်း) တွေ အလုံးအရင်းနဲ့ ဝင်လာခဲ့တယ်။

ဒါဟာ ထိုင်းနိုင်ငံရဲ့ real economy အပေါ် ဆိုးကျိုးတွေပဲ တသီကြီး သက်ရောက်စေမှာ ဖြစ်လို့ အုပ်စိုးသူတွေ မျက်ခုံးလှုပ်နေကြခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် လောလောဆယ် ဘတ်ငွေမာနေပေမဲ့ သူတို့ မပျော်ရဲဘူး။

ကျားဖြန့်လို့ တရုတ်လိုခေါ်တဲ့ ငွေလိမ်ဂိုဏ်းတွေဟာ အစောကတည်းက ရှိခဲ့ပေမယ့် ကိုဗစ်-၁၉ ကပ်ဘေး ကာလအတွင်း ဒစ်ဂျစ်တယ် လုပ်ငန်းတွေ ပိုမိုခေတ်စားလာတဲ့ ၂၀၂၀နောက်ပိုင်းမှာ ပိုပြီးတော့ အရှိန်အဟုန် အားကောင်းလာပါတော့တယ်။

ဗမာနိုင်ငံမှာတော့ ပြည်တွင်းစစ်၊ လက်နက်ကိုင်ဂိုဏ်းဂဏနဲ့ အကျိုးစီးပွါး ပဋိပက္ခတွေ၊ အကျင့်ပျက်ခြစားမှုတွေ အားကောင်းတဲ့အခါ အဲ့ဒီဂိုဏ်းတွေအတွက် ရေခံမြေခံကောင်းတခုလို ဖြစ်နေတဲ့အတွက် ၂၀၂၁ နောက်ပိုင်း ထိုင်း-မြန်မာနယ်စပ် မြန်မာနိုင်ငံဘက်အခြမ်းမှာ အပြိုင်းအရိုင်းကို ပေါ်ပေါက်လာပါတယ်။

ကျားဖြန့်လုပ်ဖို့ ဆိုတာကလည်း အမှန်တကယ်တော့ အခြေခံ အဆောက်အအုံ အများကြီးလိုလှတာတော့ မဟုတ်ပါဘူး။ ရုံးခန်းပုံစံလုပ်ဖို့ နေရာလွတ်ကျယ်ကျယ်၊ လျှပ်စစ်မီး၊ ကွန်ပြူတာနဲ့ အင်တာနက်ရှိရင်ကို လုပ်လို့ရတဲ့ ရာဇဝတ်မှုမျိုး ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျားဖြန့် စင်တာကြီးတွေကို ဖြိုခွဲလိုက်ရင်တောင် နေရာပေါင်းစုံကို ပြန့်ကြဲသွားပြီး ပေါင်းပင်တွေလို အချိန်တိုတွင်း အပြိုင်းအရိုင်း ပေါ်လာနိုင်တယ်။

ထိုင်း-မြန်မာနယ်စပ်က လက်နက်ကိုင် နယ်မြေတွေဟာ ကျားဖြန့် သုခဘုံလို ဖြစ်လာခဲ့တယ်။ စစ်အစိုးရအဆက်ဆက်က လက်ကိုင်တုတ်အဖြစ် သူတို့ မွေးထားတဲ့ လူမျိုးစု လက်နက်ကိုင်တပ်တွေကို အကျိုးစီးပွါးနဲ့ ချည်နှောင်ထားဖို့ အသုံးပြုတဲ့ ပထမတနည်းကတော့ သက်ဆိုင်ရာ ဒေသအတွင်း သယံဇာတလုပ်ကွက်တွေ ပေးပြီး စီးပွါးဖြစ်စေတဲ့ “အပစ်ရပ် အရင်းရှင်စနစ်” ဖြစ်ပါတယ်။ နောက်တနည်းကတော့ အဆိုပါ လူမျိုးစု လက်နက်ကိုင်တွေ လုပ်တဲ့ တရားမဝင် စီးပွါးရေး လုပ်ငန်းတွေကို မျက်စိမှိတ်ပေးထားတာပဲ ဖြစ်ပါတယ်။

ထိုင်းအစိုးရဘက်က ၂၀၂၅မှာ ကျားဖြန့် နှိမ်နင်းရေး လုပ်ရာမှာ DKBA ဘက်က ဖမ်းဆီးရမိသူ အများအပြားကို လွှဲပြောင်းပေးအပ်တာတွေ လုပ်ခဲ့ပေမယ့် ထိုင်း-မြန်မာနယ်စပ်က ကျားဖြန့်နဲ့ ပတ်သက်နေတဲ့ လူမျိုးစု လက်နက်ကိုင်တပ်က DKBA တစ်ခုတည်း မဟုတ်တဲ့အတွက် အခြားသော လက်နက်ကိုင်တပ်တွေ မှောင်ခိုကူးပြီး ခေါ်ယူလာတဲ့ လူတွေဟာ နယ်စပ်မှာ လပေါင်းများစွာ လျှစ်လျူရှုထားခံခဲ့ရတယ်။

လက်ရှိမှာ ဗမာစစ်တပ်အနေနဲ့ ၁၉၆၀နောက်ပိုင်း အကြီးမားဆုံးသော မြို့နဲ့ နယ်မြေ ဆုံးရှုံးမှုတွေ ကြုံနေရတယ်။ လက်ရှိပိုင်ဆိုင်ထားတဲ့ နယ်မြေတွေကို ထပ်မံ ဆုံးရှုံးမသွားဖို့အတွက် သူ့ရဲ့ မဟာမိတ်တွေကို အရင်တုန်းက လိုအပ်ခဲ့တာထက် ပိုလိုအပ်နေပါတယ်။

ဒီလို အခြေအနေမှာ အာဏာသိမ်း စစ်တပ်အနေနဲ့ ကျားဖြန့် စီးပွားရေး လုပ်နေသူ သူ့မဟာမိတ် လက်နက်ကိုင် အဖွဲ့တွေကို အဆုံးရှုံးခံမှာ မဟုတ်ဘူး။ တကယ်တော့ အာဏာသိမ်း စစ်ဗိုလ်ချုပ်ကြီးတွေကိုယ်တိုင် ကျားဖြန့်ဂိုဏ်းတွေရဲ့ နောက်ကွယ်မှာ ပါဝင်ပတ်သက်နေတာ သေချာပါတယ်။ ဗမာ စစ်ဗိုလ်ချုပ်ကြီးတွေ မြှောက်စားထားသူတွေကိုယ်တိုင် ကျားဖြန့်လုပ်ရင်း ဘီလျံနာကြီးတွေ ဖြစ်လာကြတယ်။ ဒါ့ကြောင့် ဗမာပြည် စစ်အာဏာရှင်စနစ်ကို ကျားဖြန့် နိုင်ငံတော်လို့တောင် ခေါ်ဝေါ်ရမလို ဖြစ်လာတယ်။

## ကျားဖြန့်က ဖန်တီးပေးတဲ့ fictitious capital

ကျားဖြန့်နည်းနဲ့ ရလာတဲ့ ငွေမည်းတွေဟာ ဗမာပြည် အရင်းရှင်စနစ်အတွင်း fictitious capital (ထွင်ထားတဲ့ အရင်း) တွေအဖြစ် အလုံးအရင်းနဲ့ ဝင်ရောက်နေတာ သေချာပါတယ်။ ၂၀၂၃ တနှစ်တည်းတင် ဗမာပြည် အခြေစိုက် ကျားဖြန့်က ရတဲ့ ဝင်ငွေဟာ ဒေါ်လာ ၁၅.၃ ဘီလျံရှိပါတယ်၊ ဒီပမာဏဟာ အဲဒီနှစ် ဗမာပြည် ဂျီဒီပီရဲ့ ၂၃% ရှိပါတယ်။ ဒါဟာ နည်းနည်းနောနော ပမာဏ မဟုတ်ပါဘူး။ သေချာတာကတော့ ၂၀၂၃ နောက်ပိုင်း ဒီထက် ပိုများလာဖို့သာ ရှိပါတယ်။

ဒီငွေမည်းတွေကို ခဝါချပြီး fictitious capital (ထွင်ထားတဲ့ အရင်း) တွေအဖြစ် ဈေးကွက်အတွင်း လောင်းထည့်လိုက်ကြတယ်လို့ ကျနော် ပြောခဲ့ပါတယ်။ ဒီငွေတွေကို ကုန်ထုတ်စီးပွားရေးမှာ ပြန်လည်မြှုပ်နှံနေကြတယ်လို့ ဆိုလိုတာ မဟုတ်ဘူး။ ဒီလို ခဝါချထားတဲ့ ငွေမည်းတွေနဲ့ ငွေကြေး ဈေးကွက်မှာ ဝင်ကစားကြတယ်၊ အိမ်ခြံမြေတွေ တိုက်ခန်းတွေ လှိမ့်ဝယ်ကြမယ်၊ အမာခံ ငွေကြေးတွေ (ဒေါ်လာတွေ၊ ဘတ်တွေ) ဝယ်ကြမယ်၊ အဲသလိုနဲ့ နဂိုကတည်းက ယိုင်နေတဲ့ ဗမာပြည် အရင်းရှင်စနစ်ဟာ ပိုနဲ့လာမယ်။

ငါတို့က ကွန်ဒိုလဲ မဝယ်နိုင်ဘူး၊ ရွှေလဲ မကိုင်နိုင်ဘူး၊ မြေကွက်လဲ မကစားနိုင်ဘူး၊ ဒီကိစ္စတွေ ငါတို့နဲ့ မဆိုင်ဘူးလို့ မထင်လိုက်ပါနဲ့။ သာမန် အလုပ်သမား ပြည်သူတွေ တဘဝလုံး ကုန်းရုန်းလုပ်ပြီး ခြစ်ကုတ်စုတာတောင် တိုက်ခန်း တခန်း၊ အိမ်လေးတလုံး၊ ခြံလေးတကွက် မပိုင်နိုင်ဘူးဆိုတာ အဲသလို speculation လုပ်နေသူတွေကြောင့်ပဲ။ ကိုယ်ပိုင် အိမ်တလုံး မဝယ်နိုင်တာ အသာထားပါ၊ အခု လောလောဆယ် ခင်ဗျား ငှားနေတဲ့ အိမ်ခန်းခ ဈေးတက်နေတာတောင် သူတို့ လက်ချက်နဲ့ မကင်းဘူး ဆိုတာ ပြောချင်တယ်။

ထိုင်းနဲ့ ဗမာ အရင်းရှင် စီးပွားရေးဟာ ကမ္ဘာ့ အရင်းရှင်စနစ် ချိန်းကြိုးကြီးရဲ့ ကွင်းဆက်တွေပဲ၊ ဒါ့ကြောင့် တိုက်ရိုက် သက်ရောက်မှုတွေ၊ တဆင့်ခံ သက်ရောက်မှုတွေ၊ အပြန်အလှန် သက်ရောက်မှုတွေဟာ အခု ရေးပြခဲ့တာထက် အများကြီးပိုပါတယ်။ ချန်ထားခဲ့လို့ မရတဲ့ တိုက်ရိုက်သက်ရောက်မှု တခုကိုလဲ ထည့်ပြောပါရစေ။

## ကျားဖြန့်ရဲ့ ရေသောက်မြစ်

တပ်သားသစ် လိုအပ်နေတဲ့ အာဏာသိမ်း စစ်တပ်ရဲ့ အတင်းအဓမ္မ ပြန်ပေးဆွဲဖမ်းဆီးမှုတွေကြောင့် အရွယ်ကောင်း လူငယ် အများအပြားဟာ ထိုင်းနိုင်ငံတွင်း ရွှေ့ပြောင်းအခြေချလာရတယ်။ သူတို့ဟာ ထိုင်းနိုင်ငံအတွင်း ပညာရေး ဗီဇာနဲ့ ဖြစ်စေ၊ အလုပ်သမားကတ်နဲ့ ဖြစ်စေ နေထိုင်နေရတယ်။

IOM က ၂၀၂၅ မှာ ထုတ်ပြန်တဲ့ အချက်အလက်တွေအရ ထိုင်းနိုင်ငံအတွင်း နေထိုင်တဲ့ ဗမာနိုင်ငံသား ဦးရေဟာ ၄.၁ သန်းခန့် ရှိပြီးတော့ အဲ့ထဲမှာ တရားဝင် ရွှေ့ပြောင်း လုပ်သား အရေအတွက်က ၂.၃သန်းပဲ ရှိပါတယ်။[7]

အဲ့ဒါကြောင့် ထိုင်းနိုင်ငံရဲ့ အကျပ်အတည်းဟာ ထိုင်း အလုပ်သမား လူတန်းစားကို တိုက်ရိုက် ထိခိုက်စေသလို စားဝတ်နေရေး၊ လုံခြုံရေးကြောင့် ရွှေ့ပြောင်းခိုလှုံနေရတဲ့ ဗမာ နိုင်ငံသား ၄သန်းကျော်ကိုလဲ တိုက်ရိုက် သက်ရောက်မှု ရှိနေမှာ ဖြစ်ပါတယ်။

အရင်းရှင်စနစ်ဟာ ကမ္ဘာ့ စနစ်ကြီး ဖြစ်သွားတာ ရာစုနှစ်ကျော်ခဲ့လေပြီ။ အဲသလိုပဲ၊ အရင်းရှင်စနစ် အကျပ်အတည်းဟာလဲ နိုင်ငံ နယ်နိမိတ် တခုတည်းမှာတင် ရပ်နေမှာ မဟုတ်ဘူး။ terminal decline ကို ရောက်နေပြီဖြစ်တဲ့ အရင်းရှင်စနစ်ဟာ ကမ္ဘာ့ အလုပ်သမား လူတန်းစားအတွက် အလုပ်အကိုင်တောင် လုံလုံလောက်လောက် ဖန်တီးမပေးနိုင်တော့ဘူး။

ဒီလိုနဲ့ ထွက်ပေါက်မဲ့လာတဲ့ လူငယ်တချို့ဟာ ကျားဖြန့် ရာဇဝတ်ဂိုဏ်းတွေရဲ့ သားကောင်ဘဝ ကျရောက်သွားခဲ့တယ်။ ကျားဖြန့်ဟာ ဒီကနေ့ အရင်းရှင်စနစ်ရဲ့ သရုပ်သကန်ကို အပြည့်ဝဆုံး ဖော်ထုတ်ပေးနေတာပဲလို့ ဆိုနိုင်တယ်။ ဒီကနေ့ အရင်းရှင်စနစ်ဟာ ကြွယ်ဝချမ်းသာမှုတွေအစား ကျားဖြန့်တွေကိုသာ အပြိုင်းအရိုင်း ပေါ်ထွန်းစေတယ်။

ဒါ့ကြောင့် ကျားဖြန့်တွေကို အမြစ်ကနေ နှုတ်ပစ်ဖို့ဆိုရင် ကမ္ဘာ့ အလုပ်သမားထု သွေးစည်းမှုနဲ့ အရင်းရှင်စနစ်ကို ဖြိုချပစ်နိုင်ဖို့ လိုအပ်တယ်။ အရင်းရှင် အစိုးရတွေ၊ အာဏာပိုင်တွေကတော့ ဘယ်တော့မှ ဖြေရှင်းပေးနိုင်မှာ မဟုတ်ဘူး။

**Written by Abdul Yasha and Ko Tin Oo**

7- [rapid-assessment_lmi_29-july-2025.pdf](rapid-assessment_lmi_29-july-2025.pdf)



ဟေဂယ်ဆိုတာ အတွေးအခေါ် အယူအဆရေးရာမှာ ဆရာတဆူ။ သူဟာ အရေးပါတဲ့ ကိစ္စတော်တော်များများကို အမြင်ပွင့်အောင် လုပ်ပေးခဲ့တယ်။ ဒါကြောင့် အဲဒီ ကိစ္စတွေမှာ ဟေဂယ်ရဲ့ ကျေးဇူးတွေနဲ့ မကင်းကြောင်း မာ့က်စ်အနေနဲ့ ထပ်တလဲလဲ ထုတ်ဖော်လေ့ရှိတယ်။ "ဟေဂယ့်လက်ထဲက ဒိုင်ယာလက်တစ်ဟာ နားဝေတိမ်တောင် ဖြစ်စရာတွေ ရှိနေတယ်၊ ဒီလို ရှုပ်ထွေးမှုတွေ ရှိသော်ငြား ဟေဂယ်ဟာ ဒိုင်ယာလက်တစ်ရဲ့ ယေဘုယျ အလုပ်လုပ်ပုံကို သိစိတ်ရှိရှိ ပထမဆုံး အကျယ်တဝင့် တင်ပြခဲ့သူ ဖြစ်တယ်" လို့ မာ့က်စ်က ဆိုပါတယ်။

ဒါပေမဲ့လည်း ဟေဂယ်ရဲ့ အဘိဓမ္မာစနစ်ဟာ ရောမ သားလျှောမှုကြီး ဖြစ်သွားခဲ့တယ်။ အဲဒီ စနစ်မှာ ဘယ်လိုမှ ဖြေရှင်းလို့ မရနိုင်တဲ့ အတွင်းသား ပဋိပက္ခ ရှိနေတယ်။ ဟေဂယ်က သမိုင်းကို အဆုံးသတ်ဆိုတာ မရှိတဲ့၊ ထာဝရ တည်မြဲမှုဆိုတာ မရှိတဲ့ ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်ကြီးလို့ ယူဆတယ်။ ဒါပေမဲ့ ဟေဂယ်ရဲ့ စနစ်က အကြွင်းမဲ့ အမှန်တရားကို ရောက်သွားပြီလို့ ဆိုတယ်၊ ဒါဟာ ဒိုင်ယာလက်တစ် အတွေးအခေါ်ရဲ့ နိယာမတွေနဲ့ လုံးလုံးလျားလျား ဆန့်ကျင်နေတယ်။

ဟေဂယ်က ဂျာမနီမှာ ဘိုနေမြဲ၊ ကျားနေမြဲ အခြေအနေကို ဖက်တွယ် ခုခံခဲ့တယ်၊ ဒိုင်ယာလက်တစ်က အမြဲ ပြောင်းလဲနေခြင်း ဆိုတဲ့ တော်လှန်ရေး အမြင်ကို ထွေးပွေ့ထားတယ်။ ဟေဂယ်အတွက်တော့ အမှန်တကယ် တည်ရှိနေတဲ့ အရာအားလုံးဟာ ယထာဘူတကျတယ်။ သို့သော် ဟေဂယ်ရဲ့ ဒိုင်ယာလက်တစ်နည်းကို အသုံးပြုပြီး ပြောရရင် တည်ရှိနေတဲ့ အရာအားလုံးဟာ ယထာဘူတ မကျတဲ့ အဖြစ်ကို ရောက်သွားလိမ့်မယ်။ တည်ရှိနေတဲ့ အရာအားလုံး တနေ့ ပျက်သုဉ်းရမှာပဲ။ အဲဒီ သဘော သက်ရောက်စေခဲ့လို့ ဟေဂယ်ရဲ့ အဘိဓမ္မာက တော်လှန်ရေးဆန်နေတာပဲ။

ဟေဂယ် အဘိဓမ္မာစနစ်အတွင်းက ပဋိပက္ခကို ဖြေရှင်းဖို့ ရုပ်ဝါဒဆီ ပြန်လှည့်သွားခဲ့ရတယ်။ သို့သော် စက်ယန္တရားဆန်တဲ့ ရုပ်ဝါဒ အဟောင်းဆီ ပြန်ရောက်သွားတာမျိုးတော့ မဟုတ်။ သိပ္ပံပညာရပ်တွေနဲ့ ရှေ့တန်းရောက် ဖွံ့ဖြိုးတိုးတက်မှု အသစ်တွေအပေါ် အခြေခံတဲ့ ရုပ်ဝါဒ လမ်းကြောင်းမှန်ပေါ် ပြန်ရောက်သွားခြင်းဖြစ်တယ်။

"စိတ်ဝါဒက စုဆောင်းရရှိထားတဲ့ တွေးခေါ်ရှုမြင်နည်းတွေနဲ့ ကြွယ်ဝလာကာ ရုပ်ဝါဒဟာ တခါပြန်လည် ဦးမော့လာခဲ့တယ်။ ဒါတွေထဲက



အဓိက အကျဆုံး ဟာကိုပြောရရင် အကြောင်းချင်းရာတွေကို သူတို့ရဲ့ တိုးတက်ဖြစ်ပေါ်မှု၊ မူလဇာစ်မြစ်၊ ပျောက်ဆုံး ပျက်စီးရပုံကို လိုက်ပြီး ဝေဖန်စောကြော သုံးသပ်တဲ့ 'ဒိုင်ယာလက်တစ်နည်း'လို့ပဲ ဆိုရမှာပါ။ ဒီအတွေးအခေါ် လမ်းကြောင်းသစ်ကို ကိုယ်စားပြုတဲ့ ကဝိတဆူကတော့ ကားမာ့က်စ် ဖြစ်တယ်"လို့ ပလက်ခနော့က ရေးသားခဲ့တယ်။

၁၈၃၀-၃၁ ဥရောပမှာ တော်လှန်ရေး တိုးတက်ဖြစ်ပေါ်မှု ဂယက်တွေနဲ့အတူ ဟေဂယ်လီယန် ဂိုဏ်းဟာ လက်ဝဲ၊ လက်ယာနဲ့ အလယ်ဗဟို ဆိုပြီး ကွဲထွက်သွားခဲ့တယ်။

လဒ်ဗစ် ဖွိုက်ယာဘက်ဟာ ဟေဂယ်လီယန် လက်ဝဲဂိုဏ်းကို ကိုယ်စားပြုသူတွေထဲက အထင်ရှားဆုံး တယောက် ဖြစ်တယ်။ သူဟာ ရှေးဟောင်း အော်သိုဒေါ့ အယူအဆတွေကို စိန်ခေါ်ခဲ့တယ်။ အထူးသဖြင့် ဘာသာရေးနဲ့ ပတ်သက်တာတွေကို စိန်ခေါ်ခဲ့တယ်။ ရုပ်ဝါဒကို ဗဟိုချက်အဖြစ် နေရာ ပြန်ပေးခဲ့တယ်။ "သဘာဝတရားမှာ စမှတ်ဆိုတာ မရှိ၊ အဆုံးသတ် ဆိုတာလည်း မရှိ။ သဘာဝတရားထဲက အရာရာဟာ အပြန်အလှန် ပတ်သက် ယှက်နွယ်နေကြတယ်။ အရာရာဟာ အကျိုးဆက်ရလဒ်တွေ ဖြစ်နေကြသလို တချိန်တည်းမှာပဲ အကြောင်းအရင်းတွေ ဖြစ်နေကြတယ်။ အဖက်ဖက်က ဆက်နွယ်နေကြပြီး အပြန်အလှန် သက်ရောက်နေကြတယ်…"လို့ ဖွိုက်ယာဘက်က ရေးသားခဲ့တယ်။ 'ဘုရားသခင်အတွက် နေရာမရှိဘူး'လို့လဲ ဆိုထားသေးတယ်။ "ခရစ်ယာန်တွေဟာ လူသားရဲ့ ဝိညာဉ်နာမကို သူ့ရဲ့ ရုပ်ခန္ဓာကနေ ခွဲထုတ် ဖြတ်ယူတယ်။ ဒီလို လိပ်ပြာခွဲထားတဲ့ ဝိညာဉ်ကို သူတို့ရဲ့ ဘုရားသခင်အဖြစ် ဖန်တီးလိုက်ကြတယ်။"

ဖွိုက်ယာဘက်ရဲ့ အယူအဆတွေမှာ အားနည်းချက်တွေ ရှိပေမဲ့လည်း အောင်မြင်တဲ့ အလှည့်အပြောင်း တရပ်အနေနဲ့ မာ့က်စ်နဲ့ အန်းဂယ်တို့က လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြတယ်။

"ဒါပေမဲ့ ဒီလိုကြိုဆိုနေကြတုန်းဆဲဆဲမှာပဲ ၁၈၄၈ တော်လှန်ရေးကြောင့် ဖွိုက်ယာဘက်ကိုယ်တိုင် နောက်တန်း ပို့ခံလိုက်ရသလို သူ့ရဲ့ အတွေးအခေါ် စနစ်ကြီး တခုလုံးကိုပါ ဘေးကို ဖယ်ထုတ်ခြင်းခံ လိုက်ရပါတော့တယ်"လို့ အန်းဂယ်က ရေးခဲ့တယ်။ ဒိုင်ယာလက်တစ်ကို ရုပ်ဝါဒ အသစ်နဲ့ ရှေ့နောက်ညီညွတ်မှုရှိရှိ အသုံးချပြီး ဒိုင်ယာလက်တစ် ရုပ်ဝါဒအဖြစ် ထွက်ပေါ်လာအောင် လုပ်ရေးဟာ မာ့က်စ်နဲ့ အန်းဂယ်တို့ ပုခုံးပေါ် ကျရောက်သွားခဲ့တယ်။ မာ့က်စ်နဲ့ အန်းဂယ်တို့အတွက်တော့ အဲဒီ အဘိဓမ္မာသစ်ဟာ စိတ်ကူးသက်သက် အဘိဓမ္မာ တရပ်မဟုတ်ဘူး။ လက်တွေ့နဲ့ တိုက်ရိုက် ပတ်သက်နေတဲ့ အဘိဓမ္မာ ဖြစ်တယ်။

"ဒိုင်ယာလက်တစ်ကို အရိုးရှင်း အလွယ်ကူဆုံး ပြောရရင် ရွေ့လျား ပြောင်းလဲခြင်းဆိုင်ရာ ယေဘုယျ နိယာမတွေရဲ့ သိပ္ပံပညာရပ်လို့ ဆိုနိုင်ပါတယ်။ ဒီနေရာမှာ ပြင်ပ ကမ္ဘာရဲ့ ပြောင်းလဲခြင်း နိယာမတွေ၊ လူ့အတွေးအခေါ်ရဲ့ ပြောင်းလဲခြင်း နိယာမတွေ အားလုံး အကျုံးဝင်တယ်၊ ဒီနိယာမ မျိုးစု နှစ်ခုဟာ အနှစ်သာရအားဖြင့် အတူတူပဲ၊ သို့သော် လူ့စိတ်က ဒီနိယာမတွေကို သိစိတ်ရှိရှိ ဖမ်းဆုပ် အသုံးချနိုင်တဲ့ အတိုင်းအတာပေါ် မူတည်ပြီး သူတို့ ဘယ်လို ထုတ်ဖော်ပြသလဲ ဆိုတာ ကွဲသွားခြင်း ဖြစ်တယ်။ သဘာဝ လောကနဲ့ ကနေ့ထိ လူ့သမိုင်းရဲ့ ကာလ အများစုမှာ အဲဒီ နိယာမတွေက လူတွေ သိရှိနားလည်ခြင်း မရှိဘဲ သူ့သဘောသူ ဆောင်ခဲ့တယ်၊ အဆုံးမရှိတဲ့ ချောင်တခင် ဖြစ်ရပ်တွေကြားကပဲ အဲဒီ လိုအပ်ခြင်း နိယာမတွေ အလုပ်လုပ်ခဲ့တယ်။ (အန်းဂယ်)

မာ့က်စ်ရော အန်းဂယ်ရော 'ဒိုင်ယာလက်တစ်' ဆိုပြီး စာတစောင်ပေတဖွဲ့ အကျယ်တဝင့် ရေးခဲ့တာမျိုးတော့ မရှိပါဘူး။ မာ့က်စ်ဟာ 'အရင်းကျမ်း'နဲ့တင် မအားလပ်နိုင်အောင် ရှိနေခဲ့သလို အန်းဂယ်ဟာလည်း အဲဒီလို စာအုပ် ရေးဖို့ ကြံရွယ်ခဲ့ဖူးပေမဲ့ မာ့က်စ် ဆုံးပါးသွားတဲ့နောက် 'အရင်းကျမ်း' အပြီးသတ်နိုင်ရေးကိုပဲ ဦးစားပေးခဲ့ရတယ်။ ဒါပေမဲ့လဲ အန်းဂယ်က 'ဒူရင်းသို့ချေပချက်' (Anti-Duhring) ကျမ်း နဲ့ 'သဘာဝလောက၏ ဒိုင်ယာလက်တစ်' *Dialectics of Nature* ကျမ်းတွေထဲမှာ ဒိုင်ယာလက်တစ်နဲ့ ပတ်သက်လို့ အကျယ်တဝင့် ရေးသားခဲ့တယ်။

"မာ့က်စ်ဟာ 'Logic' ကျမ်းတစောင် ချန်မထားခဲ့ဘူး ဆိုရင်တောင် 'အရင်း' (Capital) ရဲ့ ယုတ္တိဗေဒကို ချန်ထားခဲ့တာ သေချာတယ်။ ဒါကို ပြည့်ပြည့်ဝဝ အသုံးချရပါမယ်။ မာ့က်စ်က 'အရင်းကျမ်း'ထဲမှာ တွေးခေါ်ဆင်ခြင်နည်း သိပ္ပံပညာရပ်တခု၊ ဒိုင်ယာလက်တစ်နဲ့ တွေးခေါ်ရှုမြင်ရေး ရုပ်ဝါဒ သီအိုရီတို့ကို အသုံးပြုသွားခဲ့တယ် (တကယ်တော့ အခုလို စကား သုံးမျိုး ခွဲပြောဖို့တောင် မလိုဘူး၊ သူတို့ဟာ တခုတည်း အတူတူတွေပဲ)၊ ဒိုင်ယာလက်တစ် ရုပ်ဝါဒဟာ ဟေဂယ်ဆီက တန်ဖိုးရှိတာ အားလုံး ထုတ်ယူပြီး ရှေ့ဆက် တိုးတက်ဖွံ့ဖြိုးစေခဲ့ခြင်း ဖြစ်တယ်" လို့ လီနင်က မှတ်ချက်ပြုခဲ့ဖူးတယ်။

ယနေ့ခေတ်မှာ အထူးသဖြင့် သဘာဝ သိပ္ပံပညာရပ် နယ်ပယ်က သိပ္ပံပညာရှင် တချို့တလေကတော့ ဒိုင်ယာလက်တစ်ဟာ သူတို့ အထူးပြု လေ့လာနေတဲ့ ပညာရပ်နယ်ပယ်က ပြဿနာရပ်တွေကို မြင်သာလာအောင် လမ်းပြပေးနိုင်တယ်ဆိုတာ သတိပြုမိလာကြပါပြီ။ သိပ္ပံပညာနဲ့ ဒိုင်ယာလက်တစ် ရုပ်ဝါဒတို့ နှီးနွယ်ပတ်သက်ပုံအကြောင်း ဆွေးနွေးချက် အပြည့်အစုံကို Alan Woods နဲ့ Ted Grant တို့ရဲ့ 'Reason in Revolt' စာအုပ်ထဲမှာ ဖတ်ရှုနိုင်တယ်။ အန်းဂယ်နဲ့ တသဘောတည်းပဲ သဘာဝတရားကြီး တခုလုံးဟာ ဒိုင်ယာလက်တစ် သဘောဆောင်တယ် ဆိုတာ သူတို့ သက်သေပြထားတယ်။ စတီဗင် ဂျေ ဂိုး (Stephen Jay Gould) နဲ့ နိုင်း အယ်ဒရက် (Niles Eldredge) တို့အပြင် Richard Levins နဲ့ Richard Lewonton တို့ဟာလည်း ဒိုင်ယာလက်တစ် ရုပ်ဝါဒီတွေလို့ သူတို့ကိုယ်သူတို့ ခံယူထားသူတွေ ဖြစ်တယ်။ သူတို့ရဲ့ 'The Dialectical Biologist' ဆိုတဲ့ စာအုပ်မှာ ဒိုင်ယာလက်တစ်ကို ဇီဝဗေဒ နယ်ပယ်မှာ အသုံးပြုထားကြောင်း အခုလို ရေးသားထားတယ်။

"ကျနော်တို့ ဖော်ပြခဲ့သလိုပဲ ဘက်ပေါင်းစုံ မျက်နှာစာပေါင်းစုံ ရှိတဲ့ ဒိုင်ယာလက်တစ် ကမ္ဘာကြီးကို အဓိက ဝိသေသပြုတဲ့ အချက်ကတော့ သူဟာ အမြဲတစေ လှုပ်ရှားပြောင်းလဲနေတာပဲ။ ကိန်းသေတွေက ကိန်းရှင်တွေအဖြစ် ပြောင်းသွားတယ်၊ အကြောင်းတရားတွေက အကျိုးဆက်တွေ ဖြစ်သွားတယ်၊ စနစ်တွေဟာ သူတို့ကို ထွက်ပေါ်လာစေတဲ့ အခြေအနေတွေကို ဖျက်စီးပစ်ရင်း ဖြစ်ပေါ်တိုးတက်သွားတယ်။ ငြိမ်နေတယ်လို့ ထင်ရတဲ့ ဒြပ်စင်တွေဟာ တကယ်တော့ အားတွေရဲ့ ဒိုင်နမစ် မျှခြေတခုမှာ ရှိနေခြင်းသာ ဖြစ်တယ်၊ အဲဒီ မျှခြေဟာ ရုတ်ချည်းဆိုသလို တဖက်စောင်းနင်း ဖြစ်သွားနိုင်တယ်။ နျူကလိယစာတ် ပြိုကွဲဖို့ အနည်းဆုံး လိုအပ်တဲ့ အရွယ်အစား (Critical size) ရှိတဲ့ မွဲခြောက်ခြောက် သတ္တု တခုကနေ နေအစင်း တထောင်ထက် စူးရှတောက်ပတဲ့ မီးလုံးကြီး ဖြစ်သွားတဲ့ အခြေအနေမျိုးမှာ ဒီသဘောကို အထင်အရှား တွေ့ရလိမ့်မယ်။ ဒါပေမဲ့ ဒီလှုပ်ရှား ပြောင်းလဲခြင်းဟာ ဗရမ်းဗတာ ဖြစ်နေတာမျိုး မဟုတ်ဘူး၊ တသမတ်တည်း ဖြစ်နေတာမျိုးလဲ မဟုတ်ဘူး။ သတ္တဝါတွေဟာ သန္ဓေသား အဆင့်ကနေ ဖွံ့ဖြိုးပြီး ကွဲပြားသွားတယ်။ ဒီနောက် သေဆုံးပြီး ပျက်စီး ကြေပြုန်းသွားတယ်။ မျိုးစိတ်အသစ်တွေ ပေါ်လာတယ်၊ ဒါပေမဲ့ မလွဲမသွေ မျိုးသုဉ်း ပျောက်ကွယ်သွားရတယ်။ ရိုးစင်းလှတဲ့ ရုပ်ကမ္ဘာ လောကထဲမှာတောင်မှ တသမတ်တည်း ဖြစ်ပေါ်တဲ့ လှုပ်ရှား ပြောင်းလဲမှုမျိုး ရှိတယ်လို့ မကြားဖူး မတွေ့ဖူးပါ။ သူ့ဝင်ရိုးပေါ် သူလည်နေတဲ့ ကမ္ဘာမြေတောင် ဘူမိ အချိန်နဲ့ တိုင်းတာကြည့်ရင် လည်ပတ်နှုန်း နှေးနှေးသွားတယ်။ ဒီတော့ အချိန်နဲ့အမျှ စနစ်တွေ ဖြစ်ပေါ်တိုးတက်မှုဟာ ဆန့်ကျင်ဖက် အင်အားစုတွေ၊ ဆန့်ကျင်ဖက် လှုပ်ရှားမှုတွေရဲ့ အကျိုးဆက်လို့ ဆိုနိုင်တယ်။

'ဆန့်ကျင်ဖက် အင်အားစုတွေ ထွက်ပေါ်လာခြင်းဟာ ဒိုင်ယာလက်တစ် အတွေးအခေါ်မှာ အငြင်းပွားရဆုံး၊ အခက်ခဲဆုံး ဖြစ်ပေမဲ့ အရေးအကြီးဆုံး အယူအဆဖြစ်တဲ့ ပဋိပက္ခ သဘောတရားကို ဖြစ်ပေါ်သွားစေတယ်။ တချို့သူတွေအတွက် ပဋိပက္ခ ဆိုတာ သိမ္မဖေဒ

သဘောတရား တခုသာ ဖြစ်တယ်။ သီအိုရီတွေ တခုနဲ့ တခု ဆန့်ကျင်ဖက် ဖြစ်ရင်း၊ ရှုကြည့်လေ့လာတဲ့ ဖြစ်စဉ်တွေနဲ့ ဆန့်ကျင်ဖက် ဖြစ်ရင်း သဘာဝတွ အမြင်သစ်တခု ထွက်ပေါ်လာလေ့ရှိတယ်၊ ကျနော်တို့ဟာ ကမ္ဘာလောကကို အဲသလို ပဋိပက္ခဖြစ်နေတဲ့ သီအိုရီများ သမိုင်းအဖြစ် နားလည်နိုင်တယ်လို့ ဖော်ပြကြတယ်။ Kuhn (၁၉၆၂) ရဲ့ 'သိပ္ပံ တော်လှန်ရေး' သီအိုရီမှာ အဲဒီ သဘောတရား တချို့ တွေ့ရတယ်။ ပဋိပက္ခတွေ တခုပေါ်လာလိုက်၊ ပြေလည်အောင် ဖြေရှင်းပေးတဲ့ သီအိုရီ ပေါ်လာလိုက်၊ တခါ ပဋိပက္ခ အသစ် ထပ်ပေါ်လာလိုက် ဆိုတဲ့ သဘောမျိုး တွေ့ရတယ်။ တခြားသူတွေအတွက်ကျ ပဋိပက္ခဆိုတာ ရှိမှုဗေဒဆိုင်ရာ ဂုဏ်သတ္တိတခု ဖြစ်လာတယ်၊ အနည်းဆုံးတော့ လူ့အဖွဲ့အစည်းမှာ ပဋိပက္ခဟာ တကယ် တည်ရှိနေတယ်လို့ သူတို့ လက်ခံထားတယ်။ ကျနော်တို့အဖို့တော့ ပဋိပက္ခဆိုတာ သိမှုဗေဒနဲ့ နိုင်ငံရေး သဘောသာမက အကျယ်ပြန့်ဆုံး အနက်နဲ့ ရှိမှုဗေဒ သဘောဆောင်တယ်။ အင်အားစုတွေကြားက ပဋိပက္ခဟာ လူ့အဖွဲ့အစည်း အင်စတီကျူးရှင်းတွေမှာသာမက သဘာဝလောကရဲ့ နေရာတိုင်းမှာ ရှိတယ်။ ဒိုင်ယာလက်တစ်နဲ့ ပတ်သက်တဲ့ ဒီအစဉ်အလာဟာ အခုမှ စတာ မဟုတ်ဘူး၊ အန်းဂယ် (၁၈၈၀) လက်ထက်ကတည်းက ပြန်သွားရမယ်၊ 'Dialectics of Nature' စာအုပ်ထဲမှာ အန်းဂယ်က ဒီလို ရေးခဲ့တယ် - "ကျနော့်အဖို့ သဘာဝရဲ့ ဒိုင်ယာလက်တစ် နိယာမတွေကို တည်ဆောက်ယူရမယ့် ပြဿနာ ဆိုတာ မရှိနိုင်ဘူး၊ သဘာဝအတွင်း ရှိနေတဲ့ ယင်းနိယာမတွေကို တူးဆွရှာဖွေပြီး အဆင့်ဆင့် ဖော်ထုတ်သွားဖို့ပဲ ရှိတယ်။" (The Dialectical Biologist, p-279)

မာ့က်စ်ဝါဒီတွေက သဘောတရားနဲ့ လက်တွေ့ မကင်းကွာရေးကို အမြဲ အလေးထားပါတယ်။

"ဒဿနပညာရှင်တွေဟာ လောကကို နည်းအမျိုးမျိုးနဲ့ အဓိပ္ပါယ်ဖွင့်ဖို့သာ လုပ်ခဲ့ကြတယ်။ ဒါပေမယ့် အရေးကြီးဆုံးက လောကကို ပြောင်းလဲပစ်ဖို့ပဲ" လို့ မာ့က်စ်က သူ့ရဲ့ Feuerbach စစ်တမ်းတွေထဲမှာ ထောက်ပြခဲ့တယ်။ "အမှန်တရားဟာ ယေဘုယျသဘောပဲ ဖြစ်နေရင် အဲဒါ မမှန်ဘူး" လို့ ဟေဂယ်က ဆိုတယ်။ အမှန်တရား ဟူသမျှ အခိုင်အမာသဘော ဖြစ်တယ်။ ကျနော်တို့တတွေ အကြောင်းချင်းရာတွေကို အရှိအတိုင်း ရှုမြင်ဖို့ လိုတယ်၊ မမြင်သာသော်လဲ တကယ် ရှိနေတဲ့ ဝိရောဓိသဘော ဖြစ်ပေါ်တိုးတက်မှုကို နားလည်အောင် ကြည့်မြင်တတ်ရမယ်။ ဒီနေရာမှာ လူ့အဖွဲ့အစည်းကို ပြောင်းလဲပစ်ဖို့ တိုက်ပွဲဝင်နေသူတွေအတွက် အလွန် အရေးကြီးတဲ့ ကောက်ချက်တွေ ရှိနေတယ်။

စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒီတွေက ဆိုရှယ်လစ်စနစ်ကို 'ထူးထွေအံ့ရာသောတွေ လုပ်ပေးနိုင်မယ့် အယူအဆတရပ်'လို့ မြင်ကြတယ်။ မာ့က်စ်ဝါဒီတွေက သူတို့နဲ့ မတူပါဘူး၊ ဆိုရှယ်လစ် စနစ်ဆိုတာ အရင်းရှင် စနစ်ရဲ့ အတွင်းပဋိပက္ခတွေကနေ တိုးထွက်ဖွံ့ဖြိုးလာမယ်လို့ ရှုမြင်ကြတယ်။ အရင်းရှင် လူ့အဖွဲ့အစည်းမှာ အရှန်အဟုန် ကောင်းကောင်းနဲ့ ဖွံ့ဖြိုးလာတဲ့ ကုန်ထုတ် စွမ်းအားစုတွေရယ်၊ တကမ္ဘာလုံး အတိုင်းအတာနဲ့ လုပ်အား ခွဲဝေမှုတွေရယ် ဖြစ်ပေါ်လာတာက လူတန်းစားမဲ့ လူ့အဖွဲ့အစည်း ပေါ်ပေါက်စေမယ့် ရုပ်အခြေခံတွေ ပြင်ဆင်ပေးလိုက်တာပဲ ဖြစ်တယ်။ အရင်းရှင်စနစ်က အလုပ်သမား လူတန်းစားကို မွေးထုတ်ပေးခဲ့ခြင်း ဖြစ်တယ်၊ အလုပ်သမား လူတန်းစားရဲ့ ဘဝ အခြေအနေကြောင့် အရင်းရှင်စနစ်နဲ့ ပဋိပက္ခ ဖြစ်သွားရတယ်။ အလုပ်သမား လူတန်းစားဟာ အတွေ့အကြုံကို အခြေခံပြီး လူ့အဖွဲ့အစည်းအတွင်း သူတို့ရဲ့ အခန်းကဏ္ဍကို ပြည့်ပြည့်ဝဝ သိမြင်လာလိမ့်မယ်၊ မာ့က်စ် စကားအတိုင်း ပြောရရင် "class in-itself" (လူတန်းစား အသိစိတ် မနိုးကြားသေးတဲ့ အဖြစ်) ကနေ "class for-itself" (လူတန်းစား အသိစိတ် နိုးကြားလာတဲ့ လူတန်းစား) အဖြစ် ပြောင်းလဲသွားလိမ့်မယ်။

ဒိုင်ယာလက်တစ်ဟာ ကြောင်းကျိုးပြဋ္ဌာန်းဝါဒ (Determinism) အပေါ် အခြေခံတယ်၊ သို့သော် သဘာဝတရား၊ လူ့အဖွဲ့အစည်းနဲ့ အတွေးအခေါ်တို့မှာ ရှောင်တခင်သဘော တည်ရှိမှုကို ငြင်းဆန်တဲ့ ကံကြမ္မာ စီရင်ပြဋ္ဌာန်းခံဝါဒ (Fatalism) နဲ့ ဘာမှ မဆိုင်ပါဘူး။ ဒိုင်ယာလက်တစ် ကြောင်းကျိုးပြဋ္ဌာန်းဝါဒက 'ရှောင်တခင်သဘော' နဲ့ 'နိယာမသဘော' တို့ရဲ့ ပေါင်းစည်းညီညွတ်မှုကို အခိုင်အမာ ပြောပါတယ်၊ နိယာမသဘောဟာ ရှောင်တခင် ဖြစ်ရပ် အသွင်နဲ့ ထွက်ပေါ်လာတတ်ကြောင်း ရှင်းပြပါတယ်။

ဖြစ်ရပ်တိုင်းမှာ အကြောင်းတရား ရှိတယ်။ ရှောင်တခင် ဖြစ်ရပ်၊ ရှောင်လွှဲမရနိုင်တဲ့ ဖြစ်ရပ်၊ အားလုံး ဒီသဘောပဲ။ သဘာဝ လောကကြီးမှာ ဘာကြောင်းကျိုး နိယာမမှ မရှိဘူး ဆိုရင် အရာရာဟာ ပရမ်းပတာနဲ့ ဖြစ်ချင်ရာ ဖြစ်နေလိမ့်မယ်။ ဒီလိုသာဆိုရင် ဘယ်အရာမှ တည်ရှိနေနိုင်မှာ မဟုတ်ဘူး။ တကယ်တော့ အလျဉ်မပြတ်တဲ့ ကြောင်းကျိုးဆက် ချိန်းကြိုးကြီးထဲ ရောက်နေသလို အရာရာဟာ အခြား အရာတွေပေါ် မှီတည်နေကြတယ်။ သီးခြား ဖြစ်ရပ်တွေမှာ ရှောင်တခင် လက္ခဏာကို အမြဲ တွေ့ရမယ်၊ သို့သော် အဲဒီ ရှောင်တခင်သဘောဟာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေတဲ့ နိယာမသဘောကနေ အကောင်အထည် ပေါ်လာခြင်းဖြစ်တယ်။ တကယ်တော့ နိယာမသဘောက ရှောင်တခင် ဖြစ်ရပ်တွေလို အသွင်ယူပြီး ကိုယ်ထင်ပြလေ့ရှိတယ်။ မှန်ပါတယ်၊ ရှောင်တခင် ဖြစ်ရပ်တွေကိုလဲ အသိအမှတ် ပြုရမယ်။ သို့သော် အရေးကြီးဆုံး အရာကတော့ ရှောင်ကွင်းမရတဲ့ အဖြစ်ကို ဘယ်နိယာမတွေက ပြဋ္ဌာန်းပေးလိုက်သလဲ ဆိုတာ တူးဆွရှာဖွေရေး ဖြစ်တယ်။

သာမန်ကာလျှံကာ ကြည့်မယ်ဆိုရင် အရာရာဟာ ရှောင်တခင်သဘော ဒါမှမဟုတ် တိုက်ဆိုင်မှုသက်သက်ပဲလို့ ထင်ရလိမ့်မယ်။ အထူးသဖြင့် ပြောင်းလဲခြင်းကို လွှမ်းမိုးခြယ်လှယ်နေတဲ့ နိယာမတွေနဲ့ နိယာမတွေ အချင်းချင်း ကူးလူးဆက်ဆံမှုအကြောင်း ကျနော်တို့ ဘာမှ မသိတဲ့အခါ ဒါမျိုး ထင်ရလေ့ ရှိတယ်။ "အပေါ်ယံအားဖြင့် ရှောင်တခင်သဘော ကြီးစိုး မင်းမူနေတဲ့ နေရာတွေမှာ တကယ်တော့ အတွင်းကျကျ ပုန်းအောင်းနေတဲ့ နိယာမတွေရဲ့ လွှမ်းမိုးခြယ်လှယ်မှု ရှိစမြဲ ဖြစ်တယ်။ အဆိုပါ နိယာမတရားတွေကို ရှာဖွေ ဖော်ထုတ်နိုင်ဖို့သာ အရေးကြီးတယ်"လို့ အန်းဂယ်က *Ludwig Feuerbach* စာအုပ်မှာ မှတ်ချက်ပြုထားတယ်။

သဘာဝထဲ ရုပ်တရားတွေရဲ့ ဆင့်ကဲပြောင်းလဲမှု လမ်းကြောင်းဟာ သူ့ဟာနဲ့သူ သတ်သတ်မှတ်မှတ်ရှိပြီးသား။ ဘယ်အချိန်မှာ၊ ဘယ်ပုံစံနဲ့ ဘယ်လိုပြောင်းလဲမယ် ဆိုတာကတော့ ရှောင်တခင် အကြောင်းအချက်တွေပေါ် မူတည်လိမ့်မယ်။ ဥပမာအနေနဲ့ သက်ရှိတွေ ကမ္ဘာမြေပေါ်မှာ ရှင်သန် ရပ်တည်နိုင်ခြင်း၊ မရပ်တည်နိုင်ခြင်းဟာ ရေရှိ မရှိ၊ ဓာတု ဒြပ်စင် အမျိုးမျိုး၊ နေနဲ့ ကမ္ဘာကြား အကွာအဝေး၊ လေထု စတဲ့ ရှောင်တခင် အကြောင်းအချက်ပေါင်း မြောက်မြားစွာအပေါ် မှီတည်နေတယ်။

"စဉ်းစားတွေးခေါ်နိုင်တဲ့ သက်ရှိတွေအဖြစ် တိုးတက်ပြောင်းလဲသွားခြင်းဟာ ရုပ်တရားတွေရဲ့ သဘာဝပါပဲ။ ဒီလို သက်ရှိတွေ ထွက်ပေါ်လာဖို့ လိုအပ်တဲ့ အခြေအနေတွေ ရှိနေပြီဆိုရင် ဒီလို အမြဲ ဖြစ်ပေါ်လေ့ရှိတယ်၊ (အချိန်တိုင်း၊ နေရာတိုင်းမှာ လိုအပ်တဲ့ အခြေအနေချင်းတော့ ထပ်တူမကျနိုင်ဘူး)။ နိယာမသဘောလို့ ယူဆထားတာတွေကို ရှောင်တခင် ဖြစ်ရပ်တွေနဲ့ ဖွဲ့စည်းထားခြင်း ဖြစ်တယ်၊ ရှောင်တခင်လို့ ခေါ်ကြတဲ့ အရာဟာ တကယ်တော့ နိယာမသဘော ပုန်းအောင်းရာ သင်္ကေတ ဖြစ်နေတယ်" လို့ အန်းဂယ်က ရေးသားခဲ့တယ်။

ဆာရာယေဗိုမှာ (ဩစတြီးယား) အိမ်ရှေ့မင်းသား (ဖရန့်စစ် ဖာဒီနန်) လုပ်ကြံ သတ်ဖြတ်ခံလိုက်ရလို့ ပထမ ကမ္ဘာစစ် ဖြစ်ခဲ့သယောင် ရေပေါ်ဆီ သမိုင်း ဆရာတွေက ရေးတတ်ကြတယ်။ မာ့က်စ်ဝါဒီတွေအဖို့တော့ ဩစတြီးယား အိမ်ရှေ့မင်းသား လုပ်ကြံ သတ်ဖြတ်ခံရတာဟာ ရှောင်တခင် သမိုင်း ဖြစ်ရပ် တခုသာ ဖြစ်တယ်။ သဘောက အရင်းရှင် နယ်ချဲ့စနစ်ရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး ပဋိပက္ခတွေကြောင့် ကမ္ဘာစစ်ကြီးဖြစ်မယ့်

အရေးကနေ ဘယ်လိုမှ ရှောင်လွှဲလို့ မရတော့ဘူး၊ ဒီအချိန် အိမ်ရှေ့မင်းသား လုပ်ကြံခံရတဲ့ ဖြစ်ရပ်ဟာ ခုတုံးလုပ်စရာ ဖြစ်သွားတယ်၊ တနည်းအားဖြင့် စနက်တံ ဖောက်ပေးလိုက်တဲ့ သဘောပဲ။ လုပ်ကြံမှု အထမမြောက်ခဲ့လဲ ဒါမှမဟုတ် အိမ်ရှေ့မင်းသား မွေးမလာလဲ ဒီစစ်ကြီးကတော့ အကြောင်းတခုခု ပြပြီး ထဖြစ်မှာပဲ။ သံတမန် ဆက်ဆံရေး ကိစ္စကို အကြောင်းပြချင် ပြမယ်၊ ဒါမှမဟုတ် တခြား ကိစ္စတခုခုကို ယိုးမယ်ဖွဲ့ချင် ဖွဲ့မယ်။ စစ်ကြီးကတော့ မလွဲမသွေ ဖြစ်မှာပါပဲ။ ဒီနိယာမသဘောက ခြားနားတဲ့ အခြား ရှောင်တခင် ဖြစ်ရပ်တခု အသွင်နဲ့ ထွက်ပေါ်လာလိမ့်မယ်။

ဟေဂယ်စကားနဲ့ ပြောရရင် တည်ရှိနေသမျှ အရာအားလုံးဟာ မလွဲမသွေ လိုအပ်လို့ တည်ရှိနေတာပဲ။ သို့သော် တည်ရှိနေတဲ့ အရာအားလုံးဟာ မလွဲမသွေ ပျက်သုဉ်းသွားရမယ်၊ အခြားတပါးသော အရာအဖြစ် မလွဲမသွေ ပြောင်းသွားရမယ်။ ဒါကြောင့် တချိန်ချိန် တနေရာရာမှာ “မလွဲမသွေ လိုအပ်တဲ့” အရာဟာ အခြားတချိန်၊ အခြား တနေရာကျတော့ “မလွဲမသွေ မလိုအပ်တော့ဘူး” ဖြစ်သွားတယ်။ အရာရာဟာ သူနဲ့ ဆန့်ကျင်ဘက်ကို ပေါက်ဖွားစေတယ်။ သူမွေးထုတ်ပေးလိုက်တဲ့ ဆန့်ကျင်ဘက် အရာကြောင့် သူဟာ ချေဖျက်ခံလိုက်ရတယ်။ ဒါဟာ ဓမ္မတာ။ ဒါဟာ သက်ရှိ၊ လူ့အဖွဲ့အစည်းနဲ့ သဘာဝတရားတို့မှာလဲ ဒီသဘောပဲ။

လူ့အဖွဲ့အစည်း အမျိုးအစား အားလုံးဟာ သူတို့ ထွက်ပေါ်လာတဲ့ ခေတ်ကာလမှာ မလွဲမသွေ လိုအပ်လို့ တည်ရှိနေခြင်း ဖြစ်တယ် -

“လူမှုစနစ်တခုဟာ ကုန်ထုတ် စွမ်းအားစုတွေ ဆက်လက် ဖွံ့ဖြိုးအောင် လုပ်ပေးနိုင်စွမ်း ရှိနေသရွေ့ အဲဒီစနစ် ပျက်သုဉ်းလေ့ မရှိဘူး။ ဒါ့အပြင် ပိုအဆင့်မြင့်တဲ့ ကုန်လုပ်ဆက်ဆံရေး အသစ်တွေ ဖြစ်ပေါ်လာဖို့ လိုအပ်တဲ့ ရုပ် အခြေအနေတွေ လူမှု စနစ်ဟောင်း သားအိမ်ထဲ မရင့်မှည့်မချင်း အဲဒီ ဆက်ဆံရေး အသစ်တွေ ထွက်ပေါ်လာလေ့ မရှိဘူး။ ဒါ့ကြောင့် လူသားမျိုးနွယ်ဟာ သူတို့ ဖြေရှင်းနိုင်တဲ့ ပြဿနာတွေကိုသာ ကိုင်တွယ်မြဲ ဖြစ်တယ်၊ အကြောင်းကတော့ သေချာစေ့ငုကြည့်ရင် ပြဿနာတခုဟာ ဖြေရှင်းဖို့ လိုအပ်တဲ့ ရုပ် အခြေအနေတွေ တည်ရှိပြီး ဖြစ်နေမှ၊ ဒါမှမဟုတ် အဲဒီလို အခြေအနေတွေ ဖွံ့တည်လာမှသာ ထွက်ပေါ်လာစမြဲ ဖြစ်တယ် ဆိုတဲ့ အချက်ကို ကျနော်တို့ တွေ့ရလိမ့်မယ်”။ (Marx, Critique of Political Economy).

သူ့ခေတ်သူခါတုန်းကတော့ ကျေးကျွန်စနစ်ဆိုတာ ဘာဘာရစ်ဇင် အရိုင်းခေတ် (Barbarism) ကနေ ခုန်ကူးလိုက်တဲ့ ရောမ တိုးတက်မှုကြီး ဖြစ်ခဲ့တယ်။ လူ့အဖွဲ့အစည်း၊ ယဉ်ကျေးမှုနဲ့ ကုန်ထုတ် စွမ်းအားစုတွေ တိုးတက်ဖြစ်ပေါ်ဖို့ဆိုရင် ဒီအဆင့်ကလည်း ဖြတ်ကိုဖြတ်ကျော်ရမယ့် အဆင့် တခုပဲ။ “လူသားဟာ ကျေးကျွန်စနစ်ကို ရှောင်ကွင်းပြီး လွတ်လပ်လာတာ မဟုတ်ဘူး၊ ဖြတ်သန်းပြီး လွတ်လပ်လာခြင်း ဖြစ်တယ်” လို့ ဟေဂယ်က ပြောင်မြောက်စွာ ရှင်းပြခဲ့ဖူးတယ်။

အလားတူပဲ၊ အရင်းရှင် စနစ်ဟာလဲ အစကတော့ လူ့အဖွဲ့အစည်း သမိုင်းမှာ ဖြတ်ကျော်ဖို့ လိုအပ်တဲ့ တိုးတက်တဲ့ အဆင့်တခု ဖြစ်ခဲ့တယ်။ ဒါပေမဲ့ သမိုင်းဦး ဘုံစနစ်၊ ကျေးကျွန်စနစ်နဲ့ မြေရှင် ပဒေသရာဇ်စနစ်တွေလိုပဲ အရင်းရှင်စနစ်ဟာလဲ သူ့ရဲ့ အခန်းကဏ္ဍကုန်ဆုံးပြီး အရင်လို တိုးတက်အောင် လုပ်ဆောင်မပေးနိုင်တော့တာ ကာလ အတန်ကြာပါပြီ။ အရင်းရှင်စနစ်ဟာ သူ့ကိုယ်တွင်း ပဋိပက္ခတွေကြောင့် ကျရှုံးသွားခြင်း ဖြစ်တယ်၊ စနစ်ဟောင်း ဥခွံအတွင်း ကြီးထွားလာတဲ့ လူမှုစနစ်သစ်ရဲ့ ထွန်းသစ်စ အင်အားစုတွေကြောင့် အရင်းရှင်စနစ်ဟာ မုချကျဆုံးသွားမယ်။ အဲဒီ ထွန်းသစ်စ အင်အားစု အသစ်ကို ခေတ်သစ် ပစ္စည်းမဲ့ လူတန်းစားက ကိုယ်စားပြုပါတယ်။ အရင်းရှင် လူ့အဖွဲ့အစည်းရဲ့ အခြေခံ အင်္ဂါရပ်တွေဖြစ်တဲ့ ‘ကုန်ထုတ် ပစ္စည်း ပုဂ္ဂလိက ပိုင်ဆိုင်မှု’ နဲ့ ‘အမျိုးသား နိုင်ငံတော်’ တို့ဟာ မူလက ကြီးမားတဲ့ တိုးတက်မှုကို ဖြစ်စေခဲ့တယ်။ အခုတော့ ကုန်လုပ် အင်အားစုများ တိုးတက်မှုရဲ့ အချုပ်အနှောင်တွေ ဖြစ်လာတယ်၊ ဒါ့အပြင် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်လာတဲ့ ရာစုနှစ်တွေအတွင်း ရရှိထားတဲ့ အသီးအပွင့်တွေကို လှိုက်စားပစ်နေဖို့ ခြိမ်းခြောက်လျက် ရှိတယ်။

အခုတော့ အရင်းရှင်စနစ်ဟာ အလုံးစုံယိုယွင်းပျက်စီးနေတဲ့ လူမှုစနစ် ဖြစ်နေပြီ။ လူ့ယဉ်ကျေးမှုကြီး ဆက်လက်ရှင်သန်ဖို့ဆိုရင် အရင်းရှင်စနစ်ကို ဖြိုချပြီး ဆန့်ကျင်ဘက် ဆိုရှယ်လစ် စနစ်နဲ့ အစားထိုးရမယ်။ မာ့က်စ်ဝါဒဟာ ကြောင်းကျိုးပြဋ္ဌာန်းဝါဒ ဖြစ်တယ်၊ ကံကြမ္မာ စီရင်ပြဋ္ဌာန်းဝါဒ မဟုတ်ဘူး။ လူတွေက သမိုင်းကို ဖန်တီးခြင်း ဖြစ်တယ်။ မိမိတို့ လွတ်မြောက်ရေးအတွက် သိစိတ်ရှိရှိ ရုန်းကန်နေတဲ့ လူသားတွေကပဲ လူ့အဖွဲ့အစည်း ပြောင်းလဲရေးကို စွမ်းဆောင်နိုင်ပါတယ်။ အဲဒီ လူတန်းစား တိုက်ပွဲရဲ့ ရလဒ်ကို တင်ကူး ပြဋ္ဌာန်းထားခြင်း မရှိဘူး။ ဘယ်လူတန်းစားက အောင်ပွဲခံသွားမလဲဆိုတာ အကြောင်းအချက် အများကြီး အပေါ် မူတည်နေတယ်၊ ထွန်းသစ်စ တိုးတက်သော လူတန်းစားဟာ အိုမင်းဟောင်းနွမ်းနေတဲ့ ဖောက်ပြန်ရေး အင်အားစုထက် အားသာချက်တွေ အများကြီး ရှိတယ်။ သို့သော်လဲ နောက်ဆုံး ရလဒ်ကတော့ ဘယ်ဘက်က စိတ်ဓာတ် ပိုခိုင်မာသလဲ၊ စည်းရုံးစုဖွဲ့မှု ပိုအားကောင်းသလဲ၊ လုပ်ရည်ကိုင်ရည် ပြည့်ဝပြီး သန္နိဋ္ဌာန်အခိုင်မာဆုံး ခေါင်းဆောင်မှု ရှိသလဲ ဆိုတဲ့ အချက်တွေအပေါ် မူတည်ပါတယ်။

ဆိုရှယ်လစ်စနစ်သာ အောင်ပွဲခံလိုက်နိုင်ရင် လူသား သမိုင်းမှာ အရည်အသွေးအရ သူမတူတဲ့ အချိုးအကွေ့သစ်တခု ဖြစ်လာမှာ သေချာတယ်။ ပိုပြီး တိတိကျကျ ပြောရရင် လူသားမျိုးနွယ် တရပ်လုံးရဲ့ အကြိုခေတ် သမိုင်း ကုန်ဆုံးသွားပြီး တကယ့် သမိုင်း စတင်လိမ့်မယ်။

တဖက်ကကြည့်ရင် ဆိုရှယ်လစ် စနစ်ဆိုတာ အစောဆုံး လူ့အဖွဲ့အစည်း ပုံစံ သမိုင်းဦး ဘုံစနစ်ကို ပြန်လှည့်တဲ့ သဘော ဖြစ်တယ်၊ ဒါပေမဲ့ နှစ်ထောင်ချီ ကြာမြင့်တဲ့ လူတန်းစား လူ့အဖွဲ့အစည်းအတွင်း ကြိုးပမ်းရယူထားရတဲ့ အသီးအပွင့်ပေါင်း မြောက်မြားစွာအပေါ် အခြေတည်ထားတဲ့ အလွန်တရာ အဆင့်မြင့်မားတဲ့ လူနေမှုစနစ် ဖြစ်ပါတယ်။ သမိုင်းဦး ဘုံစနစ်ကို လူတန်းစား လူ့အဖွဲ့အစည်းက ငြင်းဖျက်ပစ်ခဲ့တယ်။ လူတန်းစား လူ့အဖွဲ့အစည်းကို ဆိုရှယ်လစ် စနစ်က တဖန် ပြန်ပြီး ငြင်းဖျက်လိုက်တယ်။ တကမ္ဘာလုံး အတိုင်းအတာနဲ့ အရင်းရှင် စနစ်က အခြေတည်ပေးလိုက်တဲ့ စက်မှုလုပ်ငန်း၊ သိပ္ပံနဲ့ နည်းပညာတွေကို သိစိတ်ရှိရှိ စီမံကိန်းချ ဆောင်ရွက်ခြင်းဖြင့် စီးပွားဥစ္စာ အလွန်တရာ ကြွယ်ဝ ပေါများလာလိမ့်မယ်။ ဒီအခါ လုပ်အားခွဲဝေမှု၊ ကာယနဲ့ ဉာဏ လုပ်အားတို့ ကြား ကွာဟချက်၊ ကျေးလက်နဲ့ မြို့ပြ ကွာဟချက်၊ ခက်ထန် ကြမ်းတမ်းပြီး အင်အား ပြုန်းတီးစေတဲ့ လူတန်းစား တိုက်ပွဲတို့ လူ့အဖွဲ့အစည်းမှာ မလိုအပ်တော့ဘူး။ ဒီတော့ လူသား မျိုးနွယ်ဟာ သူတို့ရဲ့ ရင်းမြစ်တွေကို သဘာဝတရားအပေါ် အောင်နိုင်ရေး အတွက်ပဲ တစိုက်မတ်မတ် သုံးခွင့်ရသွားမယ်။

**မြန်မာပြန်သူ - မွန်းနောင်**

**တည်းဖြတ် - သူရိန်မွန်**

**Source -** What Is Dialectical Materialism? By Rob Sewell



Второй конгресс Коминтерна, Isaak Brodsky, public domain

# ကွန်မြူနစ် အင်တာနေရှင်နယ်ကို ဘယ်လို တည်ဆောက်ခဲ့သလဲ

ပထမကမ္ဘာစစ် စတင်ချိန်မှာ ဒုတိယ အင်တာနေရှင်နယ် (Second International) ပြိုကွဲသွားခဲ့ပြီး စစ်ပြီးခါနီးမှာတော့ တော်လှန်ရေး လှိုင်းလုံးတွေ ပေါ်ပေါက်လာတယ်။ ဒီလို အခင်းအကျင်းမှာပဲ လီနင်ဟာ ကမ္ဘာ့တော်လှန်ရေး အောင်မြင်ဖို့ မဖြစ်မနေ လိုအပ်တဲ့ ဦးဆောင်မှု ပေးဖို့ရာ ရည်ရွယ်ပြီး နိုင်ငံအတော်များများမှာ အင်အားတောင့်တင်းတဲ့ အဖွဲ့ခွဲတွေ ရှိတဲ့ တတိယ (ကွန်မြူနစ်) အင်တာနေရှင်နယ်ကို အောင်မြင်စွာ တည်ဆောက်ခဲ့တယ်။

အရင်းရှင်စနစ်ဟာ နိုင်ငံတကာလက္ခဏာဆောင်တဲ့ စနစ်တရပ် ဖြစ်တယ်။ ဒါကြောင့် အရင်းရှင်စနစ်ကို ဖြိုလှဲမယ့် တိုက်ပွဲဟာလဲ နိုင်ငံတကာ လက္ခဏာဆောင်ဖို့ လိုလာတယ်။ ဒ့ါကြောင့် မာ့က်စ်နဲ့ အန်းဂယ်လ်စ်တို့ ခေတ် ပထမ အင်တာနေရှင်နယ်ကစလို့၊ ဒုတိယ အင်တာနေရှင်နယ်၊ တတိယနဲ့ စတုတ္ထ အင်တာနေရှင်နယ်အထိ တော်လှန်သော မာ့က်စ်ဝါဒီ ကွန်မြူနစ်တွေဟာ နိုင်ငံတကာ အတိုင်းအတာနဲ့ စုဖွဲ့ခဲ့ကြတာ ဖြစ်တယ်။

ဒီနေ့ခေတ်မှာလဲ ကမ္ဘာနဲ့ချီပြီး နက်ရှိုင်းစွာ အကျပ်အတည်း ဆိုက်နေတဲ့ အရင်းရှင်စနစ်နဲ့ ကျနော်တို့ တကျော့ပြန် ရင်ဆိုင်နေရပြန်တယ်။ ဘယ်နေရာကြည့်ကြည့် စစ်ပွဲတွေ၊ ပြည်တွင်းစစ်တွေ၊ ငတ်မွတ်ခေါင်းပါးမှုတွေ၊ ရာသီဥတု ပြောင်းလဲမှုတွေ၊ ကုန်ဈေးနှုန်း မြင့်တက်လာတာတွေ၊ မကြုံစဖူး များပြားလာတဲ့ ကြွေးမြီတွေနဲ့ တနိုင်ငံပြီးတနိုင်ငံ သိသာထင်ရှားတဲ့ အပြောင်းအလဲတွေနဲ့ လက်ဝဲ၊ လက်ယာ ယိမ်းထိုးရင်း နိုင်ငံရေး အကျပ်အတည်း ဆိုက်လာတာတွေကို တွေ့နေရတယ်။

ရလဒ်အနေနဲ့ လူထု တော်လှန်ရေးတွေ ပေါက်ကွဲထွက်လာတာကို ကမ္ဘာတဝှမ်းမှာ မြင်နေရတယ်။ ပြီးခဲ့တဲ့နှစ် သီရိလင်္ကာမှာ အဲဒီလို ပေါက်ကွဲထွက်လာခဲ့တယ်။ ဒီနှစ်အတွင်း ကင်ညာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်တို့မှာလဲ လူထုတော်လှန်ရေးတွေ ဖြစ်ခဲ့တယ်။ ကမ္ဘာကြီးက နေရာတိုင်းမှာ လူမှု တော်လှန်ရေးတရပ်ဆီ အရှိန်အဟုန်နဲ့ ဦးတည်နေတယ်။[1]

ဒီအခြေအနေဟာ လီနင့် ခေတ်တုန်းကလိုပဲ နိုင်ငံပေါင်းစုံက တော်လှန်သော ကွန်မြူနစ်တွေကို စုစည်းပေးထားမယ့် နိုင်ငံတကာ အဖွဲ့အစည်းတရပ် ထပ်မံ လိုအပ်လာပြီလို့ တောင်းဆိုနေတယ်။ ဒါကြောင့်ပဲ တော်လှန်ရေး တရပ် လိုအပ်ကြောင်း နားလည်နေကြပြီဖြစ်တဲ့ လေးနက်သော အလုပ်သမားတွေနဲ့ လူငယ်ထုအတွက် လမ်းပြ မီးရှူးတန်ဆောင်အဖြစ် တော်လှန်သော ကွန်မြူနစ် အင်တာနေရှင်နယ် (Revolutionary Communist International- RCI) ကို ကျနော်တို့ ဖွဲ့စည်းလိုက်တာ ဖြစ်တယ်။

ရှေ့လာမယ့် တော်လှန်ရေး လှိုင်းလုံးတွေမှာ အရင်းရှင်စနစ်ကို အပြီးတိုင် အဆုံးသတ်နိုင်ဖို့ လိုအပ်တဲ့ တော်လှန်ရေး ခေါင်းဆောင်မှုတရပ် ပေးနိုင်ဖို့ လိုတယ်။ ဒီလို တော်လှန်ရေး ခေါင်းဆောင်မှု ရှိထားမှ အရင်တုန်းကလို အလုပ်သမား လူတန်းစား ရှုံးပွဲနဲ့ လမ်းဆုံး မသွားဖို့ အာမခံချက်ရှိမယ်။ ကျနော်တို့ရဲ့ ရည်မှန်းချက်က အဲဒီလို ဦးဆောင်မှု ပေးနိုင်မယ့် တောင့်တင်းခိုင်မာတဲ့ တော်လှန်သော အင်တာနေရှင်နယ်တရပ် တည်ဆောက်ဖို့ပဲ။

ကွန်မင်တန် (Comintern) လို့ လူသိများတဲ့ တတိယ (ကွန်မြူနစ်) အင်တာနေရှင်နယ်ရဲ့ အစောပိုင်း နှစ်ကာလတွေဟာ ဒီကနေ့ခေတ် တော်လှန်သော ကွန်မြူနစ် အင်တာနေရှင်နယ် (RCI) ရဲ့ နိုင်ငံအလိုက် ဌာနခွဲ (sections) တွေ တည်ဆောက်နေတဲ့ ကျနော်တို့အတွက် တန်ဖိုးဖြတ်မရတဲ့ သမိုင်းရေး အတွေ့အကြုံတွေ ဖြစ်တယ်။ လတ်တလော ကာလမှာတော့ ကျနော်တို့ အင်အားစုတွေဟာ နှိုင်းယှဉ်ချက်အရ အင်အားနည်းနေသေးတယ်။ ဒီ အင်အားစုတွေဟာ အားကောင်းပြီး ခိုင်ခံ့တဲ့ တော်လှန်သော ကွန်မြူနစ် ပါတီတွေအဖြစ် ဘယ်ပုံဘယ်နည်း ကူးပြောင်းသွားနိုင်မလဲ။

1- ( ၂၀၂၃ သီရိလင်္ကာတော်လှန်ရေး၊ ၂၀၂၄ ကင်ညာနဲ့ ဘင်္ဂလာဒေ့ရှ် တော်လှန်ရေးတွေကို ရည်ညွှန်းတာ ဖြစ်ပါတယ်။ ၂၀၂၅ အတွင်းမှာလဲ နိုင်ငံအသီးသီး တော်လှန်ရေးတွေ ပေါက်ကွဲထွက်လာခဲ့တာကို မြင်ခဲ့ရတယ်။ ဒီနှစ်အတွင်းမှာတင် အီရန်မှာ တော်လှန်ရေးတရပ် ပေါက်ကွဲလာခဲ့ပြီ၊ မာ့က်စ်ဝါဒီတွေရဲ့ foresight မှန်ကန်ကြောင်း သက်သေပြနေတာပဲ ဖြစ်တယ် — ရှင်မင်းဟန်)

## အင်တာနေရှင်နယ် အသစ်တရပ် လိုအပ်လာခြင်း

၁၉၁၄ ဇူလိုင်လမှာ ပထမကမ္ဘာစစ် စတင်ဖြစ်ပွားခဲ့တာဟာ ကမ္ဘာ့သမိုင်းမှာ ပြတ်သားတဲ့ အလှည့်အပြောင်းတခု ဖြစ်ခဲ့တယ်။ ဥရောပက နယ်ချဲ့ အင်အားကြီး နိုင်ငံတွေဟာ သူတို့ရဲ့ လုယက်ဖျက်ဆီးလိုတဲ့ စစ်ပွဲ ရည်မှန်းချက်တွေအတွက် သက်ဆိုင်ရာ အလုပ်သမား လူတန်းစားတွေကို တယောက်နဲ့တယောက် သတ်ဖြတ်ဖို့ စည်းရုံး လှုံ့ဆော်ခဲ့ကြတယ်။ အဲဒီအချိန်ဟာ ရှင်းလင်းပြတ်သားတဲ့ နိုင်ငံတကာဝါဒီ ဦးဆောင်မှုမျိုး အရင်ကထက်ပိုပြီး လိုအပ်နေခဲ့တဲ့ အချိန်ပဲ။ ဒီလို နိုင်ငံတကာ ခေါင်းဆောင်မှုတရပ်သာ ရှိခဲ့ရင် စစ်သွေးကြွ ရောဂါကို အမြစ်ဖြတ်ပြီး နယ်ချဲ့ စစ်ပွဲကနေ လူတန်းစား စစ်ပွဲအဖြစ် ပြောင်းလဲပစ်နိုင်ခဲ့မယ်။ ဒါပေမဲ့ ဒုတိယ အင်တာနေရှင်နယ်မှာရှိတဲ့ ပါတီ ခေါင်းဆောင် အားလုံးနီးပါးဟာ ဖိအားတွေအောက် ဒူးထောက်ခဲ့ကြပြီး 'သူတို့' ရဲ့ သက်ဆိုင်ရာ အရင်းရှင်တွေကို ထောက်ခံခဲ့ကြတယ်။

၁၈၈၉ ခုနှစ်မှာ စတင် ထူထောင်ခဲ့တဲ့ ဒုတိယ အင်တာနေရှင်နယ်ဟာ အရင်းရှင်စနစ် ဒီရေမြင့်ကာလ (upswing period) အတွင်း ကြီးထွားလာခဲ့တာ ဖြစ်တယ်။ ရှေ့မှာ ပြောခဲ့တဲ့ သစ္စာဖောက်လုပ်ရပ်ဟာ ဒီအချက်မှာ မြစ်ဖျားခံတယ်။ အရင်းရှင် စနစ် ဒီရေမြင့် ကာလအတွင်း အလုပ်သမား လူတန်းစားဟာ လူတန်းစား တိုက်ပွဲကတဆင့် ပြုပြင်ပြောင်းလဲရေးတွေ လုပ်နိုင်ခဲ့တယ်။ ဒီအချက်ဟာ ပါတီအသီးသီးက ခေါင်းဆောင်တွေရဲ့ အမြင်ပေါ် ရိုက်ခတ်မှု ရှိခဲ့တယ်။ ပါတီ ခေါင်းဆောင်တွေဟာ တဖြည်းဖြည်း ပြုပြင်ပြောင်းလဲခြင်း နည်းနဲ့ ဆိုရှယ်လစ် စနစ်ဆီ ချီတက်သွားနိုင်တယ်ဆိုတဲ့ အမြင်ကို ကိုင်စွဲလာကြတယ်။ ဒီလိုနဲ့ အချိန်ကြာလာတာနဲ့အမျှ ဆိုရှယ်လစ် တော်လှန်ရေး လုပ်ငန်းစဉ်ဟာ လူတန်းစား ရင်ကြားစေ့ရေးနဲ့ ပြုပြင်ပြောင်းလဲရေးဝါဒအောက်မှာ သင်းသတ်ခံလိုက်ရတယ်။

ဒီ အချောင်သမား လမ်းစဉ်ကို ဝေဖန်တိုက်ခိုက်မှုတွေ တသီကြီး ဆင်နွှဲခဲ့ပေမဲ့လဲ တကယ်တမ်း ယိုယွင်းပျက်ဆီးမှုက အဖတ်ဆယ်လို့ မရတော့ဘူး။ ဒေသန္တရ ကိုယ်စားလှယ်တွေက နေ့စဉ် လုပ်ငန်းဆောင်တာတွေမှာ လူတန်းစား ရင်ကြားစေ့ရေး နည်းနာတွေကို လက်တွေ့ ကျင့်သုံးစ ပြုနေကြပြီ။ ဒါပေမဲ့ ဂျာမန် ဆိုရှယ် ဒီမိုကရက်တစ် ပါတီ (SPD) ရဲ့ တရားဝင် ရပ်တည်ချက်ကတော့ မာ့က်စ်ဝါဒကို ဆုပ်ကိုင်ထားဆဲ ဖြစ်တယ်။ ဒါကြောင့်ပဲ စစ်စဖြစ်တဲ့အချိန်မှာ ဂျာမန် ပါတီ ခေါင်းဆောင်တွေ အညံ့ခံလိုက်တဲ့ သတင်းကို သိလိုက်ရတဲ့အချိန် လီနင် အတော်လေး တုန်လှုပ်သွားတာ ဖြစ်တယ်။ ဂျာမန် ပါတီက စစ်ပွဲကို ထောက်ခံကြောင်း ကြေညာထားတဲ့ သတင်းစာကို ဂျာမန် စစ်ရုံးချုပ်က လုပ်ကြံဖန်တီးထားတာလို့တောင် ထင်ခဲ့တယ်။

သစ္စာဖောက်မှုရဲ့ အတိုင်းအတာကို လီနင် ရှင်းရှင်းလင်းလင်း သိမြင်သွားတဲ့အခါမှာတော့ ကမ္ဘာ့ ဆိုရှယ်လစ် တော်လှန်ရေးကို အောင်ပွဲဆီ ဦးဆောင်ဖို့ ဖွဲ့ထားတဲ့ ဒုတိယ အင်တာနေရှင်နယ်ဟာ သေဆုံးသွားခဲ့ပြီ ဖြစ်ကြောင်း လီနင် မှန်မှန်ကန်ကန် သုံးသပ်နိုင်ခဲ့တယ်။ ဒါကြောင့်လဲ ၁၉၁၄ နိုဝင်ဘာလမှာတင် တတိယ အင်တာနေရှင်နယ် တရပ် လိုအပ်လာပြီ ဖြစ်ကြောင်း လီနင် ကြေညာခဲ့တယ်။

ဒါပေမဲ့ အလုပ်သမား အဖွဲ့အစည်းတွေ မရှိတော့သလောက် ဖြစ်နေတယ်၊ နယ်ချဲ့စစ်ပွဲ အခြေအနေတွေအပြင် "ဆိုရှယ်လစ်" ခေါင်းဆောင်တွေရဲ့ သစ္စာဖောက်မှုကလဲ ထပ်လောင်း ရှိနေသေးတယ်၊ ဒီလို အခြေအနေအောက်မှာ အဲဒီလို အင်တာနေရှင်နယ်မျိုး တည်ထောင်ဖို့ ရေခံမြေခံ မရှိသေးဘူး။ တကယ်တမ်းပြောရရင် ၁၉၁၅ ဇင်မာဝေါလ်မှာလုပ်တဲ့ စစ်ဆန့်ကျင်ရေး ကွန်ဖရင့်မှာ လီနင်က တကမ္ဘာလုံးက စစ်မှန်တဲ့ နိုင်ငံတကာဝါဒီတွေကို ရထားလုံး အနည်းငယ်နဲ့တောင် စုပြုံထည့်လိုက်လို့ရတယ်လို့ မှတ်ချက်ပေးခဲ့သေးတယ်။ အင်တာနေရှင်နယ် အသစ်တရပ် တည်ဆောက်မယ့် အင်အားစုတွေ ပေါ်ထွက်လာဖို့ဆိုရင် ဖြစ်ရပ်တွေရဲ့ တိုးတက်ပြောင်းလဲဖို့ လိုအပ်ခဲ့တယ်။ အဲဒီထဲမှာ အရေးအကြီးဆုံး ဖြစ်ရပ်ကတော့ ၁၉၁၇ ရပ်ရှားတော်လှန်ရေးပဲ။

## သီအိုရီရဲ့ အရေးပါမှု

ဒီအတွက်ကြောင့်ပဲ တော်လှန်သော အင်တာနေရှင်နယ်တရပ် ပြန်လည်တည်ထောင်ရာမှာ လီနင့်အဖို့ အရေးကြီးဆုံး လုပ်ငန်းတာဝန်က အချောင်သမားတွေရဲ့ ပုံဖျက် ဖျက်ဆီးခြင်းခံနေရတဲ့ စစ်မှန်သော မာ့က်စ်ဝါဒရဲ့ နည်းနာနဲ့ လုပ်ငန်းစဉ်တွေကို ပြန်ကယ်တင်ဖို့ပဲ။

၁၉၁၄ ခုနှစ် ပထမ ကမ္ဘာစစ် စတင်ဖြစ်ပွားလာတဲ့နောက် လီနင်တယောက် ဟေဂယ်ရဲ့ လက်ရာတွေကို နှံ့နှံ့စပ်စပ် အချိန်ပေး လေ့လာခဲ့တာဟာ တိုက်ဆိုင်မှု တခု မဟုတ်ဘူး။ လီနင် ဘာကြောင့် ဒီလို လေ့လာခဲ့သလဲ။ အကြောင်းကတော့ ဟေဂယ်ရဲ့ ဒိုင်ယာလက်တစ် နည်းနာကို နားလည်မထားရင် မာ့က်စ်ရဲ့ နည်းနာကို အပြည့်အဝ နားလည်ဖို့ မဖြစ်နိုင်လို့ပဲ။

'မာ့က်စ်ဝါဒီ ဆိုသူတွေ'ဟာ စစ်ပွဲအတွင်း 'သူတို့နိုင်ငံက'က အုပ်စိုးသူ လူတန်းစားကို ထောက်ခံခဲ့ကြတယ်၊ ဒီလို ထောက်ခံတာကို တရားထူထောင်ဖို့အတွက် မာ့က်စ်ရဲ့ ရေးသားချက် အတိုအထွာတွေကို လိုသလို ဆွဲပြီး တလွဲ ကိုးကားကြတယ်။ လီနင်က ဒိုင်ယာလက်တစ် နည်းနာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချပြီး အဲဒီ မာ့က်စ်ဝါဒီ ဆိုသူတွေကို တိုက်ခိုက်ခဲ့တယ်။ ဒါကြောင့် ပထမ ကမ္ဘာစစ် ကာလအတွင်း လီနင့် ရေးသားချက်တွေဟာ မာ့က်စ်ဝါဒ သဘောတရားရေး ဘဏ္ဍာတိုက်ကြီး ဖြစ်လာတယ်။ အဲဒီထဲမှာ 'ဒုတိယ အင်တာနေရှင်နယ် ပျက်သုဉ်းခြင်း' (၁၉၁၅)၊ 'ဆိုရှယ်လစ် စနစ်နဲ့ စစ်ပွဲ' စာအုပ်ငယ် (၁၉၁၅)၊ နောက် အင်မတန် ကျော်ကြားလှတဲ့ အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံး အဆင့်ဖြစ်သော နယ်ချဲ့စနစ် (၁၉၁၆ ဇန်နဝါရီမှ ဇွန်လအတွင်း ရေးသား) စာအုပ်တွေ ပါဝင်တယ်။

မာ့က်စ်ဝါဒအပေါ် လီနင်ရဲ့ ရှင်းလင်းချက်တွေနဲ့ ကာကွယ်မှုတွေဟာ ဘော်ရှီဗစ်တွေဖို့ ရုရှား တော်လှန်ရေးကို အောင်ပွဲဆီ ဦးဆောင်နိုင်ဖို့အတွက် အသက်တမျှ အရေးကြီးခဲ့တယ်။ ဒီအချက်ကို ၁၉၁၇ မတ်လမှာ ရေးခဲ့တဲ့ 'အဝေးရောက် ပေးစာများ'၊ အဲဒီနောက် ဆက်ရေးတဲ့ 'ဧပြီ စစ်တမ်းများ' နဲ့ ၁၉၁၇ ဩဂုတ်ကနေ စက်တင်ဘာအတွင်း ရေးသားခဲ့ပြီး လီနင်ရဲ့ အထင်ကရ လက်ရာ ဖြစ်သော 'နိုင်ငံတော်နဲ့ တော်လှန်ရေး' စာအုပ်တွေမှာ အထင်အရှား မြင်နိုင်တယ်။ ဒီလက်ရာတွေ အားလုံးဟာ တော်လှန်ရေး ဖြစ်စဉ်အတွင်း ဘော်ရှီဗစ် ခေါင်းဆောင်ပိုင်းရဲ့ တုံ့ဆိုင်းမှုတွေကို တိုက်ဖျက်ရာမှာ အင်မတန် အရေးပါခဲ့တယ်။

ဘော်ရှီဗစ်ပါတီ သမိုင်းဟာ တော်လှန်ရေး ပါတီတရပ်ကို ဘယ်လို တည်ဆောက်ရမလဲ ဆိုတဲ့ သင်ခန်းစာတွေ အင်မတန် ကြွယ်ဝပြည့်စုံတဲ့ သမိုင်းပဲ။ ပါတီ သက်တမ်းတလျှောက် လျှို့ဝှက် လှုပ်ရှားရတဲ့ ကာလတွေ ရှိခဲ့သလို၊ အင်မတန် ခက်ခဲလှတဲ့ အခြေအနေတွေအောက် ကလာပ်စည်း အသေးလေးတွေနဲ့ အလုပ်လုပ်ခဲ့ရတဲ့ ကာလတွေလဲ ဖြတ်သန်းခဲ့ရတယ်။ ဒါပေမဲ့ ၁၉၀၅ ခုနှစ် ပထမအကြိမ် ရပ်ရှား တော်လှန်ရေး ပေါ်ပေါက်လာတဲ့ အချိန်လို လူထုကြား ပေါ်ပေါ်ထင်ထင် လှုပ်ရှားခဲ့တဲ့ ကာလတွေလဲ ရှိခဲ့တယ်။

ဘော်ရှီဗစ်ပါတီရဲ့ ဒီလို ကြွယ်ဝတဲ့ အတွေ့အကြုံတွေဟာ ၁၉၁၉ ခုနှစ်ကနေ ၁၉၂၂ ခုနှစ်အတွင်း ကျင်းပခဲ့တဲ့ ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ ပထမ အကြိမ်ကနေ စတုတ္ထ အကြိမ်မြောက် ကွန်ဂရက်အထိ ကာလအတွင်း သီအိုရီဆိုင်ရာ အခြေခံ အုတ်မြစ် ဖြစ်လာခဲ့တယ်။ ဒါတွေအားလုံးဟာ ကွန်ဂရက် ဆွေးနွေးပွဲတွေကနေ ရှင်းလင်းပြတ်သားစွာ ထွက်ပေါ်လာခဲ့တယ်။

ပထမဆုံး ကွန်ဂရက် လေးခုရဲ့ ဆုံးဖြတ်ချက်တွေ၊ စာရွက်စာတမ်းတွေနဲ့ ကွန်ဂရက် မိန့်ခွန်းတွေကို လေ့လာကြည့်မယ်ဆိုရင် မာ့က်စ်ဝါဒ သီအိုရီရေးရာ အထင်ကရ ပုဂ္ဂိုလ်ကြီး နှစ်ယောက်ဖြစ်တဲ့ လီနင်နဲ့ ထရော့စကီးတို့ရဲ့ ပညာပေး အခန်းကဏ္ဍကို အင်မတန် ထင်ရှားစွာ တွေ့မြင်ရမယ်။ လီနင်နဲ့ ထရော့စကီးဟာ သူတို့ စုဆောင်းခဲ့တဲ့ အတွေ့အကြုံတွေနဲ့ အတွေးအခေါ်တွေကို ရှေ့တန်းရောက်လာတဲ့ တော်လှန်ရေး ခေါင်းဆောင် မျိုးဆက်သစ်တွေဆီ လက်ဆင့်ကမ်းပေးဖို့က သူတို့ရဲ့ တာဝန်ပဲလို့ သေချာ နားလည်ခဲ့ကြတယ်။ အဲဒီလိုနည်းနဲ့ သူတို့ဟာ ကမ္ဘာတဝှမ်း အသစ် ပေါ်ပေါက်လာနေတဲ့ ကွန်မြူနစ် ပါတီတွေကို အောင်ပွဲရရှိရေး မှန်ကန်တဲ့ နည်းလမ်းတွေနဲ့ ဗျူဟာတွေ တပ်ဆင်ပေးနိုင်ခဲ့တယ်။

## တိုက်ပွဲခေါ်သံ ပေးလိုက်တဲ့ ပထမအကြိမ် ကွန်ဂရက်

ကြီးမားတဲ့ ဖြစ်ရပ်တွေက တော်လှန်ရေးအတွက် ရေခံမြေခံတွေ ပြင်ဆင်ပေးတယ်၊ တဖန် အဲဒီအဖြစ်အပျက်တွေ ထွက်ပေါ်လာအောင် ပြင်ဆင်ပေးလိုက်တာကတော့ အရင်းရှင်စနစ်ရဲ့ အကျပ်အတည်းပဲ။ ၁၉၁၇ ရုပ်ရှား တော်လှန်ရေးဟာ ပထမ ကမ္ဘာစစ်ကြီးအပြီး ဥရောပတလွှား တော်လှန်ရေး လှိုင်းလုံးကြီး ရိုက်ခတ်သွားတဲ့ ကာလကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးလိုက်တယ်။ တော်လှန်ရေး ဖြစ်ဖို့ လိုအပ်တဲ့ ပကတိဘာဝ အခြေအနေတွေဟာ တနိုင်ငံပြီး တနိုင်ငံ ရင့်မှည့်နေခဲ့ပြီးပြီ၊ ဒါမှမဟုတ် ရင့်မှည့်လာနေပြီ။

၁၉၁၈ ဇန်နဝါရီလ၊ ဩစတြီးယား-ဟန်ဂေရီမှာ တော်လှန်ရေး အသွင်ဆောင်တဲ့ အထွေထွေ သပိတ်ကြီး ဖြစ်ခဲ့တယ်။ အဲဒီနှစ် နိုဝင်ဘာလမှာ ဂျာမန် တော်လှန်ရေး စဖြစ်တယ်။ တော်လှန်ရေးကြောင့် ဂျာမန် အင်ပါယာရှင် နန်းကျတယ်။ တော်လှန်ရေးက စစ်ကြီးကို အဆုံးသတ်ပေးလိုက်တယ်။ ဂျာမန် ဆိုရှယ် ဒီမိုကရက်တစ် ပါတီ ခေါင်းဆောင်တွေ အစိုးရထဲ ရောက်သွားပြီး အရင်းရှင်တွေ လက်ထဲ အာဏာပြန်အပ်ဖို့ တတ်နိုင်သမျှ အကုန် လုပ်ခဲ့ကြတယ်။ ဩစတြီးယားမှာ တော်လှန်ရေး ပြန်ဖြစ်တော့လည်း ဩစတြီးယား ဆိုရှယ် ဒီမိုကရက်တွေက ဂျာမန် ပါတီနည်းတူ အလုပ်သမားထုကို သစ္စာဖောက်ခဲ့ကြပြန်တယ်။

အဲဒီအချိန် ဒုတိယ အင်တာနေရှင်နယ်မှာ အုပ်စုကြီး သုံးခု ကွဲသွားတယ်။ ပထမ အုပ်စုကတော့ စစ်အတွင်း ဖြောင်ကျကျ သစ္စာဖောက်ခဲ့တဲ့ ရှော်ဗင်ဝါဒီတွေပဲ။ ဒုတိယ အုပ်စုကတော့ သူတို့ရဲ့ အချောင်သမား လုပ်ရပ်တွေကို တော်လှန်ရေး သကာရည် စကားအလှနဲ့ ဖုံးကွယ်ထားတဲ့ အုပ်စု၊ ဒီအုပ်စုကို လီနင်က 'ဗဟိုဝါဒီတွေ' လို့ ခေါ်တယ်။ ကားလ်ကောက်စကီးက ဒီ ဒုတိယ အုပ်စုရဲ့ ခေါင်းဆောင်ပဲ။ တတိယ အုပ်စုကတော့ တဖြည်းဖြည်း ကြီးထွားလာနေတဲ့ တော်လှန်ရေး အင်အားစုပဲ၊ အဲဒီအထဲက အများစုဟာ ဒုတိယ အင်တာနေရှင်နယ်ကနေ ခွဲထွက်ပြီး သက်ဆိုင်ရာ နိုင်ငံအသီးသီးမှာ ကွန်မြူနစ်ပါတီတွေ တည်ထောင်ခဲ့ကြတယ်။

ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ ပထမအကြိမ် ကွန်ဂရက်ကို ၁၉၁၉ မတ်လ ၂ ရက်ကနေ ၆ ရက်အထိ မော်စကိုမှာ ကျင်းပခဲ့တယ်။ ကမ္ဘာတလွှားက တော်လှန်ရေး အင်အားစုတွေကို တစုတစည်းတည်း ဖြစ်အောင် စုစည်းဖို့ ရည်ရွယ် ကျင်းပခဲ့တာ ဖြစ်တယ်။ ပြည်တွင်းစစ် အရှိန်တက်နေချိန် မော်စကိုအထိ ခရီးသွားလာဖို့ အလွန်ခက်ခဲသလို ရယ်ဒီကယ် လှိုင်းရဲ့ ကနဦး အဆင့်ပဲ ရှိသေးတယ်။ ဒါကြောင့်လည်း ကွန်ဂရက်ကို တက်ရောက်တဲ့ ကိုယ်စားလှယ်က ၅၂ ယောက်ပဲ ရှိခဲ့တယ်။ အဲသလို အနေအထားမျိုးမှာ ကွန်ဂရက် ကျင်းပခြင်းဟာ တိုက်ပွဲ ခေါ်သံ ပေးလိုက်တဲ့ သဘော ပိုသက်ရောက်တယ်။ ကမ္ဘာ့ တော်လှန်ရေး ဖြစ်စဉ် ရင့်ကျက်လာတာနဲ့အမျှ ကမ္ဘာတလွှား အင်အားကောင်းလာတဲ့ တော်လှန်သော လက်ဝဲ အင်အားစုတွေ အားကိုးအားထားပြုစရာ ဆုံချက်အဖြစ် တတိယ အင်တာနေရှင်နယ် ပေါ်ထွက်လာခြင်း ဖြစ်တယ်။



ဒီကွန်ဂရက်က လီယွန် ထရော့စကီး မူကြမ်းရေးထားတဲ့ ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့တယ်။ ယင်း ကြေညာစာတမ်းမှာ အခုလို ရဲရဲဝံ့ဝံ့ ကြေညာထားတယ်။

"တကယ် စစ်မှန်တဲ့ စနစ်တရပ်ဖြစ်တဲ့ ကွန်မြူနစ် စနစ်ကို ပစ္စည်းမဲ့ လူတန်းစားက တည်ဆောက်ရလိမ့်မယ်။ ပစ္စည်းမဲ့ လူတန်းစားက အရင်း အုပ်စိုးမှုကို အဆုံးသတ်ပေးရမယ်၊ စစ်ပွဲတွေ ဖြစ်မလာအောင် လုပ်ရမယ်၊ နိုင်ငံတော် အကန့်အသတ်တွေကို ဖြိုလှဲပစ်ရမယ်၊ တကမ္ဘာလုံးကို သမဝါယမကျကျ စုစည်းလုပ်ဆောင်တဲ့ နေသဟာယ လောကတရပ် ဖြစ်လာအောင် ပြောင်းလဲရမယ်၊ စစ်မှန်ပြီး လူသားဆန်တဲ့ သွေးချင်းသဖွယ် ချစ်ခင်မှုနဲ့ လွတ်လပ်မှုတို့ကို ဆောင်ကျဉ်းလာရမယ်။" [L Trotsky, 'Manifesto of the First Congress of the Comintern', The New International, Vol. 9, No. 6, 1943, pg 191]

ကွန်ဂရက် ကျင်းပရခြင်းရဲ့ အဓိက ရည်ရွယ်ချက်တွေထဲက တခုက ကောက်စကီရဲ့ ဗဟိုဝါဒီအုပ်စု အပါအဝင် ဒုတိယ အင်တာနေရှင်နယ်ရဲ့ ပြုပြင်ပြောင်းလဲရေးဝါဒီတွေနဲ့ ကွန်မြူနစ် အင်တာနေရှင်နယ်အကြား ပြတ်ပြတ်သားသား နယ်စည်းခြားလိုက်ဖို့ပဲ ဖြစ်တယ်။ ဒါကြောင့် ကွန်ဂရက်ရဲ့ ဆွေးနွေးချက် အများစုဟာ ပြုပြင်ရေးဝါဒီတွေ ဆန့်ကျင်ကြတဲ့ 'ပစ္စည်းမဲ့ အာဏာရှင်စနစ်'နဲ့ ဆိုဗီယက် ဒီမိုကရေစီ (ဆိုလိုတာက အလုပ်သမား အာဏာ) ကို အသိအမှတ်ပြုရေးအပေါ် အဓိက အာရုံစိုက်ခဲ့ကြတယ်။

ဒီအတွက်ပဲ ပထမအကြိမ် ကွန်ဂရက်ဟာ ကမ္ဘာ့ တော်လှန်ရေး အလံတော်ကို ကမ္ဘာတလွှားက အလုပ်သမားထု မြင်တွေ့နိုင်အောင် ခိုင်ခိုင်မာမာ လွှင့်ထူခဲ့တယ်။ နောက်ပိုင်း ဖြစ်ပေါ်လာတဲ့ မုန်တိုင်းထန်သော တိုက်ပွဲ ကာလမှာ ကွန်မြူနစ် အင်တာနေရှင်နယ် အသစ်က လူသန်းပေါင်း များစွာအတွက် အားကိုးအားထားပြုရာ ဖြစ်လာခဲ့တယ်။



elebration in Honour of the Opening of the Second Congress of the Comintern (1921), Isaak Brodsky

## ရယ်ဒီကယ်လှိုင်း ဒီရေမြင့်သစ်

လူတန်းစား တိုက်ပွဲဟာ ဆယ်စုနှစ်များစွာ အချိန်ယူ တည်ဆောက်ရတာ ဖြစ်တယ်။ ဒါပေမဲ့ အလုပ်သမားထုရဲ့ လူတန်းစား အသိစိတ် တရှိန်ထိုး တိုးတက်လာတာကို မြင်ရတဲ့ ကာလတွေလဲ ရှိတယ်။ ဗြိတိန်မှာ သပိတ် လှုပ်ရှားမှုကြောင့် ဆုံးရှုံးခဲ့ရတဲ့ အလုပ်ရက်ပေါင်း[2]က ၁၉၁၉ မှာ ၃၅ သန်း၊ ၁၉၂၁ မှာ ၈၆ သန်း ရှိခဲ့တယ်။ အလုပ်သမား သမဂ္ဂ အဖွဲ့ဝင် အရေအတွက်က ၁၉၁၄ ခုနှစ်မှာ ၄၁ သိန်း ရှိရာကနေ ၁၉၂၀ အရောက်မှာ ၈၃ သိန်းအထိ တိုးတက်လာတယ်။ လေဘာ ပါတီအပေါ် ထောက်ခံမှုပါ တိုးတက်လာခဲ့တယ်။ ဒါ့အပြင် လေဘာပါတီ (Labour Party) အပေါ် ထောက်ခံမှုလဲ အရှိန်အဟုန်နဲ့ မြင့်တက်လာတယ်။

ဂျာမနီ နိုင်ငံမှာတော့ ၁၉၁၉ ခုနှစ်မှာ သပိတ်မှောက်မှု အကြိမ်ရေ ၃,၆၈၂ ကြိမ် ရှိခဲ့ရာကနေ ၁၉၂၂ ခုနှစ်မှာ ၄,၃၄၈ ကြိမ်အထိ တိုးလာခဲ့တယ်။ ဆိုရှယ်လစ် အလုပ်သမား သမဂ္ဂတွေရဲ့ အဖွဲ့ဝင် အရေအတွက်ဟာ ၁၉၁၈ ခုနှစ်မှာ ၁.၈ သန်း ရှိခဲ့ရာကနေ ၁၉၁၉ ခုနှစ်မှာ ၅.၅ သန်းအထိ ဖြစ်လာခဲ့တယ်။ တနှစ်အတွင်းမှာတင် အလုပ်သမား ၄ သန်းနီးပါးလောက် အရှိန်အဟုန်နဲ့ တိုးတက်လာခဲ့တာ ဖြစ်ပါတယ်။ ၁၉၂၀ ပြည့်နှစ်အရောက်မှာတော့ ဆိုရှယ်လစ် သမဂ္ဂတွေတင်မကဘဲ သမဂ္ဂ အားလုံးရဲ့ အဖွဲ့ဝင် စုစုပေါင်းဟာ ၁၀ သန်းအထိ ရှိလာခဲ့တယ်။ ဒါဟာ ၁၉၁၈ ခုနှစ်မှာ စတင်ခဲ့တဲ့ တော်လှန်ရေးကို ကိန်းဂဏန်းတွေနဲ့ ဖော်ပြလိုက်တာပဲ ဖြစ်တယ်။

အီတလီမှာလည်း ဆိုရှယ်လစ်တွေ ဦးဆောင်တဲ့ အလုပ်သမား သမဂ္ဂ အဖွဲ့ချုပ် (CGL) ဟာ ၁၉၁၈ ခုနှစ်မှာ အဖွဲ့ဝင် ၂ သိန်းခွဲပဲ ရှိခဲ့ရာကနေ ၁၉၂၀ ပြည့်နှစ်မှာ ၂.၁ သန်းအထိ ဖြစ်လာခဲ့တယ်။ တချိန်တည်းမှာပဲ အီတလီ ဆိုရှယ်လစ် ပါတီ (PSI) ရဲ့ ပါတီဝင် အရေအတွက်ဟာလဲ အဲဒီ ကာလအတွင်း ၃ ဆကျော် တိုးတက်လာခဲ့တယ်၊ ၁၉၁၈ ခုနှစ်မှာ ပါတီဝင် ၆ သောင်း ရှိခဲ့ရာကနေ ၁၉၂၀ ပြည့်နှစ်မှာ ၂ သိန်း ၁ သောင်းအထိ ရှိလာခဲ့တယ်။ ဒီ (၂)နှစ်အတွင်း သပိတ် တိုက်ပွဲ လှိုင်းကြီး အကြီးအကျယ် ဖြစ်ပေါ်ခဲ့ပြီး ၁၉၂၀ စက်တင်ဘာလမှာတော့ စက်ရုံတွေကို သိမ်းပိုက်တဲ့အထိ အရှိန်အဟုန် မြင့်တက်သွားခဲ့တယ်။

အခြား နိုင်ငံ အတော်များများမှာလည်း အလားတူ ကိန်းဂဏန်းတွေကို တွေ့နိုင်တယ်။ အတိုချုံး ပြောရရင် နေရာတိုင်းမှာ အလုပ်သမား သမဂ္ဂတွေဟာ အဆမတန် ကြီးထွားလာခဲ့သလို၊ ပစ္စည်းမဲ့ လူတန်းစားရဲ့ ပါတီတွေလဲ သိသိသာသာ အားကောင်းလာခဲ့တယ်။

တချိန်တည်းမှာပဲ နေရာတိုင်းက အလုပ်သမား သမဂ္ဂ ခေါင်းဆောင်တွေဟာ ကွန်ဆာဗေးတစ်ဆန်ဆန် ပြုမူခဲ့ကြတယ်။ အလုပ်သမားထုကို ရှေ့ဆက် မတိုးနိုင်အောင် ဟန့်တားထားခဲ့ကြတယ်။ အဲသလိုပဲ အလုပ်သမား လူတန်းစားရဲ့ နိုင်ငံရေး ခေါင်းဆောင်ပိုင်းကလဲ ဖြောင် သစ္စာဖောက်နေခဲ့ကြတယ်။

ဒီလို အတွေ့အကြုံတွေကြောင့်ပဲ ဆိုရှယ်လစ် ပါတီတွေအတွင်း အားကောင်းတဲ့ လက်ဝဲ အင်အားစုတွေ ပေါ်ထွက်လာခဲ့တယ်။ ဂျာမနီ၊ ပြင်သစ်နဲ့ အီတလီလို နိုင်ငံတွေက ကွန်မြူနစ် ပါတီကြီး တချို့ဟာ အဲဒီလို လက်ဝဲ အင်အားစုတွေကနေ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်တယ်။

ဒီဖြစ်စဉ် ဘယ်လို ဖြစ်ပေါ် ပြောင်းလဲသွားသလဲ ဆိုတာနဲ့ ပတ်သက်လို့ နေရာတိုင်းနဲ့ ကိုက်ညီတဲ့ ပုံသေနည်းရယ်လို့ မရှိပါဘူး။ ပြင်သစ်၊ အီတလီနဲ့ ဂျာမနီတို့မှာ ကွန်မြူနစ် ပါတီတွေရဲ့ အစိက အင်အားစုဟာ ဆိုရှယ် ဒီမိုကရေစီ အင်အားစု အဟောင်းထဲက ပေါ်ထွက်လာခဲ့ခြင်း ဖြစ်တယ်။

---

2-အလုပ်သမား ၁၀၀ ရှိတဲ့ စက်ရုံတခုမှာ သပိတ်မှောက်ပြီ ဆိုပါစို့၊ ဆယ်ရက်တာ သပိတ်မှောက်ပြီဆိုရင် အဲဒီစက်ရုံ ဆုံးရှုံးသွားတဲ့ အလုပ်ရက် အရေအတွက်က ၁၀၀×၁၀ = ၁၀၀၀ ဖြစ်သွားပါတယ်။ ဒါကြောင့် ခေတ်သစ် အလုပ်သမား လူတန်းစား တကယ် သပိတ်မှောက်ရင် အလုပ်ရှင်တွေရဲ့ စီးပွားရေးကို အကြီးအကျယ် ကိုင်လှုပ်နိုင်တာ ဖြစ်တယ်။ ဒီကိန်းဂဏန်း ကြီးရင် ကြီးသလို တည်ဆဲ စနစ်အပေါ် ရိုက်ခတ်မှုကလည်း ကြီးလာတယ်- ရှင်မင်းဟန်

ဖြိုတိန်လို တခြား တိုင်းပြည်တွေမှာကျ တော်လှန်ရေး အဖွဲ့ငယ်လေးတွေ စုပေါင်းပြီး ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ နိုင်ငံအဆင့် အဖွဲ့ခွဲတွေ ဖြစ်လာကြတယ်။ အာရှ၊ အာဖရိကနဲ့ လက်တင် အမေရိက တခွင်က တခြား နေရာတွေမှာတော့ ကွန်မြူနစ် ပါတီတွေကို လက်တဆုပ်စာ ကေဒါ အနည်းငယ်နဲ့ စတင် တည်ဆောက်ခဲ့ကြတာ ဖြစ်ပြီး တရုတ် နိုင်ငံဟာ အဲဒီအတွက် အထင်ရှားဆုံး ဥပမာတခုပဲ။

## ပြင်သစ်

ပြင်သစ် ဆိုရှယ်လစ်ပါတီ (French Section of the Workers' International - SFIO) ရဲ့ အဖွဲ့ဝင်ထုဟာ ပြင်သစ်နိုင်ငံတွင်း အကျပ်အတည်းရဲ့ ရိုက်ခတ်မှုနဲ့ ရပ်ရှား တော်လှန်ရေးရဲ့ သက်ရောက်မှုကို ခံစားခဲ့ရတယ်။ ၁၉၂၀ ပြည့်နှစ်မှာ ပါတီ ကွန်ဂရက် နှစ်ခု ကျင်းပခဲ့တယ်။ ဖေဖြိုလထဲမှာ ကျင်းပတဲ့ ကွန်ဂရက်မှာ ဆိုဗီယက် ရပ်ရှားကို သွားရောက်ဖို့ ကိုယ်စားလှယ် အဖွဲ့ တဖွဲ့ကို အမည်စာရင်း တင်သွင်းခဲ့တယ်။ အဲဒီနှစ် ဒီဇင်ဘာလကုန်မှာတော့ တိုးစ် (Tours) မြို့မှာ ဒုတိယမြောက် ကွန်ဂရက်ကို ကျင်းပခဲ့တယ်။



Italian Communist Party membership card, 1923



Red guards at an occupied factory in Italy, 1920

SFIO ရဲ့ အထွေထွေ အတွင်းရေးမှူး လျူဒိုဗစ်ခ်-အော်စကာ ဖော့ဆာ့ခ်နဲ့ ပါတီစာစောင် L'Humanité ရဲ့ အယ်ဒီတာ အသစ် မာ့ခ်ဆဲလ်ကာ့ချင်းန်တို့ဟာ ကွန်မြူနစ် အင်တာနေရှင်နယ်ထဲကို ဘာကန့်သတ်ချက်မှ မထားဘဲ တင်းပြည့် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ဖို့ ဆော်ဩခဲ့တယ်။ ဒီအဆိုကို ဆန့်ကျင်တာကတော့ နာမည်ကြီး လွှတ်တော်အမတ် လီယွန်ဘလွန်းမ် ဦးဆောင်တဲ့ လက်ယာဂိုဏ်း။ ယန်းန် လွန်းဂေ ကတော့ တတိယ အဆိုတခု တင်ပြတယ်။ ကွန်မြူနစ် အင်တာနေရှင်နယ်ထဲကို ဝင်တော့ ဝင်မယ်၊ 'အကန့်အသတ်တချို့' ထားရမယ်လို့ ဆိုတယ်။ ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ လုပ်ငန်းစဉ်နဲ့ အခြေခံ မူတွေကို အပြည့်အဝ မလိုက်နာဘူးဆိုတဲ့ သဘော။

ကွန်ဂရက်ထဲ တင်ပြလာတဲ့ အမျိုးမျိုးသော အဆိုတွေကို ကြားနာပြီး နောက်မှာတော့ ကွန်ဂရက်ကိုယ်စားလှယ် အများစုကြီးက ကွန်မြူနစ် အင်တာနေရှင်နယ်ထဲကို အဖွဲ့ဝင်အဖြစ် ဝင်ရောက်ဖို့ မဲပေးခဲ့ကြတယ်။ ထောက်ခံမဲ ၃,၂၅၂ မဲ၊ ကန့်ကွက်မဲ ၁,၀၂၂ မဲ ရှိခဲ့တယ်။ ပါတီရဲ့ လူငယ် အဖွဲ့ကတော့ ပြီးခဲ့တဲ့ လတချို့ကတည်းက ကွန်မြူနစ် လူငယ် အင်တာနေရှင်နယ်ကို ဝင်ရောက်ဖို့ ဆုံးဖြတ်ချက် ကျခဲ့ပြီးသား ဖြစ်တယ်။

နောက် လတချို့ အကြာမှာတော့ ပါတီအမည်ကို ကွန်မြူနစ် ပါတီ - ကွန်မြူနစ် အင်တာနေရှင်နယ်၏ ပြင်သစ် ဌာနခွဲ (Communist Party -French Section of the Communist International / PC-SFIC) လို့ ပြောင်းလဲလိုက်တယ်။ ပါတီဝင် ၁၁၀,၀၀၀ ရှိခဲ့တယ်။ လီယွန် ဘလွန်းမ် ကတော့ ပါတီဝင် လေးသောင်းနဲ့အတူ SFIO ကနေ ခွဲထွက်သွားခဲ့တယ်။

## အီတလီ

အီတလီမှာ PSI က ၁၉၁၉ မတ်လမှာ ကွန်မြူနစ် အင်တာနေရှင်နယ်ထဲ တရားဝင် ဝင်ရောက်ခဲ့တယ်။ ၁၉၁၉ အောက်တိုဘာလက ဘိုလော့ဂ်နာမှာ ကျင်းပတဲ့ ကွန်ဂရက်မှာဆိုရင် အီတလီမှာ ဆိုဗီယက်တွေ တည်ထောင်ဖို့နဲ့ အရင်းရှင် ဒီမိုကရေစီကို ဖြုတ်ချဖို့အထိ တောင်းဆိုခဲ့တယ်။ ဒါပေမဲ့ ဒါဟာ စကားလုံးသက်သက်ပဲ ဖြစ်တယ်၊ လက်တွေ့မှာတော့ ဒီဆုံးဖြတ်ချက်တွေအတိုင်း တစိုက်မတ်မတ် အကောင်အထည်ဖော်ဖို့ ဘာမှ မယ်မယ်ရရ မလုပ်ခဲ့ဘူး။

ဘိုလော့ဂ်နာ ကွန်ဂရက်ဟာ ပါတီ အောက်ခြေ အဖွဲ့ဝင်တွေရဲ့ တကယ့် ဆန္ဒကို ဖော်ပြရုံပဲ ရှိခဲ့တယ်၊ ဒါပေမဲ့ အဲဒီဆန္ဒတွေကို ပြုပြင်ပြောင်းလဲရေးဝါဒီတွေနဲ့ ဗဟိုဝါဒီ ခေါင်းဆောင်တွေက ပိတ်ဆို့ဟန့်တားခဲ့ကြတယ်။

၁၉၂၀ စက်တင်ဘာလ စက်ရုံတွေ သိမ်းပိုက်ထားစဉ် ပြုပြင်ပြောင်းလဲရေးဝါဒီတွေရဲ့ သစ္စာဖောက် လုပ်ရပ်ဟာ ပါတီတွင်း စစ်မှန်တဲ့ တော်လှန်ရေး ဂိုဏ်းနဲ့ တွေဝေယိမ်းယိုင်သော ဗဟိုဝါဒီ၊ ပြုပြင်ပြောင်းလဲရေးဝါဒီတို့ကြား ကွဲပြားမှုကို ပိုမြန်သွားစေခဲ့တယ်။

ကွန်မင်တန် (Comintern) ဒုတိယအကြိမ် ကွန်ဂရက်က 'ကွန်မြူနစ် အင်တာနေရှင်နယ် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် စည်းကမ်းချက်များ'ကို ချမှတ်ထားတယ်။ 'စည်းကမ်း ၂၁ ချက်'လို့ ခေါ်လေ့ရှိတယ်။ ဒီစည်းကမ်းချက်တွေက ကွန်မြူနစ် အင်တာနေရှင်နယ်နဲ့ အချောင်သမား လမ်းစဉ်အကြား စည်းခြားထားဖို့ ချမှတ်ခဲ့ခြင်း ဖြစ်တယ်။ ၁၉၂၁ ဇန်နဝါရီလ၊ လဗော်ရ်နိုမှာ အီတလီ ပါတီကွန်ဂရက် ကျင်းပတော့ ကွန်မင်တန်ရဲ့ စည်းကမ်း ၂၁ ချက်ကို အကြိတ်အနယ် ဆွေးနွေးခဲ့ကြတယ်။ ပါတီရဲ့ ပြုပြင်ရေးဝါဒီ ဂိုဏ်းနဲ့ ပြုပြင်ရေးဝါဒီခေါင်းဆောင်တွေကို

ထုတ်ပစ်ဖို့၊ အထူးသဖြင့် ဖိလစ်ပို တုရာတီနဲ့ ဂွိဆက်ပ်ပီ မိုဒီဂလျာနီကို ပါတီကနေ ထုတ်ပယ်ပစ်ရေး ပြဿနာကို အတိအလင်း တင်ပြလာတာ ဖြစ်တယ်။

နောင်မှာ အီတလီ ကွန်မြူနစ် ပါတီ ခေါင်းဆောင် ဖြစ်လာမယ့် အာမေဒီယို ဘော်ဒီဂါက စည်းကမ်းချက် ၂၁ ချက်လုံး အပြည့်အဝ လက်ခံ လိုက်နာရေး အဆိုကို ထောက်ခံ ဆွေးနွေးခဲ့တယ်။ ပါတီတွင်း ဗဟိုဝါဒီ အများစုရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဂျီယာဆင်တို ဆာရက်တီကတော့ စည်းကမ်းချက် ၂၁ ချက်လုံး အပြည့်အဝ လိုက်နာရေး အဆိုကို ငြင်းပယ် ကန့်ကွက်ခဲ့တယ်။

ကွန်ဂရက်ကို တင်သွင်းတဲ့ ဆုံးဖြတ်ချက် သုံးရပ်မှာ ဆာရက်တီက ပါတီဝင် ၁၀၀,၀၀၀ ရဲ့ ထောက်ခံမှုကို ရရှိခဲ့ပြီး၊ လက်ယာဂိုဏ်းက ပါတီဝင် ၁၅,၀၀၀ ရဲ့ ထောက်ခံမှုကို ရရှိခဲ့တယ်။ ကွန်မြူနစ်တွေကို ထောက်ခံတဲ့ ပါတီဝင် ၅၈,၀၀၀ ရှိခဲ့တယ်။

အဲဒီနောက်မှာတော့ ကွန်မြူနစ်တွေဟာ အင်တာနေရှင်နယ် သီချင်းကို ကြိုးရင့်ပြီး ကွန်ဂရက်ကနေ ထွက်လာခဲ့ကြတယ်။ ဆန်မာကို ပြဇာတ်ရုံမှာ စုရုံးပြီး ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ အီတလီ ဌာနခွဲဖြစ်တဲ့ အီတလီ ကွန်မြူနစ် ပါတီ (PCd'I) ကို တည်ထောင်လိုက်တယ်။

## ဂျာမနီ

ဂျာမနီမှာတော့ အဖြစ်အပျက်တွေက ပြင်သစ်တို့၊ အီတလီတို့လောက် မရိုးရှင်းဘူး။ သို့ပေမဲ့လည်း ဖြစ်ပေါ် တိုးတက်မှုကတော့ မနီးယိုးစွဲ ရှိတယ်။ နောင်မှာ ဂျာမနီ ကွန်မြူနစ် ပါတီဝင်တွေ ဖြစ်လာမယ့် ပါတီဝင် အများစုကြီးဟာ စစ်ကြီးအပြီး နောက်ဆက်တွဲ တော်လှန်ရေး ဖြစ်ရပ်တွေကြောင့် အဆမတန် အင်အားကြီးထွားလာတဲ့ ဂျာမန် ဆိုရှယ် ဒီမိုကရက်တစ် ပါတီ (SPD) ပါတီဝင်ထုကနေပဲ ဆင်းသက်လာတာ ဖြစ်တယ်။

အစောပိုင်းမှာတော့ စစ်မှန်တဲ့ တော်လှန်ရေးသမားတွေဟာ ဂျာမန် ပါတီအတွင်းက နိုင်ငံတကာဝါဒီ အုပ်စုကို အခြေခံပြီး စုရုံးမိခဲ့ကြတယ်။ ဒီအုပ်စုဟာ နောင်မှာ စပါတာဆစ်တ် (Spartacists) ရယ်လို့ လူသိများလာမယ့် အစုပဲ။ ၁၉၁၇ ဧပြီမှာ USPD လို့ခေါ်တဲ့ 'သီးခြား ရပ်တည်သူများ' ပေါ်ထွက်လာမှုနဲ့အတူ ဂျာမန် ပါတီတွင်း ကြီးမားတဲ့ အကွဲအပြဲတခု ပေါ်ပေါက်ခဲ့တယ်။ စပါတာဆစ်တ်တွေဟာ USPD နဲ့အတူ ရပ်တည်ခဲ့ပေမဲ့ ၁၉၁၈ နိုဝင်ဘာလ ဂျာမန် တော်လှန်ရေး ပေါက်ကွဲထွက်လာတဲ့ နောက်မှာတော့ USPD နဲ့ လမ်းခွဲပြီး ၁၉၁၈ နှစ်ကုန်ပိုင်းမှာ ကွန်မြူနစ် ပါတီကို တည်ထောင်ခဲ့ကြတယ်။

SPD ရဲ့ ပြုပြင်ရေးဝါဒ၊ ကောက်စကီး အပါအဝင် USPD ခေါင်းဆောင် အများစုရဲ့ အချောင်သမားဝါဒတွေကို ဆန့်ကျင်ခဲ့ရခြင်းဟာ ကွန်မြူနစ် ပါတီအပေါ် သက်ရောက်မှု ကြီးမားခဲ့တယ်။ ဒီ အကျိုးဆက်ကြောင့် ကွန်မြူနစ် ပါတီဟာ မွေးဖွားလာကတည်းက လက်ဝဲစွန်း အတွေးအခေါ် ကူးစက်ခံထားရပြီး ဖြစ်တယ်။ ဥပမာထုတ်ပြရရင် ကွန်မြူနစ် ပါတီဟာ အလုပ်သမား သမဂ္ဂတွေကို သပိတ်မှောက်ခဲ့သလို ၁၉၁၉ ဇန်နဝါရီမှာ ကျင်းပတဲ့ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲမှာ ပါဝင်ဖို့လဲ ငြင်းဆန်ခဲ့တယ်။ ၁၉၁၉ ဇန်နဝါရီမှာ အခြေအနေတွေ မရင့်မှည့်သေးဘဲ အချိန်မတိုင်ခင် လှုပ်ရှားထကြွခဲ့တဲ့ 'စပါတာဆစ်တ် ပုန်ကန်မှု'လို ကမူးရှူးထိုး စွန့်စားရေးဝါဒ (adventurism) ဆန်ဆန်လဲ လုပ်လေ့ရှိတယ်။ ပုန်ကန်မှုဖြစ်ပြီး မကြာခင်မှာပဲ ပါတီရဲ့ ရှေ့တန်းအရောက်ဆုံး ခေါင်းဆောင်နှစ်ဦး ဖြစ်တဲ့ ရိုဆာ လူဇင်ဘက်နဲ့ ကားလ်လိုက်ဘညက်တို့ ကွပ်မျက်ခံခဲ့ရတယ်။ အဲဒီနောက်မှာတော့ ပါတီရဲ့ လက်ဝဲစွန်း ယိမ်းယိုင်မှုကို ထိန်းချုပ် ပဲ့ကိုင်ပေးနိုင်လောက်အောင် အတွေ့အကြုံ ရင့်ကျက်တဲ့ ခေါင်းဆောင်တွေ နည်းသထက် နည်းသွားခဲ့တယ်။

'သီးခြားလွတ်လပ်စွာ ရပ်တည်သော ဂျာမန် ဆိုရှယ်ဒီမိုကရက်တစ် ပါတီ' (USPD) ကပဲ အင်အားကြီး အဖွဲ့အစည်းအဖြစ် ပေါ်ထွက်လာခဲ့တယ်။ ၁၉၁၉ မတ်လမှာ ပါတီဝင် အင်အား သုံးသိန်း ရှိခဲ့ပြီး ၁၉၂၀ ဧပြီလမှာ ပါတီဝင် ရှစ်သိန်းအထိ မြန်မြန်ဆန်ဆန် တိုးတက်သွားခဲ့တယ်။

အလုပ်သမား လူတန်းစား တရပ်လုံး ထုနဲ့ထည်နဲ့ ရယ်ဒီကယ် လှိုင်း ဒီရေတက်လာတဲ့အခါ USPD ဟာ လမ်းကြောင်း တခုသဖွယ် ဖြစ်လာခဲ့တယ်။ ရလဒ်အနေနဲ့ USPD ပါတီဝင်ထု အများစုဟာ စည်းကမ်းချက် ၂၁ ရပ်ကို လက်ခံပြီး ၁၉၂၀ အောက်တိုဘာ ကွန်ဂရက်မှာတော့ ကွန်မြူနစ် အင်တာနေရှင်နယ်ကို အပြည့်အဝ နာခံဖို့ ဆုံးဖြတ်မဲ ပေးခဲ့ကြတယ်။ ဂျာမနီ ကွန်မြူနစ် ပါတီ (KPD) နဲ့လဲ ပေါင်းစည်းလိုက်တယ်။ ဒီဖြစ်စဉ်အတွင်း ပါတီ နှစ်ခြမ်း ကွဲခဲ့ပြီး လက်ယာဂိုဏ်းက ပါတီကို စွန့်ခွာသွားခဲ့တယ်။ ဒီလိုနည်းနဲ့ ပါတီဝင် အင်အား ငါးသိန်း ပါဝင်ပြီး ဆိုဗီယက် ရပ်ရှား ပြင်ပမှာ အကြီးမားဆုံး ကွန်မြူနစ် ပါတီကြီး ပေါ်ထွက်လာခဲ့တယ်။

## ဗြိတိန်

ပြင်သစ်၊ အီတလီနဲ့ ဂျာမနီတို့မှာ ဆိုရှယ် ဒီမိုကရက်တစ် ပါတီဟောင်းတွေရဲ့ လက်ဝဲ အင်အားစုထဲကနေ အားကောင်းသော ကွန်မြူနစ် ပါတီတွေ ထွက်ပေါ်လာတဲ့ အခိုင်အမာ ဥပမာ ဖြစ်ရပ်တွေကို တွေ့ခဲ့ရတယ်။ သို့ပေမဲ့ ဗြိတိန်မှာတော့ သေးငယ်တဲ့ မာ့က်စ်ဝါဒီ အစုအဖွဲ့လေးတွေ စုစည်း ပေါင်းစပ်ပြီး ကွန်မြူနစ် ပါတီကို ၁၉၂၀ ပြည့်နှစ်မှာ ထူထောင်ခဲ့တာ ဖြစ်တယ်။ ဒီအစုအဖွဲ့တွေထဲမှာ ဗြိတိန် ဆိုရှယ်လစ် ပါတီ (British Socialist Party)၊ ဆိုရှယ်လစ် လေဘာ ပါတီရဲ့ ကွန်မြူနစ် ညီညွတ်ရေး အုပ်စု (Communist Unity Group of the Socialist Labour Party) ၊ တောင်ပိုင်း ဝေးလ်စ် ဆိုရှယ်လစ် အသင်း (South Wales Socialist Society) တို့ ပါဝင်ခဲ့တယ်။ နောက်တနှစ် အကြာမှာ စကော့တလန် ကွန်မြူနစ် အလုပ်သမား ပါတီ (Scottish Communist Labour Party) လဲ ပါဝင်လာခဲ့တယ်။

ဂျာမနီနဲ့ အီတလီမှာလိုပဲ ဗြိတိန် ပါတီဟာလဲ အစပိုင်းမှာ အစွန်းရောက် လက်ဝဲယိမ်းတဲ့ အယူအဆတွေ ကူးစက်ခံခဲ့ရတယ်။ တချို့က ပါလီမန် လုပ်ငန်းတွေကို ငြင်းပယ်သင့်တယ်လို့ ယူဆကြသလို၊ ပါတီအနေနဲ့ လေဘာပါတီ (Labour Party) နဲ့ ကင်းကင်းရှင်းရှင်း ရှိသင့်တယ်လို့လဲ ယူဆခဲ့ကြတယ်။

ဒါပေမဲ့ ဗြိတိန်က အလုပ်သမားထု အများစုဟာ လေဘာ ပါတီကိုပဲ ခိုကိုးရာအဖြစ် မြင်နေကြဆဲ ဖြစ်တယ်ဆိုတဲ့ ပြဿနာကို ရှောင်လွှဲလို့ မရဘူး။ ဒါကြောင့် ဗြိတိသျှ ကွန်မြူနစ်တွေကို လေဘာပါတီ အတွင်းနဲ့ ပတ်ဝန်းကျင်မှာ အလုပ်လုပ်တတ်အောင် ပညာပေးဖို့၊ လမ်းကြောင်းမှန်ပေါ် ရောက်အောင် တည့်မတ်ပေးဖို့ 'လက်ဝဲဂိုဏ်း' ကွန်မြူနစ် သူငယ်နာ စာအုပ်ထဲမှာ လီနင်က အခန်းတခန်း သီးသန့်ပေးပြီး ရေးသားခဲ့တာ ဖြစ်တယ်။ ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ ဒုတိယအကြိမ် ကွန်ဂရက်မှာလဲ ဒီကိစ္စကို အသေးစိတ် ဆွေးနွေးဖို့အတွက် ကဏ္ဍ တခုစာ သီးခြား အချိန်ပေးခဲ့တယ်။

## ဒုတိယအကြိမ် ကွန်ဂရက်

၁၉၂၀ခုနှစ် ဇူလိုင် ၁၉ရက်ကနေ ဩဂုတ် ၇ရက် အတွင်း ကျင်းပခဲ့တဲ့ ကွန်မင်တန် ဒုတိယအကြိမ် ကွန်ဂရက် အခင်းအကျင်းနဲ့ လုပ်ငန်း တာဝန်တွေကို ကြည့်ရင် ကမ္ဘာတလွှားက အလုပ်သမား လူတန်းစား အလွှာတရပ် တော်လှန်ရေး စိတ်ဓါတ် ဒီရေ မြင့်တက်လာတယ်ဆိုတာ တွေ့ရမယ်။ ပထမအကြိမ် ကွန်ဂရက်ဟာ ကွန်မြူနစ် အစုအဖွဲ့ငယ်လေးတွေကို စုစည်းကြဖို့ ဆော်ဩနှိုးဆော်တဲ့

သဘောသာဆောင်ခဲ့ပေမဲ့လဲ ဒုတိယအကြိမ် ကွန်ဂရက်မှာတော့ အင်တာနေရှင်နယ် အသစ်ရဲ့ လုပ်ငန်းစဉ်နဲ့ နည်းနာတွေကို ရှင်းရှင်းလင်းလင်း ကျေလည်စေဖို့အတွက် ကမ္ဘာတဝန်းက ပါတီနဲ့ အဖွဲ့အစည်းပေါင်း ၅၄ ခုက ကိုယ်စားလှယ် ၂၁၈ဦး စေလွှတ်ခဲ့ကြတယ်။

ဆိုရှယ်လစ်ပါတီ အတော်များများရဲ့ ပါတီဝင်ထု အများစုကြီးဟာ ကွန်မြူနစ် အင်တာနေရှင်နယ်နဲ့ ချိတ်ဆက်ချင်ကြတယ်။ ဒီတော့ ပြုပြင်ရေးဝါဒီ ခေါင်းဆောင်ဟောင်းတွေ၊ ပါတီ အရာရှိတွေက သူတို့ရဲ့ အရေးပါ အရာရောက်မှုကို ဆက်ထိန်းဖို့ ကြိုးစားတဲ့ အနေနဲ့ ကွန်မြူနစ် အင်တာနေရှင်နယ်ထဲ ခုန်ကူး ပါလာနိုင်တဲ့ အန္တရာယ်ရှိတယ်။

အီတလီ ဆိုရှယ်လစ်ပါတီ (PSI) ကို ဥပမာအနေနဲ့ ပြလို့ရတယ်။ ၁၉၁၈-၂၀ ကာလအတွင်း အီတလီမှာ လူတန်းစား တိုက်ပွဲ ပြင်းထန်ခဲ့တယ်။ ဒါဟာ အီတလီ ဆိုရှယ်လစ် ပါတီဝင်ထု အလွှာအသီးသီးကို တော်လှန်ရေး စိတ်ဓါတ် မြင့်မားလာစေခဲ့တယ်။ ဒီပါတီဝင်ထုရဲ့ ဖိအားကြောင့်ပဲ အီတလီ ပါတီဟာ ကွန်မြူနစ် အင်တာနေရှင်နယ်ထဲ အလုံးအရင်းနဲ့ ဝင်ရောက်လာခဲ့တယ်။ ဒါပေမဲ့လည်း တူရာတီနဲ့ မိုဒီဂလျာနီတို့ ဦးဆောင်တဲ့ ပြုပြင်ရေးဝါဒီ ဂိုဏ်းက ပါတီထဲမှာ ရှိနေဆဲ ဖြစ်တယ်၊ အင်တာနေရှင်နယ်ရဲ့ တော်လှန်ရေး အတွေးအခေါ်တွေကို အတိုက်အခံပြု ဆန့်ကျင်နေဆဲ ဖြစ်တယ်။

ဒီအန္တရာယ်ကို ဒုတိယအကြိမ် ကွန်ဂရက် စတင်ချိန်ကတည်းက သတိထားမိခဲ့ကြတယ်။ ကွန်မြူနစ်တွေရဲ့ လုပ်ငန်းစဉ်နဲ့ ပြုပြင်ရေးဝါဒီတွေရဲ့ လုပ်ငန်းစဉ်ကြား ပြတ်ပြတ်သားသား စည်းခြားနိုင်ဖို့အတွက် ဆွေးနွေးပွဲ တသီကြီး ပြုလုပ်ခဲ့ရတယ်။ ကွန်မြူနစ် ပါတီတွေနဲ့ ဆိုဗီယက်တွေရဲ့ အခန်းကဏ္ဍ၊ လှုပ်ရှားမှု နည်းနာတွေကို ထည့်သွင်း ဆွေးနွေးခဲ့ကြတယ်။

ဒါတွေကို လီနင်ကိုယ်တိုင် မူကြမ်းရေးဆွဲခဲ့တဲ့ စည်းကမ်းချက် ၂၁ ချက်ထဲမှာ အခုလို အနှစ်ချုပ် ဖော်ပြထားတယ် -

“မကြာသေးခင်ကအထိ ဒုတိယ အင်တာနေရှင်နယ်နဲ့ ဆက်နွှယ်ခဲ့တဲ့ ပါတီတွေနဲ့ အဖွဲ့အစည်းတွေဟာ ကွန်မြူနစ် စစ်စစ်တွေ မဖြစ်သေးပေမဲ့လည်း တတိယ အင်တာနေရှင်နယ်ထဲကို ဝင်ဖို့ လျှောက်ထားတာတွေ တနေ့တခြား ပိုများလာတယ်။ ဒုတိယ အင်တာနေရှင်နယ်ကတော့ လုံးဝ ကျရှုံးသွားပြီ။ ဒုတိယ အင်တာနေရှင်နယ်မှာ မျှော်လင့်စရာ မရှိတော့ဘူး ဆိုတာကို သိတော့ ‘ဗဟိုဝါဒီ’ အင်အားစု၊ ကြားနေပါတီနဲ့ အုပ်စုတွေက တဖြည်းဖြည်း အင်အားကောင်းလာနေတဲ့ ကွန်မြူနစ် အင်တာနေရှင်နယ်ကို ဆင်ဖြူတော်မှီပြီး ကြံစုပ်ဖို့ စဉ်းစားနေကြတယ်။ ဒါပေမဲ့ တချိန်တည်းမှာပဲ သူတို့ဟာ အရင်တုန်းက လုပ်ခဲ့တဲ့ အချောင်သမားဝါဒီ ဒါမှမဟုတ် ‘ဗဟိုဝါဒီ’ ပေါ်လစီတွေကို ဆက်လုပ်နိုင်ဖို့ ‘ကိုယ့်သဘောနဲ့ကိုယ် လုပ်ပိုင်ခွင့်’ကို ဆက်လက် ထိန်းသိမ်းထားချင်ကြတယ်။ ကွန်မြူနစ် အင်တာနေရှင်နယ်ဟာ အတိုင်းအတာတခုအထိ ခေတ်စားလာနေတယ်။

“တတိယ အင်တာနေရှင်တယ်ဟာ ကမ္ဘာတဝှမ်းက လူတန်းစား အသိရှိတဲ့ အလုပ်သမား အမြောက်အမြားရဲ့ ထောက်ခံမှုကို ရရှိထားပြီး နေ့စဉ်နဲ့အမျှ ပိုပြီး အင်အားတောင့်တင်းတဲ့ အဖွဲ့အစည်း ဖြစ်လာနေတယ်။ ’ဗဟိုဝါဒီ’ ဦးဆောင်အုပ်စု တချို့ တတိယ အင်တာနေရှင်နယ်ကို ဝင်ရောက်ချင်နေကြတာဟာ ဒီအချက်ကို သွယ်ဝိုက်ပြီး အတည်ပြုပေးနေတာပဲ ဖြစ်တယ်။

“တချို့သော အခြေအနေတွေကျရင် ဒုတိယ အင်တာနေရှင်နယ်ရဲ့ အတွေးအခေါ်တွေနဲ့ ပြတ်ပြတ်သားသား လမ်းခွဲမထားတဲ့ ဇဝေဇဝါ



ယောင်ဝါးဝါး အုပ်စုတွေ အလုံးအရင်းနဲ့ ဝင်ရောက်လာမှုကြောင့် ကွန်မြူနစ် အင်တာနေရှင်နယ်ပါ အရည်အသွေး လျော့ကျ အားနည်းသွားနိုင်တဲ့ အန္တရာယ်ကို ရင်ဆိုင်ရနိုင်တယ်” [V I Lenin, ‘Terms of Admission into Communist International’, Lenin Collected Works, Vol. 31, Progress Publishers, 1966, pg 206-207, emphasis added]

အဲသလို ဂယောင်ခြောက်ခြား ရောဂါစွဲကပ်မှုမျိုး အင်တာနေရှင်နယ်အသစ်မှာ ရှိမလာစေဖို့အတွက် စည်းကမ်းချက် အမှတ်(၇)မှာ အခုလို တိတိကျကျ ပြဋ္ဌာန်းထားတယ် -

“တူရာတီ၊ မိုဒီဂလျာနီနဲ့ တခြားသူတွေလို ပြုပြင်ရေးဝါဒီတွေအဖြစ် အတိအလင်း ဝန်ခံထားသူတွေက သူတို့ကိုယ်သူတို့ တတိယ အင်တာနေရှင်နယ်ရဲ့ အဖွဲ့ဝင်တွေပါလို့ ပြောခွင့်ရသွားမဲ့ အခြေအနေမျိုးကို ကွန်မြူနစ် အင်တာနေရှင်နယ်အနေနဲ့ လုံးဝ ခွင့်ပြုသွားမှာ မဟုတ်ဘူး”။ [3]

ဒါဟာ ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ ဌာနခွဲ တချို့မှာ အဖွဲ့ဝင် ဖြစ်နေကြတဲ့ ပြုပြင်မရတော့သော လူတန်းစား သစ္စာဖောက်တွေ၊ ပြုပြင်ရေးဝါဒီ လူတန်းစား ပေါင်းစည်းရေးသမားတွေကို အတိအကျ ပစ်မှတ်ထားပြီး လုပ်ဆောင်ခဲ့တဲ့ အစီအမံ တခု ဖြစ်တယ်။

## လုပ်ငန်းစဉ်နဲ့ နည်းနာများ

ဒုတိယအကြိမ် ကွန်ဂရက်မှာ အရေးကြီး ပြဿနာ အတော်များများကို အသေးစိတ် ဆွေးနွေးငြင်းခုံခဲ့ကြတယ်။

ဥပမာအားဖြင့် “အရင်းရှင်စနစ် မကြာခင် ပြိုလဲတော့မယ်” ဆိုတဲ့ အယူအဆဟာ ပြင်ဆင်ရမယ့် လက်ဝဲစွန်း အမှားတခု ဖြစ်တယ်လို့ လီနင် သတိပေးခဲ့တယ်။ နိုင်ငံ အတော်များများမှာ တော်လှန်ရေး အကျပ်အတည်းတွေ သိသိသာသာ ရှိနေတာတော့ အမှန်ပဲ။ ဒါပေမဲ့ အရင်းရှင်တွေဟာ အာဏာကို ဆက်လက် ဆုပ်ကိုင်ထားနိုင်သရွေ့ ဒီအခြေအနေကနေ ရုန်းထွက်နိုင်မယ့် လမ်းစကို ရှာဖွေနိုင်စွမ်း ရှိနေသေးတယ်လို့ ကွန်ဂရက် တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေကို လီနင် သတိပေးခဲ့တယ်။ တော်လှန်ရေး အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဟာ နိုင်ငံ အသီးသီးက တော်လှန်ရေး ပါတီတွေအပေါ် မူတည်နေတယ်။ တော်လှန်ရေးတရပ် အောင်ကို အောင်မြင်ရမယ်လို့ ဗျာဒိတ်ရ အာမခံချက်မျိုး မရှိဘူး။

တခြား အဓိကကျတဲ့ သီအိုရီ ပြဿနာတွေကိုလဲ လီနင် အထူး အာရုံစိုက်ခဲ့တယ်။ ဒုတိယအကြိမ် ကွန်ဂရက်အတွက် လူမျိုးများ ပြဿနာနဲ့ ကိုလိုနီ ပြဿနာဆိုင်ရာ စစ်တမ်း မူကြမ်းကို လီနင် ရေးသားပြီး (ပြင်ဆင် ဖြည့်စွက်ခဲ့တယ်)။ ဒီစာတမ်းဟာ ဒုတိယ အင်တာနေရှင်နယ်က ပါတီတွေ ကျင့်သုံးလေ့ရှိတဲ့ ဝေဝါးတဲ့ ရပ်တည်ချက်တွေနဲ့ ပြတ်ပြတ်သားသား လမ်းခွဲလိုက်တာပဲ ဖြစ်တယ်။ ဒုတိယ အင်တာနေရှင်နယ်ထဲက လက်ယာယိမ်း ပြုပြင်ရေးဝါဒီတွေဟာ ကိုလိုနီပြုခြင်းကို “ဥရောပ လူ့ယဉ်ကျေးမှု ဖြန့်ကျက်ခြင်း မစ်ရှင်”တခု အဖြစ် မြင်ကြပြီး သူတို့ နိုင်ငံတွေက ဘူဇွာ လူတန်းစားရဲ့ နယ်ချဲ့ ရည်မှန်းချက်တွေကို ထောက်ခံပေးခဲ့ကြတယ်။

ကွန်မြူနစ် အင်တာနေရှင်နယ်ကတော့ ကိုလိုနီ တိုင်းပြည်တွေက ဖိနှိပ်ခံ ပြည်သူတွေဘက်မှာ ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ပြီး ဖွံ့ဖြိုးပြီး နိုင်ငံတွေက အလုပ်သမား လူတန်းစားတွေကိုလဲ ဒီပြည်သူတွေရဲ့ နယ်ချဲ့ ဆန့်ကျင်ရေး တိုက်ပွဲတွေကို ကူညီကြဖို့ ဆော်ဩခဲ့တယ်။ ဖိနှိပ်ခံ တိုင်းပြည်နဲ့ ဖိနှိပ်သူ တိုင်းပြည် ဆိုပြီး ရှင်းရှင်းလင်းလင်း ပိုင်းခြားပြခဲ့တယ်။ ကိုလိုနီစနစ်နဲ့ ပတ်သက်လို့ ဒီလို မူခိုင်မာတဲ့ ရပ်တည်ချက်သာ မရှိခဲ့ရင် ကိုလိုနီ နိုင်ငံတွေမှာ အင်တာနေရှင်နယ်ရဲ့ ဌာနခွဲတွေကို တည်ဆောက်နိုင်ခဲ့မှာ မဟုတ်ဘူး။ အဖွဲ့အစည်း တခု တည်ဆောက်ဖို့အတွက် အတွေးအခေါ်တွေ ဘယ့်လောက် အရေးကြီးလဲ ဆိုတာ ကျနော်တို့ ထပ်တွေ့ရပြန်ပြီ။

ဥပမာအားဖြင့် အဲဒီအချိန်က ကိုလိုနီတပိုင်း နိုင်ငံဖြစ်တဲ့ တရုတ်ပြည်မှာ ဒီအတွေးအခေါ်တွေဟာ ကွန်မြူနစ် ပါတီကို စတင် တည်ထောင်မယ့် အင်အားစုတွေကို စုစည်းပေးရာမှာ နက်နက်ရှိုင်းရှိုင်း သက်ရောက်မှုရှိခဲ့တယ်။ ပါတီရဲ့ အစောပိုင်း ကေဒါတွေဟာ ပေကျင်း တက္ကသိုလ်က မာ့က်စ်ဝါဒ လေ့လာရေး အုပ်စုတခုအဖြစ် စတင်ခဲ့တာ ဖြစ်ပြီး ပရော်ဖက်ဆာ ချန်တူရှူးက အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့တယ်။

အစပိုင်းမှာ ဒီအုပ်စုကို ပညာတတ်တွေနဲ့ ဖွဲ့စည်းခဲ့တာဖြစ်ပြီး၊ နောက်ပိုင်း ၁၉၂၁ ခုနှစ် ဇူလိုင်မှာ တရုတ် ကွန်မြူနစ် ပါတီကို တည်ထောင်လိုက်တယ်။ ပါတီ တည်ထောင်ခြင်း ကွန်ဂရက်ကို ကိုယ်စားလှယ် ၁၂ ဦး တက်ရောက်ခဲ့ပြီး စုစုပေါင်း အဖွဲ့ဝင် ၅၉ ဦးကို ကိုယ်စားပြုခဲ့တယ်။

သူတို့မှာရှိတဲ့ အင်အားဟာ အင်မတန် နည်းပါးသလို ဘာမှမရှိတဲ့ အခြေအနေကနေ စတင် တည်ထောင်ခဲ့ကြရတယ်။ ဒါပေမဲ့ သူတို့ရဲ့ အဖွဲ့အစည်းကို “ပါတီ” လို့ ခေါ်ဆိုဖို့အတွက် နည်းနည်းမှ နောက်မတွန့်ခဲ့ဘူး။ အစောပိုင်းမှာ လူနည်းစုလေးသာ ရှိခဲ့တဲ့ ဒီအုပ်စုဟာ ၁၉၂၅ မေလ အရောက်မှာတော့ အဖွဲ့ဝင် ၁,၀၀၀ အထိ ရောက်ရှိလာခဲ့တယ်။ ပါတီဝင် အများစုက တက္ကသိုလ် ကျောင်းသားတွေနဲ့ ပညာတတ်တွေ ဖြစ်တယ်။

ဒီနောက်မှာတော့ ၁၉၂၅-၂၇ တရုတ်တော်လှန်ရေး ဆိုတဲ့ သမိုင်းဝင် အရေးအခင်းကြီး ပေါ်ပေါက်လာခဲ့တယ်၊ အလုပ်သမား သောင်းနဲ့ချီပြီး ပါတီထဲကို ဝင်ရောက်လာတဲ့အတွက် ပါတီအတွက် အခွင့်အလမ်းကြီးတွေ လမ်းပွင့်လာခဲ့တယ်။ နှစ်နှစ်အတွင်းမှာတင် ပါတီဝင် အင်အား ၆၀,၀၀၀ နီးပါးအထိ ထိုးတက်သွားခဲ့တယ်။

ရပ်ရှား တော်လှန်ရေးဟာ ကမ္ဘာတလွှား အကြီးအကျယ် သက်ရောက်မှု ရှိခဲ့တယ်။ ဥပမာအားဖြင့် အရှေ့အလယ်ပိုင်း ဒါမှမဟုတ် လက်တင် အမေရိကလို ကမ္ဘာ့နေရာ အနှံ့အပြားမှာ ကွန်မြူနစ် ပါတီတွေနဲ့ အစုအဖွဲ့တွေ စတင် ပေါ်ထွက်လာခဲ့ပြီး၊ အဲဒီအဖွဲ့တွေဟာ အစပိုင်းမှာ ပညာတတ် အသိုင်းအဝိုင်းလေးတွေအဖြစ် စတင်ခဲ့ကြရာကနေ နောက်ပိုင်းမှာတော့ ပိုမိုကျယ်ပြန့်တဲ့ အလုပ်သမား လူတန်းစားတွေနဲ့



The World Stands on a Volcano... (1921), Vladimir Mayakovsky. The banner reads “Comintern”.

ချိတ်ဆက်မိသွားခဲ့တယ်။

## လက်ဝဲစွန်း အတွေးအခေါ်ကို တိုက်ပွဲဝင်ခြင်း

ကွန်မြူနစ် အင်တာနေရှင်နယ်ဟာ ရဲရဲတောက် အလုပ်သမားတွေနဲ့ လူငယ် အမြောက်အမြားကို ဆွဲဆောင်နိုင်ခဲ့တယ်။ ဒီအလုပ်သမားနဲ့ လူငယ်ထုဟာ မကြာခင်က ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်တွေကြောင့် တော်လှန်ရေး စိတ်ဓာတ် နိုးကြားလာသူတွေ ဖြစ်တယ်။ ဒါပေမဲ့ သူတို့ထဲက အများစု (ပေါ်ထွန်းစ ကွန်မြူနစ် ပါတီတွေရဲ့ ခေါင်းဆောင်တွေ အပါအဝင်) ဟာ မာ့က်စ်ဝါဒ နည်းလမ်းနဲ့ နည်းဗျူဟာတွေကို အကျေအလည် သဘောပေါက် နားလည်နိုင်အောင် အတွေ့အကြုံ မရှိသေးဘူး။

ဒီကွန်မြူနစ် လူသစ် အတော်များများဟာ ပါလီမန် နိုင်ငံရေးထဲ နစ်ဝင်သွားတဲ့ ဒုတိယ အင်တာနေရှင်နယ်ရဲ့ အချောင်သမားဝါဒကို အားကောင်းမောင်းသန် ငြင်းပယ်ခဲ့ကြတယ်။ အလားတူပဲ အလုပ်သမား သမဂ္ဂတွေက ပြုပြင်ရေးဝါဒီ ခေါင်းဆောင်တွေကိုလဲ စိတ်ပျက်နေခဲ့ကြတယ်။ ဒီ ပြုပြင်ရေးဝါဒီတွေဟာ လှုပ်ရှားမှုကို တားဆီး ပိတ်ပင်နေသူတွေ ဖြစ်တယ်။ ဒီလိုနဲ့ အလွှာတခုက "ဘော်ရှီဗစ်ဝါဒ" ဆိုတာ တော်လှန်ရေးအတွက် အလျှော့မပေးဘဲ တင်းခံနေဖို့နဲ့ အပေးအယူ အားလုံးကို ငြင်းပယ်ခြင်းပဲလို့ ကောက်ချက် အမှားတွေ ချလာကြတယ်။ ဘူဇွာ ဒီမိုကရေစီကို ရှုတ်ချပြီး "တော်လှန်တဲ့" အလုပ်သမား သမဂ္ဂတွေ သီးသန့် တည်ထောင်လိုက်ရုံနဲ့ ကွန်မြူနစ် ပါတီတွေ တည်ဆောက်ဖို့ လုံလောက်ပြီလို့ သူတို့ ထင်ခဲ့ကြတယ်။ ဒတ်ချ် ကွန်မြူနစ် တယောက်ဖြစ်တဲ့ ဟာမန် ဂေါ်တာက လွှတ်တော်နဲ့ သမဂ္ဂတွေထဲ အလုပ်လုပ်ဖို့ တိုက်တွန်းတဲ့အတွက် လီနင်ကိုတောင် 'အချောင်သမား' လို့ စွပ်စွဲ တိုက်ခိုက်ခဲ့တယ်။

လီနင်က ဒီလို သဘောထားမျိုးကို 'လက်ဝဲစွန်း' ဒါမှမဟုတ် 'လက်ဝဲဂိုဏ်း ကွန်မြူနစ်ဝါဒ' လို့ သရုပ်ခွဲပြခဲ့တယ်။ အရင်းရှင် စနစ်ကို ရှုတ်ချနေရုံ၊ လူထုက တော်လှန်ရေး ပါတီထဲ ဝင်လာအောင် စောင့်နေရုံနဲ့ မလုံလောက်ဘူးလို့ လီနင်က ဖိဖိစီးစီး ပြောခဲ့တယ်။ လူထုကို စည်းရုံး သိမ်းသွင်းနိုင်ရမယ်၊ အဲဒီလို လုပ်ဖို့အတွက် နည်းဗျူဟာပိုင်း ပျော့ပြောင်းမှု ရှိဖို့ အမြင့်ဆုံးအထိ လိုအပ်တယ်။ ဒါဟာ ဘော်ရှီဗစ် ပါတီ သမိုင်း တခုလုံးကနေ ရလာတဲ့ အဓိက သင်ခန်းစာပဲ ဖြစ်တယ်။

ဒီလို ဂိုဏ်းဂဏစွဲ အတွေးအခေါ်တွေကို အမြန်ဆုံး မပြင်ဆင်နိုင်ဘူးဆိုရင် ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ ဌာနခွဲတွေဟာ တော်လှန်ရေး ခရီးကြမ်းမှာ ပျက်စီးသွားနိုင်ကြောင်း လီနင် နားလည်ခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် လီနင်က ဒီအမှားကို 'ကလေးဆန်တယ်' လို့ပဲ ဆိုခဲ့တယ်။ သဘောကတော့ မရင့်ကျက်သေးလို့ ပေါ်ပေါက်လာတဲ့ အမှားဖြစ်ပြီး စိတ်ရှည်လက်ရှည် ရှင်းပြပြီး ဆွေးနွေးတဲ့ နည်းနဲ့ ပြင်ဆင်လို့ ရနိုင်သေးတယ်။

ဒါကြောင့်လဲ လီနင်ဟာ ကွန်မင်တန် ဒုတိယအကြိမ် ကွန်ဂရက်မှာ ဒီပြဿနာကို ဖြေရှင်းဖို့အတွက် ၁၉၂၀ ပြေီကနေ မေလအတွင်း *'လက်ဝဲဂိုဏ်း' ကွန်မြူနစ် သူငယ်နာ* စာအုပ်ကို ရေးခဲ့တယ်။ ၁၉၀၅ ကနေ ၁၉၁၇ ခုနှစ်ကြား တော်လှန်ရေး သုံးခုမှာ ပါဝင်ခဲ့ရာက ဘော်ရှီဗစ် ပါတီ ရရှိခဲ့တဲ့ သင်ခန်းစာတွေနဲ့ အာဏာရပြီးနောက်ပိုင်း ရခဲ့တဲ့ သင်ခန်းစာတွေကို ဒီစာအုပ်မှာ အနှစ်ချုပ်ပြထားတယ်။ အချောင်သမားဝါဒနဲ့ လက်ဝဲစွန်းဝါဒ နှစ်ခုစလုံးရဲ့ အန္တရာယ်တွေကို လီနင် သတိပေးခဲ့တယ်။

ဒုတိယအကြိမ် ကွန်ဂရက်ကို တက်ရောက်လာတဲ့ ကိုယ်စားလှယ် အားလုံး ဖတ်နိုင်အောင် ဒီစာအုပ်ကို ဂျာမန်၊ အင်္ဂလိပ်၊ ပြင်သစ် ဘာသာစကားတွေနဲ့ ထုတ်ဝေခဲ့တယ်။ စာအုပ်ရဲ့ စာစီစာရိုက်နဲ့ ပုံနှိပ်ခြင်း လုပ်ငန်းတွေမှာ လီနင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့တာကို ကြည့်ရင် ဒီစာအုပ်အပေါ် လီနင် ဘယ်လောက် အလေးထားသလဲ သိနိုင်တယ်။ လီနင်က ဒီစာအုပ်ကို ကွန်ဂရက် မစခင် သေချာပေါက် ထွက်လာစေချင်ခဲ့တယ်။

လီနင်နဲ့ ထရော့စကီး နှစ်ယောက်စလုံးဟာ ကွန်မြူနစ် အင်တာနေရှင်နယ် ကွန်ဂရက် ခန်းမတွင်းမှာသာမက၊ ကွန်ဂရက် ပြင်ပမှာလဲ စိတ်ရှည်လက်ရှည် ရှင်းပြတာ၊ ငြင်းခုံ ဆွေးနွေးတာတွေ လုပ်ရင်း စစ်မှန်တဲ့ ကွန်မြူနစ် အတွေးအခေါ်တွေ၊ နည်းဗျူဟာတွေ ရှင်းရှင်းလင်းလင်း ဖြစ်လာအောင် ကြိုးစားခဲ့ကြတယ်။ သူတို့ဟာ အရေးကြီး ပြဿနာတွေနဲ့ ပတ်သက်လို့ ရှည်လျားလှတဲ့ စာမူတွေ ရေးသားခဲ့သလို မိန့်ခွန်းတွေလဲ ပြောကြားခဲ့ကြတယ်။

ဒီဥပမာကို ကြည့်ရင် လီနင်ဟာ အခြေအနေ အတော်များများမှာ နိုင်ငံရေး ပြဿနာတွေကို အဖွဲ့အစည်း စည်းမျဉ်းစည်းကမ်းတွေနဲ့ မကိုင်တွယ်ဘဲ နိုင်ငံရေး နည်းလမ်းတွေနဲ့ ဖြေရှင်းဖို့ ကြိုးစားခဲ့တာကို တွေ့နိုင်တယ်။

လီနင်ဟာ ဒီလို နိုင်ငံရေး နည်းနဲ့ ဖြေရှင်းဖို့ အချိန်အများကြီး အားထုတ်ခဲ့တယ်။ စဉ်းစားတွေးခေါ်တတ်တဲ့ တော်လှန်ရေးသမား ကွန်မြူနစ် စစ်စစ်တွေကို အမိန့်ပေး စေခိုင်းတဲ့ နည်းလမ်းတွေသုံးပြီး စည်းရုံး၊ ပညာပေးလို့ မရဘူး ဆိုတာ သူ နားလည်ခဲ့တယ်။ အဲဒီလို အမိန့်ပေး စေခိုင်းတဲ့ နည်းနဲ့ဆိုရင် 'အမိန့်နာခံတတ်သော လူအတွေ' ပဲ ရနိုင်တယ်။ ဒီလို လူတွေဟာ လူတန်းစား တိုက်ပွဲနဲ့ တော်လှန်ရေးလို ဝရုန်းသုန်းကား အခြေအနေတွေကျရင် ကိုယ်အားကိုယ်ကိုးပြီး လမ်းကြောင်း ရှာနိုင်စွမ်း မရှိဘူး။

## အလုပ်သမား သမဂ္ဂများ

ဒုတိယအကြိမ်နဲ့ တတိယအကြိမ် ကွန်ဂရက်တွေမှာ အလုပ်သမား သမဂ္ဂ ပြဿနာကိုလဲ အကျယ်တဝင့် ဆွေးနွေးခဲ့ကြတယ်။ ဒုတိယအကြိမ် ကွန်ဂရက်မှာ ဆွေးနွေးခဲ့တဲ့ '<u>အလုပ်သမား သမဂ္ဂ လှုပ်ရှားမှု၊ စက်ရုံ ကော်မတီများနှင့် တတိယ အင်တာနေရှင်နယ် ဆိုင်ရာ စစ်တမ်းများ</u>' ထဲမှာ အခုလို ရှင်းရှင်းလင်းလင်း ဖော်ပြထားတယ် -

"... စစ်ပွဲအတွင်းကာလ အခြေအနေ အတော်များများမှာ အလုပ်သမား သမဂ္ဂတွေဟာ အရင်းရှင် လူတန်းစား စစ် ယန္တရားကြီးရဲ့ ခွေးသွားစိပ် တခု ဖြစ်နေခဲ့ပြီး၊ အမြတ်အစွန်းရရေး အပြင်းအထန် ဆင်နွှဲတဲ့ တိုက်ပွဲမှာ အလုပ်သမား လူတန်းစားကို သွေးစုပ်ခြယ်လှယ်မှု အစွမ်းကုန် လုပ်နိုင်အောင် အရင်းရှင် လူတန်းစားဘက်က ကူညီပေးလေ့ရှိတယ်။ ဒီအလုပ်သမား သမဂ္ဂတွေမှာ လစာ ကောင်းကောင်းရတဲ့ ကျွမ်းကျင် အလုပ်သမားတွေပဲ အဓိက ပါဝင်တယ်၊ ကိုယ့်ကျွမ်းကျင်မှု နယ်ပယ်လေးထဲမှာပဲ ပိတ်မိနေတဲ့ အမြင်ကျဉ်းမြောင်းမှုတွေ ရှိတယ်၊ လူထုနဲ့ ကင်းကွာနေတဲ့ ဗျူရိုကရေစီ ယန္တရားကြောင့် ခြေချုပ်မိနေတယ်၊ သမဂ္ဂ ခေါင်းဆောင်တွေရဲ့ အချောင်သမားဝါဒကြောင့် စိတ်ဓာတ်ပျက်ပြားနေကြတယ်။ အဲဒီလို သမဂ္ဂတွေဟာ ခေတ်ပြောင်း တော်လှန်ရေး အရေးတော်ပုံကိုပဲ သစ္စာဖောက်ခဲ့ကြတာ မဟုတ်ဘူး၊ သူတို့ကိုယ်တိုင် စုစည်းထားတဲ့ အလုပ်သမားတွေရဲ့ နေထိုင်မှုဘဝ အခြေအနေ တိုးတက် ကောင်းမွန်ရေး တိုက်ပွဲကိုတောင် သစ္စာဖောက်ခဲ့ကြတာ ဖြစ်တယ်။" [R A Archer (trans.), Second Congress of the Communist International: Minutes and Proceedings, Vol. 2, New Park, 1977, pg 277]

ဒီအချက်ကို ပွင့်ပွင့်လင်းလင်းနဲ့ ရှင်းရှင်းလင်းလင်း ဖော်ပြထားတဲ့ ဒီစစ်တမ်းထဲမှာပဲ အခုလို အသိအမှတ်ပြု ဖော်ပြထားတယ် -

"... ဒီမတိုင်ခင်အထိ အလုပ်သမား သမဂ္ဂတွေနဲ့ ကင်းကွာနေခဲ့တဲ့ ကျယ်ပြန့်တဲ့ အလုပ်သမားထုကြီးဟာ အခုဆိုရင် အင်အားကောင်းတဲ့ ရေစီးကြောင်းကြီးလို သမဂ္ဂဝင်တွေအဖြစ် စီးဝင်လာနေကြပြီ။ အရင်းရှင်

နိုင်ငံ အားလုံးမှာ အလုပ်သမား သမဂ္ဂတွေ အင်အား အလုံးအရင်း တိုးပွားလာတာကို ထင်ထင်ရှားရှား မြင်နိုင်တယ်။ အဲဒီ သမဂ္ဂတွေဟာ အခုဆိုရင် တိုးတက်တဲ့ ရှေ့တန်းရောက် အစိတ်အပိုင်း တချို့ပဲ ပါဝင်တဲ့ အဖွဲ့အစည်းတွေ မဟုတ်တော့ဘူး၊ ပစ္စည်းမဲ့ လူတန်းစား အများစုကြီးရဲ့ အဖွဲ့အစည်းတွေ ဖြစ်လာပြီ။ ဒီလူထုကြီးဟာ သမဂ္ဂတွေထဲ စီးဝင်လာရင်း သမဂ္ဂတွေကို သူတို့ရဲ့ တိုက်ပွဲဝင် လက်နက်တွေ ဖြစ်လာအောင် ကြိုးပမ်းနေကြတယ်။

"လူတန်းစား ရန်ဘက် ပဋိပက္ခတွေ ပြင်းထန်လာခြင်းဟာ အလုပ်သမား သမဂ္ဂတွေကို သပိတ်တိုက်ပွဲ ဦးဆောင်ဖို့ ဖိအားပေးလိုက်တယ်။ အဲဒီသပိတ်တွေဟာ အရင်းရှင် ကမ္ဘာတခုလုံးမှာ လှိုင်းတံပိုးကြီးလို ပျံ့နှံ့သွားပြီး အရင်းရှင် ကုန်ထုတ်လုပ်မှုနဲ့ ကုန်သွယ်ရေး ဖြစ်စဉ်ကို အဆက်မပြတ် နှောင့်ယှက်နေတယ်။ ကုန်ဈေးနှုန်း တက်လာပြီး အလုပ်သမားထုကိုယ်တိုင် ပင်ပန်း နွမ်းနယ်လာတာနဲ့အမျှ တောင်းဆိုချက်တွေပါ တိုးမြှင့်လာခဲ့တယ်။ ဒီလိုနဲ့ အလုပ်သမား လူတန်းစားဟာ အရင်းရှင်တွေရဲ့ တွက်ချက်မှု အခြေခံ အားလုံးနဲ့ စနစ်ကျတဲ့ စီးပွားရေး စီမံခန့်ခွဲမှုရဲ့ အခြေခံ အချက်အလက်တွေကိုပါ လှိုက်စားပစ်တယ်။ စစ်ပွဲအတွင်း အလုပ်သမားထုကို ဖိအားပေး စေခိုင်းသော လက်နက်တွေ ဖြစ်ခဲ့တဲ့ သမဂ္ဂတွေဟာ ဒီလိုနည်းနဲ့ အရင်းရှင် စနစ်ကို ဖျက်ဆီးမယ့် လက်နက်တွေ ဖြစ်လာတယ်" [ibid., pg 279, emphasis added]

ဒီနေရာမှာ လီနင်ရဲ့ ဒိုင်ယာလက်တစ် နည်းနာ လက်တွေ့ အလုပ်လုပ်ပုံကို တွေ့ရတာ ဖြစ်တယ်။ အချင်းအရာတွေဟာ ဖွံ့ဖြိုးတိုးတက်ပြီး ပြောင်းလဲလာတာနဲ့အမျှ သူတို့ရဲ့ ဆန့်ကျင်ဘက် အခြေအနေဆီ ဘယ်လို ပြောင်းလဲသွားနိုင်သလဲ ဆိုတာကို ကွန်မြူနစ်တွေ မြင်နိုင်အောင် ဒိုင်ယာလက်တစ်က ကူညီပေးတယ်။ အလုပ်သမား သမဂ္ဂတွေဟာ လုံးဝ ဆန့်ကျင်ဘက်ဖြစ်တဲ့ လူတန်းစား အကျိုးစီးပွား နှစ်ခုရဲ့ ဖိအားပေးခြင်းကို ခံနေရတာ ဖြစ်တယ်။

တဖက်မှာ အရင်းရှင်တွေက အလုပ်သမား လူတန်းစားကို ထိန်းကျောင်းဖို့အတွက် သမဂ္ဂ ခေါင်းဆောင်တွေကို လာဘ်ထိုး၊ ဖျက်ဆီးဖို့ သိစိတ်ရှိရှိ လုပ်ဆောင်ခဲ့တယ်။ အခြား တဖက်မှာတော့ ငွေကြေးဖောင်းပွမှု ဖိအားနဲ့ အလုပ်ခွင် အခြေအနေတွေ ပိုပိုဆိုးလာတဲ့ ဒဏ် ခံစားနေရတဲ့ အလုပ်သမားထုကြီးက အလုပ်သမား သမဂ္ဂတွေထဲ တိုးဝင်လာပြီး သမဂ္ဂ ခေါင်းဆောင်တွေကို အလုပ်သမားထု အကျိုးစီးပွားဘက်က ရပ်တည်ပေးဖို့ ဖိအားပေးခဲ့ကြတယ်။

ဒါကြောင့်ပဲ "နိုင်ငံ အားလုံးက ဒီလို သမဂ္ဂတွေထဲ ကွန်မြူနစ်တွေ ဝင်ရမယ်" လို့ စစ်တမ်းထဲ ဖော်ပြထားခြင်း ဖြစ်တယ်။ သမဂ္ဂတွေထဲကနေ ထွက်ခွာဖို့ ဒါမှမဟုတ် စင်ပြိုင် သမဂ္ဂတွေ ဖွဲ့စည်းဖို့ ကြိုးစားမှု အားလုံးဟာ "ကွန်မြူနစ် လှုပ်ရှားမှုအတွက် ကြီးမားတဲ့ အန္တရာယ်" ဖြစ်တယ်လို့ ဆိုတယ်။ အဲဒီလို လုပ်တာဟာ "အတိုးတက်ဆုံး၊ လူတန်းစား အသိစိတ် အရှိဆုံး အလုပ်သမားတွေကို အချောင်သမား ခေါင်းဆောင်တွေလက်ထဲ ထိုးအပ်လိုက်တာ ဖြစ်ပြီး ဘူဇွာ လူတန်းစား အလိုကျ ဖြစ်သွားစေတယ်"။ [ibid.]

ဒီလို ဖော်ပြချက်တွေမှာ လေ့နံစားထစ် တဖက်သတ် အဓိပ္ပာယ် ကောက်ယူနိုင်တဲ့ အန္တရာယ်က အမြဲလိုလို ရှိနေတတ်တယ်။ ကွန်မြူနစ်တွေ သမဂ္ဂတွေထဲ ဝင်ရမယ် ဆိုတဲ့ မူက ဘယ်နေရာမှာမဆို၊ ဘယ်အချိန်မှာမဆို သမဂ္ဂတွေကနေ ခွဲထွက်ဖို့ မဖြစ်နိုင်ဘူးလို့ ဆိုလိုသလား။

လီနင်ရဲ့ နည်းနာက ပြောင်းလွယ်ပြင်လွယ်ရှိတဲ့ နည်းနာဖြစ်ပြီး ကွန်မြူနစ်တွေ ရင်ဆိုင်နေရတဲ့ အခိုင်အမာ လက်တွေ့ အခြေအနေတွေကို အမြဲတမ်း ထည့်သွင်းစဉ်းစားတယ်။ ဒါကြောင့်လဲ အဲဒီစစ်တမ်းမှာပဲ နောက်စာပိုဒ် အနည်းငယ် အလွန်မှာ "အကယ်၍ ခွဲမထွက်ဘဲ ဆက်နေလို့ အလုပ်သမား သမဂ္ဂတွေထဲ တော်လှန်ရေး အလုပ်တွေ မလုပ်နိုင်တော့တဲ့ အခြေအနေ ဖြစ်လာပြီဆိုရင် ကွန်မြူနစ်တွေဟာ ဒီလို အဖွဲ့အစည်းတွေကနေ ခွဲထွက်ဖို့ ဝန်မလေးသင့်ဘူး" လို့ ဖော်ပြထားသလို တပြိုင်နက်ထဲမှာပဲ အခုလို ဆိုထားတယ် -

"ခွဲထွက်ဖို့ မဖြစ်မနေ လိုအပ်တဲ့ အခြေအနေမျိုး ပေါ်ပေါက်လာရင် ကွန်မြူနစ်တွေအနေနဲ့ ဒီလို ခွဲထွက်လိုက်လို့ အလုပ်သမားထုနဲ့ ကင်းကွာသွားနိုင်မလား ဆိုတဲ့ ပြဿနာကို အဆက်မပြတ် အထူးအာရုံစိုက် ဆွေးနွေးရမယ်။" [ibid., pg 280]

အမျိုးသမီးထုအတွင်း ကွန်မြူနစ် ပါတီရဲ့ အလုပ်တွေ တိုးတက်လာအောင် လုပ်ဆောင်ရမယ့် အထူး အစီအမံတွေကို အကြမ်းဖျင်း ဖော်ပြထားတဲ့ "အမျိုးသမီးထုကြား ကွန်မြူနစ် ပါတီများ၏ လုပ်ငန်းသဏ္ဍာန်နှင့် နည်းနာဆိုင်ရာ စစ်တမ်းများ" ကိုလဲ တတိယအကြိမ် ကွန်ဂရက်မှာ ဆွေးနွေးခဲ့ကြတယ်။

ဒါ့အပြင် လူငယ်တွေကြား ပိုမိုပြင်းထန်လာတဲ့ တော်လှန်ရေး အသိစိတ် နိုးကြားမှုတွေကိုလဲ အလေးပေး ဖော်ပြခဲ့ပြီး ကွန်မြူနစ် လူငယ် အင်တာနေရှင်နယ်ကို သီးခြားရပ်တည်တဲ့ အဖွဲ့အစည်း တခုအဖြစ် မသတ်မှတ်ဘဲ ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ အစိတ်အပိုင်း တခုအဖြစ် အင်တာနေရှင်နယ် ခေါင်းဆောင်မှုအောက် ထားရှိဖို့ တတိယ အကြိမ် ကွန်ဂရက်က တိုက်တွန်းခဲ့တယ်။

## အကျပ်အတည်းနဲ့ လူတန်းစား အသိစိတ်

နိုင်ငံတကာ လူတန်းစား တိုက်ပွဲရဲ့ အနိမ့်အမြင့် အတက်အကျတွေနဲ့ ပတ်သက်လို့လဲ ကွန်မြူနစ် အင်တာနေရှင်နယ် ကွန်ဂရက်တွေမှာ ဆွေးနွေး ငြင်းခုန်ခဲ့ကြတယ်။ ဒီထဲက အရေးကြီးတဲ့ ပြဿနာတရပ်ကတော့ စီးပွားရေး သံသရာ နဲ့ လူတန်းစား တိုက်ပွဲကြားက ဆက်နွှယ်မှုပဲ ဖြစ်တယ်။ ဒီဆက်နွှယ်မှုကို အလွန် ရိုးရှင်းစွာ ပုံသေကားကျ အဓိပ္ပာယ်ကောက်မယ်ဆိုရင် စီးပွားရေး ကျဆင်းမှုက အမြဲတမ်းလိုလို လူတန်းစား တိုက်ပွဲကို အားကောင်းလာစေမယ်၊ စီးပွားရေး ပြန်တက်ရင် စနစ်က တည်ငြိမ်သွားမယ်ဆိုတဲ့ ကောက်ချက်ဆီ ရောက်သွားစေနိုင်တယ်။ အင်တာနေရှင်နယ်ရဲ့ ခေါင်းဆောင်တွေက ဗျာနခွဲတွေအနေနဲ့ ဒီလို ယူဆချက်မျိုးကို ဆန့်ကျင်ဖို့ သတိပေးခဲ့တယ်။ ဒီလိုကောက်ချက်တွေကနေ အကဲဖြတ်ချက် အမှားတွေ ကြီးကြီးမားမား ဖြစ်လာနိုင်တဲ့အတွက် အင်တာနေရှင်နယ် ခေါင်းဆောင်ပိုင်းက သူတို့ရဲ့ သဘောတရားရေး နားလည်မှုကို ကွန်မြူနစ်ပါတီ ခေါင်းဆောင်တွေနဲ့ အောက်ခြေ အဖွဲ့ဝင်တွေဆီ လက်ဆင့်ကမ်းဖို့ ကြိုးစားခဲ့တယ်။

ဒီပြဿနာဟာ ၁၉၂၁ ဇွန် ၂၂ ကနေ ဇူလိုင် ၁၂ အထိ ကျင်းပခဲ့တဲ့ ကွန်မင်တန် တတိယအကြိမ် ကွန်ဂရက်မှာ အင်မတန် အရေးကြီးတဲ့ အကြောင်းအရာ ဖြစ်ခဲ့တယ်။ စစ်ပြီးခေတ် အစောပိုင်း နှစ်တွေမှာ အရင်းရှင်စနစ် အကျပ်အတည်းနဲ့အတူ ဥရောပတလွှား တော်လှန်ရေး လှိုင်းလုံးတွေ ပေါ်ပေါက်ခဲ့တယ်။ ဒါပေမဲ့ ၁၉၂၁ ရောက်တဲ့အခါ ပြုပြင်ရေးဝါဒီတွေရဲ့ သစ္စာဖောက်မှုတွေကြောင့် စနစ်က တည်ငြိမ်မှု ရလာပြီ။ စီးပွားရေး ဦးမော့လာခြင်းဟာ လူတန်းစား တိုက်ပွဲ ပြောင်းလဲလှုပ်ရှားပုံအကြောင်း ယန္တယားဆန်ဆန် နားလည်ထားတဲ့ ကွန်မြူနစ် ခေါင်းဆောင်များကို လမ်းပျောက်သွားစေခဲ့တယ်။

'ကမ္ဘာ့ စီးပွားရေး အကျပ်အတည်းနဲ့ ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ တာဝန်သစ်များဆိုင်ရာ အစီရင်ခံစာ' မှာ ထရော့စကီးက အခုလို ရှင်းပြခဲ့တယ် -

"အကျပ်အတည်းဆိုက်တိုင်း မလွဲမသွေ တော်လှန်ရေး ထဖြစ်မယ်၊ အပြန်အလှန်အားဖြင့် စီးပွားရေး တိုးတက်မှုက အလုပ်သမား လူတန်းစားကို

ငြိမ်သက်သွားစေမယ်လို့ ယူဆရင် တဖက်သတ်ဆန်လွန်းပြီး လုံးဝ မှားပါတယ်"။ [L Trotsky, 'Report on the World Economic Crisis and the New Tasks of the Communist International', The First Five Years of the Comintern, Wellred Books, 2020, pg 275]

ထရော့စကီးက သူ့ အစီရင်ခံစာကို ၂၀ ရာစု အစောပိုင်းကာလ ရပ်ရှားပြည် လူတန်းစား တိုက်ပွဲ ဒီရေ အတက်အကျ အတွေ့အကြုံတွေပေါ် အခြေခံပြီး ရေးသားခဲ့တာ ဖြစ်တယ်။ ပေါ့ပြက်လွန်းတဲ့ ဒီယူဆချက်တွေကို ထရော့စကီးက အခုလို တုန့်ပြန် ဖြေဆိုခဲ့တယ် -

"ဒီခေတ်မှာ (စီးပွားရေး) တိုးတက်မှု ဖြစ်လာရင် ကျနော်တို့ တော်လှန်ရေးအတွက် သေလောက်တဲ့ ထိုးနှက်ချက် ဖြစ်သွားလိမ့်မယ်လို့ ရဲဘော် အတော်များများက ပြောကြတယ်။ မဟုတ်ဘူး၊ ဘယ်လို အခြေအနေမျိုးမှာမှ အဲဒီလို မဖြစ်နိုင်ဘူး။ ယေဘုယျ ဆိုရရင် အလုပ်သမား လူတန်းစားရဲ့ တော်လှန်ရေး လှုပ်ရှားမှုက အကျပ်အတည်းပေါ် အလိုအလျောက်ဆန်ဆန် မှီခိုနေတာမျိုး မရှိဘူး။ သူတို့ကြား *ဒိုင်ယာလက်တစ်ဆန်တဲ့ အပြန်အလှန် ဆက်နွှယ်မှုသာ* ရှိတယ်" [ibid., pg 277, emphasis added]

စီးပွားရေး အကြီးအကျယ် ကျဆင်းမှုက (အလုပ်သမား) လူတန်းစားရဲ့ တိုက်ပွဲဝင်စွမ်းအားကို ကျဆင်းသွားစေနိုင်တဲ့ အခိုက်အတန့်တွေ လူတန်းစား တိုက်ပွဲ သမိုင်းမှာ ရှိတယ်လို့ ထရော့စကီး ထောက်ပြခဲ့တယ်။ စီးပွားရေး နလန်ပြန်ထူလာတော့မှသာ အလုပ်သမားတွေက မိမိတို့ အင်အား ပြန်ကောင်းလာမှန်း ခံစားရတယ်၊ အဲဒီအခါကျမှပဲ (ရှေ့နောက်မညီသလို ထင်ရပေမဲ့) အလုပ်သမား လူတန်းစားဟာ ပြင်းထန်တဲ့ တိုက်ပွဲတွေကို စတင်နိုင်ကြတာ ဖြစ်တယ်။ စီးပွားရေး ကျဆင်းမှု ဒါမှမဟုတ် တိုးတက်မှုရဲ့ လူတန်းစား တိုက်ပွဲအပေါ် သက်ရောက်မှုဟာ နေ့ချင်းညချင်း ဖြစ်လာတာ မဟုတ်ဘူး၊ စက်ယန္တရားဆန်ဆန် ဖြစ်လာတာမျိုး မဟုတ်ဘူး။ နှောင့်နှေးတာမျိုး ရှိနိုင်သလို၊ နောက်ခံ အခင်းအကျင်းနဲ့ အရင်က ဘာဖြစ်ခဲ့သလဲ ဆိုတဲ့ အချက်တွေအပေါ် မူတည်နေတယ်။

အရင်းရှင်တွေဟာ စီးပွားရေး မျှခြေ အသစ်တခု ရလာအောင် ကြိုးစားနေကြပေမဲ့၊ ဒီကြိုးပမ်းမှုတွေဟာ နောက်ဆုံးမှာ လူမှုရေးနဲ့ နိုင်ငံရေး မျှခြေတွေကို ပျက်ပြားသွားစေလိမ့်မယ်လို့ ထရော့စကီးက ကောက်ချက်ဆွဲပြခဲ့တယ်။ လူတန်းစား တိုက်ပွဲ ဒီရေအကျဟာ တချိန်ကျရင် ကမ္ဘာ့ တော်လှန်ရေးဆီ မုချ ဦးတည်သွားလိမ့်မယ်။ ဒါကြောင့် ကွန်မင်တန်ရဲ့ တာဝန်က လူထုကို နည်းဗျူဟာကျကျ စည်းရုံး သိမ်းသွင်းနိုင်တဲ့ အင်အား တောင့်တင်းသော ကွန်မြူနစ် ပါတီတွေ တည်ဆောက်ပြီး နောက်ထပ်လာမယ့် တော်လှန်ရေး လှိုင်းကြီးအတွက် ပြင်ဆင်ထားရေး ဖြစ်တယ်။

## ထိုးစစ်ဆင်ရေး သီအိုရီ

ဒီဆွေးနွေးချက်ဟာ အဲဒီနှစ် အစောပိုင်းက ဂျာမန် ကွန်မြူနစ်တွေရဲ့ "မတ်လ လှုပ်ရှားမှု" နဲ့ ဆက်စပ်ပြီး အင်မတန် အရေးပါခဲ့တယ်။

ဂျာမနီ နိုင်ငံဟာ ၁၉၁၈ ကတည်းက တော်လှန်ရေးနဲ့ တန်ပြန် တော်လှန်ရေး လှိုင်းတံပိုးတွေကို ဖြတ်သန်းနေခဲ့ရတာ ဖြစ်တယ်။ ဒီအချိန်မှာ ဂျာမနီ ကွန်မြူနစ် ပါတီ (KPD) ဟာ အဖွဲ့ဝင် ၅၀၀,၀၀၀ ကျော်နဲ့ ရုရှား ပြင်ပမှာ အင်အား အကြီးဆုံး ကွန်မြူနစ် ပါတီ ဖြစ်နေခဲ့ပြီ။

သို့သော် ၁၉၂၁ မတ်လမှာ တော်လှန်ရေးလှိုင်း ငြိမ်သက်သွားပြီ ဖြစ်ပေမဲ့ KPD ခေါင်းဆောင်ပိုင်းက ပါတီရဲ့ လုပ်ဆောင်ချက်သက်သက်နဲ့ တော်လှန်ရေး လှိုင်းသစ်တခု artificially လုပ်ယူဖို့ ကြိုးစားခဲ့ကြတယ်။ တချို့ဆိုရင် အလုပ်သမား သမဝါယမ အသင်း ဌာနချုပ်ကို ဖောက်ခွဲပြီး ရဲတွေလက်ချက်လို့ အပြစ်ပုံချပြီး လူထု အုံကြွမှုကို ဖန်တီးယူဖို့ ကြိုးပမ်းခဲ့သေးတယ်။

ဒီလှုပ်ရှားမှုဟာ "ထိုးစစ်ဆင်ရေး သီအိုရီ" ဆိုတဲ့ သဘောတရားအတိုင်း လိုက်လုပ်တာ ဖြစ်တယ်။ လက်တွေ့ အခြေအနေက ဘယ်လိုပဲ ဖြစ်နေပါစေ ကွန်မြူနစ် ပါတီတွေအနေနဲ့ အလုပ်သမားတွေ တော်လှန်ရေး ဆင်နွှဲအောင် သွေးထိုးပေးဖို့ 'ထိုးစစ်ဆင်တဲ့ နည်းဗျူဟာတွေ' ကို ကျင့်သုံးရမယ်လို့ ပါတီတွင်း လက်ဝဲစွန်း အလွှာတခုက ဆိုခဲ့ကြတယ်။ အလုပ်သမား လူတန်းစားရဲ့ တကယ့် လှုပ်ရှားမှု အခြေအနေကို ထည့်မစဉ်းစားခဲ့ဘူး၊ ဒါ့ကြောင့် ဒီ 'လှုပ်ရှားမှု'ဟာ ရုတ်တရက် ပြိုကွဲပျက်စီးသွားခဲ့တယ်။ လူပေါင်း သောင်းနဲ့ချီ ဖမ်းဆီးခံရတယ်၊ KPD ပါတီ မတရားသင်း ကြေညာခံလိုက်ရတယ်၊ ပါတီဝင် ၂၀၀,၀၀၀ ကျော်ဟာလဲ နှုတ်ထွက်သွားကြတယ် ဒါမှမဟုတ် လှုပ်ရှားမှုကို စွန့်ခွာသွားကြတယ်။

ဒါတောင်မှ KPD ပါတီအတွင်းက လက်ဝဲစွန်း အစုကတော့ သူတို့ရဲ့ နည်းဗျူဟာတွေဟာ မှန်ကန်ကြောင်း ခုခံပြောဆိုခဲ့ကြတယ်။ ရာဒက်ခ်၊ ဘူခါရင်နဲ့ ဇီနိုဗီးယက်ဗ်တို့လို ကွန်မင်တန် ခေါင်းဆောင်တွေကပါ 'ထိုးစစ်ဆင်ရေး သီအိုရီ' ကို ကြိုဆိုခဲ့ကြပြီး ဒီလက်ဝဲစွန်း အစုနဲ့ ပေါင်းမိသွားခဲ့တယ်။ ဟန်ဂေရီ၊ ချက်ကိုစလိုဗက်ကီးယား၊ အီတလီ၊ ဩစတြီးယားနဲ့ ပြင်သစ် နိုင်ငံတွေက 'လက်ဝဲ ကွန်မြူနစ်' အားလုံးကလဲ ဒီ 'မတ်လ လှုပ်ရှားမှု' ကို ချီးကျူးခဲ့ကြပြီး အတုယူစရာ သူရဲကောင်းဆန်တဲ့ စံနမူနာ တခုအဖြစ် ရှုမြင်ခဲ့ကြတယ်။

ဒီအတွက်ပဲ ကွန်မင်တန် တတိယ အကြိမ် ကွန်ဂရက်မှာ ဒီလက်ဝဲစွန်း ယိမ်းယိုင်မှုကို ပြင်ဆင်ဖို့ တာဝန်ဟာ လီနင်နဲ့ ထရော့စကီးတို့ ပုခုံးပေါ် ကျရောက်လာခဲ့တယ်။ ကွန်မြူနစ်တွေမှာ သတ္တိနဲ့ သူရဲကောင်းဆန်မှု ရှိနေရုံနဲ့ တော်လှန်ရေးကို ဦးဆောင်ဖို့ မလုံလောက်ဘူးလို့ လီနင်နဲ့ ထရော့စကီးတို့ ရှင်းပြခဲ့တယ်။ တော်လှန်ရေး အောင်မြင်ဖို့ဆိုရင် *လူထု တရပ်လုံးကို စည်းရုံး သိမ်းသွင်းနိုင်ဖို့* မဖြစ်မနေ လိုအပ်တယ်။

ဒီလို လုပ်ဆောင်ဖို့အတွက် ကွန်မြူနစ် ပါတီတွေမှာ လက်တွေ့ အခြေအနေကို ခွဲခြမ်းစိတ်ဖြာနိုင်တဲ့ ခေါင်းဆောင်တွေ ရှိဖို့ လိုအပ်သလို၊ တော်လှန်ရေး ဖြစ်စဉ်ရဲ့ ဘယ်အဆင့်ကို ဖြတ်သန်းနေလဲ ဆိုတာ အကဲဖြတ်နိုင်ဖို့လဲ လိုအပ်တယ်။ ဒါကြောင့် လူတန်းစား တိုက်ပွဲကို



Bundesarchiv, Bild 119-2303B / CC-BY-SA 3.0

ဒိုင်ယာလက်တစ်နည်းကျ နားလည်ဖို့၊ အခြေအနေ တရပ်မှာ ရှိနေတဲ့ လူထုရဲ့ အသိစိတ်ကို ဖတ်ရှု မြင်နိုင်စွမ်း ရှိဖို့ အရေးကြီးတယ်။

တော်လှန်ရေး အခြေအနေတွေကို စိတ်အလိုကျ ဖန်တီးယူလို့ မရဘူး။ အလုပ်သမား လူတန်းစားကို လှုပ်ရှားလာအောင် အမိန့်ပေးဖို့ ကြိုးစားမယ့်အစား ကွန်မြူနစ် ပါတီတွေဟာ လူထုနဲ့ စစ်မှန်တဲ့ ဒိုင်ယာလော့(ဂ်)တွေ ဘယ်လို လုပ်ရမလဲ ဆိုတာ သိထားရမယ်။ ဆိုလိုတဲ့သဘောက လူထုရဲ့ လက်ရှိ အသိစိတ် ရေချိန်ကို အခြေခံပြီး လူထုနဲ့ ချိတ်ဆက်နိုင်စွမ်း ရှိရမယ်၊ ဒီကနေ အာဏာသိမ်းယူဖို့ လိုအပ်တယ် ဆိုတဲ့ အသိအမြင်အထိ မြှင့်တင်ပေးနိုင်စွမ်း ရှိရမယ်။ တော်လှန်ရေး အခြေအနေလဲ လုံးဝ ရင့်မှည့်နေပြီ၊ ကွန်မြူနစ်တွေကလဲ အလုပ်သမား လူတန်းစား အများစုကြီးကို စည်းရုံး သိမ်းသွင်းထားနိုင်ပြီ ဆိုတဲ့ အချိန်ကျမှ အောင်မြင်တဲ့ ပုန်ကန် အုံကြွမှုတရပ်ကို ဦးဆောင်နိုင်မှာ ဖြစ်တယ်။

ဆွေးနွေးချက်ကို အနှစ်ချုပ်တဲ့အနေနဲ့ ထရော့စကီးက "လူအ တယောက်ကသာ တော်လှန်ရေး ဗျူဟာ အားလုံးကို ထိုးစစ်တခုအဖြစ် လျှော့ချပစ်လိမ့်မယ်" လို့ မှတ်ချက်ပေးခဲ့တယ်။ [ L Trotsky, 'A School of Revolutionary Strategy', The First Five Years of the Comintern, Wellred Books, 2020, pg 410]

ခေါင်းဆောင်မှု အတတ်ပညာဆိုတာ အင်အားစုတွေကို ရှေ့တိုးဖို့ ညွှန်ကြားရုံလောက် မဟုတ်ဘူး၊ ဘယ်အချိန် နောက်ဆုတ်ရမယ် ဆိုတာလဲ သိဖို့ လိုအပ်တယ်။ ဒါဟာ စနစ်တကျ ဆုတ်ခွာခြင်း (နောင်တိုက်ပွဲတွေအတွက် ကိုယ့်အင်အားကို ထိန်းသိမ်းခြင်း) နဲ့ လုံးဝဥဿုံ ပြိုလဲ ပျက်ဆီးခြင်းကြားက ခြားနားချက် ဖြစ်သွားနိုင်တယ်။

နောက်ဆုံးမှာတော့ လီနင်နဲ့ ထရော့စကီးရဲ့ ရပ်တည်ချက်ကို တတိယအကြိမ် ကွန်ဂရက်က လက်ခံခဲ့တယ်၊ "လူထုဆီသို့" ကြွေးကြော်သံက ကွန်ဂရက်ရဲ့ ဆောင်ပုဒ် ဖြစ်သွားခဲ့တယ်။

## ညီညွတ်ရေး တပ်ဦး

နိုင်ငံအလိုက် ဌာနခွဲ ခေါင်းဆောင်တွေကနေစလို့ ကွန်မြူနစ် အင်တာနေရှင်နယ် အဖွဲ့ဝင် အားလုံးရဲ့ သဘောတရားရေး ကျေလည်မှု အဆင့်အတန်းကို မြှင့်တင်ပေးဖို့ လီနင်နဲ့ ထရော့စကီးတို့ ကြိုးစားခဲ့ကြတယ်။ အလုပ်သမား လူတန်းစားရဲ့ တပ်ဦးဖြစ်တဲ့ ရှေ့တန်းရောက် အလွှာတွေကို စည်းရုံးပြီးသား တော်လှန်ရေး ပါတီ တရပ်အနေနဲ့ လှုပ်ရှားမှုအတွင်း ပြုပြင်ရေးဝါဒီ ခေါင်းဆောင်တွေရဲ့ လွှမ်းမိုးမှုအောက် ရှိနေဆဲ လူထုကြီးကို ဘယ်လို စည်းရုံး သိမ်းသွင်းမလဲ ဆိုတဲ့ ပြဿနာဟာ အင်တာနေရှင်နယ် အဖွဲ့ဝင်ထု စွဲမှတ်သွားအောင် သွန်သင်ဖို့ လီနင်၊ ထရော့စကီးတို့ ကြိုးစားခဲ့တဲ့ အရေးကြီး ပြဿနာတရပ် ဖြစ်ပါတယ်။

သမိုင်းဝင် ဖြစ်ရပ်ကြီးတွေ ပေါ်ပေါက်လာတဲ့အခါ လူထု အလွှာ အသီးသီးဟာ တိုက်ပွဲဝင် စင်မြင့်ပေါ် စတင် ရောက်ရှိလာကြတယ်။ အဲဒီဖြစ်စဉ်အတွင်း လူထုက ခေါင်းဆောင်တွေကို မှတ်ကျောက်တင် စစ်ဆေးတယ်။ တိုက်ပွဲဝင်ဖို့ ငြင်းဆန်တဲ့၊ ဒါမှမဟုတ် မိမိတို့ရဲ့ ရာထူးနေရာကို သုံးပြီး အလုပ်သမားထုကို ဟန့်တားနေတဲ့ အလုပ်သမား သမဂ္ဂ ခေါင်းဆောင်တွေ နောက်ဆုံးမှာ ဘေးဖယ်ထုတ်ခံရလိမ့်မယ်။ သူတို့နေရာမှာ ပိုရဲရင့်တဲ့ ခေါင်းဆောင်သစ်တွေနဲ့ အစားထိုးသွားလိမ့်မယ်။ နိုင်ငံရေး မျက်နှာစာမှာလဲ အလုပ်သမားထုဟာ စနစ်ရဲ့ အကျပ်အတည်းကနေ ထွက်ရပ်လမ်းကို ပြနိုင်တဲ့ ဒါမှမဟုတ် အနည်းဆုံးတော့ အဖြေရှိပုံရတဲ့ ခေါင်းဆောင်တွေကို ရှာဖွေလာကြတယ်။ စနစ်ကို ဆန့်ကျင် တိုက်ခိုက်ဖို့ အသင့် ပြင်ထားဆိုတဲ့ ခေါင်းဆောင်တွေကို ရှာဖွေလာကြတယ်။

သို့ပေမဲ့ တော်လှန်ရေး အသိစိတ် ဖြစ်ပေါ် တိုးတက်လာတဲ့ ဖြစ်စဉ်မှာ 'ဝုန်းကနဲ ပေါက်ကွဲထွက်လာတဲ့' (big-bang) အခိုက်အတန့် ဆိုတာမျိုး မရှိဘူး။ အသိစိတ် ခုန်ကူး ပြောင်းလဲမှုတွေဟာ ဖြစ်ရပ် တခုတည်းကြောင့် ထွက်ပေါ်လာတာမျိုး မဟုတ်ဘူး၊ မတည်ငြိမ်တဲ့ ကာလတလျှောက် အနိမ့်အမြင့်၊ အတက်အကျတွေနဲ့ ဖြစ်ပျက်လာတဲ့ ဖြစ်စဉ် တသီကြီးကြောင့် ထွက်ပေါ်လာတာ ဖြစ်တယ်။ ပြင်းထန်တဲ့ လူတန်းစား တိုက်ပွဲတွေ ပေါက်ကွဲထွက်လာလိုက်၊ အဲဒီနောက် ဆုတ်ခွာရတဲ့ ကာလတွေ ရောက်သွားလိုက်နဲ့ နောက်ဆုံးမှာတော့ အသိစိတ်ဟာ အရှိန်အဟုန်နဲ့ ခုန်ကူး တိုးတက်မှုတွေ ဖြစ်သွားတယ်။

အလုပ်သမား လူတန်းစားရဲ့ အလွှာ အသီးသီးဟာ လှုပ်ရှားမှု အရှိန် မတူကြဘူး။ တခြား အလွှာတွေထက် အရင်ဦးအောင် ကောက်ချက်ဆွဲနိုင်တဲ့ ရှေ့တန်းရောက် အလွှာတွေ ရှိတယ်။ ဒီအလွှာကို တော်လှန်ရေး ပါတီထဲ ဝင်လာအောင် စည်းရုံးရမယ်၊ စနစ်တကျ ဖွဲ့စည်းရမယ်၊ ပညာပေးရမယ်၊ အလုပ်သမားထုဆီ မျက်နှာမူစေရမယ်။

အရင်းရှင်စနစ် ကာလရှည်ကြာ အရှိန်အဟုန်နဲ့ တိုးတက်နေတဲ့ အချိန်၊ တနည်းအားဖြင့် စနစ်က အလုပ်သမား လူတန်းစားကို လိုက်လျောချက်တွေ ပေးနိုင်တဲ့ အခြေအနေမျိုးမှာ လူထုကို တော်လှန်ရေး ပါတီက သိမ်းသွင်းထားနိုင်တယ် ဆိုတဲ့ အယူအဆကို ဖယ်ထုတ်ပစ်ဖို့ လိုပါတယ်။ ၁၉ ရာစု နှောင်းပိုင်းနဲ့ ၂၀ ရာစု အစောပိုင်း ကာလတွေမှာ ဖြစ်ခဲ့သလိုပဲ၊ အဲဒီလို အချိန်မျိုးမှာ ပြုပြင်ရေးဝါဒကသာ လွှမ်းမိုးထားတတ်တယ်။ အရင်းရှင် စနစ်က လိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်ပုံရရင် အဲဒီစနစ်ကို ဖြုတ်ချဖို့ ဘာကြောင့် လိုအပ်မှာလဲ။ ဒီလို ကာလတွေမှာ စစ်မှန်တဲ့ မာ့က်စ်ဝါဒီတွေဟာ ရေစီးကို ဆန်တက်နေရတဲ့ လူနည်းစုလေးတွေ ဖြစ်သွားလေ့ရှိတယ်။ ဒီအခြေအနေမှာ ကိုယ့်အင်အားကိုယ် စုစည်းထားရင်း တော်လှန်သော မာ့က်စ်ဝါဒ အယူအဆတွေကို ထိန်းသိမ်းထားရတယ်။ ဒီလို ရှည်လျားတဲ့ ကာလတခု ဖြတ်သန်းပြီး စနစ်က အကျပ်အတည်း စတင် ကြုံတွေ့လာရရင်တောင် လူတွေဟာ မလွဲမသွေ ဖြစ်လာမဲ့ တော်လှန်ရေးကို ရှေးရှုရမယ့်အစား "အတိတ်က ရွှေထီးဆောင်းခဲ့တဲ့ နေ့ရက်တွေ"ကိုပဲ လည်ပြန် ကြည့်တတ်ကြတယ်။ အဲဒီ အခြေအနေဆီ ပြန်ရောက်နိုင်မယ့် နည်းလမ်းတွေကိုပဲ အရင် ရှာဖွေတတ်ကြတယ်။ လူသားတွေရဲ့ အသိစိတ်ဟာ ကွန်ဆာ့ဗတစ် သဘော ရှိတယ်။ ဒါကြောင့် လက်တွေ့ အခြေအနေမှန်ကို လိုက်မီဖို့ အချိန် ယူရလေ့ ရှိတယ်။

ဘာကြောင့် အစောပိုင်း အဆင့်တွေမှာ လှုပ်ရှားမှုရဲ့ တော်လှန်ရေး တောင်ပံဟာ လူနည်းစု ဖြစ်နေရသလဲ၊ ဒီအချိန် အလုပ်သမား လူတန်းစား အများစုက ပိုပြီး "လက်တွေ့ကျတယ်"၊ ပိုလွယ်ကူတယ်လို့ ထင်ရတဲ့ လမ်းတွေကို ဘာကြောင့် ရှာဖွေကြသလဲ ဆိုတာကို ဒီအချက်က ရှင်းပြနေတယ်။ ဒါ့အပြင် အစပိုင်းမှာ လူထုအပေါ် ပြုပြင်ရေးဝါဒီ ခေါင်းဆောင်တွေက ဘာကြောင့် ဩဇာ ပိုရှိနေသလဲ ဆိုတာကိုလဲ ဒီအချက်က ရှင်းပြပေးတယ်။

ဒါကြောင့်လဲ ၁၉၂၂ နိုဝင်ဘာ ၅ ကနေ ဒီဇင်ဘာ ၅ အထိ ကျင်းပခဲ့တဲ့ စတုတ္ထ အကြိမ် ကွန်ဂရက်မှာ "ညီညွတ်ရေး တပ်ဦးဆိုင်ရာ စစ်တမ်းများ" ကို အတည်ပြုဖို့ တိုက်တွန်းခဲ့တာ ဖြစ်တယ်။ အလုပ်သမား လူတန်းစားအတွင်း "ပြုပြင်ရေးဝါဒရဲ့ ထင်ယောင်ထင်မှား ဖြစ်မှုများ ပြန်လည်နိုးထလာခြင်း" နဲ့ "ညီညွတ်ရေးဆီသို့ အလိုအလျောက် ဦးတည် ကြိုးပမ်းလာခြင်း" တို့ကို ဒီစစ်တမ်းထဲမှာ သတိပေး ဖော်ပြခဲ့တယ်။ [Published in Resolutions and Theses of the Fourth Congress of the Communist International, Centropress, 1922, pg 36]

လက်တွေ့ အခြေအနေမှာ အင်မတန် အရေးကြီးတဲ့ အပြောင်းအလဲတခု ဖြစ်ပေါ်လာခဲ့တယ်။ ပြီးခဲ့တဲ့ ကွန်ဂရက်မှာ မှတ်ချက်ပြုခဲ့သလိုပဲ တော်လှန်ရေး ဒီရေ ကျသွားခဲ့ပြီး စနစ်ဟာ ယာယီအားဖြင့် ပြန်လည် တည်ငြိမ်မှု ရလာပြီ။ စစ်တမ်းထဲမှာ အခုလို

ဖော်ပြထားတယ် -

"… မစေ့စပ်စတမ်း နောက်မဆုတ်တမ်း တိုက်ပွဲဝင်လိုစိတ် အရှိဆုံးသူတွေ၊ အလုပ်သမား လူတန်းစားထဲက ကွန်မြူနစ် အစိတ်အပိုင်းတွေအပေါ် ယုံကြည်မှု တဖြည်းဖြည်း မြင့်တက်လာတာနဲ့အမျှ အလုပ်သမားထုကြီး တရပ်လုံးဟာ အရင်ကနဲ့မတူအောင် ညီညွတ်ရေးကို တောင့်တလာကြတယ်။ နိုင်ငံရေး အတွေ့အကြုံ မရှိသေးဘဲ လုပ်ရှားမှုထဲ အခုမှ စဝင်လာတဲ့ အလုပ်သမား အလွှာသစ်တွေဟာ အလုပ်သမား ပါတီ အားလုံး၊ အလုပ်သမား အဖွဲ့အစည်း အားလုံး ပေါင်းစည်း ညီညွတ်ဖို့ တောင်တလာကြတယ်။ ဒီလိုနည်းနဲ့ အရင်းရှင်တွေရဲ့ ထိုးစစ်ကို ပိုပြီး ကြံ့ကြံ့ခံ တွန်းလှန်နိုင်မယ်လို့ မျှော်လင့်နေကြတာ ဖြစ်တယ်။" [ibid.]

အဲဒီ အချိန်တုန်းက ဖြတိန်က လေဘာ ပါတီ၊ ဂျာမနီက SPD နဲ့ အီတလီက PSI တို့လို ပြုပြင်ရေးဝါဒီ ပါတီတွေဟာ အလုပ်သမား လူတန်းစားရဲ့ ကျယ်ပြန့်တဲ့ အလွှာတွေအပေါ် လွှမ်းမိုးမှု ရှိနေဆဲ ဖြစ်တယ်။ ဒါကြောင့် ဒီအလွှာတွေကို တော်လှန်သော ကွန်မြူနစ်ဝါဒ အတွေးအခေါ်တွေဘက် ဘယ်လို စည်းရုံး သိမ်းသွင်းမလဲ ဆိုတဲ့ ပြဿနာ ထွက်ပေါ်လာတယ်။ ဂိုဏ်းဂဏဆန်တဲ့ ဟန်ပန်တွေ၊ ရှုတ်ချမှုတွေနဲ့တော့ ဒီပြဿနာကို ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။ အလုပ်သမား ညီညွတ်ရေး တပ်ဦး နည်းဗျူဟာကို ကျင့်သုံးရာမှာ ကျွမ်းကျင် ပါးနပ်မှု ရှိဖို့ လိုအပ်တယ်။

ပြုပြင်ရေးဝါဒီ အဖွဲ့အစည်းတွေ၊ အလုပ်သမား သမဂ္ဂတွေက အောက်ခြေ အဖွဲ့ဝင်ထုရဲ့ ယုံကြည်မှု ရဖို့ဆိုရင် ကွန်မြူနစ်တွေဘက်က အလုပ်သမား လူတန်းစား ညီညွတ်ရေး တပ်ဦး တခုအဖြစ် စုစည်း တိုက်ပွဲဝင်ဖို့ အသင့်ရှိကြောင်း ပြသဖို့ လိုအပ်တယ်။ ဒါက ညီညွတ်ရေး တပ်ဦးရဲ့ အခြေခံ သဘောပဲ။ ဒီ ညီညွတ်ရေး တပ်ဦးဟာ အလုပ်သမား လူတန်းစားရဲ့ လက်ငင်း အကျိုးစီးပွားတွေအတွက် တိုက်ပွဲဝင်သွားမှာ ဖြစ်သလို၊ တဖက်မှာလဲ ပြုပြင်ရေးဝါဒီ ခေါင်းဆောင်တွေအပေါ် အရေးဆိုချက်တွေ တင်ပေးမယ်၊ လူတန်းစား တရပ်လုံးရဲ့ ယေဘုယျ အကျိုးစီးပွားတွေကို ပိုပြီး မြှင့်တင်ပေးသွားမယ်။

ဒီလိုနည်းနဲ့ပဲ နိစ္စဓူဝ တိုက်ပွဲတွေမှာ ဘယ်သူတွေက တစိုက်မတ်မတ် တိုက်ပွဲဝင်သူတွေ ဖြစ်သလဲ ဆိုတာကို လက်တွေ့ ပြသနိုင်လာမယ်။ လူတန်းစား ရင်ကြားစေ့ရေးဝါဒီ (class-collaborationist) ခေါင်းဆောင်တွေကို မှတ်ကျောက်တင် စမ်းသပ်ကြည့်မယ်။ ဒီနည်းနဲ့ အောက်ခြေ အဖွဲ့ဝင်ထုကို ကွန်မြူနစ်တွေရဲ့ တော်လှန်ရေး လုပ်ငန်းစဉ် ဖြစ်တဲ့ ဆိုရှယ်လစ် တော်လှန်ရေး လုပ်ငန်းစဉ်ဆီ စည်းရုံး သိမ်းသွင်းနိုင်လိမ့်မယ်။

ညီညွတ်ရေး တပ်ဦး နည်းဗျူဟာကို ကျင့်သုံးပုံဟာ တိုင်းပြည်တခုနဲ့တခု တူညီမှာ မဟုတ်ဘူး။ ဒေသန္တရ အခြေအနေတွေအပေါ် မူတည်သလို ပြုပြင်ရေးဝါဒီ အဖွဲ့အစည်းကြီးတွေနဲ့ ယှဉ်ရသော ကွန်မြူနစ် ပါတီတွေရဲ့ အားသာချက်၊ အားနည်းချက်တွေ အပေါ်လဲ မူတည်တယ်။ ဒါပေမဲ့ အခြေခံ အယူအဆကတော့ အတူတူပဲ။

အီတလီ နိုင်ငံမှာဆိုရင် ဒီနည်းဗျူဟာဟာ ကြီးထွားလာနေတဲ့ ဖောက်ပြန်ရေး အန္တရာယ်ကို ခုခံကာကွယ်ရေးဟာ အခိုင်အမာ လက်တွေ့ လိုအပ်ချက် ဖြစ်လာခဲ့တယ်။ ၁၉၂၂ အောက်တိုဘာမှာ မူဆိုလိုနီကို ဘုရင်က နန်းရင်းဝန် အဖြစ် ခန့်အပ်လိုက်တယ်။ ဒါကြောင့် ညီညွတ်ရေး တပ်ဦး တည်ဆောက်မယ်ဆိုရင် တရိန်ထိုး တက်လာတဲ့ ဖက်ဆစ် အကြမ်းဖက်မှုတွေကို ဆန့်ကျင်ဖို့ အီတလီ ကွန်မြူနစ် ပါတီ (PCd'I) က ဆိုရှယ်လစ် ပါတီနဲ့ အလုပ်သမား သမဂ္ဂတွေကို တညီတညွတ်တည်း တိုက်ပွဲဝင်ရေး ကမ်းလှမ်းတာမျိုး လုပ်ရလိမ့်မယ်။

ဗြိတိန် နိုင်ငံမှာတော့ ဗြိတိန် ကွန်မြူနစ် ပါတီရဲ့ အင်အားစုတွေက နှိုင်းယှဉ်ချက်အရ အားနည်းနေတဲ့အတွက် စစ်တမ်းမှာ အခုလို ဖော်ပြခဲ့တယ် -

"ဗြိတိန် ကွန်မြူနစ်တွေဟာ လေဘာ ပါတီထဲ ဝင်ခွင့်ရဖို့အတွက် ပြင်းပြင်းထန်ထန် လှုပ်ရှားရမယ်။ […] ဗြိတိန် ကွန်မြူနစ်တွေဟာ အရင်းရှင်တွေကို ဆန့်ကျင်တဲ့ တော်လှန်သော ညီညွတ်ရေး တပ်ဦး ကြွေးကြော်သံကို အသုံးပြုပြီး အလုပ်သမားထုရဲ့ အလွှာ အသီးသီးအပေါ် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းမိုးနိုင်လာအောင် နည်းပေါင်းစုံသုံးပြီး အစွမ်းကုန် ကြိုးစားရမယ်။" [ibid. pg 39-40]

ဒါပေမဲ့ ဒီနည်းဗျူဟာ အောင်မြင်ဖို့ဆိုရင် "ဒါကို အကောင်အထည်ဖော်မယ့် ကွန်မြူနစ် ပါတီတွေဟာ အင်အား တောင့်တင်းရမယ်၊ ညီညွတ်ရမယ်၊ ဒါ့အပြင် သဘောတရားရေး ရှင်းလင်းပြတ်သားတဲ့ ခေါင်းဆောင်မှု ရှိနေဖို့" လိုအပ်တယ်။ [ibid. pg 40] ဒီလိုအပ်ချက်ကို ဖြည့်ဆည်းရေးဟာ အင်တာနေရှင်နယ် ကွန်ဂရက်တွေမှာ လီနင်နဲ့ ထရော့စကီးတို့ ပုခုံးထမ်း ယူခဲ့ကြတဲ့ အဓိက တာဝန် ဖြစ်တယ်။

အကြောင်းအပေါင်း မသင့်လေတော့ လီနင်နဲ့ ထရော့စကီးတို့ အမြဲတမ်း မအောင်မြင်ခဲ့ပါဘူး။ နုနယ်တဲ့ ကွန်မြူနစ် ပါတီတွေက ခေါင်းဆောင် အတော်များများရဲ့ အရည်အသွေး၊ နိုင်ငံရေး အတွေ့အကြုံနဲ့ နားလည်နိုင်စွမ်းဟာ ခေတ်က တောင်းဆိုနေတဲ့ တာဝန်တွေ ထမ်းဆောင်နိုင်လောက်တဲ့အထိ မပြည့်မီခဲ့ဘူး။

အီတလီ ကွန်မြူနစ် ပါတီ ခေါင်းဆောင်ပိုင်းမှာဆိုရင် ဘော်ဒီဂါလို ပုဂ္ဂိုလ်မျိုးတွေ ရှိခဲ့တယ်။ သူတို့ဟာ လီနင်နဲ့ ထရော့စကီးတို့ရဲ့ အကြံပေးချက်တွေကို ဘယ်တုန်းကမှ လက်မခံခဲ့ဘူး။ အရင်းရှင် လူတန်းစားက တန်ပြန် ထိုးစစ်ဆင်နေချိန် ဘော်ဒီဂါရဲ့ လုပ်ရပ်တွေကြောင့် အလုပ်သမား လူတန်းစား အင်အားစုတွေ တကွဲတပြား ဖြစ်ကုန်တယ်။ ရင်နာစရာ အဖြစ်ပဲ။ အုပ်စိုးသူ လူတန်းစားက အလုပ်သမား လှုပ်ရှားမှုကို အမြစ်ပြတ် ချေမှုန်းဖို့ ဦးတည် လုပ်ဆောင်လာခဲ့တယ်၊ အလုပ်သမားထုကို အကွဲကွဲအပြားပြား ဖြစ်အောင် လုပ်ခဲ့တယ်၊ ဒေသန္တရ ခေါင်းဆောင် ထောင်ပေါင်းများစွာကို သတ်ဖြတ်ခဲ့တယ်၊ အများအပြားကို ဖမ်းဆီးတယ်၊ ဒီလိုနည်းနဲ့ နောက်ဆုံးမှာ အကြမ်းကြုတ်ဆုံး အရင်းရှင် အာဏာရှင် စနစ်ဖြစ်တဲ့ 'ဖက်ဆစ်စနစ်' ကို တည်ဆောက်သွားခဲ့တယ်။

## ခေါင်းဆောင်မှု အရေးကြီးပုံ

အဲဒီကာလကို ပြန်ကြည့်ရင် ပကတိဘာဝ အခြေအနေတွေ မြန်မြန်ဆန်ဆန် ပြောင်းလဲနေခြင်းကြောင့် သေးငယ်တဲ့ တော်လှန်ရေး အင်အားစုလေးတွေကနေ အင်အား တောင့်တင်းတဲ့ တော်လှန်ရေး ပါတီကြီးတွေအဖြစ် တဟုန်ထိုး ပြောင်းသွားခဲ့တယ် ဆိုတဲ့ အချက်ကို ထင်းထင်းကြီး မြင်ရတယ်။ ပထမ ကမ္ဘာစစ်ကြီး ပေါက်ကွဲထွက်လာခဲ့တယ်၊ အဲဒီနောက် ဆိုးဝါးလှတဲ့ စီးပွားရေး အကျပ်အတည်းတွေ ဆိုက်လာတယ်၊ အလုပ်လက်မဲ့ ဦးရေဆထက်ထမ်းပိုး တက်လာသလို၊ ငွေကြေးဖောင်းပွမှုကလဲ အင်မတန် မြင့်မားလာခဲ့တယ်။ ဒီအခြေအနေတွေဟာ တော်လှန်ရေး ဖြစ်စဉ်တွေ ပေါ်ပေါက်လာဖို့ လမ်းခင်းပေးခဲ့တယ်။

သို့ပေမဲ့ ပြည့်ပြည့်စုံစုံ ဖော်ထုတ်ထားတဲ့ တော်လှန်ရေး သီအိုရီတရပ် မရှိရင် တော်လှန်ရေး ပါတီတရပ် တည်ဆောက်နိုင်မယ့် အလားအလာတွေ ဆုံးရှုံးသွားနိုင်တယ်။

တော်လှန်ရေး ဖြစ်ရပ်တွေ မပေါ်ပေါက်ခင်ကတည်းက အနာဂတ် တော်လှန်ရေး ပါတီရဲ့ ကေဒါတွေ ကြိုတင် တည်ဆောက်ထားဖို့ ဘယ်လောက် အရေးကြီးကြောင်း၊ တော်လှန်ရေး ပါတီအတွင်း ခေါင်းဆောင်မှုဟာလဲ အရေးကြီးကြောင်း ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ အစောပိုင်း နှစ်တွေက သက်သေပြနေတယ်။ ရုရှားမှာ ၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေး ပေါက်ကွဲပြီး ချက်ချင်းဆိုသလို တော်လှန်ရေး ခေါင်းဆောင်မှု အရေးကြီးကြောင်း ပေါ်လွင်

ထင်ရှားလာခဲ့တယ်။ ဒီကာလမှာ ပြုပြင်ရေးဝါဒရဲ့ ဖိအားတွေ အလွန်အမင်း ပြင်းထန်ခဲ့တယ်။

တော်လှန်ရေး ဖြစ်ရပ်တွေ ပေါ်ပေါက်မလာခင်တည်းက အနာဂတ် တော်လှန်ရေး ပါတီရဲ့ ကေဒါအင်အားစုတွေကို ကြိုတင် တည်ဆောက်ထားဖို့လိုတယ်ဆိုတဲ့ အချက်ကို ကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့ အစောပိုင်း နှစ်တွေက အလေးပေး ညွှန်ပြသွားခဲ့တယ်။ တော်လှန်ရေးပါတီကိုယ်နှိုက်ထဲက ခေါင်းဆောင်မှုကလဲ အရေးပါကြောင်း လက်တွေ့ပြသွားတယ်။ ၁၉၁၇ ရပ်ရှား ဖေဖော်ဝါရီ တော်လှန်ရေး ပေါက်ကွဲထွက်လာပြီးပြီးချင်မှာပဲ ပြုပြင်ပြောင်းလဲရေးဝါဒဘက်က ဖိအားအကြီးအကျယ်ပေးခဲ့တာကို ကြည့်ရင်ပဲ သိသာထင်ရှားပါတယ်။

ကျနော်တို့ အပေါ်မှာ ပြောခဲ့သလိုပဲ၊ တော်လှန်ရေးရဲ့ အစောပိုင်း အဆင့်တွေမှာ အလုပ်သမား လူတန်းစားထုက ပိုပြီး လက်တွေ့ကျပုံရတဲ့၊ ပိုပြီး လွယ်ကူပုံရတဲ့ ပြုပြင်ရေးဝါဒ လမ်းကိုပဲ ရှာဖွေတတ်ကြတယ်။ ဒါကြောင့်လဲ ၁၉၁၇ အစောပိုင်းမှာ မင်ရှီဗစ်တွေနဲ့ ဆိုရှယ်လစ် ရက်ဗလူရှင်နရီ (SRs) တွေက လှုပ်ရှားမှု တခုလုံးကို လွှမ်းမိုးထားနိုင်ခဲ့တယ်။ ဒီအချက်ဟာ ကာမေးညက်ဖ်နဲ့ စတာလင်တို့လို ရုရှား ပြည်တွင်းက ဘော်ရှီဗစ် ပါတီ ခေါင်းဆောင်တွေအပေါ် သက်ရောက်မှု ရှိခဲ့တယ်၊ သူတို့ဟာ ဖိအားတွေအောက် ဦးညွှတ်သွားခဲ့ကြတယ်၊ ယာယီ အစိုးရနဲ့ အပေးအယူလုပ်ဖို့၊ ယာယီအစိုးရကို ထောက်ခံဖို့အထိ ယိမ်းယိုင်ကုန်တယ်။

ပါတီကို လမ်းကြောင်းမှန်ပေါ် ပြန်တည့်မတ်ပေးဖို့ လီနင်လို အရည်အချင်းရှိတဲ့ ခေါင်းဆောင်တယောက် လိုအပ်ခဲ့တယ်။ ဆိုလိုတာက မာ့က်စ်ဝါဒ နည်းလမ်းကို ကောင်းကောင်း နားလည်ပြီး ဒိုင်ယာလက်တစ် တွေးခေါ်နည်းကို လက်တွေ့ အသုံးချနိုင်တဲ့၊ နှံ့နှံ့စပ်စပ် ဆည်းပူး လေ့လာထားတဲ့ မာ့က်ဝါဒီတယောက် လိုအပ်တယ်။ ရေစီးကို ဆန်တက်နေရချိန်မှာတောင် ပါတီကို တော်လှန်ရေး ရပ်တည်ချက်ပေါ် မယိုင်မလဲ ခိုင်ခိုင်မာမာ ရှိနေအောင် ဦးဆောင်မှု ပေးနိုင်တဲ့ လီနင်လို ခေါင်းဆောင်မျိုး လိုအပ်ခဲ့တယ်။

၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေး နောက်ပိုင်း ကြုံလာရတဲ့ ဖိအားတွေကို တွန်းလှန်ပြီး ခိုင်မာတဲ့ ရပ်တည်ချက်ကို ထိန်းထားနိုင်ခဲ့သူ ဒိုင်ယာလက်တစ် တွေးခေါ်ရှင် လီနင်ပဲ။ သူဟာ ပြည်တွင်းက ဘော်ရှီဗစ် ခေါင်းဆောင်တွေထက် အမြော်အမြင် ပိုရှိခဲ့တယ်။ မင်ရှီဗစ် ခေါင်းဆောင်တွေ သစ္စာဖောက် လုပ်ရပ်တွေ မလွဲမသွေ လုပ်လိမ့်မယ်၊ ဒီအချက်ကြောင့်ပဲ မင်ရှီဗစ်တွေဟာ အလုပ်သမားထုရဲ့ ထောက်ခံမှုကို သေချာပေါက် ဆုံးရှုံးသွားလိမ့်မယ်လို့ လီနင် ကြိုမြင်နိုင်ခဲ့တယ်။ ဒီအခါ အလုပ်သမားထုက ဘော်ရှီဗစ်တွေရဲ့ တော်လှန်ရေး ရပ်တည်ချက်ကို ပိုပြီး လက်ခံလာကြလိမ့်မယ်။ လီနင်သာ ပါတီရဲ့ ဦးဆောင်မှုနေရာမှာ မရှိခဲ့ရင် ဘော်ရှီဗစ်တွေဟာ အောက်တိုဘာမှာ ပေါ်ပေါက်လာမယ့် အခွင့်အလမ်းကို လက်လွှတ် ဆုံးရှုံးသွားနိုင်တယ်။

ဩစတြီးယား၊ ဟန်ဂေရီ၊ ဂျာမနီ၊ အီတလီနဲ့ တခြား နိုင်ငံတွေက တော်လှန်ရေး လှုပ်ရှားမှုတွေရဲ့ အရေးနိမ့်မှုများဟာ တော်လှန်ရေး ခေါင်းဆောင်မှု အရေးပါပုံကို အဆိုးဘက်က သက်သေပြသွားခြင်း ဖြစ်တယ်။ ကံမကောင်းစွာပဲ၊ အဲဒီကာလအတွင်း ပေါ်ထွက်လာတဲ့ ဘယ်ကွန်မြူနစ် ပါတီမှာမှ လီနင်နဲ့ ထရော့စကီးတို့လို အရည်အချင်းရှိတဲ့ ခေါင်းဆောင်တွေ မရှိခဲ့ဘူး။ ဒါကြောင့်ပဲ တော်လှန်ရေး ဖြစ်စဉ်တွေ ဖူးပွင့်လာတာနဲ့အမျှ ဒီလို ခေါင်းဆောင်မှုတွေ ပေါ်ထွက်လာအောင် ကူညီပေးရေး၊ တချိန်တည်းမှာပဲ ကွန်မြူနစ် ပါတီတွေ ကျူးလွန်နေတဲ့ အမှား အမျိုးမျိုးကို ပြင်ဆင်ပေးရေးဟာ ကွန်မင်တန်အတွက် အရေးကြီး တာဝန် တရပ် ဖြစ်လာတယ်။

အီတလီ၊ တခြားနိုင်ငံတွေ၊ အထူးသဖြင့် ဂျာမနီမှာ တော်လှန်ရေး ရှုံးနိမ့်သွားခြင်းဟာ ဆိုဗီယက် ရပ်ရှားအပေါ် သက်ရောက်မှု ကြီးမားခဲ့တယ်။ နိုင်ငံ တနိုင်ငံတည်းမှာ တော်လှန်ရေး ထီးတည်း ဖြစ်သွားတဲ့ အခြေအနေ ရောက်သွားခဲ့တယ်။ ဒါဟာ ဘော်ရှီဗစ် ပါတီ ဗျူရိုကရက်တစ် ယိုယွင်းပျက်ဆီးမှု ဖြစ်စဉ်ရဲ့ အရေးအကြီးဆုံး ပကတိဘာဝ အကြောင်းအချက် ဖြစ်ခဲ့တယ်။ ဗျူရိုကရက်တစ် ယိုယွင်းပျက်စီးခြင်း ဖြစ်စဉ်ဟာ အဲဒီခေတ် ဆိုဗီယက် ယူနီယံရဲ့ စီးပွားရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ ခေတ်နောက်ကျ ကျန်ရစ်မှုတွေရဲ့ ရလဒ်လဲ ဖြစ်တယ်။

ဒီ ယိုယွင်းပျက်ဆီးမှုဟာ ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ ခေါင်းဆောင်မှု အပိုင်းမှာပါ ထင်ဟပ်လာခဲ့တယ်။ အထူးသဖြင့် ၁၉၂၃ မတ်လမှာ လီနင် နာမကျန်းမှုကြောင့် လုပ်ငန်းဆောင်တာတွေ မလုပ်နိုင်တော့တဲ့ နောက်ပိုင်း ဇီနိုဗီးယက်ဖ် ဦးဆောင်တဲ့ ကွန်မင်တန် အမှုဆောင် အဖွဲ့က နိုင်ငံအလိုက် ဌာနခွဲ ခေါင်းဆောင်တွေကို ဗျူရိုကရေစီဆန်ဆန် အမိန့်ပေး စေခိုင်းတာတွေ ပိုလုပ်လာခဲ့တယ်။ နောက်ဆုံးမှာတော့ ၁၉၃၀ ပြည့်လွန်နှစ်တွေ ရောက်တဲ့အခါ ကွန်မြူနစ် အင်တာနေရှင်နယ်ဟာ ကမ္ဘာ့ တော်လှန်ရေးအတွက် မောင်းနှင်အားတခု အဖြစ်ကနေ စတာလင် ဗျူရိုကရေစီရဲ့ နိုင်ငံခြားရေး မူဝါဒကို အကောင်အထည် ဖော်ပေးရတဲ့ ကိရိယာတခု ဖြစ်သွားခဲ့တယ်။

## သင်ခန်းစာများ

လီနင့်ခေတ် ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ အတွေ့အကြုံတွေကနေ ကျနော်တို့ ရရှိနိုင်တဲ့ သင်ခန်းစာ နှစ်ရပ် ရှိတယ်။ ပထမ တချက်ကတော့ သီအိုရီပိုင်း အယူအဆတွေမှာ အကြွင်းမဲ့ ရှင်းလင်းပြတ်သားမှု ရှိဖို့ အလွန် အရေးကြီးတယ်။ အချောင်သမားဆန်တဲ့ အမှားမျိုးဖြစ်စေ၊ ဂိုဏ်းဂဏဆန်တဲ့ အမှားမျိုးဖြစ်စေ၊ ခွဲခြမ်းစိတ်ဖြာမှုမှာ ကြီးလေးတဲ့ အမှားတခု လုပ်မိပြီး ပြန်လဲ မပြင်နိုင်ဘူးဆိုရင် ကိုယ့်ရဲ့ အင်အားစုတွေကို ကိုယ်တိုင် ဖျက်ဆီးပစ်သလို ဖြစ်သွားနိုင်တယ်။ ဒီအတွက်ပဲ အဖွဲ့ဝင်တွေကို ပညာပေးတဲ့ နေရာမှာ ကျနော်တို့ အချိန်နဲ့ အင်အား အမြောက်အမြား ပေးထားတာ ဖြစ်တယ်။

သီအိုရီပိုင်း အမှားတွေဟာ ကြီးလေးတဲ့ လက်တွေ့ပိုင်း အမှားတွေဆီ ဦးတည်သွားနိုင်တယ်။ ဥပမာပြောရရင် ၁၉၂၁-၂၄ ကာလအတွင်း အီတလီ ကွန်မြူနစ် ပါတီ ခေါင်းဆောင်တွေရဲ့ လက်ဝဲစွန်းဝါဒကြောင့် သက်တမ်းနုနု ကွန်မြူနစ် ပါတီဟာ PSI ပါတီက ပြုပြင်ရေးဝါဒီတွေ ဩဇာညောင်းနေဆဲ လူထုနဲ့ ကင်းကွာသွားခဲ့ဖူးတယ်။ ဂျာမနီမှာလဲ ကြီးလေးတဲ့ အမှားတွေ ကျူးလွန်ခဲ့ကြတယ်။ ဒါကြောင့် လီနင်ရဲ့ ဂန္ထဝင်မြောက် လက်ရာတွေနဲ့အတူ ဒီကာလကို လေ့လာရေးဟာ ဒီကနေ့ခေတ် ကျနော်တို့ အင်အားစုတွေကို တည်ဆောက်ရာမှာ မရှိမဖြစ် လိုအပ်ချက် တရပ် ဖြစ်ပါတယ်။

ဒုတိယမြောက် အဓိက သင်ခန်းစာက သီအိုရီပိုင်း တင်းကျပ် ခိုင်မာမှု ရှိခြင်းဟာ နည်းဗျူဟာပိုင်း ပျော့ပျောင်းမှုနဲ့ ဒွန်တွဲနေရမယ်။ ဒါဟာ လီနင် ဦးဆောင်တဲ့ ဘော်ရှီဗစ် ပါတီရဲ့ အတွင်းသား အင်္ဂါရပ်တခု ဖြစ်တယ်။ ထရော့စကီးက "တော်လှန်ရေး သေနင်္ဗျူဟာ ကျောင်းတော်ကြီး" လို့ တင်စားခဲ့တဲ့ ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ ပထမဆုံး ကွန်ဂရက် လေးခုမှာ ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေ၊ စစ်တမ်းတွေနဲ့ ဆွေးနွေးချက်တွေမှာ ဒီအချက်ကို ရှင်းလင်းပြတ်သားစွာ တွေ့နိုင်တယ်။

ကွန်မြူနစ် အင်တာနေရှင်နယ်ရဲ့ အစောပိုင်း ကာလတွေမှာ နိုင်ငံအလိုက် ဌာနခွဲတွေကို တည်ဆောက်တဲ့ ပုံစံက သက်ဆိုင်ရာ နိုင်ငံရဲ့ ပကတိဘာဝ လက်တွေ့ အခြေအနေတွေအပေါ် မူတည်ပြီး ကွဲပြားတယ်။ ဒီကနေ့ခေတ် ကျနော်တို့ရဲ့ အနာဂတ် မြော်မြင်ချက်တွေမှာလဲ လှေနံဓားထစ် မဆန်တဲ့ အလားတူ ချဉ်းကပ်မှုမျိုး ရှိရမယ်။ အဲဒီလို မလုပ်ဆောင်ဘူး ဆိုရင်တော့ ပေါ်ပေါက်လာမဲ့ အခွင့်အလမ်းတွေကို လက်လွှတ်

ဆုံးရှုံးရလိမ့်မယ်။

အရင်းရှင်စနစ် အကျပ်အတည်းနဲ့ အဲဒီကနေ မြစ်ဖျားခံလာမယ့် ပြင်းထန်တဲ့ လူတန်းစား တိုက်ပွဲတို့ရဲ့ ရိုက်ခတ်မှုကြောင့် ပကတိဘာဝ အခြေအနေတွေ ပြောင်းလဲလာတာနဲ့အမျှ ကျနော်တို့ရဲ့ အင်အားစုတွေကို သိသိသာသာ တိုးချဲ့နိုင်မယ့် အခွင့်အရေးများစွာ ပေါ်ထွက်လာလိမ့်မယ်။ ဒါပေမဲ့ မှန်မှန်ကန်ကန်နဲ့ ရပ်တည် လှုပ်ရှားနိုင်ဖို့ဆိုရင်တော့ လေ့ကျင့်သင်ကြားထားတဲ့ ပါတီတရပ် လိုအပ်လိမ့်မယ်၊ ပါတီဟာ သမိုင်းကြောင်းကို ကျေလည်ရမယ်၊ မာ့က်စ်ဝါဒ သီအိုရီကို ကျွမ်းကျင်ပိုင်နိုင်ရမယ်၊ လက်ရှိ အခြေအနေက တောင်းဆိုနေတဲ့အတိုင်း ရဲစွမ်းသတ္တိ ရှိပြီး ပျော့ပျောင်းမှု ရှိဖို့လဲ လိုအပ်တယ်။

ကျနော်တို့ရဲ့ စည်းရုံးရေး ကြွေးကြော်သံက ဒီလို -

•လီနင်ကို လေ့လာကြ

•တော်လှန်သော ကွန်မြူနစ် ပါတီတွေကို လက်ငင်း တည်ဆောက်ကြ

•ကမ္ဘာ့ ဆိုရှယ်လစ် တော်လှန်ရေးဆီ ချီတက်ကြ

Source - HOW THE COMMUNIST INTERNATIONAL WAS BUILT by Fred Weston, IN DEFENCE OF MARXISM magazine issue 47

ဘာသာပြန် - ရှင်မင်းဟန်




"Long live the Third International! Welcome Comrades!" (1920), Dmitry Moo



# အမေရိကန် နယ်ချဲ့က
# ဗင်နီဇွဲလားကို ကျူးကျော်တိုက်ခိုက်

ပြီးခဲ့တဲ့ နာရီပိုင်းလောက်ကပဲ အမေရိကန် စစ်တပ်က ဗင်နီဇွဲလားကို missile တွေနဲ့ တိုက်ခိုက်ခဲ့လို့ မြို့တော် ကရာကပ်(စ်)အနီး ပေါက်ကွဲမှုတွေ အပြင်းအထန် ဖြစ်သွားခဲ့တယ်။ အခုဆိုရင် ဒီအကြောင်း သတင်းတွေလဲ တောက်လျှောက်တက်နေပါပြီ။ ဒီအဖြစ်အပျက်ကို သတင်းတွေမှာ ဘယ်လို ဖော်ပြနေသလဲ အရင် ကြည့်ရအောင်။


ဂါးဒီးယန်းရဲ့ developing story ကို လိုက်ကြည့်တဲ့အခါ လွန်ခဲ့တဲ့ ၂ နာရီက အခုလို ရေးပါတယ် -

“Venezuela’s authoritarian government has accused the US of risking plunging Latin America into chaos with “an extremely serious” act of “imperial aggression” after Donald Trump reportedly ordered strikes against the South American country”

သူတို့ ရေးတဲ့ အာဘော်ကို စာဖတ်သူတွေကိုယ်တိုင် သုံးသပ်ကြည့်လို့ရအောင် ဘာသာမပြန်ဘဲ မူရင်းအတိုင်း ကောက်နှုတ်ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။ ယူအက်(စ်) အစိုးရက အချုပ်အခြာ အာဏာပိုင် နိုင်ငံတခုဖြစ်တဲ့ ဗင်နီဇွဲလားကို ရန်စ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် ဒီအချက်ကို တည့်တည့်မရေးကြဘူး။ “ဗင်နီဇွဲလား အာဏာရှင် အစိုးရ” က ယူအက်(စ်)ကို စွပ်စွဲထား ဆိုတဲ့ အသုံးအနှုန်းနဲ့ စဖွင့်တယ်။ ကျူးကျော် တိုက်ခိုက်ခံရသူကို အာဏာရှင် အစိုးရလို့ သုံးနှုန်းဖော်ပြတယ်ဆိုရင် အချုပ်အခြာ အာဏာပိုင် နိုင်ငံတခုကို ကျူးကျော်တိုက်ခိုက်တဲ့ ယူအက်(စ်) အစိုးရကို “နယ်ချဲ့ အစိုးရ” လို့ တိတိကျကျ ဖော်ပြဖို့ တာဝန်ရှိသွားပြီ။ ဒါပေမယ့် “ယူအက်(စ်)” လို့ပဲ neutral ဖြစ်တဲ့ အသုံးနဲ့ ဖော်ပြပါတယ်။

ဒေါ်နယ်ထရမ့်ကိုယ်တိုင် ဒီတိုက်ခိုက်မှုကို သူအမိန့်ပေးထားကြောင်း လူသိရှင်ကြား ထုတ်ပြောထားပါရက်နဲ့ ဗင်နီဇွဲလားဘက်က “စွပ်စွဲ” လို့ ဘာ့ကြောင့် ရေးသလဲ မေးစရာ ရှိလာတယ်။ ဒါက စွပ်စွဲချက် အဆင့် မဟုတ်တော့ဘူး။ လယ်ပြင်မှာ ဆင်သွားတာထက် ထင်ရှားနေပြီးသား “fact” ဖြစ်ပါတယ်။ ဘက်မလိုက်ဘူးလို့ ကြွေးကြော်ထားတဲ့ သတင်း မီဒီယာတွေက “fact” ကို ရဲရဲတင်းတင်း





ဖော်ပြပေးဖို့ လိုအပ်တယ်။

လွန်ခဲ့တဲ့ မိနစ်ပိုင်းက တက်လာတဲ့ ဒေါ်နယ်ထရမ့်ရဲ့ Truth social ပို့စ်မှာ အခုလို ရေးထားတယ် -

"The United States of America has successfully carried out a large scale strike against Venezuela and its leader, President Nicolas Maduro, who has been, along with his wife, captured and flown out of the Country. ...."

ဒီအချက် မှန် မမှန် အတိအကျ မသိရသေးပါဘူး။ ဒါပေမဲ့ ဒီအကြောင်းကို ဂါးဒီးယန်းက report လုပ်ရာမှာ "Trump claims US has captured Venezuelan dictator and wife" လို့ ခေါင်းစဉ်တပ်ပါတယ်။ အတွင်းစာပိုဒ် အဖွင့်စာကြောင်းမှာလဲ "ဗင်နီဇွဲလား အာဏာရှင်နဲ့ သူ့ဇနီးကို ယူအက်(စ်)ဘက်က "ဖမ်းစီးထားကြောင်း" ဒေါ်နယ်ထရမ့်က ဆို" လို့ ရေးပါတယ်။ ဒေါ်နယ်ထရမ့်ရဲ့ ပို့စ်မှာတောင် ဗင်နီဇွဲလား သမ္မတလို့ သုံးထားပေမဲ့ ဂါးဒီးယန်းက ဘာ့ကြောင့် ဗင်နီဇွဲလား အာဏာရှင်လို့ အထူးပြု ဖော်ပြရသလဲ။ sovereign တိုင်းပြည်တခုကို ရန်စ ကျူးကျော်တိုက်ခိုက်ဖို့ အမိန့်ပေးခဲ့တဲ့ ယူအက်(စ်) သမ္မတကို အာဏာရှင်လို့ မဖော်ပြသင့်ဘူးလား။ ဒါပေမယ့် ဒေါ်နယ်ထရမ့်ကိုတော့ အာဏာရှင်လို့ သူတို့ မသုံးဘူး။ ဘာ့ကြောင့်လဲ။

ဒီလို အသုံးအနှုန်း ကိစ္စလေးတွေ ဘာ့ကြောင့် တကူးတက ထည့်ပြောနေရသလဲ။ ရှင်းပါတယ်။ politically motivated ဖြစ်တဲ့ ရေးသား ဖော်ပြချက်တွေ ဖြစ်နေလို့ပဲ။ neutrality ကို တစာစာအော်တဲ့ လစ်ဘရယ် မီဒီယာတွေဟာ တကယ့် လက်တွေ့မှာ neutral မဖြစ်ဘူးဆိုတာ မြင်သာအောင် နမူနာ ထုတ်ပြလိုက်တာပဲ။ ဂါးဒီးယန်း တခုပဲ ဒီလို ဖြစ်နေတာ မဟုတ်ဘူး။ လွတ်လပ်ပါတယ် ဆိုတဲ့ အနောက် မီဒီယာကြီးတွေ အားလုံး ဒီအာဘော်အတိုင်းပဲ။ ပြည်တွင်း ပြည်ပ အခြေစိုက် local မီဒီယာ အသေးလေးတွေကလဲ သူတို့ အာဘော်အတိုင်း လိုက်ရေးတာက ခပ်များများ။

ဆိုတဲ့ အသံကြားတာနဲ့ ယူအက်(စ်)က ဗိုလ်ကျ နယ်ချဲ့နေလဲ ယူအက်(စ်) အစိုးရကို ထောက်ခံမဲ့သူတွေက ပြည်တွင်းစစ်ဒဏ် ခံနေရတဲ့ ဗမာပြည်မှာကို မနည်းမနော ရှိတယ်။ ဒီလို မိုက်မဲတဲ့ ရပ်တည်ချက်မျိုး ဘာ့ကြောင့် ဖြစ်ပေါ်လာသလဲ စေ့ငုကြည့်မယ်ဆိုရင် ပင်မရေစီး မီဒီယာကြီးတွေရဲ့ အထက်ပါ လုပ်ရပ်ကို မေ့ထားလို့ မရဘူး။ ဗင်နီဇွဲလား အစိုးရကို အာဏာရှင်၊ အမေရိကန် အစိုးရကို ဒီမိုကရေစီ ဖခင်ကြီးလို့ တလျှောက်လုံး ပုံဖော်လာတော့ အမေရိကန်က နယ်ချဲ့ ဗိုလ်ကျ စစ်ခင်းနေလဲ နယ်ချဲ့ စစ်ခင်းနေတယ်လို့ မမြင်နိုင်လောက်အောင် အမှောင်ဖုံးသွားရော။

အဲသလို အမှောင်ဖုံးနေတဲ့ အဖြစ်ကို မသိလေတော့ ဗင်နီဇွဲလား အာဏာရှင်ကို ဒီမိုကရေစီ ဖခင်ကြီးက ဆုံးမနေပြီလို့ ထင်သွားတယ်။ ဒါနဲ့တင် အားမရသေးဘဲ ဗမာပြည်က စစ်အာဏာရှင်ကို လာဆုံးမပေးပါဦး ဆိုပြီး ပထွေးကို လှမ်းတသူတွေက ရှိသေးတယ်။ ဗမာပြည်က စစ်အာဏာရှင်ကို ဖြိုချရေးဟာ ဗမာပြည်သူတွေရဲ့ အလုပ်သာ ဖြစ်တယ်။ ဘယ်နယ်ချဲ့ပါဝါမှ ဝင်ပါစရာ မလိုဘူး။ အဲသလိုပဲ ဗင်နီဇွဲလား အစိုးရက အာဏာရှင် ဖြစ်တယ်ဆိုရင်လဲ ဗင်နီဇွဲလား ပြည်သူတွေကိုယ်တိုင် ဖြေရှင်းပါလိမ့်မယ်။ ဘယ်နယ်ချဲ့ အစိုးရကမှ ဝင်ဗိုလ်ကျစရာ မလိုဘူး။

အမေရိကန် ထောက်ခံသူ (တိတိကျကျ ပြောရရင် အမေရိကန်ရဲ့ နယ်ချဲ့စစ် ထောက်ခံသူတွေ) ကို မေးစရာ တခုပဲ ရှိပါတယ်။ အမေရိကန် နယ်ချဲ့ ဝင်မွှေလို့ ဒီမိုကရေစီ ရသွားတဲ့ တိုင်းပြည် ကမ္ဘာပေါ်မှာ ရှိပါသလား။ ဒီမိုကရေစီ နာမည်ခံ နယ်ချဲ့ ရုပ်သေး အစိုးရကို မဆိုလိုဘူး၊ genuine democracy ကို ဆိုလိုခြင်း ဖြစ်တယ်။ သမိုင်းတလျှောက် တနိုင်ငံမှ မရှိသေးဘူးလို့ ပြတ်ပြတ်သားသား ပြောရဲပါတယ်။ သေချာတာကတော့ အမေရိကန် ဝင်မွှေလို့ တိုင်းပြည်ပျက်ပြီး ဒုက္ခပင်လယ်ဝေနေတဲ့ နိုင်ငံတွေ ဒုနဲ့ဒေး ရှိပါတယ်။

ဒါ့ကြောင့် အမေရိကန်က နယ်ချဲ့ ကျူးကျော်စစ် ဆင်နွှဲနေတာကို နယ်ချဲ့ ကျူးကျော်စစ်လို့ ရိုးရိုးရှင်းရှင်း မြင်တတ်ဖို့ အရေးကြီးပါတယ်။ ဗင်နီဇွဲလား အစိုးရက အာဏာရှင်ဆန်တာ ဘာညာ လျှောက်ပြောနေဖို့

မလိုဘူး။ အဲသလို ပြောကြေးဆိုရင် “အာဏာရှင်ဆန်တဲ့ ဒေါ်နယ်ထရမ့်ကို ဖြုတ်ချဖို့ လက်တင် အမေရိကတိုက် ပြည်သူတွေက ယူအက်(စ်)ကို ဝိုင်းတိုက်စို့” အရင် ဆော်ဩရလိမ့်မယ်။ ဒါမှ သူတို့ပြောတဲ့ လော့ဂျစ်အရ consistent ဖြစ်မယ်။

ဒါ့ကြောင့် ကွန်မြူနစ်တွေရဲ့ ရပ်တည်ချက်က ရှင်းပါတယ် -

“ဗင်နီဇွဲလားကို မထိနဲ့”

“ယန်ကီးတွေ အိမ်ပြန်ကြ”

“အရင်းရှင် နယ်ချဲ့စစ်ကို ဆန့်ကျင်ကြ”

**ရေးသူ - သူရိန်မွန်**




Photo : AP

ဒီဇင်ဘာ ၁၆ ရက်နေ့မှာ အမေရိကန် သမ္မတ ထရမ့်(ပ်) က "ဗင်နီဇွဲလား နိုင်ငံအတွင်း ဝင်ထွက်သွားလာနေသော **ဒဏ်ခတ်အရေးယူထားတဲ့ ရေနံတင် သင်္ဘော အားလုံးကို အလုံးစုံ အပြည့်အဝ ပိတ်ဆို့လိုက်ပြီ**" လို့ လူမှုကွန်ရက်ကနေ ကြေညာခဲ့တယ်။ နောက်တနေ့မှာတော့ ထရမ့်(ပ်)က တောင်အမေရိက နိုင်ငံကို စစ်ကြေညာတော့မလားဆိုတဲ့ ကောလာဟလတွေ ကမ္ဘာတဝှမ်း ပျံ့နှံ့သွားခဲ့တယ်။ ဒါဟာ ရေနံကြွယ်ဝတဲ့ ဒီနိုင်ငံအပေါ် အင်အားကြီး နိုင်ငံက ငါးလကြာ ဗိုလ်ကျစိုးမိုးဖို့ ကြိုးပမ်းလာခဲ့တဲ့ လှုပ်ရှားမှုကို နောက်ထပ် အရှိန်မြှင့်လိုက်ခြင်း ဖြစ်တယ်။ အမှန်အတိုင်း ပြောရရင် အမေရိကန် အစိုးရက ဗင်နီဇွဲလားကို စစ်စတိုက်နေပြီ ဖြစ်တယ်။

ဩဂုတ်လကုန်ပိုင်းကတည်းက ဗင်နီဇွဲလားအပေါ် စစ်ရေးအရ သိသိသာသာ အရှိန်အဟုန်မြှင့် ရန်စလာခဲ့တာ ဖြစ်တယ်။ ကာရစ်ဘီယံ ပင်လယ်ပြင်အတွင်း ဖြန့်ကျက်ထားတဲ့ စစ်လက်နက်ပစ္စည်း စစ်အင်အားတွေ တနေ့တခြား တိုးပွားလာနေတယ်။ ဒီထဲမှာ ဖရီးဂိတ် စစ်သင်္ဘောတွေ၊ တိုက်လေယာဉ်တွေ၊ ဗုံးကြဲလေယာဉ်တွေ၊ လေယာဉ်တင် သင်္ဘောတွေ၊ တိုက်ခိုက်ရေး သင်္ဘောတွေ၊ နျူကလီးယား ရေငုပ်သင်္ဘော တစင်းနဲ့ စုစုပေါင်း စစ်သည်အင်အား ၁၅,၀၀၀ ပါဝင်တယ်။ အမေရိကန် ရေတပ်ရဲ့ ၂၀ ရာခိုင်နှုန်းလောက် ကာရစ်ဘီယံ ပင်လယ်ပြင်မှာ ရောက်ရှိနေပြီး ဗင်နီဇွဲလား နိုင်ငံကို ခြိမ်းခြောက်နေတယ်။

အခု ဖြန့်ကျက်နေရာချထားတဲ့ စစ်အင်အားဟာ ရန်စဖို့သက်သက် မဟုတ်တော့ဘူး။ ဒီစစ်အင်အားတွေကို လက်တွေ့ အသုံးပြုထားတယ်။ ဝါရှင်တန်ဘက်က 'မူးယစ်ဆေးဝါးတင် လှေတွေ' လို့ နာမည်တပ်ထားတဲ့ ရေယာဉ်တွေကို ယူအက်စ် ရေတပ်က တိုက်ခိုက်ခဲ့တယ်။ ဒီတိုက်ခိုက်မှုတွေကြောင့် လူပေါင်း ၉၀ကျော် အသတ်ခံထားရတယ်။ ဒီလှေငယ်လေးတွေဟာ မူးယစ်ဆေးဝါး ကုန်ကူးမှုမှာ ပါဝင်ပတ်သက်နေတယ် ဆိုတဲ့ စွပ်စွဲချက်တွေအတွက် ခိုင်လုံတဲ့ သက်သေ အထောက်အထား တခုမှ ထုတ်မပြနိုင်ဘူး။

ဗင်နီဇွဲလားကမ်းရိုးတန်းတလျှောက်မှာ ယူအက်စ် တိုက်လေယာဉ်တွေနဲ့ ဗုံးကြဲ လေယာဉ်တွေ အဆက်မပြတ် တရစ်ဝဲဝဲ ပျံသန်းခဲ့တယ်။ ဗင်နီဇွဲလား လေပိုင်နက်ကို ကျူးကျော်ဝင်ရောက်ခဲ့တာတွေတောင် ရှိခဲ့တယ်။

"ဗင်နီဇွဲလားနိုင်ငံရဲ့ ထက်အောက်ဝန်းကျင် လေပိုင်နက် တခွင်တပြင်လုံးကို ပိတ်ဆို့လိုက်ပြီ" နိုဝင်ဘာ ၂၉ရက်နေ့မှာ ထရမ့်(ပ်) က တဖက်သတ် ကြေညာခဲ့တယ်။ ဗင်နီဇွဲလား လေပိုင်နက်က ယူအက်(စ်) အာဏာစက်အောက်မှာ မရှိဘူး။ ဒါပေမဲ့ ဒီလို ခြိမ်းခြောက်လိုက်ရုံနဲ့ ပြည်ပ လေကြောင်းလိုင်းအများစုက ဗင်နီဇွဲလား ခရီးစဉ်တွေကို ရပ်ဆိုင်းပစ်လိုက်တယ်။ ဒါဟာ လက်တွေ့အားဖြင့် လေကြောင်းလမ်း ပိတ်ဆို့မှု ဖြစ်သွားတာပဲ။

ဗင်နီဇွဲလားကနေ ရေနံစိမ်း စည်ပေါင်း နှစ်သန်း တင်ဆောင်ထွက်ခွာလာတဲ့ ရေနံတင် သင်္ဘောကြီး တစင်းကို ဒီဇင်ဘာ ၁၀ရက်နေ့မှာ ယူအက်စ်က ဖမ်းဆီးသိမ်းပိုက်လိုက်တယ်။ ဒီလုပ်ရပ်က ဓားပြတိုက်တာ မဟုတ်ရင် ဘာလဲ။ အခုလို စစ်ရေးနည်းနဲ့ ရန်စတိုက်ခိုက်လိုက်ခြင်းရဲ့ လက်ငင်း အကျိုးဆက်အဖြစ် တခြား ရေနံတင် သင်္ဘော အတော်များများလဲ ဗင်နီဇွဲလားကနေ ရေနံ မတင်ရဲတော့ဘူး။ ဒါဟာ ဗင်နီဇွဲလားကို လက်တွေ့အားဖြင့် ရေနံ ပိတ်ဆို့မှု လုပ်ဖို့ ပြင်နေတာပဲ။

ဒီဇင်ဘာ ၁၆ ရက်နေ့မှာ ထရမ့်ပ် ကြေညာခဲ့တဲ့ ရေနံ ပိတ်ဆို့မှုမျိုးကို နိုင်ငံတကာ ဥပဒေအရ စစ်ဆင်နွှဲတဲ့ လုပ်ရပ်အဖြစ် သတ်မှတ်ပါတယ်။ လေကြောင်း ပိတ်ဆို့မှုဟာလဲ တရားမဝင်ဘူး။ ကမ္ဘာ့ အင်အား အကြီးဆုံး နိုင်ငံရဲ့ သမ္မတဆိုသူက ဒါတွေ တခုမှ အရေးမစိုက်ဘူး။ အရင်က အိမ်ဖြူတော်ရှင် သမ္မတဟောင်းတွေဟာ သူတို့ရဲ့ နယ်ချဲ့ကျူးကျော်မှုတွေကို ဥပဒေနဲ့အညီ ဖြစ်သယောင် ဟန်ဆောင်ဖို့ ကြိုးစားလေ့ရှိတယ်၊ 'စည်းမျဉ်းအခြေခံတဲ့ ကမ္ဘာ့ စနစ်' (rules-based world order) အကြောင်း သူတို့ လိုသလို ပြောလေ့ရှိတယ်။ ဒါပေမဲ့ ထရမ့်(ပ်)ကတော့ သံခင်းတမန်ခင်း စည်းမျဉ်းစာအုပ်ကို ဆွဲဆုတ်ပစ်လိုက်ပြီး အင်အားကြီးသူက နိုင်စားမှာပဲ ဆိုတဲ့ နိယာမကသာ အရေးပါတဲ့ တခုတည်းသော နိယာမဖြစ်ကြောင်း တလောကလုံးရှေ့ ချပြလိုက်တယ်။

ထရမ့်(ပ်)က သူ့ရဲ့ လူမှုကွန်ယက် ကြေညာချက်မှာ "ဒဏ်ခတ်အရေးယူထားတဲ့ ရေနံတင် သင်္ဘောတွေ"ကိုပဲ ပိတ်ဆို့လိုက်ခြင်း ဖြစ်ကြောင်း ပြောထားတယ်။ တကယ်တမ်းတော့ အခုလို တဖက်သတ် ရန်စတိုက်ခိုက်မှုကို တရားဝင်သယောင် ဟန်ပြဖို့ ကြိုးစားတာပဲ။ လက်တွေ့မှာတော့ ဒီဒဏ်ခတ် အရေးယူမှုတွေကို ယူအက်စ်ကိုယ်တိုင်ပဲ ချမှတ်ခဲ့တာ ဖြစ်တယ်။ ဗင်နီဇွဲလား အစိုးရပိုင် ရေနံကုမ္ပဏီ PDVSA က အသုံးပြုနေတဲ့ ရေနံတင် သင်္ဘော အားလုံးရဲ့ ၄၅ ရာခိုင်နှုန်းခန့်ဟာ အမေရိကန်ရဲ့ ဒဏ်ခတ်အရေးယူမှု ခံထားရပြီးသား ဖြစ်တယ်။ PDV-SA အပေါ် ယူအက်စ်ရဲ့ ဒဏ်ခတ် အရေးယူမှုကနေ ထွက်ပေါ်လာမယ့် ဆင့်ပွား ဒဏ်ခတ်မှုတွေက ရေနံတင် သင်္ဘော အများကြီးကို သက်ရောက်မှု ထပ်ရှိဦးမယ်၊ ဒီတော့ တိုက်ရိုက် ဒဏ်ခတ်ခံရတဲ့ စာရင်းထဲ စိတ်ကြိုက် ထပ်တိုးလို့ ရသွားတယ်။ တကယ်လဲ ပြီးခဲ့တဲ့ တပတ်တည်းမှာတင် နောက်ထပ် ရေနံတင် သင်္ဘော ခြောက်စင်းကို ဒဏ်ခတ်အရေးယူတဲ့ စာရင်းထဲ ယူအက်စ်ဘက်က ထပ်ထည့်လိုက်တယ်။

ကြုံလို့ ပြောရရင် ၂၀၁၇-၁၉ ခုနှစ်ကတည်းက ချမှတ်ထားတဲ့ ဒီပိတ်ဆို့ အရေးယူမှုတွေဟာ ၂၀၁၅ ခုနှစ်က အိုဘားမား ထုတ်ပြန်ခဲ့တဲ့



# စစ် စတိုက်နေပြီဖြစ်တဲ့ ယူအက်(စ်)

## ဗင်နီဇွဲလားရဲ့ ရေနံတွေကို ဓားဆီးပိတ်ဆို့ထားမယ်လို့ ထရမ့်(ပ်) ကြေညာ

သမ္မတ တိုက်ရိုက် အမိန့်ပေါ် အခြေခံထားတာ ဖြစ်နေတယ်။ ဗင်နီဇွဲလား နိုင်ငံဟာ “အမေရိကန် ပြည်ထောင်စုရဲ့ အမျိုးသား လုံခြုံရေးနဲ့ နိုင်ငံခြားရေး မူဝါဒအတွက် ‘ထူးခြားပြီး သာမန်ထက် လွန်ကဲသော ခြိမ်းခြောက်မှု (!!)” ဖြစ်တယ်လို့ အိုဘားမားရဲ့ အမိန့်ထဲမှာ ကြေညာထားတယ်။ ဒါဟာ အမေရိကန် နယ်ချဲ့စနစ်ရဲ့ ပါတီကြီး နှစ်ခုစလုံး သဘောထားချင်း တူညီနေပုံကို ဖော်ပြနေတာလဲ ဖြစ်တယ်။

ဒါကြောင့် ကျနော်တို့ ရှင်းရှင်းလင်းလင်း သိထားဖို့က ဒါဟာ ရေနံတင် သင်္ဘော အနည်းငယ်ကိုပဲ ပစ်မှတ်ထားတဲ့ လုပ်ရပ်တခု မဟုတ်ဘူး၊ ဗင်နီဇွဲလား တနိုင်ငံလုံးရဲ့ ရေနံ ကဏ္ဍကို အလုံးစုံ ပိတ်ဆို့လိုက်တဲ့ လုပ်ရပ်သာဖြစ်တယ်။ တခုတည်းသော ချွင်းချက်ဆိုလို့ ယူအက်စ်ရဲ့ နိုင်ငံဖြတ်ကျော် ကုမ္ပဏီ ရှက်ဗရွန် (Chevron) ပဲ ရှိတယ်။ ရှက်ဗရွန် ကုမ္ပဏီ တခုသာ အထူးလိုင်စင်နဲ့ ဆက်လက်လုပ်ကိုင်ခွင့်ရနေပြီး အခုအခါမှာ ရေနံ ဈေးကျတဲ့ အကျိုးကျေးဇူးကိုပါ ခံစားနေရတယ်။ ဒီလို ရာဇဝတ်မှုမြောက်တဲ့ ပိတ်ဆို့မှုဟာ ရေနံ ပို့ကုန်အပေါ် အဆမတန် မှီခိုနေရတဲ့ တိုင်းပြည်တခုရဲ့ စီးပွားရေးကို လုံးဝဥဿုံ ထိခိုက်ပျက်စီးသွားအောင် ရည်ရွယ်ထားခြင်း ဖြစ်တယ်။ ဗင်နီဇွဲလားမှာ ရေနံကရတဲ့ ဝင်ငွေဟာ အစိုးရဝင်ငွေရဲ့ ၅၀ ရာခိုင်နှုန်း၊ ဂျီဒီပီ (GDP) ရဲ့ ၂၀ ရာခိုင်နှုန်းနဲ့ နိုင်ငံခြား ပို့ကုန်ဝင်ငွေရဲ့ ၉၀ ရာခိုင်နှုန်းလောက်အထိ ရှိနေတယ်။ ဒါကြောင့် ဒီပိတ်ဆို့မှုဟာ ဗင်နီဇွဲလား သာမန် ပြည်သူတွေရဲ့ ဘဝအပေါ် လက်တွေ့ သက်ရောက်မှုတွေ မြန်မြန်ဆန်ဆန် ဖြစ်သွားစေလိမ့်မယ်။

ရေနံ ဝယ်ယူသူတွေနဲ့ သင်္ဘောလိုင်းတွေက သူတို့ ဘေးမသင့်ရအောင် ကြိုတင်ကာကွယ်ဖို့ ကြိုးစားလာကြတယ်။ ဒါကြောင့် ထရမ့်(ပ်)ရဲ့ ခြိမ်းခြောက်မှုတွေဟာ အခုတည်းက ဗင်နီဇွဲလား ရေနံ ဈေးနှုန်းကို ကျဆင်းသွားစေခဲ့ ပြီ။

တရားဝင် စစ်ကြေညာတာမျိုးလဲ မရှိ၊ ဗင်နီဇွဲလား မြေပေါ် ယူအက်စ်က လက်တွေ့ တိုက်ခိုက်လာတာတွေလဲ မရှိသေးတာတောင် ဝါရှင်တန်ဟာ လက်တွေ့အားဖြင့် ဗင်နီဇွဲလားကို စစ်ကြေညာထားပြီးသား ဖြစ်နေပြီ။ ထရမ့်(ပ်)ကတော့ ဗင်နီဇွဲလားကို မြေပြင်ကနေ စစ်ကြောင်းထိုး တိုက်ခိုက်မယ်လို့ ခြိမ်းခြောက်ထားတယ်။

ထရမ့်(ပ်)ရဲ့ ထုတ်ပြန်ချက်မှာတော့ သူ့ထုံးစံအတိုင်း ကြုံးဝါးသံတွေ၊ အမွှမ်းတင်သံတွေ အပြည့်နဲ့ ရေးထားတယ်။ “ဗင်နီဇွဲလားနိုင်ငံဟာ တောင်အမေရိက သမိုင်းတလျှောက် အကြီးမားဆုံးသော စစ်အင်အားတွေနဲ့ အပြည့်အဝ ဝိုင်းထားခံလိုက်ရပြီ”လို့ ထရမ့်(ပ်)က ကြေညာထားတယ်။ “ဒီစစ်အင်အားက ခုထက် ကြီးမားလာဖို့ပဲ ရှိတယ်၊ ဗင်နီဇွဲလား တခါမှ မကြုံဖူးသေးတဲ့ တုန်လှုပ်မှုမျိုးနဲ့ ခြောက်ခြားသွားစေရမယ်” လို့လဲ ကတိပေးထားတယ်။

ပြောရတာ စိတ်တော့ မကောင်းဘူး အမေရိကန် သမ္မတကြီးရေ၊ ခင်ဗျားရဲ့ သမိုင်း အသိက ချို့တဲ့လွန်းတယ်။ ဒါတောင် သက်သက်ညှာညှာ ပြောထားတာ။ ၁၇၄၁ ခုနှစ်မှာ ဗြိတိန် နယ်ချဲ့သမားတွေ Cartagena de Indias ဆိုတဲ့ ကမ်းခြေမြို့လေးကို ရေတပ်နဲ့ ပိတ်ဆို့ခဲ့တုန်းက အင်အား အဆမတန် များခဲ့တယ်၊ (စစ်သင်္ဘော ၅၀ အပါအဝင်) ရေယာဉ် စုစုပေါင်း ၁၈၀ ကျော်အထိ ရှိခဲ့တယ်၊ ထရမ့်က စစ်သင်္ဘော ၁၂ စီးပဲ ချထားရသေးတယ်။ အဲ့တုန်းက ဗြိတိန် ရေတပ် အင်အား ၃၀၀၀၀ လောက် ရှိခဲ့တယ်၊ ထရမ့်(ပ်)ရဲ့ ရေတပ် အင်အားက ၁၅၀၀၀ ပဲ ဖြန့်ထားရသေးတယ်။ ဟုတ်ပါတယ်၊ နည်းပညာနဲ့ ပစ်အားကိုပဲ ကြည့်မယ်ဆိုရင် အခုလက်ရှိ နေရာချထားတဲ့ စစ်အင်အားက ပိုတောင့်တင်းကောင်း တောင့်တင်းလိမ့်မယ်၊ ဒါပေမဲ့ အင်အားအရတော့ ပိုမကြီးမားတာ သေချာတယ်။ အဲဒီတုန်းကတော့ ဗြိတိသျှတွေ အရေးနိမ့်သွားခဲ့တာပဲ။

ဒီလို စစ်အင်အား အလုံးအရင်း ချထားရတာ ကုန်ကျစရိတ် အလွန်များပါတယ်။ အခုချိန်ထိ စုစုပေါင်း ကုန်ကျစရိတ်က ဒေါ်လာ




သန်းပေါင်း ရာချီနေပြီ။ ဒါဟာ ထရမ့်(ပ်) ကြုံနေရတဲ့ ပြဿနာပဲ။ လေယာဉ်တင် သင်္ဘော တစီးနဲ့အတူ ဖျက်သင်္ဘော အုပ်စုတွေ အမြောက်အမြား ပါဝင်တဲ့ USS Gerald R. Ford စစ်ရေယာဉ်စုဆိုရင် တစ်ရက်တာ လည်ပတ်စရိတ် အမေရိကန်ဒေါ်လာ ၆ သန်းကနေ ၈ သန်းကြား ရှိမယ်လို့ ခန့်မှန်းရတယ်။ E-3 AWACS ကင်းထောက်လေယာဉ် တစင်း ပျံသန်းဖို့အတွက် တနာရီကို ဒေါ်လာ ၄၀,၀၀၀ နီးပါး ကုန်ကျတယ်။ အခု ချသုံးထားတဲ့ စစ်အင်အားထဲမှာ F-35 တိုက်လေယာဉ်တွေ၊ B-52 ဗုံးကြဲလေယာဉ်တွေ၊ AC-130 တိုက်ခိုက်ရေး လေယာဉ်တွေနဲ့ MQ-9 Reaper ဒရုန်းတွေလဲ ပါနေတယ်။

ရေနံ ကဏ္ဍကို အလုံးစုံ ပိတ်ဆို့ကြောင်း ကြေညာလိုက်တာဟာ ဗင်နီဇွဲလား မြေပေါ် စစ်ဆင်ရေး တကယ် မလုပ်ဘဲ ရန်စတိုက်ခိုက်မှုကို အရှိန်မြှင့်တင်တဲ့ နည်းတခုလို့ ယူဆရတယ်။ မြေပြင် စစ်ဆင်ရေးတွေ တကယ် လုပ်လိုက်ရင် စွန့်စားလွန်းရာကျသလို ဘာရလဒ် ထွက်မလဲ မသေချာဘူး။

## ဗင်နီဇွဲလားကို ယူအက်(စ်) ရန်စတိုက်ခိုက်ခြင်းရဲ့အကြောင်းအရင်းများ

ကျနော်တို့ ရှင်းပြဖူးသလိုပါပဲ။ (ကိုလံဘီယာနဲ့ လက်တင်အမေရိကတခွင် အပါအဝင်) ဗင်နီဇွဲလားအပေါ် နယ်ချဲ့သမားတွေ အခုလို ရန်စ တိုက်ခိုက်လာခြင်းရဲ့ ရည်ရွယ်ချက်က ‘လူ့အခွင့်အရေး’တို့၊ ‘ဒီမိုကရေစီ’တို့နဲ့ လားလားမှ မသက်ဆိုင်ဘူး။ ထရမ့်(ပ်)က သူ့အရင် သမ္မတဟောင်းတွေလောက်တော့ ကြောင်သူတော် မဆန်ဘူး ပြောရမယ်။ သူ့ရဲ့ ရန်စတိုက်ခိုက်မှုကို လစ်ဘရယ် နံငယ်ပိုင်းလေးတောင် အုပ်မထားဘဲ ဝတ်လစ်စားလစ် ပြထားတယ်။

ဒီရန်စတိုက်ခိုက်မှုဟာ မူးယစ်ဆေးဝါး ကိစ္စနဲ့လည်း မဆိုင်လှဘူး။ Fentanyl ကို ဗင်နီဇွဲလားမှာ ထုတ်လုပ်တာ မဟုတ်သလို၊ ဗင်နီဇွဲလားကိုဖြတ်ပြီး မှောင်ခိုကူးတာမျိုးလဲ မရှိဘူး။ ကိုကင်း ဆိုရင်လဲ



ဗင်နီဇွဲလားမှာ မထုတ်လုပ်သလို၊ ဗင်နီဇွဲလား နယ်နိမိတ်ကို ဖြတ်သန်းပြီး မှောင်ခိုကူးတဲ့ ပမာဏကလဲ မပြောပလောက်ဘူး။ မူးယစ်ဆေးဝါး မှောင်ခိုကူးမှုနဲ့ အမေရိကန်မှာ ထောင်ဒဏ် (၄၅) နှစ် ချမှတ်ခံထားရတဲ့ ဟွန်ဒူးရပ်စ် သမ္မတဟောင်း ဟွမ် အော်လန်ဒို ဟာနန်ဒက်ဇ် (Juan Orlando Hernandez) ကိုတော့ ထရမ့်က မကြာသေးခင်ကတင် လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့တယ်။

ဒါဟာ ယူအက်စ်ကို ဗင်နီဇွဲလား ရွှေ့ပြောင်းနေထိုင်သူတွေ ဝင်ရောက်လာတဲ့ကိစ္စ ဒါမှမဟုတ် အမေရိကန်မှာရှိတဲ့ ဗင်နီဇွဲလား နိုင်ငံသားတွေရဲ့ ရာဇဝတ်မှုတွေနဲ့လဲ မဆိုင်ဘူး။ အမေရိကန်ကနေ ပြည်နှင်ဒဏ်ပေးခံရသူတွေကို ဗင်နီဇွဲလားဘက်က လေကြောင်းနဲ့ ပြန်လည်လက်ခံပေးဖို့ သဘောတူထားတယ် (ဒီသဘောတူညီချက်ကို ယနေ့တိုင် လက်တွေ့ကျင့်သုံးနေဆဲဖြစ်တယ်)။ ဗင်နီဇွဲလားကို ကျူးကျော်စစ်ဆင်နွှဲလိုက်ရင် စစ်ပြေးဒုက္ခသည်တွေကြောင့် ရွှေ့ပြောင်းအခြေချမှု ဖိအား ပိုကြီးထွားလာနိုင်သေးတယ်။

အမေရိကန် နယ်ချဲ့သမား အခုလို ပိုအတင့်ရဲလာခြင်းဟာ ရေနံနဲ့ သဘာဝ သယံဇာတ ကိစ္စတွေနဲ့ ပတ်သက်တယ်လို့ အတော်များများက ပြောကြတယ်။ တကယ်လဲ ဒီအချက်က အရေးကြီးတဲ့ အချက်တချက်ပါပဲ။ ဗင်နီဇွဲလားမှာ ကမ္ဘာ့အကြီးဆုံးဆိုတဲ့ ရေနံသိုက်တွေ ပိုင်ဆိုင်ထားတယ်။ ဒါ့အပြင် ဗင်နီဇွဲလားကနေထွက်တဲ့ သိပ်သည်းဆမြင့် ရေနံစိမ်း (extra heavy crude) ကလဲ မက္ကဆီကို ပင်လယ်ကွေ့က ယူအက်စ်ပိုင် ရေနံချက်စက်ရုံတွေအတွက် အတော်လေး အဆင်ပြေတယ်။

အခုတလော ထွက်ပေါ်လာတဲ့ ထရမ့်ရဲ့ တဖျစ်တောက်တောက် ပြောဆိုချက်တွေထဲမှာ ဗင်နီဇွဲလား နိုင်ငံက အမေရိကန် ကုမ္ပဏီတွေဆီကနေ 'ရေနံ၊ မြေယာနဲ့ ပိုင်ဆိုင်မှုတွေ' ကို ခိုးယူခဲ့တယ်လို့ စွပ်စွဲထားတယ်။ အိမ်ဖြူတော် ဒုတိယ အတွင်းဝန် စတီဖင် မေလာ (Stephen Miller) ကလည်း လူမှုကွန်ရက်ပေါ်က သူ့ ပို့စ်တခုမှာ အခုလို ထပ်လောင်း ပြောဆိုခဲ့ပါတယ် - 'ဗင်နီဇွဲလားရဲ့ ရေနံလုပ်ငန်းဆိုတာ အမေရိကန်ရဲ့ ချွေးနဲ့စာ၊ တီထွင်ဖန်တီးနိုင်မှုနဲ့ ကြိုးပမ်းအားထုတ်မှုတွေနဲ့ တည်ဆောက်ခဲ့တာပါ။ အဲဒါတွေကို အာဏာရှင်ဆန်ဆန် သိမ်းပိုက်လိုက်တာဟာ မှတ်တမ်းတင်ထားသမျှထဲ အမေရိကန်ရဲ့ ဓနဥစ္စာနဲ့ ပိုင်ဆိုင်မှုတွေကို အကြီးမားဆုံး ခိုးယူမှုကြီးပဲ ဖြစ်ပါတယ်။ ဒီလို လုယူထားတဲ့ အရင်းအမြစ်တွေကို လုပ်ကြံခြိမ်းခြောက်ရေးဝါဒကို ဘဏ္ဍာငွေ ထောက်ပံ့ဖို့ သုံးခဲ့ကြသလို၊ ကျွန်တော်တို့ရဲ့ လမ်းမတွေပေါ်ကိုလည်း လူသတ်သမားတွေ၊ ကြေးစားစစ်သားတွေနဲ့ မူးယစ်ဆေးဝါးတွေ စီးဝင်လာအောင် လုပ်ခဲ့ကြတယ်'။"

ဒီစွပ်စွဲချက်ဟာ အတော်လေး ရူးနှမ်းသလို အဖြစ်မှန်နဲ့ ဘာမှ မဆိုင်ဘူး။ တခြားနိုင်ငံတွေဟာ သူတို့ကိုယ်ပိုင် သဘာဝ သယံဇာတကို သူတို့ပဲ ပိုင်ဆိုင်သလို၊ ဗင်နီဇွဲလားက ထွက်တဲ့ ရေနံကလဲ ဗင်နီဇွဲလားပဲ ပိုင်တယ်။ "အာဏာရှင်ဆန်ဆန် သိမ်းယူမှု"အကြောင်း ပြောလာတော့ မေလာလဲ သူ့ ဘော့(စ်)လိုပဲ သမိုင်းနဲ့ ပတ်သက်လို့ နကန်းတလုံးမှ မသိတာ ပေါ်လွင်သွားတယ်။

ဗင်နီဇွဲလားမှာ ရေနံ လုပ်ငန်းကို နိုင်ငံပိုင်သိမ်းခဲ့တာ အမေရိကန်နဲ့ အလွမ်းသင့်တဲ့ ကားလ်လို့စ် အန်ဒရေ ပီရက်ဇ် အစိုးရလက်ထက် ၁၉၇၆ ခုနှစ်မှာ ဖြစ်ပါတယ်။ အဲဒီ နိုင်ငံပိုင် သိမ်းယူမှုကလဲ ယူအက်(စ်)ရဲ့ နိုင်ငံဖြတ်ကျော် လုပ်ငန်းစုကြီးတွေ အကျိုးများအောင် လုပ်ခဲ့ခြင်း ဖြစ်တယ်။ သူတို့ကို လျော်ကြေးငွေ အမြောက်အမြားပေးပြီး နိုင်ငံပိုင်လုပ်ခဲ့ခြင်း ဖြစ်တယ်။ အဲဒီ ကုမ္ပဏီတွေက ၁၉၈၃ ဆိုရင် စာချုပ်သက်တမ်းကုန်ပြီ။ စာချုပ်သက်တမ်း ကုန်မှသာဆိုရင် ဒီကုမ္ပဏီတွေ လျော်ကြေး တပြားမှ ရစရာ မရှိဘူး။

အဲဒီနောက် ၁၉၉၀ ပြည့်လွန် နှစ်တွေကျ ရေနံ လုပ်ငန်းကို "တံခါးဖွင့်ပေးခြင်း" ဆိုတာမျိုး လုပ်ခဲ့ကြတယ်။ အဲဒီအချိန်က အမေရိကန် လက်သပ်မွေးထားတဲ့ ဗင်နီဇွဲလား အစိုးရတွေဟာ နိုင်ငံဖြတ်ကျော် ယူအက်စ် လုပ်ငန်းစုကြီးတွေကို ဗင်နီဇွဲလား ရေနံမှော်တွေမှာ အမြတ်များများ ရမဲ့ ကန်ထရိုက်တွေ ချပေးခဲ့ကြတယ်။

ထရမ့်(ပ်)နဲ့ မေလာတို့က ၂၀၀၇ ခုနှစ်တုန်းက အခြေအနေကို ရည်ညွှန်းနေတာ ဖြစ်ပါလိမ့်မယ်။ ၂၀၀၇ ခုနှစ်မှာ သမ္မတ ဟျူဂို ရှားဗေး(ဇ်)က အရင်ချုပ်ဆိုထားတဲ့ စာချုပ်တွေကို ပြန်ညှိနှိုင်းခဲ့တယ်။ ဖက်စပ်လုပ်ငန်းအားလုံး (အထူးသဖြင့် အိုရီနိုကို မြစ်ဝှမ်းဒေသက လုပ်ငန်းတွေ) မှာ ဗင်နီဇွဲလားဘက်က အစုရှယ်ယာ အများစု ပိုင်ဆိုင်ရမယ်လို့ သတ်မှတ်ခဲ့တယ်။ နိုင်ငံဖြတ်ကျော် အမေရိကန် ရေနံကုမ္ပဏီ အများစုက ဒီစည်းကမ်းသစ်ကို သဘောတူခဲ့ပြီး အစုရှယ်ယာ အနည်းငယ်သာ ပိုင်တဲ့ လုပ်ဖော်ကိုင်ဖက်တွေအဖြစ် ဆက်လက် လုပ်ကိုင်ခဲ့ကြတယ်။ အမေရိကန် ရေနံ ကုမ္ပဏီကြီး နှစ်ခုဖြစ်တဲ့ ExxonMobil နဲ့ ConocoPhillips တို့ကသာ လက်မခံဘဲ ငြင်းဆန်ခဲ့တာကြောင့် နှင်ထုတ်ခံခဲ့ရတာ ဖြစ်တယ်။ သူတို့လဲ နှစ်ပေါင်းများစွာကြာအောင် နိုင်ငံတကာ တရားရုံးတွေမှာ တရားစွဲဆိုခဲ့ကြပြီး လျော်ကြေးငွေ ဒေါ်လာ ဘီလီယံပေါင်းများစွာလဲ ရရှိခဲ့ကြပြီး ဖြစ်တယ်။

အမှန်ကတော့ ဗင်နီဇွဲလားက သူပဲ ပိုင်ဆိုင်ထိုက်တဲ့၊ ယူအက်စ်နဲ့ လုံးဝ မသက်ဆိုင်တဲ့ သူ့ကိုယ်ပိုင် သယံဇာတတွေအပေါ် စီမံခန့်ခွဲခွင့် ပြန်ရယူလိုက်ရုံလေးပဲ။ “ရေနံ၊ မြေယာနဲ့ ပိုင်ဆိုင်မှုတွေ” ဆိုတာ ဗင်နီဇွဲလားကပဲ ပိုင်ဆိုင်တာဖြစ်တယ်။ အမေရိကန်ပိုင်တာ မဟုတ်ဘူး။ ဒါကြောင့် ထရမ့်(ပ်) စွပ်စွဲသလိုမျိုး ဒါတွေကို “ခိုးယူခဲ့တာ”မဟုတ်ဘူး။ သူ့ပိုင်ဆိုင်မှုကို သူပြန်ခိုးတယ်ဆိုတာ ဖြစ်မှ မဖြစ်နိုင်တာ။

ဒါက ဗင်နီဇွဲလားကို တိုက်ခိုက်လို့ကောင်းအောင် ဆင်ခြေပေးဖို့သက်သက်သာ ဖြစ်တယ်။ အခုဆိုရင် ထရမ့်(ပ်) ကိုယ်တိုင်ရဲ့ လုပ်ရပ်တွေကြောင့် မူးယစ်ဆေးဝါး “အကြောင်းပြချက်”လဲ မမှန်ဘူးဆိုတာ ထင်ရှားသွားခဲ့ပြီ မဟုတ်လား။ ရေနံ ကိစ္စကသာ တကယ့် အကြောင်းအရင်းသာဆိုရင် ဒီလောက်ထိ စစ်ရေးအရ လက်ခမောင်းခတ်ပြနေဖို့ မလိုဘူး။ အမေရိကန် ကုမ္ပဏီတွေနဲ့ ရေနံ ကန်ထရိုက်တွေ ညှိနှိုင်းရာမှာ လိုလိုလားလားရှိကြောင်း သမ္မတ မာဒူရိုက ပြသခဲ့ပြီးသား ဖြစ်တယ်။ လက်ရှိ ဗင်နီဇွဲလားမှာ အမေရိကန် ကုမ္ပဏီတွေထဲက တခုတည်းကပဲ (အထူးလိုင်စင်နဲ့) လုပ်ကိုင်နေရတဲ့ အဓိက အကြောင်းရင်းကလဲ တခြားကြောင့် မဟုတ်ဘူး၊ အမေရိကန်ဘက်က ပိတ်ဆို့အရေးယူထားလို့ပဲ။

## ဗင်နီဇွဲလားကို မထိနဲ့

တကယ့် နောက်ကွယ်က အကြောင်းရင်းကတော့ အမေရိကန်ရဲ့ အမျိုးသား လုံခြုံရေး မဟာဗျူဟာအသစ်ပဲ ဖြစ်ပါတယ်။ ဒီမဟာဗျူဟာအရ တိုက်ကြီးတခုလုံး (သူတို့အခေါ် ‘အမေရိကန်ပိုင် ကမ္ဘာတခြမ်း’) အပေါ် အမေရိကန်ရဲ့ နယ်ချဲ့ လွှမ်းမိုးမှုကို ပြန်သွတ်သွင်းဖို့ ကြိုးပမ်းနေတာ ဖြစ်တယ်။ ယူအက်စ်က အမေရိကတိုက်ကို သူတို့ရဲ့ အိမ်နောက်ဖေးဝင်းလို့ သတ်မှတ်ထားတယ်။ အဲဒီဒေသက သဘာဝ သယံဇာတတွေကို ယူအက်စ် ကုမ္ပဏီတွေက ဘာအတားအဆီးမှ မရှိဘဲ လွတ်လွတ်လပ်လပ် မြေကြီးလက်ခတ်မလွဲ ရယူနိုင်အောင် လုပ်ချင်နေတာ ဖြစ်တယ်။ အမေရိကန် နယ်ချဲ့သမားဟာ ‘ဒီကမ္ဘာခြမ်းက မဟုတ်တဲ့ အင်အားစုတွေ’ (ဆိုလိုတာက တရုတ်နိုင်ငံ) ကို လက်တင် အမေရိကဆီက ဖယ်ရှားပစ်ချင်တယ်၊ အဲဒီလို လုပ်ဖို့အတွက် စီးပွားရေးအရ ဖိအားပေးတာ၊ သံတမန်ရေးအရ ဗိုလ်ကျ စိုးမိုးတာတွေအပြင် လိုအပ်ရင် စစ်ရေးနည်းလမ်းကိုပါ သုံးမယ်လို့ အတိအလင်း ကြေညာထားတယ်။

တခြားသော အကြောင်းပြချက်တွေဖြစ်တဲ့ (မိုင်ယာမီက ဖောက်ပြန်တဲ့ ကျူးဘား ပြည်ပြေး Gusanos တွေ အကြိုက် လုပ်ပေးတာ၊ ကျူးဘား တော်လှန်ရေးကို ထိုးနှက်နိုင်တာ၊ စတာတွေ) က အပိုရတဲ့ ဘွန်းနပ်(စ်)တွေ ဖြစ်ပါတယ်။

အခုထိတော့ အမေရိကန် နယ်ချဲ့သမားရဲ့ ရည်မှန်းချက်တွေ မအောင်မြင်သေးဘူး။ ဒါကြောင့်လဲ လိုသမျှ နည်းလမ်းပေါင်းစုံ သုံးပြီး ဖိအားတိုးပေးဖို့ ကြိုးပမ်းနေတာ ဖြစ်တယ်။ လောလောဆယ်တော့ ရေနံတင်ပို့မှုကို ပိတ်ဆို့တားဆီးတဲ့ နည်းလမ်းကို သူတို့ ရွေးထားတယ်။ ဒါပေမဲ့ ဗင်နီဇွဲလား မြေပေါ်ကို တိုက်ရိုက် ကျူးကျော်စစ် ဆင်နွှဲတာမျိုးလဲ မလုပ်ဘူးလို့ မပြောနိုင်ဘူး။

ကျနော်တို့ ရှင်းရှင်းလင်းလင်း သိထားဖို့လိုတာက ကမ္ဘာပေါ်က အင်အား အကြီးဆုံးနဲ့ အဆိုးဝါးဆုံး နယ်ချဲ့ပါဝါဟာ လက်တင် အမေရိကတိုက်က အချုပ်အခြာ အာဏာပိုင် နိုင်ငံတခုကို စစ်ရေးအရ ရန်စတိုက်ခိုက်မှုတွေ စလုပ်နေပြီ ဖြစ်တယ်၊ ဒါကြောင့် ဒီလုပ်ရပ်ကို ကျနော်တို့ အင်တိုက်အားတိုက် အစွမ်းကုန် ဝိုင်းဝန်း ဆန့်ကျင်ကြရလိမ့်မယ်။

**ဘာသာပြန်သူ - ဆွတ်ရိန်လင်း**

**Source: Trump declares an oil blockade of Venezuela – the US is already at war! By Jorge Martín**





# ပါလဗီနဲ့ နယ်ချဲ့တွေ အီရန်ကို မထိနဲ့

အနောက်တိုင်း နယ်ချဲ့သမား ငွေ့တကြီးတွေ အီရန်အစိုးရကို ဝိုင်းဝန်း အမြစ်ထုတ်ဖို့ ကြိုးပမ်းနေကြတယ်။ ဒေါ်နယ်ထရမ့်ပ်ကလဲ ဆန္ဒပြပွဲတွေ စတင်ဖြစ်ပွားလာတဲ့ အချိန်တည်းက အီရန်အရေးမှာ ဝင်ရောက်စွက်ဖက်မယ်လို့ သုံးကြိမ်တိုင်တိုင် ခြိမ်းခြောက်ထားတယ်။ တဖက်မှာလဲ အစ္စရေးနိုင်ငံရဲ့ မော့ဆက် (Mossad) ထောက်လှမ်းရေးအဖွဲ့က သူတို့ရဲ့ X (Twitter) အကောင့် ကနေတဆင့် ဖာရ်စီဘာသာစကားနဲ့ "အားလုံး လမ်းမပေါ်ထွက်ခဲ့ကြပါ။ အချိန်ကျပြီ။ ငါတို့ မင်းတို့နဲ့အတူ ရှိနေတယ်။ အဝေးကနေ အပြောသက်သက် မဟုတ်ဘူး၊ မြေပြင်မှာလဲ မင်းတို့နဲ့အတူ ရှိနေတယ်" ဆိုပြီး စိုးရိမ်စရာကောင်းတဲ့ သတင်းစကားတွေ ဖြန့်နေတယ်။

အနောက်တိုင်း နယ်ချဲ့သမားဟာ ကမ္ဘာပေါ်မှာ အဖောက်ပြန်ဆုံး အင်အားစုတွေ ဖြစ်တယ်။ ဒီနယ်ချဲ့သမားတွေဟာ အရှေ့အလယ်ပိုင်းက နိုင်ငံအတော်များများကို ဖျက်ဆီးပစ်ခဲ့ကြပြီးပြီ၊ အခုလဲ အီရန်နိုင်ငံကို အလားတူဖြစ်အောင် ထပ်ပြီး ခြိမ်းခြောက်နေကြတယ်။

အခုဆိုရင် အီရန်မှာ ဆန္ဒပြပွဲတွေ ဖြစ်ပွားနေတာ ၁၆ ရက်ကျော် ရှိသွားပြီ။ ဒါပေမဲ့ ပြီးခဲ့တဲ့ ကြာသပတေးနေ့ ညနေကစပြီး အီရန်အစိုးရဟာ အင်တာနက်တွေကို ဖြတ်တောက်လိုက်တယ်။ နောက်ဆုံးရရှိတဲ့ သတင်းတွေအရ မြို့ကြီးပြကြီး ၄၆ မြို့မှာ ဆန္ဒပြပွဲတွေ ဖြစ်ပွားနေပြီး၊ ကာ့ဒ်ဒေသတွေမှာဆိုရင်လဲ ဈေးတွေအားလုံးနီးပါး ပိတ်ပြီး သပိတ်မှောက်နေကြပါတယ်။ ဒီလှုပ်ရှားမှုတွေဟာ တာဘရစ် (Tabriz)၊ ထဲရန် (Tehran)၊ ကာမန်ရှား (Kermanshah) နဲ့ တခြားမြို့ကြီးတွေဆီအထိ ပျံ့နှံ့လာနေပြီ ဖြစ်တယ်။

အင်တာနက်တွေ ဖြတ်တောက်ခံထားရတဲ့ ကြားက ကြားဖြတ်ထွက်ပေါ်လာတဲ့ သတင်းတွေအရ အခြေအနေဟာ အတော်လေး ဖရိုဖရဲ ဖြစ်နေပြီး လုံခြုံရေး တပ်ဖွဲ့တွေနဲ့လဲ အကြမ်းဖက် ထိပ်တိုက်ရင်ဆိုင်မှုတွေ ရှိနေတာကို တွေ့ရပါတယ်။ ထဲရန်နဲ့ သူ့အနီးအနားက စက်မှုမြို့ကြီးဖြစ်တဲ့ ကာရက်ဂျ် (Karaj)၊ မာရှတ် (Mash-had) တို့အပြင် ဆက်ကက်ဇ် (Saqqez) နဲ့ အာဘဒါလန် (Abdanan) လိုမျိုး ကာ့ဒ်လူမျိုးစု မြို့တွေမှာလဲ လမ်းမပေါ်ကို ပြည်သူတွေ အုံနဲ့ကျင်းနဲ့ ထွက်လာကြတယ်။ လူငယ်တွေဟာ လမ်းမတွေပေါ်မှာ ဘယ်ရီကိတ်တွေချပြီး မီးရှို့တာတွေ လုပ်ကြသလို အစိုးရရဲ့ အာဏာစက်ကို ကိုယ်စားပြုတဲ့ စစ်တန်းလျားတွေနဲ့ ရုံးဌာနတွေကိုလဲ တိုက်ခိုက်နေကြတယ်။

အီရန်အစိုးရဘက်က အင်တာနက် ဖြတ်တောက်လိုက်တာဟာ သက်သေတွေကို ဖျောက်ပြီး ပြည်သူတွေကို သေကျေအောင် အကြမ်းဖက်နှိမ်နင်းဖို့ ဆုံးဖြတ်လိုက်တာပဲ။ HRANA ရဲ့ အတည်ပြုချက်အရ သေဆုံးသူ ၅၄၄ ဦး ရှိသွားပြီ၊ တကယ့် အရေအတွက်က ဒီထက်မက အများကြီး ပိုများနိုင်တယ်။ ဒီကိန်းဂဏန်းတွေဟာ ဆေးရုံဝန်ထမ်းတွေဆီက ရတဲ့ သတင်းတွေဖြစ်လို့ တကယ် ယုံကြည်ရတယ်။ တဖက်မှာလဲ ဖမ်းဆီးခံရသူ ၁၀,၆၈၁ ဦးထက်မက ရှိနေပြီ။ အင်တာနက် မဖြတ်ခင်တုန်းက သေဆုံးသူ အရေအတွက်ဟာ ဆယ်ဂဏန်းလောက်ပဲ ရှိခဲ့ပေမဲ့ အခုဆိုရင် ထဲရန် တမြို့တည်းမှာတင် လူ ၂၀၀ အသတ်ခံလိုက်ရပြီလို့ သတင်းတွေ ထွက်နေတယ်။ လက်ရှိမှာ ဒါကို အတည်ပြုဖို့ ခက်နေပေမဲ့ အခြေအနေတွေက တဟုန်ထိုး ဆိုးရွားလာနေတာကြောင့် ဒါဟာ သပိတ်မှောက် ဆန္ဒပြ အုံကြွမှုလှိုင်းတွေ ၂၀၁၈ခုနှစ်မှာ စတင်ဖြစ်ပွားပြီးနောက်ပိုင်း ဖိနှိပ်မှုအပြင်းထန်ဆုံးနဲ့ အသေအပျောက် အများဆုံး နှိမ်နင်းမှုတခုပဲ။

ကြာသပတေးနေ့ မတိုင်ခင်ကတည်းက အခြေအနေတွေက တင်းမာနေခဲ့တယ်။ ကာ့ဇ်ဗင် (Qazvin)၊ ဘော့ဂျနော့ဒ် (Bojnourd)နဲ့ ဟာမေဒန် (Hamedan) လို မြို့တွေမှာ ဆန္ဒပြပွဲတွေက အရင်ထက် ပိုကြီးမားလာတယ်။




ကာ့ဒ်လူမျိုးစုဒေသတွေမှာဆိုရင် အခြေအနေက ပိုတောင်ဆိုးသေးတယ်။ အီလန် (Ilam) နဲ့ အာဘာဒါလန် (Abdanan) မြို့တွေမှာ ဆန္ဒပြသူတွေက လုံခြုံရေးတပ်ဖွဲ့တွေကို ခေတ္တမောင်းထုတ်နိုင်ခဲ့ကြတယ်။ အီလန်မြို့မှာဆိုရင် လူထုက အစိုးရကို လှောင်ပြောင်တဲ့အနေနဲ့ ဆန္ဒပြပွဲမှာ ပါဝင်တဲ့ ဆယ်ကျော်သက် လူငယ်တယောက်ကို အုပ်ချုပ်ရေးမှူးအသစ်အဖြစ်တောင် ကြေညာခဲ့ကြတယ်။

၂၀၂၂မှာ [မာဆာ အာမီနီ(Mahsa Amini)] အသတ်ခံလိုက်ရတဲ့အတွက် အုံကြွမှုကြီးကို မီးမွှေးပေးသလို ဖြစ်ခဲ့တယ်။ အခု မာဆာအာမီနီရဲ့ ဇာတိမြို့ဖြစ်တဲ့ ကာ့ဒ်လူမျိုးတွေ နေထိုင်တဲ့ ဆက်ကက်ဇ် (Saqqez) မြို့မှာလဲ ဗုဒ္ဓဟူးနေ့ညကစပြီး လမ်းပေါ် တိုက်ပွဲတွေ ဖြစ်နေပြီ။ ဒါဟာ ကာ့ဒ်ဒေသတွေက [ဈေးတွေအားလုံး ပါဝင်မယ့် အထွေထွေသပိတ်ကြီး] ဖြစ်လာတော့မယ်ဆိုတာကို ကြိုတင်ပြသလိုက်တာပဲ။

ထဲရန်၊ မာရှတ်၊ ကာမန်ရှားလို မြို့ကြီးတွေမှာ လမ်းပေါ်ထွက် ဆန္ဒပြတာတွေ ရှိပေမဲ့လဲ မြို့အနှံ့ ပြန့်ကျဲနေတဲ့ လမ်းပေါ်တိုက်ပွဲတွေအဖြစ် မြန်မြန်ဆန်ဆန်ပဲ ပြောင်းလဲသွားတယ်။ မြို့ကြီးက အလုပ်သမား လူတန်းစားတွေဟာ နယ်မြို့တွေနဲ့ မြို့ငယ်လေးတွေမှာလို အလုံးအရင်းနဲ့ ပါဝင်လာတာမျိုး မရှိသေးဘူး။ အလုပ်သမားထုဟာ အစိုးရကို ရွံရှာမုန်းတီးကြပေမဲ့ တဖက်မှာလဲ ကြောက်စိတ် ရှိနေကြတယ်။ အရင်းခံအကြောင်းက ရှင်းလင်းပြတ်သားတဲ့ တော်လှန်ရေး alternative တခုကို မမြင်ရသေးဘဲ နယ်ချဲ့သမားတွေ ဝင်ရောက်စွက်ဖက်မယ့် အန္တရာယ်ကိုသာ မြင်နေရလို့ပဲ။

အင်တာနက်တွေ မပြတ်ခင်လေးမှာပဲ ခုဇက်စတန် (Khuzestan) နဲ့ ဘူရှာ (Bushehr) ဒေသတွေမှာ ဆန္ဒပြပွဲတွေ စတင်လာတာကလဲ အင်မတန် ထူးခြားတဲ့ အချက်ဖြစ်တယ်။ ခုဇက်စတန်ဒေသက အာဝက်ဇ် (Ahwaz) နဲ့ အာဘာဒန် (Abadan) မြို့တွေမှာ ဈေးသည်တွေ ဈေးပိတ်သပိတ်မှာ ပါဝင်လာသလို လမ်းပေါ်ထွက် ဆန္ဒပြပွဲတွေမှာလဲ ပူးပေါင်းလာကြတယ်။ အဲဒီကနေတဆင့် လုံခြုံရေးတပ်ဖွဲ့တွေနဲ့ မြို့အနှံ့အပြားမှာ ထိပ်တိုက်ရင်ဆိုင်မှုတွေ ဖြစ်လာခဲ့တယ်။

ဒီဒေသတွေဟာ အရေးကြီး ရေနံဓာတုစက်ရုံကြီးတွေရှိတဲ့ အရေးပါတဲ့ ဒေသတွေဖြစ်တယ်။ ၂၀၁၈ ခုနှစ်ကစပြီး လူတန်းစား တိုက်ပွဲတွေ မကြုံစဖူး ပြင်းထန်လာခဲ့တဲ့ ကာလတလျှောက် ဒီဒေသတွေဟာ အဓိက ဗဟိုချက်ဖြစ်ခဲ့ပြီး ရေနံ အလုပ်သမား သပိတ်တွေ၊ အုံကြွမှုတွေနဲ့ ဆန္ဒပြပွဲတွေဟာ နှစ်တိုင်းလိုလို ဖြစ်ပွားနေခဲ့တယ်။ ဘန်ဒါကန်ဂန် (Bandar Kangan) မှာဆိုရင် စီးပွားရေးဆိုင်ရာ တောင်းဆိုချက်တွေနဲ့ သပိတ်မှောက်နေတဲ့ ရေနံအလုပ်သမား အုပ်စုငယ်တခုကတောင် ဆန္ဒပြပွဲတွေမှာ ပါဝင်လာခဲ့ကြတယ်။

မြို့ကြီးတွေနဲ့ ခုဇက်စတန်မှာ လူငယ် အလုပ်သမားတွေ ပါဝင်တဲ့ အင်အားကြီး ဆန္ဒပြပွဲတွေ ပေါက်ကွဲထွက်လာနိုင်ခြေ ရှိတယ်။ ကာ့ဒ်မြို့တွေမှာဆိုရင် လူငယ်တွေက အစိုးရတပ်တွေကို ရပ်ထဲရွာထဲကနေ မောင်းထုတ်နိုင်တဲ့ အခြေအနေမျိုးလဲ ဖြစ်လာနိုင်တယ်။ ၂၀၂၂ အုံကြွမှုတုန်းကလဲ အစိုးရဟာ ကာ့ဒ်မြို့တွေကို သုံးလကြာအောင် ထိန်းချုပ်မှု လက်လွှတ်ခဲ့ရပြီး ပြည်တွင်းစစ်ဆန်ဆန် အခြေအနေမျိုး ဖြစ်ခဲ့ဖူးတယ်။

အခုလဲ ၂၀၂၂ တုန်းကလိုပဲ လူငယ်တွေရဲ့ အုံကြွမှုကို တကယ့်တော်လှန်ရေးတခုအဖြစ် ပြောင်းလဲပစ်မယ့် အဆုံးအဖြတ် ထိုးနှက်ချက်ကို အလုပ်သမားလူတန်းစားကပဲ ထိုးနှက်နိုင်လိမ့်မယ်။

## နယ်ချဲ့မီဒီယာတွေရဲ့ မျောက်ပွဲနဲ့ စစ်ရေးအရ စွက်ဖက်ရေး ခြိမ်းခြောက်မှုများ

အီရန်လူထုက သွေးမြေကျခံ၊ အသက်ပေး ဆန္ဒပြနေတဲ့အချိန်မှာ အနောက်နိုင်ငံ နယ်ချဲ့တွေကတော့ အရှေ့အလယ်ပိုင်းက သူတို့ရဲ့ ပြိုင်ဘက်ကို အားနည်းသွားအောင် ဒါမှမဟုတ် ဖျက်ဆီးပစ်ဖို့ အခွင့်အရေးကို ချောင်းနေကြတယ်။ အနောက်နိုင်ငံက အရင်းရှင် နိုင်ငံရေးသမား အတော်များများဟာ အီရန်လူထုနဲ့ ထပ်တူရှိပါတယ်ဆိုပြီး ထုတ်ဖော်ပြောဆိုနေကြတယ်။ ဒါဟာ အတော် ရွံစရာကောင်းတဲ့ ဟန်ဆောင်မှုပဲ။ အီရန် အစိုးရရဲ့ သွေးစုပ်ခြယ်လှယ်မှုအပြင် အမေရိကန်

ဦးဆောင်တဲ့ ပိတ်ဆို့ အရေးယူမှုတွေကြောင့် ပြည်သူတွေ စီးပွားရေး ကျပ်တည်းမှု ပြင်းထန်လာခြင်း ဖြစ်တယ်။

ဒီနယ်ချဲ့လူရိုင်းတွေဟာ အခုဖြစ်နေတဲ့ ဆန္ဒပြပွဲတွေနဲ့ ပတ်သက်ပြီး အတော်လေး ရယ်စရာကောင်းတဲ့ လုပ်ကြံဖန်တီးမှုတွေ ပြောနေကြတယ်။ ဇန်နဝါရီ ၉ ရက်နေ့မှာ ဒေါ်နယ်ထရမ့်ပ်က အစ္စရေး Channel 13 ရဲ့ ပြောဆိုချက်တခုကို Truth Social မှာ ပြန်မျှဝေခဲ့တယ်၊ အဲဒါကတော့ “လူပေါင်း တသန်းကျော် ဆန္ဒပြနေကြပြီ၊ အီရန်ရဲ့ ဒုတိယအကြီးဆုံးမြို့ဟာ ဆန္ဒပြသူတွေရဲ့ လက်အောက်ကို ရောက်သွားပြီ၊ အစိုးရတပ်တွေ မြို့ကနေ ထွက်သွားကြပြီ” လို့ ဆိုထားတယ်။ တကယ်တော့ မာရှတ်မြို့မှာ လူဦးရေ ၂.၄ သန်း ရှိပြီး အဲဒီအချိန်က ဆန္ဒပြပွဲတွေမှာ ပါဝင်သူဟာ ဒီမြို့ကြီးအနှံ့ ပြန့်ကျဲနေတဲ့ လူသောင်းဂဏန်းလောက်ပဲ ရှိသေးတယ်။

အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ X အကောင့်မှာတောင် ဖာရ်စီဘာသာနဲ့ “ကွမ်း (Qom)၊ မာရှတ်၊ ထဲရန်၊ ဒက်ဇ်ဖူး (Dezful) - မကြာခင် အီရန် တနိုင်ငံလုံး အီရန် ပြည်သူတွေ လက်ထဲ ရောက်တော့မယ်” ဆိုပြီး ပို့စ်တင်ခဲ့တယ်။ အမှန်တရားတို့၊ အီရန် လူထုတို့ဆိုတာ သူတို့အတွက် အရေးမပါလှဘူး။ သူတို့မျက်လုံးထဲမှာတော့ အီရန် ပြည်သူတွေရဲ့ လှုပ်ရှားမှုဟာ သူတို့ရဲ့ အရှေ့အလယ်ပိုင်းဒေသ ဗိုလ်ကျစိုးမိုးရေး တိုက်ပွဲထဲက နယ်ရုပ်တခုသက်သက်ပဲ။

နယ်ချဲ့မီဒီယာတွေဟာ အရည်အချင်းမရှိတာရော၊ ခိုင်းဖတ်တွေဖြစ်နေတာရောကြောင့် တဆိတ် တအိတ်လုပ်ပြောဆိုချက်တွေကို ထပ်ခါတလဲလဲ ဖော်ပြနေကြတယ်။ အိမ်ရှေ့မင်းသားဟောင်း ရေဇာပါလဗီ (Reza Pahlavi) ဦးဆောင်တဲ့ အီရန်ဘုရင်စနစ် လိုလားသူ ဖောက်ပြန်ရေး အုပ်စုတွေရဲ့ ပြောဆိုချက်တွေကိုလဲ ထပ်ဆင့်ဖော်ပြပေးနေကြတယ်။ ရေဇာပါလဗီဆိုတာက ၁၉၇၉ အီရန်တော်လှန်ရေးမှာ ဖြုတ်ချခံခဲ့ရတဲ့ အနောက်လိုလားသူ ရှာ (Shah) ဘုရင်ရဲ့သားပဲ။ အခုဖြစ်နေတဲ့ ဆန္ဒပြပွဲတွေကြားထဲမှာတင် ရေဇာပါလဗီကို Washington Post နဲ့ Wall Street Journal တို့က အင်တာဗျူးခဲ့ကြတယ်။ ဒါဟာ ၂၀၂၂ ကတည်းက အခုထိ ဖြစ်နေကျကိစ္စပဲ၊ တကယ်တမ်း အီရန်လူထုရဲ့ စစ်မှန်တဲ့ အသံတွေကိုတော့ နှုတ်ပိတ်ထားကြတယ်။

ဆော်ဒီ၊ အမေရိကန်နဲ့ ဗြိတိန်နယ်ချဲ့တွေ ငွေကြေးထောက်ပံ့ထားတဲ့ BBC Persian, Iran International, Manoto နဲ့ Radio Farda လို ဖာရ်စီဘာသာသုံး ပြည်ပသတင်းဌာနတွေကလဲ ဘာမှ သိပ်မထူးလှဘူး။ အဲဒီထဲမှာ Iran International ကတော့ အဆိုးဆုံးနဲ့ အကြီးဆုံးပဲ။ Iran International က အီရန် ဘုရင်စနစ် လိုလားသူတွေကို ထောက်ခံထားသလို၊ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုကိုလဲ ဖြောင်ကျကျ ထောက်ခံထားတယ်။

နယ်ချဲ့သမားတွေနဲ့ သူတို့ရဲ့ ပြည့်တန်ဆာဆန်တဲ့ မီဒီယာတွေဟာ အီရန်ကို စစ်ရေးအရ ဝင်ရောက်စွက်ဖက်ဖို့ လမ်းခင်းနေကြတယ်။ ဒါဟာလဲ အသစ်အဆန်း မဟုတ်ဘူး၊ အထူးသဖြင့် ဂါဇာစစ်ပွဲ စဖြစ်ပြီး နောက်ပိုင်း ဒါတွေက အဆန်း မဟုတ်တော့ဘူး။ အမေရိကန် နယ်ချဲ့သမားဟာ ၁၉၇၉ တော်လှန်ရေးနဲ့ပတ်သက်ပြီး အီရန်လူထုကို ဘယ်တုန်းကမှ ခွင့်မလွှတ်ခဲ့ဘူး။ အမေရိကန်ဘက်က သူ့ ကိုလိုနီနယ်မြေဟောင်းကို ပြန်လိုချင်တယ်။ အစ္စရေးကလဲ အရှေ့အလယ်ပိုင်းအပေါ် သူတို့ရဲ့ လွှမ်းမိုးမှု အာမခံချက်ရှိအောင် လုပ်ချင်တယ်။

စစ်ရေးအရ ကျူးကျော်စွက်ဖက်ရေး ဆွေးနွေးဖို့အတွက် ထရမ့်ပ်က အင်္ဂါနေ့မှာ အစိုးရအဖွဲ့ အစည်းအဝေး ခေါ်ခဲ့တယ်။ ဒါပေမဲ့ ဒီရွေးလမ်းမှာ ပြဿနာတွေ တပုံတပင် ရှိနေတယ်၊ စစ်ရေးအရ အလုံးအရင်းနဲ့ ကျူးကျော်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ အီရန်ဟာ ကျယ်ပြန့်လွန်းသလို တောင်တန်းတွေလဲ ထူထပ်လွန်းတယ်။ မြို့တိုင်းနီးပါးက တောင်ကြားတွေထဲမှာ တည်ထားတယ်။ ဒါ့အပြင် နိုင်ငံခြားကျူးကျော်မှုကို ခုခံကာကွယ်ဖို့ အီရန်လူထုက ပြန်ပြီး စုစည်းသွားနိုင်တဲ့ အခြေအနေလဲ ရှိတယ်။ အီရန်မှာ ရာစုနှစ်တခုမက ကြာခဲ့တဲ့ တိုက်ပွဲသမိုင်းတွေကြောင့် အနောက်တိုင်း နယ်ချဲ့စနစ်အပေါ် မုန်းတီးမှုတွေ ပြင်းထန် နက်ရှိုင်းစွာ အမြစ်တွယ်နေတယ်။

လေကြောင်းကနေ တိုက်ခိုက်မယ်ဆိုရင်တောင် အန္တရာယ်များနေသေးတယ်။ အီရန်အစိုးရကလဲ ပြန်လည်လက်တုံ့ပြန်မယ်လို့ သန္နိဋ္ဌာန်ချထားတယ်။ အီရန် အစိုးရဟာ ချောင်ပိတ်ရိုက်ခံရပြီဆိုရင် အစ္စရေးကိုရော၊ ဖြစ်နိုင်ရင် အမေရိကန် စစ်အခြေစိုက်စခန်းတွေကိုပါ တိုက်ခိုက်ဖို့ ဝန်လေးမှာ မဟုတ်ဘူး။ ဒါဟာ (၂၀၂၅ ခုနှစ်က ဖြစ်ခဲ့တဲ့) ၁၂ရက်ကြာစစ်ပွဲနဲ့တောင် တူမှာ မဟုတ်ဘူး။ ၁၂ရက်ကြာစစ်ပွဲတုန်းက အီရန်အစိုးရဟာ အခြေအနေတွေ ပိုဆိုးမလာအောင် ရှောင်ရှားတဲ့အနေနဲ့ အစ္စရေးကို ချိုကျိုးနားရွက်ပဲ့ ပဲ့ထိန်း ဒုံးကျည်တွေနဲ့ပဲ တိုက်ခိုက်ခဲ့ပြီး အမေရိကန် စခန်းတွေကို ရှောင်ရှားခဲ့တယ်။ အဲဒီတုန်းက ကန့်သတ်ချက်နဲ့ တိုက်ခိုက်ခဲ့တာတောင်မှ အတော်လေး ပျက်ဆီးဆုံးရှုံးခဲ့တယ်။ ဒါပေမဲ့ သေရေးရှင်ရေး အခြေအနေအတွက် တိုက်ပွဲဝင်မယ့် အီရန်အစိုးရနဲ့ ရင်ဆိုင်ရမယ်ဆိုရင်တော့ အမေရိကန်ကြုံရမယ့် အခြေအနေဟာ တမျိုးတမည် ပြောင်းသွားလိမ့်မယ်။

## ရေဇာပါလဗီ နဲ့ ဘုရင်စနစ်လိုလားသူ လူပြက်တစု

နယ်ချဲ့သမားတွေမှာ တခြား ရွေးချယ်စရာတခု ရှိသေးတယ်၊ အဲဒါကတော့ ၂၀၂၂ မှာ သူ့ကိုယ်သူ အတိုက်အခံ ခေါင်းဆောင်အဖြစ် ခန့်အပ်ခဲ့တဲ့ ရေဇာပါလဗီပဲ။ အီရန်-အမေရိကန် အခြေစိုက် တတ်သိပညာရှင်များ အဖွဲ့တခုဖြစ်တဲ့ “အီရန် ဒီမိုကရေစီရေး အမျိုးသားသမဂ္ဂ” (NUFDI) က ပါလဗီ ဦးဆောင်ပြီး ‘ဒီမိုကရေစီ အသွင်ကူးပြောင်းရေး’ လုပ်မယ့် အသေးစိတ်အစီအစဉ်တခု ထုတ်ပြန်ထားတယ်။ ဒီအစီအစဉ်အရဆိုရင် ရေဇာပါလဗီက ကြားဖြတ်အစိုးရကို အုပ်ချုပ်မှာဖြစ်ပြီး ကြားဖြတ်လွှတ်တော်နဲ့ (‘တော်ဝင်ရုံးတော်’လို့ ပြောင်နာမည်တပ်ထားတဲ့) တရားစီရင်ရေး အဖွဲ့ဝင်တွေကို ခန့်အပ်တဲ့နေရာမှာ အကြွင်းမဲ့ အာဏာပိုင်စိုးမှာ ဖြစ်တယ်။

ပါလဗီကို ထောက်ခံသူတွေကတော့ ပြည်သူ့ဆန္ဒခံယူပွဲနဲ့ တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ပေးမယ်ဆိုတဲ့ ကတိကဝတ်တွေကိုပဲ သူ့ရဲ့ ဒီမိုကရေစီဆန်တဲ့ အရည်အချင်းတွေအဖြစ် ထောက်ပြနေကြတယ်။

၁၉၇၉ ခုနှစ်တုန်းကလဲ အစ္စလမ်းမစ်တွေဟာ သူတို့ကိုယ်သူတို့ တော်လှန်ရေး ခေါင်းဆောင်တွေအဖြစ် ကြေညာခဲ့ကြတယ်။ အစောပိုင်းမှာ သူတို့ဟာ အခြေအနေကို ထိန်းချုပ်ဖို့ ကြိုးစားနေတဲ့ အနောက်တိုင်း နယ်ချဲ့သမားတွေဆီက ကျောထောက်နောက်ခံပြုမှု ရယူခဲ့သလို၊ နောက်ပိုင်းမှာတော့ ကိုယ့်ကိုယ်ကိုယ် ကယ်တင်ဖို့ ကြိုးစားနေတဲ့ ပါလဗီ အစိုးရရဲ့ အကြွင်းအကျန်တွေဆီကပါ အကူအညီတွေ ရခဲ့ကြတယ်။ သူတို့လဲ တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ခဲ့ပြီး ၁၉၇၉ မတ်လမှာ ပြည်သူ့ဆန္ဒခံယူပွဲတခု ကျင်းပခဲ့တယ်။ ဒါပေမဲ့ ဒါဟာ ဒီမိုကရေစီဆိုတဲ့ အပေါ်ယံမျက်နှာဖုံးတခုသက်သက်ပဲ။ အာဏာ ခြေကုပ်မြဲပြီဆိုတာနဲ့ အစိုးရက တကောင်ကြွက်ဖြစ်နေတဲ့ လက်ဝဲဂိုဏ်းကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ပစ်ခဲ့တယ်။ လက်ဝဲဂိုဏ်း အဲလို အထီးကျန် ဖြစ်သွားရတဲ့ အဓိက အကြောင်းကတော့ ဆိုးဝါးလှတဲ့ စတာလင်ဝါဒ အမှားတွေ ကျူးလွန်မိလို့ပဲ။

ရေဇာပါလဗီရဲ့ စီးပွားရေးစီမံကိန်းကတော့ ရိုးရှင်းတယ်၊ အီရန်ရဲ့ သဘာဝသယံဇာတတွေ (ရေနံတော့ မပါဘူးလို့ မှန်းရတယ်) အပါအဝင် စီးပွားရေးမှန်သမျှ အကြီးအကျယ် ပုဂ္ဂလိကပိုင် ပြုလုပ်ဖို့နဲ့ အီရန်ကို နိုင်ငံခြား နယ်ချဲ့သမား ဝင်လာနိုင်အောင် လမ်းဖွင့်ပေးဖို့ပဲ။ ဒါဟာ သူ့အရှင်သခင် နယ်ချဲ့သမားတွေနဲ့ နယ်ချဲ့သမားရဲ့ အီရန်

လက်ပါးစေတွေအတွက် အကျိုးဖြစ်ထွန်းစေလိမ့်မယ်။

တဖက်မှာလဲ အစ္စလမ်မစ် သမ္မတနိုင်ငံရဲ့ ရောင်းရင်းကြီးတွေကို တရားစီရင်ရလောက်အောင် ရေဇာပါလဗီက ဘယ်သူမို့လို့လဲ။ သူနဲ့ ပါလဗီ အစိုးရဟောင်းရဲ့ လက်ကျန်တွေဟာ အီရန်လူထုအပေါ် ဆိုးရွားလှတဲ့ ရာဇဝတ်မှုတွေ ကျူးလွန်ခဲ့ကြသူတွေပဲ၊ ဥပမာအားဖြင့် သူတို့ တိုင်းပြည်ကနေ ထွက်ပြေးတုန်းက ဒေါ်လာ ဘီလီယံပေါင်း များစွာကို ခိုးယူသွားခဲ့ကြတယ်၊ ပါလဗီ မိသားစု တစုတည်းတင် ဒေါ်လာ ၂ ဘီလီယံ ခိုးယူသွားခဲ့တာ ဖြစ်တယ်။ ပိုင်ဆိုင်မှုတွေကို ပြည်သူပိုင်သိမ်းတာနဲ့ တရားမျှတမှု ဖော်ဆောင်တာမျိုးဟာ သူတို့အဖို့တော့ အင်မတန် ကြောက်စရာကောင်းတဲ့ အစဉ်အလာတခု ဖြစ်နေလိမ့်မယ်။

အာဏာရယူဖို့ လောဘဇောကြီးနေတဲ့ စိတ်ကူးယဉ်မှုတွေ (တကယ်လုပ်ရင်လဲ ပြင်းထန်လှတဲ့ ခုခံမှုနဲ့ ရင်ဆိုင်ရမှာ ဖြစ်တယ်) ကို ခဏဖယ်ထားရင်၊ ‘ခေါင်းဆောင်’ တယောက်အနေနဲ့ ရေဇာပါလဗီ တကယ်လုပ်နေတာက အီရန်လူထုရဲ့ တိုက်ပွဲကနေ အမှတ်ဝင်ယူနေရုံသက်သက်ပဲ။ ဥပမာအားဖြင့် အခုဖြစ်နေတဲ့ ကာ့(ဒ်) အထွေထွေသပိတ် အပါအဝင် အရှိန်မြင့်တက်လာတဲ့ လှုပ်ရှားမှုတွေကို ဆော်ဩခဲ့တာ ဘုရင်ရဲ့သားတော် ပါလဗီ မဟုတ်ဘူး။ အဲဒီဒေသမှာ ဩဇာရှိနေဆဲဖြစ်တဲ့ ကာ့(ဒ်)ကွန်မြူနစ် ပါတီတွေက ဦးဆောင် ဆော်ဩခဲ့တာ ဖြစ်တယ်။

အခုရော ၂၀၂၂ မှာပါ ဖြစ်ပွားခဲ့တဲ့ အထွေထွေ သပိတ်မှာပါ ဒီအတိုင်းပဲ ဖြစ်ခဲ့တယ်။ အလုပ်သမားတွေ၊ ကွန်မြူနစ်တွေနဲ့ ကာ့(ဒ်) လူမျိုးတွေဟာ ပါလဗီတယောက်ရဲ့ အမိန့်ကို နာခံဖို့ မဖြစ်နိုင်ဆုံးသူတွေပဲ။ ပါလဗီရဲ့ဖခင်ဟာ ကာ့(ဒ်)လူမျိုးတွေရဲ့ အုံကြွမှုပေါင်းများစွာကို နှိမ်နင်းခဲ့သလို ကွန်မြူနစ်တွေကိုလဲ သတ်ဖြတ်တာ၊ ထောင်ချတာနဲ့ ညှဉ်းပန်းနှိပ်စက်တာတွေ လုပ်ခဲ့တဲ့ ပါရှန်း လူမျိုးကြီးဝါဒီတယောက် ဖြစ်တယ်။

ရေဇာပါလဗီဟာ သူ့ဖခင်လိုပဲ အနောက်တိုင်း နယ်ချဲ့သမားရဲ့ သစ္စာရှိ လက်ပါးစေတယောက် ဖြစ်တယ်။ မျက်နှာသာရဖို့နဲ့ ‘ခေါင်းဆောင်’ အဖြစ် အသိအမှတ်ပြုခံရဖို့ မျှော်လင့်ချက်နဲ့ ပါလဗီဟာ ဒေါ်နယ်ထရမ့်ပ်ကို ကျေးဇူးတင်စကား ဆိုခဲ့တယ်။ ဒါပေမဲ့ ပါလဗီနဲ့ တွေ့ဆုံဖို့ ရှိမရှိ ထရမ့်ပ်ကို မေးမြန်းတဲ့အခါမှာတော့ သူက “လူတိုင်း ရှေ့ထွက်လာပါစေ၊ ဘယ်သူ ခေါင်းဆောင် ဖြစ်မလဲ စောင့်ကြည့်သင့်တယ်။ အခုနေ ပါလဗီနဲ့ တွေ့ဆုံမှု လုပ်သင့်တယ်လို့ ကျနော် တပ်အပ် မပြောနိုင်ဘူး” လို့ ပြန်ဖြေခဲ့တယ်။

အစိုးရအပြောင်းအလဲဖြစ်ဖို့ စိတ်အားထက်သန်ပြီး ပါလဗီမိသားစုကို ထောက်ခံနေတဲ့ ရီပတ်ဘလီကန်တွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ ပါလဗီကို အသိအမှတ်ပြုဖို့ ထရမ့်ပ်က တွန့်ဆုတ်နေတုန်းပဲ။ ဒါဟာ ပါလဗီကို အပြည့်အဝ ကျောက်ထောက်နောက်ခံပေးရေးနဲ့ ပတ်သက်လို့ အမေရိကန် အုပ်စိုးသူ လူတန်းစား အစိတ်အပိုင်း အတော်များများက သတိကြီးကြီး ထားနေတယ်ဆိုတဲ့ အချက်ကို ပြသနေတာပဲ ဖြစ်တယ်။ ပါလဗီဟာ အမေရိကန်ရဲ့ ကြားဝင်စွက်ဖက်မှုအပေါ် အမှီပြုပြီးမှသာ အာဏာရလာနိုင်လိမ့်မယ်။ အဲဒီလို လုပ်ရပ်မျိုးက ဘယ်ကို ဦးတည်သွားနိုင်လဲဆိုတာ အီရတ်၊ ဆီးရီးယားနဲ့ အာဖဂန်နစ္စတန်တို့မှာ အမေရိကန် အုပ်စိုးသူ လူတန်းစားအနေနဲ့ မျက်မြင်ကြုံထားပြီးသား။ ဒါဟာ အမေရိကန်ရဲ့ ဒေသတွင်း အကျိုးစီးပွားတွေနဲ့ ကမ္ဘာ့ စီးပွားရေးအပေါ် သက်ရောက်မှုတွေ ရှိလာနိုင်တဲ့အပြင် ဖရိုဖရဲဖြစ်မှု၊ နိုင်ငံတော် ပြိုလဲမှုနဲ့ ပြည်တွင်းစစ်တောင် ဖြစ်လာနိုင်တဲ့ အန္တရာယ်တွေ ရှိတယ်။

ရေဇာပါဘလီကို ထရန့်ပ်က တရားဝင် အသိအမှတ်မပြုသေးတာ ဖြစ်နိုင်ပေမဲ့၊ အမေရိကန်ပြည်ထောင်စုဟာ ပြည်ပရောက် ပါလဗီအထက်တန်းလွှာ အများစု ခိုလှုံရာ နေရာဖြစ်သလို၊ သူတို့ဟာ ရီပတ်ဘလီကန် ပါတီ ထိပ်သီးပိုင်းနဲ့ အခိုင်အမာ မဟာမိတ်ပြုထားသူတွေလဲ ဖြစ်တယ်။

ပါလဗီဟာ နောက်ပိုင်းမှာ သူ့စကားကို ပြန်ပြင်ခဲ့ပြီး ထရန့်ရဲ့ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုကို ဖိတ်ခေါ်နေတာ မဟုတ်ကြောင်း ပြန်ရှင်းခဲ့ရတယ်။ ဒါပေမဲ့ နောက်ပိုင်းကျတော့ သူ့ရဲ့ အမြင်က နောက်တကြိမ် ထပ်ပြောင်းသွားပြန်တယ်။ ဇန်နဝါရီ ၉ ရက်နေ့ ဒေါ်နယ်ထရမ့်ပ်နဲ့ စကားပြောရာမှာ အီရန်ကို ကြားဝင်စွက်ဖက်ဖို့ တောင်းဆိုခဲ့တယ်။ ဒါဟာ ပါလဗီတယောက် နယ်ချဲ့သမားတွေဆီ ကပ်ဖားနေရခြင်းရဲ့ အမြဲတမ်း ရည်ရွယ်ချက် ဖြစ်တယ်။ အကြိမ်တိုင်း ပြောင်မကျခဲ့တာသာ ရှိမယ်။ အီရန်လူထုက ဒီအချက်ကို နားလည်တယ်။ ၁၂ ရက်ကြာ စစ်ပွဲကာလမှာ ပါလဗီဘက်က အုံကြွဖို့ ဆော်ဩတဲ့အချိန် အီရန်မှာရှိတဲ့ ဘယ်သူကမှ သူ့ကို ဂရုမစိုက်ခဲ့ကြဘူး။ အများတကာ့ အများစုကြီးက ပါလဗီကို သစ္စာဖောက်တယောက်အဖြစ် မှန်မှန်ကန်ကန်ပဲ ရှုမြင်ခဲ့ကြတယ်။

သူ့ရဲ့ သစ္စာအရှိဆုံး ထောက်ပံ့ အားပေးသူတွေကတော့ အစ္စရေးနဲ့ ဘင်ဂျမင် နေတန်ယာဟုတို့ပဲ။ ရေဇာပါလဗီဟာ ၂၀၂၃ ခုနှစ်မှာ အစ္စရေးကို သွားရောက်ခဲ့သလို “အီရန် ဒီမိုကရေစီရေး အမျိုးသား သမဂ္ဂ” (NUFDI) ဆိုတဲ့ ဘုရင်စနစ်လိုလားသူ လော်ဘီအဖွဲ့ဝင်တွေဟာလဲ အစ္စရေးကို ပုံမှန်သွားရောက်လေ့ရှိတယ်။ အစ္စရေးသတင်းစာ Haaretz က ၂၀၂၂ ခုနှစ်ကတည်းက ဘော့တ် (bots) တွေအသုံးပြုတာ၊ Telegram နဲ့ တခြားလူမှုကွန်ရက် စာမျက်နှာတွေကတဆင့် ထိုးဖောက်ဝင်ရောက်တာ စတဲ့ နည်းလမ်းတွေနဲ့ အစ္စရေး အစိုးရဘက်က ဘုရင်စနစ်လိုလားသူတွေကို အကူအညီပေးခဲ့ကြောင်း ဖော်ထုတ်ခဲ့တယ်။ တကယ်တော့ ဒီပတ်သက်မှုဟာ ဒီထက်မက ပိုပြီးနက်ရှိုင်းဖို့ ရှိပါတယ်။ လူထုဘက်က လုံးဝဥဿုံ စိတ်ပျက်ရွံရှာနေပေမဲ့ ဘုရင်စနစ်လိုလားသူတွေ လမ်းမပေါ်မှာ ရုတ်တရက် ပိုပြီးများပြားလာရခြင်းရဲ့ အကြောင်းအရင်းကို ဒီလို အကြီးအကျယ် ကူညီပံ့ပိုးမှုတွေက ရှင်းရှင်းကြီးကြီး ပြသနေတယ်။

အီရန်လူထုဟာ ရေဇာပါလဗီ ဒါမှမဟုတ် နယ်ချဲ့သမားတွေနဲ့ ဘာမှပတ်သက်ချင်စိတ် မရှိဘူးဆိုတာကို အကြိမ်ကြိမ် ရှင်းရှင်းလင်းလင်း ပြသခဲ့ပြီးပြီ။ အလုပ်သမားထု စီမံထိန်းချုပ်ပိုင်ခွင့် (workers’ control) အတွက် ဦးဆောင် တိုက်ပွဲဝင်ခဲ့ပြီး အုံကြွမှုတိုင်းကိုလဲ အစဉ်တစိုက် ထောက်ခံခဲ့တဲ့ ဟက်ဖ်တပ်ပက် (Haft Tappeh) ကြံသကြားစက် အလုပ်သမားသမဂ္ဂက မကြာသေးခင်ကပဲ အခုလို ကြေညာချက်တရပ် ထုတ်ပြန်ခဲ့တယ် -

“အရင်းရှင်စနစ်အပေါ် ပါလဗီတွေသာ အားကိုးအားထား ပြုလို့ရရင်ရမယ်၊ လွတ်လပ်မှုနဲ့ တန်းတူညီမျှမှုကို လိုလားတဲ့ အလုပ်သမားတွေနဲ့ ပြည်သူတွေကတော့ အရင်းရှင်စနစ်ကို အားကိုးလို့ မရဘူး။ ဘုရင်ကို ကိုးကွယ်သူတွေ၊ အီမာမ်ကို ကိုးကွယ်သူတွေနဲ့ ရုပ်တု ကိုးကွယ်သူတွေဟာ သူတို့ ငွေပေးထားတဲ့ မီဒီယာတွေမှာ အလိမ်အညာတွေ၊ သတင်းမှား ဖြန့်တာတွေ လုပ်နိုင်ကြတယ်၊ သူတို့ဟာ ပြည်သူလူထုရဲ့ အသိဉာဏ်ကို စော်ကားပြီး အမှန်နဲ့ အမှားကြားက စည်းကို ဝေဝါးအောင် လုပ်နေကြတယ်။ ဒါပေမဲ့ ကမ္ဘာကြီးကတော့ အတုအယောင် မဟုတ်ဘူး၊ ဂုဏ်သိက္ခာမရှိတဲ့ လူလိမ်တွေသာ ပိုများလာလိမ့်မယ်”

ထဲရန်မြို့နဲ့ မြို့ပြဝန်းကျင် ဘတ်စ်ကားကုမ္ပဏီ အလုပ်သမားများသမဂ္ဂကတော့ အခုလို ထုတ်ပြန်ထားတယ် -

“ကျနော်တို့ အကြိမ်ကြိမ် ပြောခဲ့ပြီးပြီ၊ အခုလဲ ထပ်ပြောပါမယ်။ အလုပ်သမားတွေနဲ့ အခြေခံလူတန်းစားတွေ လွတ်မြောက်ရေး လမ်းကြောင်းဟာ လူထုအထက်ကနေ ထွင်ထားတဲ့ ခေါင်းဆောင်တယောက် လျှောက်တဲ့ လမ်းမှာ မရှိသလို၊ ပြည်ပအင်အားကြီးနိုင်ငံတွေ မှီခိုအားထားရေး ဒါမှမဟုတ် အစိုးရထဲက ဂိုဏ်းကွဲတွေအပေါ်လဲ မူတည်မနေဘူး။ အဲဒီအစား

လုပ်ငန်းခွင်အဆင့်နဲ့ နိုင်ငံလုံးဆိုင်ရာအဆင့်ထိ ညီညွတ်မှု၊ စည်းလုံးမှုနဲ့ လွတ်လပ်တဲ့ အဖွဲ့အစည်းများ တည်ထောင်ခြင်း လမ်းကြောင်းမှာပဲ ရှိပါတယ်။ ငါတို့ဟာ အုပ်စိုးသူ လူတန်းစားတွေရဲ့ အာဏာ ကစားပွဲနဲ့ အကျိုးစီးပွားတွေရဲ့ သားကောင် ထပ်မဖြစ်စေရဘူး။

အမေရိကန်နဲ့ အစ္စရေး အပါအဝင် ပြည်ပအစိုးရတွေရဲ့ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုနဲ့ ပတ်သက်လို့ ဝါဒဖြန့်တာ၊ တရားထူထောင်တာ ဒါမှမဟုတ် ထောက်ခံတာမှန်သမျှကိုလဲ သမဝါဒအနေနဲ့ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါတယ်။ ဒီလို ဝင်ရောက်စွက်ဖက်မှုတွေဟာ လူမှု အဖွဲ့အစည်းကို ပျက်စီးစေပြီး ပြည်သူတွေကို သေကျေစေရုံတင်မကဘဲ အစိုးရအနေနဲ့ အကြမ်းဖက်မှုနဲ့ ဖိနှိပ်မှုတွေ ဆက်လုပ်နိုင်အောင် နောက်ထပ် ဆင်ခြေတခု ပေးလိုက်တာလဲ ဖြစ်တယ်။ အနောက်တိုင်းက ဗိုလ်ကျစိုးမိုးသူ အစိုးရတွေဟာ အီရန် ပြည်သူတွေရဲ့ လွတ်လပ်မှု၊ စားဝတ်နေရေးနဲ့ ရပိုင်ခွင့်တွေအပေါ် တစွေးသားမှ တန်ဖိုးမထားဘူး ဆိုတာကိုလဲ အတိတ်သမိုင်း အတွေ့အကြုံတွေက သက်သေပြခဲ့ပြီးပါပြီ။"

ခုနှစ် ၂၀၂၂ မှာပါ အီရန် ကျောင်းသားတွေဟာ "ဘုရင်ဖြစ်ဖြစ်၊ မုလာဖြစ်ဖြစ် မင်းဆိုးမင်းညစ်မှန်သမျှ မုချ ကျဆုံးပါစေ" ဆိုတဲ့ ကြွေးကြော်သံကို အစဉ်တစိုက် ဖြန့်ဝေခဲ့ကြတယ်။ ကာ့(ဒ်) လူငယ်တွေနဲ့ တခြား ကွန်မြူနစ်တွေမှာလဲ "ဘုရင်ကိုရော မုလာကိုပါ အလိုမရှိ၊ ဆိုဗီယက် အုပ်ချုပ်မှုကိုသာ အလိုရှိတယ်" ဆိုတဲ့ ကိုယ်ပိုင်ကြွေးကြော်သံ ရှိထားတယ်။

ဒါဟာ တော်လှန်ရေးကို အောင်မြင်အောင် ဆင်နွှဲနိုင်မယ့် လမ်းကြောင်းဆီ တိတ်ကျကျ ညွှန်ပြနေတာပဲ ဖြစ်တယ်။ အီရန် အလုပ်သမား လူတန်းစားဟာ အာဏာကို မိမိတို့လက်ထဲ အရယူရလိမ့်မယ်။ ဒါကလဲ ဆိုဗီယက် (သို့မဟုတ်) အလားတူ အဖွဲ့အစည်းတွေ (၁၉၇၉ တော်လှန်ရေးတုန်းက 'ရှူရာ' (shurahs) လို့ ခေါ်ဝေါ်တဲ့ အဖွဲ့အစည်းတွေ) ကတဆင့်သာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာတော့ ဆိုဗီယက်တွေ ဒါမှမဟုတ် ရှူရာတွေ ဖြစ်တည်မလာသေးဘူး။ ဒါကြောင့် ပထမဦးဆုံးအနေနဲ့ ဆိုဗီယက်တွေ ဒါမှမဟုတ် ရှူရာတွေ ဖွဲ့စည်းရေးက အဓိက ကြွေးကြော်သံ ဖြစ်ရမယ်။

ဆိုဗီယက် (ဒါမှမဟုတ် 'ရှူရာ' တွေ)၊ ကာကွယ်ရေး ကော်မတီတွေ၊ သပိတ် ကော်မတီတွေ၊ ရပ်ကွက်ကော်မတီတွေ စသဖြင့်) ကြွေးကြော်သံကို လူတန်းစား အရေးဆိုမှုတွေပါတဲ့ ရှင်းလင်းသော လုပ်ငန်းစဉ်တရပ်နဲ့ ချိတ်ဆက်ရမယ်။ အလုပ်သမားထုအနေနဲ့ သူတို့ရဲ့ အရေးဆိုမှုတွေ အောင်မြင်စေရေးနဲ့ အစိုးရ ဖြုတ်ချရေး တိုက်ပွဲဝင်ရာမှာ အထိရောက်ဆုံးသော အဖွဲ့အစည်းတွေအဖြစ် ဆိုဗီယက်တွေကို လိုအပ်တယ်။ ရှူရာတွေကို ကြေညာချက်ထုတ်ရုံနဲ့ ဖွဲ့စည်းနိုင်မှာ မဟုတ်ဘူး။ အလုပ်သမားတွေ တိုက်ပွဲထဲ ပါဝင်လာချိန် လက်တွေ့ လုပ်ဆောင်ရင်းနဲ့သာ ရှူရာတွေ ပေါ်ပေါက်လာမှာ ဖြစ်တယ်။

အခုဖြစ်ပွားနေတဲ့ ဆန္ဒပြပွဲတွေမှာ အဓိက ကြွေးကြော်နေကြတာတွေက "ကုန်ဈေးနှုန်းကြီးမြင့်မှု အဆုံးသတ်ရမည်"၊ "ဆင်းရဲမွဲတေမှု၊ အဂတိလိုက်စားမှု၊ ကုန်ဈေးနှုန်း ကြီးမြင့်မှုတွေကို ဖြိုလှဲပစ်ကြ!" ဆိုတဲ့ စီးပွားရေးဆိုင်ရာ ကြွေးကြော်သံတွေပဲ ဖြစ်တယ်။ ဒါ့အပြင် "လွတ်လပ်မှုသာ ပထမ၊ လွတ်လပ်မှုသာ ဒုတိယ၊ လွတ်လပ်မှုသာ တတိယ"၊ "ခါမေနီ ကျဆုံးပါစေ၊ အာဏာရှင် ကျဆုံးပါစေ၊ စနစ်တစုံလုံး ကျဆုံးပါစေ၊ အစ္စလမ်မစ် သမ္မတနိုင်ငံတော် ကျဆုံးပါစေ" နဲ့ "သားသတ်သမား ခါမေနီရဲ့ အုပ်ချုပ်မှုဟာ တရားမဝင်" စတဲ့ ဒီမိုကရေစီရေးနဲ့ အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံတွေလဲ ပါဝင်နေတယ်။

အီရန်မှာ ဘုရင်စနစ် လိုလားသူတွေ ရှိတော့ရှိတယ်၊ ဒါပေမဲ့ သူတို့ဟာ ရှုံးကြောင်ကြောင် ပက်တီးဘူဇွာ အနည်းစုသာ ဖြစ်တယ်။ လေလွင့်ပစ္စည်းမဲ့တွေတောင် ဖြစ်ရင် ဖြစ်နေနိုင်တယ်။ သူတို့ လုပ်တတ်တာက




ထူးထူးဆန်းဆန်း စတန့်တွေလောက်ပဲ၊ ဥပမာ - ထရန့်ကို ချီးကျူးတဲ့ ဆိုင်းဘုတ်နဲ့ ဓာတ်ပုံရိုက်ခဲ့တဲ့ သူတို့ရဲ့ အရှင်သခင် ရေဇာပါလဗီကို အတုယူပြီး ဂေါ်ဂျီလမ်း (Ghorji Street - အရင်က အိုင်ဆင်ဟောင်ဝါလမ်း) ရဲ့ လမ်းညွှန်ဆိုင်းဘုတ်ကို "ဒေါ်နယ်ထရမ့်ပ်လမ်း" ဆိုပြီး နာမည်ပြောင်း လိုက်တာမျိုးတွေ။

အနောက်နိုင်ငံတွေမှာလဲ အလားတူ ရှုနှမ်းနှမ်း ဘုရင်စနစ် လိုလားသူတွေဟာ အစ္စရေးအလံ၊ အမေရိကန် အလံနဲ့ ဘုရင်စနစ်သုံး အီရန် အလံတွေကို (တခါတလေ ရှေးဟောင်း အီရန်အလံဖြစ်တဲ့ ဒါရက်ဖ်ရှိ ကာဗီယာနီ အလံအထိတောင်) လွှင့်ထူပြီး ဘုရင်ဟောင်းနဲ့ ဒေါ်နယ်ထရန့်ရဲ့ ပုံတူတွေကိုပါ ကိုင်ဆောင်ရင်း လူစုလူဝေးပွဲတွေ လုပ်ကြတယ်။ သူတို့ လိုလားတဲ့ ဘုရင်လိုပဲ ဒီလူတချို့ဟာ ထရမ့်ပ်ကို ဖားတဲ့အနေနဲ့ ၁၂ ရက်ကြာစစ်ပွဲတုန်းက ထရမ့်ပ်ရဲ့ ကြွေးကြော်ခဲ့တဲ့ "အီရန်နိုင်ငံကို တကျော့ပြန် ကြီးမြတ်လာအောင် လုပ်ကြ" ဆိုတာကို ကျွန်စိတ်ပေါက်ပေါက်နဲ့ လိုက်ပြီး အတုခိုး ကြွေးကြော်ကြတယ်။

ရေဇာပါလဗီနဲ့ သူ့ရဲ့ ပြည်ပရောက် ရှုံးကြောင်ကြောင် နောက်လိုက်တွေဟာ လူထုအခြေခံသာ မရှိတာ ဆန္ဒပြပွဲ ဗီဒီယိုအများတွေ ဖြန့်ဝေတာတော့ မရပ်ဘူး။ အဲဒီ ဗီဒီယို တချို့ဟာ ကြွေးကြော်သံတွေကို ပြင်ဆင်တည်းဖြတ်ထားတာဖြစ်ပြီး တချို့ကတော့ AI နဲ့ အစအဆုံး ဖန်တီးထားတာတွေ ဖြစ်တယ်။ ဒီထဲက ဗီဒီယို အနည်းငယ်လောက်က အစစ်အမှန် ဖြစ်နိုင်ပေမဲ့ သတင်းအမှား ပျံ့နှံ့မှုနှုန်းက ဘယ်ဟာ အစစ်၊ ဘယ်ဟာ အတုဆိုတာ ခွဲခြားဖို့ ခက်ခဲစေတယ်။ X (တွစ်တာ) နဲ့ Instagram

မှာလဲ ဘုရင်စနစ် လိုလားသူတွေရဲ့ ပေါက်တတ်ကရတွေပဲ ပြည့်နှက်နေတယ်။ အနောက်တိုင်း မီဒီယာတွေကပါ ဒီသတင်းအတုတွေကို ဖြန့်ဝေနေကြတာကြောင့် တော်လှန်ရေး လူငယ်တွေနဲ့ အလုပ်သမားတွေ ကိုယ်တိုင် ဦးစီးနေတဲ့ အီရန်အခြေစိုက် Telegram ချန်နယ်တွေကသာ တခုတည်းသော ယုံကြည်စိတ်ချရတဲ့ သတင်းရင်းမြစ်တွေ ဖြစ်ပါတယ်။

## အီရန်ကို လက်ဖျားနဲ့တောင် မထိနဲ့! ဘုရင်သော၊ မူလာသောမရွေး မင်းဆိုးမစ်ညစ်မှန်သမျှ ကျဆုံးရမယ်!

ဒါတွေအားလုံးဟာ အစ္စလာမ်မစ်သမ္မတနိုင်ငံအတွက် အခွင့်ကောင်းပေးနေတာပဲ ဖြစ်နေတယ်။ ပြည်ပက သွေးထိုးမှုကြောင့် ဆန္ဒပြပွဲတွေ ဖြစ်ရတယ်လို့ အစိုးရဘက်က အခိုင်အမာ ပြောနေတယ်။ ဘုရင်စနစ်လိုလားသူတွေလို့ ယူဆရသူတွေကို အတင်းအကျပ် ဝန်ခံခိုင်းထားတဲ့ သတင်းမှားတွေကိုတောင် အစိုးရဘက်က တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ကြတယ်။ အဲဒီထဲက အတော်များများဟာ အလိမ်အညာတွေ ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပေမဲ့လဲ လူထုအပေါ် သက်ရောက်မှုတော့ ရှိနေတယ်။

အင်တာနက်တွေ မပိတ်ခင်တုန်းက အစိုးရဟာ ပြည်သူတွေရဲ့ စိတ်ရင်းနဲ့ကြောက်လန့်မှုကို အသုံးချပြီး အစ္စဖာဟန် (Isfahan) လို မြို့ကြီးမှာ အစိုးရထောက်ခံပွဲအတွက် လူထောင်ပေါင်းများစွာကို စည်းရုံးနိုင်ခဲ့တယ်။ သုံးရက်ကြာ ဝမ်းနည်းခြင်း အထိမ်းအမှတ်ကာလ သတ်မှတ်တာနဲ့ တနင်္ဂနွေနေ့မှာ အစိုးရ ထောက်ခံပွဲအသစ်တွေ ထပ်မံခေါ်ယူထားတာတွေကြောင့် သူတို့ရဲ့ အင်အားဘယ်လောက်ရှိမလဲဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာ ဖြစ်တယ်။

အနောက်နိုင်ငံတွေနဲ့ ဘုရင်စနစ်လိုလားသူတွေရဲ့ ကြားဝင်စွက်ဖက်မှုဟာ လူထုကြားမှာ ရှုပ်ထွေးမှုတွေ ဖြစ်လာစေတယ်။ ရက်စက်ကြမ်းကြုတ်ပြီး ဒီမိုကရေစီအခွင့်အရေးတွေ လုံးဝမရှိခဲ့တဲ့ ဘုရင့်အာဏာရှင်စနစ်၊ အလွန်အမင်း မညီမျှမှုတွေနဲ့ အဂတိလိုက်စားမှုတွေ ဖုံးလွှမ်းနေတဲ့ စနစ်၊ နယ်ချဲ့သမားတွေကို အီရန်နိုင်ငံရဲ့ အရင်းအမြစ်တွေကို လုယက်ခွင့်ပြုခဲ့တဲ့ စနစ်ကို လူထုက ကောင်းကောင်းကြီး မှတ်မိနေဆဲဖြစ်တယ်။

နယ်ချဲ့သမားတွေဟာ အီရန်နိုင်ငံကို သူတို့ရဲ့ လက်အောက်ခံအဖြစ် ပြန်ရောက်သွားအောင် လုပ်ချင်နေကြတယ်ဆိုတာကို လူထုက မှန်မှန်ကန်ကန် နားလည်ထားတယ်။ ဆင်းရဲမွဲတေမှုတွေ၊ အီရတ်၊ ဆီးရီးယားနဲ့ ယီမင်နိုင်ငံတွေ ပျက်စီးသွားတာတွေ၊ ပါလက်စတိုင်းတွေကို မျိုးဖြုတ်သတ်ဖြတ်တာတွေ စသဖြင့် နယ်ချဲ့စနစ်ကြောင့် ဒီဒေသတွင်းမှာ ဖြစ်ပေါ်ခဲ့ရတဲ့ ထိတ်လန့်စရာကောင်းတဲ့ အဖြစ်အပျက်တွေကိုလဲ လူထုက မျက်မြင် ကြုံထားရတယ်။

ဒီလို ရှုပ်ထွေးသွားအောင် လုပ်ဆောင်တာတွေက လမ်းမပေါ်မှာ ဖရိုဖရဲ အခြေအနေတွေကို ဖြစ်ပေါ်လာစေတယ်။ လူထုအလွှာတချို့ကြားမှာ ကြောက်ရွံ့တဲ့ စိတ်အခြေအနေတွေ ပေါ်ပေါက်လာစေတယ်။ ဒီလိုနဲ့ ဆန္ဒပြပွဲတွေကို အားပျော့သွားစေသလို၊ အစိုးရဘက်က ရက်စက်တဲ့ ဖိနှိပ်မှုတွေ လုပ်လာနိုင်အောင် လမ်းဖွင့်ပေးလိုက်သလို ဖြစ်လာတယ်။ ရှင်းလင်းပြတ်သားတဲ့ ခေါင်းဆောင်မှုတခု မရှိခဲ့လို့လဲ ဒီလို ဖရိုဖရဲ ဖြစ်ရပ်တွေ ပေါ်ထွက်လာနိုင်ခဲ့တာ ဖြစ်တယ်။ တကယ်လို့ တော်လှန်ရေး ခေါင်းဆောင်မှုတရပ်သာ ကြိုတင် တည်ဆောက်ပြီးသား ရှိခဲ့ရင် အီရန်လူထုဟာ ၂၀၁၈ ခုနှစ်ကတည်းက အစ္စလာမ်မစ် သမ္မတနိုင်ငံကို အကြိမ်ကြိမ် ဖြိုလှဲနိုင်ပြီးသား ဖြစ်ခဲ့လိမ့်မယ်။ အခုတော့ လူတန်းစားတိုက်ပွဲဟာ သွေးချောင်းစီးပြီး ရက်စက်ကြမ်းကြုတ်တဲ့ ကိစ္စတခုအဖြစ်သာ ဇာတ်ကြောရှည်နေခဲ့ရတယ်။

အီရန် တော်လှန်ရေးသမားတွေအနေနဲ့ အီရန် အလုပ်သမား လူတန်းစားနဲ့ ချိတ်ဆက်နိုင်ဖို့အတွက် ရှင်းလင်းတဲ့ လုပ်ငန်းစဉ်တရပ်နဲ့အတူ လုံးဝဥဿုံ လူတန်းစား အမှီအခိုကင်းသော တော်လှန်ရေး Alternative တရပ် အမြန်ဆုံး တည်ဆောက်ရလိမ့်မယ်။ ဒီလုပ်ငန်းစဉ်ဟာ ၂၀၁၈ ခုနှစ်ကတည်းက တောင်းဆိုလာခဲ့တဲ့ နိုင်ငံရေးနဲ့ စီးပွားရေးဆိုင်ရာ တောင်းဆိုချက်တွေ အပေါ်မှာ အခြေခံထားရမယ်။

ဒီလိုမျိုး ခေါင်းဆောင်မှု ရှိမထားဘူးဆိုရင် အခြေအနေဟာ အနှေးနဲ့အမြန် ပိုဆိုးသွားနိုင်တယ်။ အစိုးရကို ပြည်ပက စစ်ရေးအရ ကြားဝင်စွက်ဖက် ဖြုတ်ချခြင်းဟာ လူထုအတွက် ကပ်ဘေးတခု ဖြစ်လာမှာဖြစ်သလို၊ အစိုးရကို ရာထူးကနေ ကန်ချဖို့တောင် အောင်မြင်ပါ့မလားဆိုတာ မသေချာဘူး။ နောက်ထပ် ဖြစ်နိုင်ခြေတခုကတော့ အစိုးရအဖွဲ့ထဲက လူတွေက သူတို့ကိုယ်သူတို့ ကယ်တင်ဖို့အတွက် နန်းတွင်းအာဏာသိမ်းမှုမျိုး လုပ်ဆောင်လာနိုင်တဲ့ အခြေအနေပဲ။

အဖြစ်အပျက်တွေ ဘယ်လိုပဲ ပြောင်းလဲလာပါစေ၊ အစ္စလမ်မစ် သမ္မတနိုင်ငံရဲ့ သက်တမ်းဟာ သေတွင်းနားကပ်နေပြီဆိုတော့ ရှင်းတယ်။ ၂၀၁၈ ခုနှစ်ကတည်းက တနှစ်ခြားတခါ လူရာပေါင်းများစွာ အသတ်ခံရပြီး ထောင်ပေါင်းများစွာ အဖမ်းခံနေရတဲ့အပြင်၊ အဆက်မပြတ် ဖြစ်ပွားနေတဲ့ သပိတ်မှောက်မှုတွေ၊ စီးပွားရေးဆိုင်ရာ ဆန္ဒပြပွဲတွေနဲ့ လူငယ်တွေရဲ့ အကြမ်းဖက် အုံကြွမှုတွေကြောင့် အခြေအနေဟာ ဆက်ပြီး ထိန်းထားလို့မရတော့တဲ့ အနေအထား ဖြစ်နေတယ်။ ဒါပေမဲ့ ရှင်းလင်းပြတ်သားတဲ့ တော်လှန်ရေး alternative တရပ် မရှိခြင်းနဲ့ နယ်ချဲ့သမားတွေရဲ့ ခြိမ်းခြောက်မှုဟာ အစိုးရ ဖြုတ်ချရေး တိုက်ပွဲကို သွေးချောင်းစီး ဖြစ်ရပ်တခုအဖြစ် ပြောင်းသွားစေရုံတင် မကတော့ဘူး။ အခုဆိုရင် အီရန်နိုင်ငံအစိတ်စိတ်အမြွှာမြွှာ ကွဲထွက်မယ့်အခြေအနေ၊ တိုင်းပြည်ရဲ့ အရင်းအမြစ်တွေကို လုယက်ခံရမယ့် အခြေအနေနဲ့ တခြား ထိတ်လန့်စရာ အခြေအနေတွေထိ အန္တရာယ်ပေးလာနေပြီ။

အစိုးရကို ဖြုတ်ချနိုင်ခဲ့ရင်တောင် တာဝန်ရှိသူတွေကို လဲလှယ်လိုက်ရုံနဲ့ မလုံလောက်ဘူး။ ပြဿနာက မူလာတွေ ဒါမှမဟုတ် ပါလဗီတွေ မဟုတ်ပါဘူး။ သူတို့ဟာ ကပ်ပါးကောင်သဖွယ် အုပ်စိုးသူ လူတန်းစား တခုတည်းရဲ့ ဂိုဏ်းကွဲတွေသာ ဖြစ်တယ်။ အီရန် အရင်းရှင်စနစ်ဟာ ခေတ်နောက်ကျ ကျန်ခဲ့တဲ့ အရင်းရှင်စနစ်ပဲ၊ ဒါကြောင့်လဲ အာဏာရှင်စနစ်နဲ့ ဆင်းရဲမွဲတေမှုရဲ့ အခြေခံ အုတ်မြစ်ကို ထပ်ခါတလဲလဲ ဖန်တီးပေးခဲ့တာဖြစ်တယ်။ အလုပ်သမား လူတန်းစားက အာဏာသိမ်းနိုင်မှသာ ဒီသံသရာကို အဆုံးသတ်နိုင်လိမ့်မယ်။

အီရန် ကွန်မြူနစ်တွေက တော်လှန်သော ကွန်မြူနစ် ပါတီတရပ်ကို အုတ်မြစ်ချ ထူထောင်ရမယ်၊ အဲဒီပါတီဟာ အစိုးရပြုတ်ကျသွားတာနဲ့ တဟုန်ထိုး ကြီးထွားရမယ်။ တချိန်တည်းမှာပဲ အနောက် နယ်ချဲ့နိုင်ငံတွေက အလုပ်သမား လူတန်းစားဟာ မိမိတို့ရဲ့ အနေအထားနဲ့ အင်အားကို အသုံးချပြီး အီရန် နိုင်ငံကို နယ်ချဲ့ ကျူးကျော်စစ် ထပ်မတိုက်အောင် တားဆီးရမယ်။ ဒါကြောင့် မိမိတို့ တိုင်းပြည်က အုပ်စိုးသူ လူတန်းစားရဲ့ အကျိုးစီးပွားကို ဖွင့်ချတိုက်ပွဲဆင်ရေးဟာ အနောက်က ကွန်မြူနစ်တွေရဲ့ တာဝန်ပဲ။

**မူရင်းဆောင်းပါး** - **Imperialists and Pahlavis – hands off Iran!** **By Esaias Yavari**

**ဘာသာပြန် - ဆွတ်ရိန်လင်း**

၂၀၂၅ ဩဂုတ်လ ၁၅ ရက်နေ့ထုတ် ဂါးဒီးယန်း မဂ္ဂဇင်းမှာ “ငါတို့ကို တိရစ္ဆာန်တွေအလား အမဲဖျက်သွားခဲ့တယ်” ဆိုတဲ့ ဆောင်းပါးကို မျက်နှာဖုံး story အဖြစ် ဖော်ပြခဲ့တယ်။ ၂၀၂၅ ဧပြီလ ဒုတိယပတ်မှာ ဆူဒန် နိုင်ငံ၊ ဒါဖော ဒေသက Zamzam စစ်ပြေး ဒုက္ခသည်စခန်းကို RSF (Rapid Support Forces) အကြမ်းဖက် တပ်ဖွဲ့တွေက ဝင်ရောက် စီးနင်း တိုက်ခိုက်ခဲ့တဲ့ ဖြစ်စဉ်ကို စုံစမ်း ဖော်ထုတ် ရေးသားထားခြင်း ဖြစ်ပါတယ်။

ဒီဖြစ်စဉ်ဟာ ဧပြီ ၁၁ ရက် သောကြာနေ့ မနက်မှာ အစပြုခဲ့တယ်။ ဇမ်ဇမ် စစ်ပြေး ဒုက္ခသည်စခန်းကို RSF စစ်သွေးကြွ တန်ပြန် တော်လှန်ရေး အင်အားစုတွေက မျိုးတုန်းသတ်ဖြတ်ရေး လုပ်နေချိန်လောက်မှာပဲ ယူကေ အစိုးရက ဆူဒန် ငြိမ်းချမ်းရေး ဖော်ဆောင်ပေးမယ့် ကမ္ဘာလုံးဆိုင်ရာ ထိပ်သီး ညီလာခံတခုကို ကျင်းပနေခဲ့တယ်။ တကယ်တမ်း ဒီသတ်ဖြတ်မှုတွေအကြောင်း အစီရင်ခံစာတွေ ထွက်ပေါ်လာချိန်မှာ ယူကေ အစိုးရက နှုတ်ဆိတ်နေခဲ့တယ်။ ထောက်လှမ်းရေး အစီရင်ခံစာတွေ၊ မျက်မြင်သက်သေတွေရဲ့ ပြောကြားချက်တွေကို အခြေခံပြီး ဧပြီလ အမဲဖျက်ပွဲကြီးမှာ ဘာတွေ ဖြစ်ခဲ့သလဲ၊ ဘာ့ကြောင့် မတားဆီးနိုင်ခဲ့သလဲ ဆိုတာတွေကို ပထမဆုံး ဖော်ထုတ်ရေးသားထားကြောင်း ဂါးဒီးယန်းက ဆိုပါတယ်။

ဒီဖြစ်စဉ်ကို ဧပြီလ ၁၁ ရက် မနက်ခင်း၊ ၈ နာရီ လောက်က စပြီး အချိန်အပိုင်းအခြားအလိုက် ကွက်ကွက်ကွင်းကွင်း ရေးသား ဖော်ပြထားတာ တွေ့ရတယ်။ ဇမ်ဇမ် ဒုက္ခသည် စခန်းဟာ နှစ်ပေါင်း ၂၀ သက်တမ်းအတွင်း တဟုန်ထိုး ကြီးထွားလာခဲ့တယ်။ ဒီဒုက္ခသည်စခန်းမှာ နေထိုင်သူ လူဦးရေ ငါးသိန်းခန့် ရှိပါတယ်။ အများစုက အမျိုးသမီးနဲ့ ကလေးငယ်တွေ

# ဆူဒန် ပြည်တွင်းစစ်
## တန်ပြန်တော်လှန်ရေးရဲ့ ဆိုးရွားသော အကျိုးဆက်များ



ဖြစ်ပါတယ်။ အကာအကွယ်မဲ့ ဖြစ်နေတယ်။ ငတ်မွတ်ခေါင်းပါးမှု ဒဏ်ကြောင့် သေဆုံးသူ အလွန်များပါတယ်။ တနှစ်အောက် ကလေးငယ်တွေဟာ ၂နာရီ တယောက်နှုန်း သေဆုံးနေတယ်။ vulnerable အဖြစ်ဆုံးလို့ ဆိုနိုင်တဲ့ လူ့အသိုက်အဝန်းတခုကို RSF အုပ်စုအနေနဲ့ လက်ရှောင်လိမ့်မယ်လို့ တချို့ ထင်ခဲ့ကြတယ်။

သို့သော်လဲ အလွန်တရာ ဖောက်ပြန်တဲ့ RSF စစ်သွေးကြွတွေဟာ ဇမ်ဇမ် ဒုက္ခသည်စခန်းကို ဧပြီ ၁၁ ရက် မနက် ၈ နာရီလောက်က စပြီး လက်နက်ကြီးတွေနဲ့ လှမ်းထုခဲ့တယ်၊ ဒီနောက် ဒရုန်းတွေ တဝီဝီ ပျံသန်းလာခဲ့တယ်။ လက်နက်မဲ့ အရပ်သား ဒုက္ခသည်စခန်းအပေါ် RSF ရဲ့ ထိုးစစ်ဟာ အဲသလို စတင်ခဲ့တယ်။

ဒီနောက် ၉ နာရီခွဲလောက်မှာ RSF က ကူကယ်ရာမဲ့ ဒုက္ခသည်စခန်းကို ဘက်ပေါင်းစုံကနေ စစ်မျက်နှာဖွင့်ပြီး ထိုးစစ်ဆင်ပါတော့တယ်။ ဆယ်ကျော်သက် မိန်းကလေးငယ်တွေကို ပြန်ပေးဆွဲ ဖမ်းခေါ်သွားတာ ကနေ့အထိ ပြန်မတွေ့ရတော့ဘူး။ သက်ကြီးရွယ်အို၊ နာမကျန်းသူ၊ ကျားမ မရွေး၊ နို့စို့ကလေးပါ မချန် တွေ့သမျှ ပစ်သတ်ခဲ့တယ်။ ကျန်းမာရေး စောင့်ရှောက်မှု ပေးနေတဲ့ ဆေးဝန်ထမ်းတွေကိုလဲ ချန်မထားပါဘူး၊ ကတုတ်ကျင်းတွေထဲအထိ လိုက်ပစ်သတ်ခဲ့တယ်။ ကောက်ရိုးတမျှင်အဖြစ် ဆေးပေးခန်းနဲ့ စာသင်ကျောင်း (Sheikh Farah Quranic) ထဲ ဝင်ပုန်းနေတဲ့ ကလေးသူငယ်နဲ့ လူကြီးတွေကို အပြင်ဆွဲထုတ်ပြီး တန်းစီပစ်သတ်သွားခဲ့တယ်။ ထွက်ပြေးသူတွေကိုလဲ လက်လွှတ်မပေးခဲ့ဘူး။ အမျိုးသမီးတွေကို မုဒိမ်းကျင့် သတ်ဖြတ်ခဲ့တယ်။ ဒါတင် မကသေး။ ဒုက္ခသည်စခန်းကို လုယက်ဖျက်ဆီးပြီး မီးတင်ရှို့လိုက်သေးတယ်။

ဇမ်ဇမ် ဒုက္ခသည်စခန်းမှာ နာရီ ၇၀ အတွင်း အသတ်ခံရသူ ၄၀၀ အထိ ရှိမယ်လို့ တရားဝင် ခန့်မှန်းချက်တွေက ဆိုပါတယ်။ ဒါပေမယ့် သေဆုံးသူ အရေအတွက်ကို အတိအကျ ဖော်ထုတ်ဖို့ စုံစမ်းစစ်ဆေးရေး လုပ်ခဲ့တဲ့ ကော်မတီတခုက သေဆုံးသူ ၁၅၀၀ ကျော် တွေ့ရှိထားတယ်။ မကုန်သေးဘူး၊ နောက်ဆုံး စာရင်းက ဒီထက် အများကြီး ပိုလိမ့်မယ်လို့ ကော်မတီ အဖွဲ့ဝင် မဟာမက်(ဒ်) ရှရိ(ဖ်)က ပြောပါတယ်။ ဒါဖော ဒေသ ရက်စက် ကြမ်းကြုတ်မှုများအရေး ကျွမ်းကျင်သူတဦးက ဇမ်ဇမ် ဒုက္ခသည်စခန်း အမဲဖျက်ပွဲကနေ လွတ်မြောက် ရှင်သန်လာသူတွေကို အင်တာဗျူး လုပ်ခဲ့တယ်၊ သူကတော့ သေဆုံးသူစာရင်း ၂၀၀၀ ကျော်မှာ "သေချာပါတယ်" လို့ ပြောထားတယ်။

ဒီလို လူထောင်ပေါင်းများစွာ သတ်ဖြတ်ခဲ့တဲ့အထဲ RSF စစ်သွေးကြွတွေ အလိုရှိဆုံး သူတယောက် ရှိပါတယ်။ သူကတော့ Hanadi ဆိုတဲ့ သူနာပြု အမျိုးသမီးတဦးပဲ ဖြစ်ပါတယ်။ ဇမ်ဇမ် ဒုက္ခသည်စခန်းက ပြည်သူတွေကို အညှို့မခံဘဲ ကြံ့ကြံ့ခံ ရင်ဆိုင်ဖို့ ဆော်ဩခဲ့တဲ့ လူငယ် အမျိုးသမီး သူနာပြု Hanadi ကို RSF စစ်သွေးကြွတွေ မျက်မုန်းကျိုးနေခဲ့ကြတယ်။ Hanadi ရဲ့ သူငယ်ချင်း Manahel ပြောခဲ့သလိုပဲ "သူတို့က မိန်းမတွေကို မုန်းတယ်။ အထူးသဖြင့် သူတို့ကို ရင်ဆိုင်ရဲတဲ့ မိန်းမတွေကိုဆို ပိုမုန်းတယ်။"

လွန်ခဲ့တဲ့ နှစ် ၂၀ လောက်ကတော့ ဇမ်ဇမ် ဒုက္ခသည် စခန်းဟာ အာရပ် စစ်သွေးကြွတွေ လိုက်သတ်တာ ခံနေရတဲ့ အာဖရိကန် မျိုးနွယ်စုတွေအတွက် ခိုလှုံရာ ဖြစ်ခဲ့တယ်။ အဲဒီတုန်းက ဒါဖော ဒေသမှာ လူပေါင်း သုံးသိန်းအထိ သတ်ဖြတ်ခဲ့တဲ့ စစ်သွေးကြွတွေဟာ RSF ဖြစ်လာမယ့် အကြမ်းဖက် အဖွဲ့ပါပဲ။ အဲဒီ ဂျီနိုဆိုက် အကြမ်းဖက်မှုတွေ စတင်ခဲ့တဲ့ ၂၀၀၃ မှာ Hanadi ကို မွေးဖွားခဲ့တယ်။ ကလေးဘဝအရွယ်ကတည်းက ဒုက္ခ အထွေထွေကို ရင်ဆိုင်ခဲ့ရတဲ့ Hanadi ဟာ သူနာပြုအလုပ်ကို ရွေးချယ်ခဲ့တယ်။ RSF သားသတ်သမားတွေ ဝင်ရောက် အမဲဖျက်နေချိန် သူထွက်မပြေးခဲ့ဘူး။ "ဂုဏ်သိက္ခာရှိရှိ သေမယ်၊ နောက်ဆုံးအချိန်ထိ ဒီမှာ ရှိနေမယ်" လို့ သူပြောခဲ့သလိုပဲ နောက်ဆုံး အချိန်ထိ ဒဏ်ရာရ လူနာတွေကို ပြုစုကုသရင်း တိုက်ပွဲဝင်သွားခဲ့တယ်။

ဇမ်ဇမ် ဒုက္ခသည်စခန်းနဲ့ မလှမ်းမကမ်းမှာ El Fasher မြို့ ရှိပါတယ်။ ၁၁ ကီလိုမီတာပဲ ဝေးပါတယ်။ အဲဒီ မြို့မှာ ဆူဒန် စစ်တပ် အထိုင်ချထားပါတယ်။ ဇမ်ဇမ် ဒုက္ခသည်စခန်းကို RSF စစ်သွေးကြွတွေ အမဲဖျက်နေချိန် သူတို့ လာကယ်မလားလို့ မျှော်လင့်ခဲ့ကြတယ်။ တုတ်တုတ်မှ မလုပ်ခဲ့ဘူး။ သူတို့ ဘာ့ကြောင့် ရောက်မလာသလဲ အခုထိ မသိသေးဘူးလို့ ကျောင်းဆရာတယောက်ဖြစ်တဲ့ မဟာမက်(ဒ်)အဒမ်က ပြောပါတယ်။

အဲဒီ အယ်လ်ဖာရှား မြို့လဲ အောက်တိုဘာ ၂၇ ရက်နေ့မှာ RSF လက်ထဲ ကျရောက်သွားခဲ့တယ်။ မြို့ကို သိမ်းယူပြီး ရက်ပိုင်းအတွင်းမှာပဲ RSF က အရပ်သား ပြည်သူ နှစ်ထောင်ကျော်ကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့တယ်။

၂၀၂၃ ကစတင်ခဲ့တဲ့ ဆူဒန် ပြည်တွင်းစစ် ၂ နှစ်ကျော် ကာလအတွင်း အနည်းဆုံး လူပေါင်း ၁၅၀,၀၀၀ အသတ်ခံထားရတယ်။ တန်ပြန် တော်လှန်ရေး စစ်တပ် နှစ်ခုကြားက ပြည်တွင်းစစ်ကြောင့် လူပေါင်း ၁၂ သန်း စစ်ပြေးဖြစ်သွားခဲ့တယ်။ နှစ်ဖက်လုံးက တန်ပြန် တော်လှန်ရေး စစ်တပ်တွေဟာ အကြမ်းဖက်မှုတွေကို ရက်ရက်စက်စက် ကျူးလွန်ထားကြတယ်။ ပြည်ပ နယ်ချဲ့ ပါဝါတွေကလဲ သတ္တု သယံဇာတ ပေါများပြီး သေနင်္ဂဗျူဟာအရ အလွန် အရေးပါတဲ့ အာဖရိကန် တိုင်းပြည်ကို ဖရဲသီးကြီး ပိုင်းသလို ပိုင်းယူဖို့ လုံးပမ်းနေကြလေရဲ့။

ဆယ်စုနှစ်များစွာ သွေးထွက်သံယို ပဋိပက္ခတွေ ဖြစ်ခဲ့ပြီး ၂၀၁၁ မှာ အပိုင်းပိုင်း လှီးဖြတ်ခံထားရတဲ့ ဆူဒန်ဟာ အခုတချီလဲ အစိတ်စိတ် အမွှာမွှာ ဆုတ်ဖြဲခံနေရပြီ။ ဒီတချီ စစ်ပွဲဟာ ဗိုလ်ချုပ် Abdel Fattah al-Burhan ဦးဆောင်တဲ့ 'တရားဝင်' စစ်တပ် (SAF, Sudanese Armed Forces) နဲ့ ဟေမက်တီလို့ လူသိများတဲ့ Muhammad Hamdan Dagalo Musa ခေါင်းဆောင်တဲ့ RSF (Rapid Support Forces) လက်နက်ကိုင် တပ်ဖွဲ့တွေကြား ဖြစ်ပွားနေတဲ့ ဖောက်ပြန်ရေး ပြည်တွင်းစစ် ဖြစ်ပါတယ်။ လူမဆန်တဲ့ စစ်တပ် နှစ်အုပ်စုလုံးဟာ ဆူဒန် တော်လှန်ရေးကို သွေးချောင်းစီးအောင် ပူးပေါင်း နှိပ်ကွပ်ခဲ့ကြတယ်။ အခုတော့ သူတို့ နှစ်အုပ်စုက အဝေမတည့်ဘဲ စစ်ခင်းနေကြပြီ။

အနောက်ဖက်ခြမ်း ဒါဖော ဒေသဟာ စကားလုံးနဲ့ မဖော်ပြနိုင်လောက်တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေ ရင်ဆိုင်နေရတယ်။ စစ်သွေးကြွ လက်နက်ကိုင် အုပ်စုတွေက တွေ့သမျှကို သတ်ဖြတ်၊ မုဒိမ်းကျင့်၊ လုယက်နေတယ်။ အပျက်အစီး အတိုင်းအဆ ဘယ့်လောက်ကြီးသလဲဆိုရင် ကောင်းကင်အမြင့်ကနေ လှမ်းမြင်နေနိုင်တယ်။ တချိန်တည်းမှာ (အနောက် မီဒီယာတွေမှာ 'လေးစားစရာကောင်းတဲ့' အင်အားစုလို့ ပုံဖော်နေကြတဲ့) SAF အစိုးရ စစ်တပ်က အရပ်သားနဲ့ လက်နက်ကိုင် မခွဲခြားဘဲ ဗုံးမိုးရွာနေတယ်၊ သာမန် ပြည်သူတွေကို အငတ်ဘေးဆိုက်အောင် ပိတ်ဆို့ ဖြတ်တောက်ထားတယ်။ ဒီလို အိပ်မက်ဆိုးကြီးကို ဘယ်လို ရောက်ရှိခဲ့တာလဲ။

## အဆုံးမရှိသော အနိဋ္ဌာရုံများ

ဒီကပ်ဘေးကြီးရဲ့ လက်ငင်း အကြောင်းရင်းကတော့ ၂၀၁၈ ကနေ ၂၀၂၁ အထိ ဖြစ်ပွားခဲ့တဲ့ ဆူဒန် တော်လှန်ရေး အရေးနိမ့်သွားလို့ပဲ။ ဆူဒန် နိုင်ငံဟာ အရှေ့အလယ်ပိုင်း ဒေသကြီးနဲ့ Sub-Saharan အာဖရိကတိုက်တို့ကြား တည်ရှိနေတဲ့ အရင်းအမြစ် ကြွယ်ဝတဲ့ တိုင်းပြည်တခု ဖြစ်သလို ပင်လယ်နီနဲ့ နိုင်း(လ်)မြစ်တို့ကို အသုံးချနိုင်တယ်။ ဒီအချက်ဟာ ဆူဒန် နိုင်ငံ ကံဆိုးမိုးမှောင်ကျရခြင်းနဲ့ တသားတည်း ချိတ်ဆက်နေတယ်။ ဒီအနေအထားကြောင့် ဆူဒန် နိုင်ငံဟာ သူ့ထက်ငါ ဗိုလ်ကျလုယက်ဖို့ တာဆူနေတဲ့ အရင်းရှင် အကျိုးစီးပွားတွေရဲ့

နှလုံးသည်းပွတ် ဖြစ်သွားခဲ့တယ်။

ဆူဒန်ဟာ ဗြိတိန်နဲ့ အီဂျစ်တို့ရဲ့ ကိုလိုနီ ဖြစ်ခဲ့တယ်။ ဗြိတိန်ဟာ သုံးနေကျ သွေးခွဲ အုပ်ချုပ်ရေး ပေါ်လစီကို ကျင့်သုံးပြီး ဆူဒန်ကို ထိန်းချုပ်ထားခဲ့တယ်။ ဆူဒန်မှာ မျိုးနွယ်စုကြီး ၁၉ ခု၊ လူမျိုးစု အခွဲ ၅၉၇ ခုနဲ့ ဘာသာစကား အုပ်စုပေါင်း ၁၀၀ ကျော်ရှိတယ်။ အဲဒီ အုပ်စုတွေကြား တင်းမာမှုတွေ ပြင်းထန်လာအောင် ဗြိတိန် အရင်းရှင် နယ်ချဲ့က တမင် ထိုးဆွပေးခဲ့တယ်။ အထူးသဖြင့် ဆူဒန် မြောက်ပိုင်းက မွတ်စလင် အာရပ်တွေကို အခြေပြုပြီး ဆူဒန် တောင်ပိုင်းက ခရစ်ယာန်တွေနဲ့ လူမည်း အာဖရိကန်တွေကို ဆန့်ကျင် ရန်ပြုခဲ့တယ်။

၁၉၅၀ ပြည့်လွန်နှစ်တွေမှာ လွတ်လပ်ရေး ရပြီးကတည်းက ဆူဒန်ကို စစ်ခေါင်းဆောင် တသိုက်ကပဲ အုပ်စိုးခဲ့တာ များတယ်။ စစ်ခေါင်းဆောင်တွေဟာ တိုင်းပြည်ကို သွေးစုပ်ခြယ်လှယ်ရင်း ကြီးပွားချမ်းသာလာခဲ့ကြတယ်၊ ပြည်သူတွေကြား သွေးကွဲနေအောင် လူမျိုးရေး အက်ကြောင်းကို ရည်ရွယ်ချက်ရှိရှိ ထိုးဆွပေးခဲ့ကြတယ်။ ဆူဒန် စစ်တပ် SAF ကို အရင်းရှင်စနစ်နဲ့ တသားတည်း ပူးချည်ထားတယ်။ ဆူဒန် စစ်တပ် SAF က ဗဟိုဘဏ်မှာ ရှယ်ယာ အများဆုံး ပိုင်သူ ဖြစ်သလို မြေယာနဲ့ အိမ်ခြံမြေတွေလဲ အများကြီး ပိုင်ထားပါတယ်။ ဒါ့အပြင် ကဏ္ဍအသီးသီးက လုပ်ငန်း အကျိုးစီးပွားတွေဟာလဲ သူတို့ စက်ကွင်းထဲမှာ ရှိတယ်၊ အဲဒီလို စီးပွားရေး အင်ပိုင်ယာ ထူထောင်ထားတဲ့ SAF ဆူဒန် စစ်တပ်ဟာ ရေနံနဲ့ ရွှေ တူးဖော်ရေး လုပ်ငန်းတွေကနေ အမြတ်တွေ တနင့်တပိုး ရခဲ့တယ်။

၂၀၀၀ ပြည့်လွန်နှစ်တွေက ဒါဖော ဒေသမှာ အကျပ်အတည်းဆိုက်တော့ အာရပ်မဟုတ်တဲ့ သူပုန်တွေက မြို့တော် ခါတွန်းက ဗဟို အစိုးရကို ပုန်ကန်ထကြွခဲ့ကြတယ်။ အဲဒီတုန်းက ခါတွန်းမှာ စိုးစံနေတဲ့ ဗိုလ်ချုပ်ကြီး အိုမာ အယ်(လ်)ဘရှား (Omar Al-Bashir) က သူပုန်တွေကို နှိမ်နင်းဖို့ Janjaweed ဂျန်ဂျဝိ(ဒ်) မျိုးနွယ်စု တပ်ဖွဲ့တွေကို စေလွှတ်ခဲ့တယ်။ Hemedti ဟေမက်တီ ဦးဆောင်တဲ့ အာရပ်အနွယ် နိုမက်(ဒ်) အုပ်စုတွေနဲ့ ဖွဲ့စည်းထားတဲ့ ဂျန်ဂျဝိ(ဒ်) လက်နက်ကိုင် အဖွဲ့တွေဟာ ရက်စက်ကြမ်းကြုတ်ခြင်း အရာမှာ အလွန် နာမည်ကြီးခဲ့တယ်၊ အာရပ် မဟုတ်သော မျိုးနွယ်စုတွေကို မျိုးတုန်းသတ်ဖြတ်မှုတွေ ကျူးလွန်ခဲ့တယ်။ အဲဒီလို ခေတ်နောက်ပြန်ဆွဲတဲ့ ကြေးစား လူသတ်အဖွဲ့တွေကို စစ်ဗိုလ်ချုပ်ကြီး အယ်(လ်)ဘရှားက ၂၀၁၃ ခုနှစ်မှာ Rapid Support Forces (RSF) အဖြစ် တရားဝင် မြေတောင်မြှောက်ပေးခဲ့တယ်။

အဲဒီကစလို့ ဟေမက်တီဟာ နိုင်ငံရေး၊ စီးပွားရေး အာဏာတွေ အများကြီး ရလာခဲ့တယ်။ နယ်စပ် မျိုးနွယ်စု ဒေသတွေမှာ အားကောင်းတဲ့ ဟေမက်တီဟာ သယံဇာတ ပေါများတဲ့ ရွှေတောကို ထိန်းချုပ်ထားခဲ့တယ်။ အဲဒီ ရွှေတွင်းတွေက ထွက်သမျှ ရွှေအားလုံးရဲ့ ၉၅% လောက်ကို ပြည်ပနိုင်ငံတွေဆီ တရားမဝင် တင်ပို့လျက်ရှိတယ်။

ဒါဖော ဒေသမှာ သွေးချောင်းစီးအောင် လူသတ်ပေးခဲ့လို့ ဆူဒန် အနောက်ဖက် ဒေသက Jebel Amir ရွှေတွင်းတွေကို ဟေမက်တီ အပိုင်စားရခဲ့တယ်။ ၂၀၁၈ နောက်ပိုင်း ယီမင် နိုင်ငံမှာ ဟူသီ သူပုန်တွေကို ယူအေအီး အစိုးရက ချေမှုန်းရာမှာလဲ RSF ကြေးစား တပ်ဖွဲ့တွေက ဝင်တိုက်ပေးခဲ့တယ်။ ဒီလိုနဲ့ ဟေမက်တီဟာ ဓနအင်အား ပိုတောင့်ပြီး သြဇာလဲ တက်လာခဲ့တယ်။

၂၀၁၈ မှာ ဆူဒန် တော်လှန်ရေး ဖြစ်လာတဲ့အခါ ဟေမက်တီက တန်ပြန် တော်လှန်ရေးကို ဦးဆောင် ဆင်နွှဲခဲ့တယ်။ ဟေမက်တီက ခေတ်နောက်ပြန်ဆွဲတဲ့ မျိုးနွယ်စုနဲ့ အစဉ်အလာ ခေါင်းဆောင်တွေကြား ထောက်ခံမှုရအောင် လုပ်ပြီး တန်ပြန် တော်လှန်ရေးအတွက် အားစုခဲ့တယ်။ ခေတ်နောက်ပြန်ဆွဲတဲ့ မျိုးနွယ်စု ခေါင်းဆောင်တွေဟာ တော်လှန်ရေး အောင်သွားခဲ့ရင် သူတို့ အခွင့်ထူးခံနေရတာတွေ ပျောက်ဆုံးသွားမှာကို စိုးရွံ့ခဲ့ကြတယ်။ (သူတို့ ကြောက်မယ်ဆိုလဲ ကြောက်သင့်ပါတယ်)။

အစိုးရ စစ်တပ်ရဲ့ သာမန် တပ်သားတွေက တော်လှန်ရေးဘက်ကို စာနာကြောင်း ပြလာတဲ့အခါ အုပ်စိုးသူ လူတန်းစားအနေနဲ့ သူ့တပ်သူ မယုံရဲတော့ဘူး။ ဒီအခြေအနေမှာ ဟေမက်တီရဲ့ RSF တပ်သားတွေက တန်ပြန် တော်လှန်ရေးရဲ့ ဓားသွားအဖြစ် အသုံးတော်ခံခဲ့တယ်။ ၂၀၁၉ တုန်းက မြို့တော် ခါတွန်းက စစ်ရုံးချုပ် အပြင်ဘက်မှာ ရှိတဲ့ တော်လှန်ရေး သပိတ်စခန်းကို အစုလိုက်အပြုံလိုက် သတ်ခဲ့တာ သူတို့ပဲ။

ဟေမက်တီဟာ လက်မရွံ့ လူသတ်ကောင် ဖြစ်တယ်။ ဒါပေမယ့် သူဟာ ရည်မှန်းချက်ကြီးတဲ့ နိုင်ငံရေးသမား တယောက်လဲ ဖြစ်တယ်။ စစ်အုပ်စုက သူ့ကို အမဲလိုက် ခွေးအဖြစ် ငှားရမ်းခဲ့ခြင်းသာ ဖြစ်တယ်၊ အပြည့်အဝ မယုံဘူး။ ဒီတော့ လက်နက်ကိုင် တပ်သား တသိန်းလောက် အင်အားတောင့်လာပြီဖြစ်တဲ့ ဟေမက်တီက မဟာမိတ် ဖြစ်ခဲ့ဖူးသူ စစ်ဗိုလ်ချုပ် အယ်(လ်)ဘာဟန်းကို ပုန်ကန်ခြားနားပါတော့တယ်။

## ပြည်တွင်းစစ်

၂၀၂၃ ဧပြီမှာ RSF မိုးကြိုးစစ်ဆင်ရေး စတင်ခဲ့တယ်။ မြို့တော် ခါတွန်းကို သိမ်းယူပြီး လေဆိပ်ကိုပါ ထိန်းချုပ်ခဲ့တယ်။ စစ်အခြေစိုက်စခန်းတွေကို တိုက်ခိုက်ခဲ့တယ်။ အယ်(လ်)ဘာဟန်းလဲ Port Sudan အထိ ဆုတ်ခဲ့ရတယ်။ ဟေမက်တီက အာဖရိကတိုက်တခွင် သံတမန်ရေး ခရီး ထွက်ပြီး သူသာ ဆူဒန်ပြည်ရဲ့ အုပ်စိုးသူ အသစ်လို့ ပုံဖော်ခဲ့တယ်၊ မဟာမိတ်တွေ ထူထောင်ဖို့ ကြိုးပမ်းခဲ့တယ်။ မေလမှာ ယူအက်(စ်)နဲ့ ဆော်ဒီတို့ ကြားဝင် ဆောင်ရွက်ခဲ့တဲ့ အပစ်ရပ်ရေး သဘောတူညီချက်လဲ မကြာခင် ပျက်ပြယ်သွားခဲ့တယ်။ အရပ်သားတွေ ထိခိုက်မှုမရှိအောင် ကာကွယ်ရေး ကတိကဝတ်တွေကို နှစ်ဖက်လုံးက အကြိမ်ကြိမ် ချိုးဖော်ခဲ့ပြီး ရက်စက်မှုတွေသာ မီးကုန်ရမ်းကုန် ကျူးလွန်ခဲ့ကြတယ်။



ဆူဒန် အစိုးရ စစ်တပ်က ကနဦး ဆုံးရှုံးမှုတွေ ကြုံခဲ့ရပေမယ့် မြို့တော် ခါတွန်းနဲ့ ဘေးပတ်ပတ်လည် ဒေသ အတော်များများကို ၂၀၂၅ မတ်လမှာ ပြန်သိမ်းနိုင်ခဲ့တယ်။ အဲဒီ 'လွတ်မြောက်မှု' ဟာ ရလိုက်တာနဲ့ မကာမိအောင် အဆုံးအရှုံး အလွန်ကြီးမားတဲ့ အောင်ပွဲ ဖြစ်သွားခဲ့တယ်။ အစိုးရ ဝန်ကြီးဌာနတွေ၊ ဘဏ်တွေ၊ ရုံး အဆောက်အဦတွေ၊ ဆေးရုံတွေ အားလုံး လေကြောင်းက တရစပ် တိုက်ခိုက်ခံရတယ်။ အပျက်အစီး ပမာဏဟာ အစ္စရေး စစ်တပ်ရဲ့ ဂျီနိုဆိုက် စစ်ပွဲအပြီး ဂါဇာ ကမ်းမြောင်ကို မြင်တွေ့ရသလောက် ကြီးမားပါတယ်။ ဒီအချက်ကို ဂြိုဟ်တု ဓာတ်ပုံတွေက သက်သေခံနေတယ်။

RSF ကတော့ ဒါဖော ဒေသကို ထိန်းချုပ်နိုင်ရေး အားပြန်စိုက်ခဲ့တယ်။ အခုဆိုရင် အဲဒီ ဒေသတခုလုံးနီးပါး သူတို့ ထိန်းချုပ်ထားနိုင်တယ်။ တဖက်မှာ ဆူဒန် အစိုးရ စစ်တပ်ဘက်က ဒါဖော ဒေသကို လေကြောင်းကနေ အပြင်းအထန် တိုက်ခိုက်ခဲ့တယ်။ အရပ်သားနဲ့ လက်နက်ကိုင် မခွဲခြားဘဲ တရစပ် ပစ်ခတ်တိုက်ခိုက်ခဲ့တယ်။ ၂၀၂၅ ဧပြီမှာ RSF က မျိုးနွယ်စု သူပုန် အုပ်စု အသီးသီးကို သူ့ထိန်းချုပ်မှုအောက် ဆွဲသွင်းပြီး စင်ပြိုင် အစိုးရအဖြစ် သူ့ဘာသာ ကြေညာခဲ့တယ်။ တပြည်လုံးကို သိမ်းပိုက်ပြီး အစိုးရလုပ်ဖို့ ကြံရွယ်ထားတဲ့ RSF က သူ့အစိုးရကို နာမည်ပေးထားတာကတော့ အော်ဝဲလီယန်း ဆန်လှပါတယ်။ ငြိမ်းချမ်းရေးနဲ့ ညီညွတ်ရေး အစိုးရတဲ့။

၂၀၂၅ အောက်တိုဘာ ၂၇ မှာ ဆူဒန် အနောက်ဖက် ဒေသရဲ့ အကြီးဆုံးမြို့ ဖြစ်တဲ့ El-Fasher ဟာ RSF လက်ကျရောက်သွားခဲ့တယ်။ SAF အဖို့ အဲဒီ ဒေသက သူ့နောက်ဆုံး ခံတပ်ကို စွန့်လွှတ်လိုက်ရတာပဲ။ ဒီလို အသိမ်းမခံရခင် တနှစ်ခွဲလောက် ပိတ်မိနေတဲ့ ကာလမှာ အယ်လ်ဖာရှား မြို့က အရပ်သား ပြည်သူတွေဟာ ငတ်မွတ်ခေါင်းပါးခြင်း၊ အစာရေစာ ပြတ်လပ်ခြင်းနဲ့ နေ့စဉ် ဗုံးကြဲခံရခြင်းတို့ကို ရင်ဆိုင်ခဲ့ရတယ်။ RSF လက်ကိုသာ မြို့ကျသွားခဲ့ရင် သွေးချောင်းစီး လူသတ်ပွဲကြီးတွေ ဖြစ်လာမှာကို သူတို့ ကြောက်နေခဲ့ကြတယ်။ ဒီရှေ့မှာလဲ ဟေမက်တီ ခေါင်းဆောင်တဲ့ RSF စစ်သွေးကြွတွေဟာ ဒါဖော ဒေသက Geneina မြို့ခံ Masalit လူမျိုးတွေကို မျိုးတုန်းသတ်ဖြတ်မှုတွေ ကျူးလွန်ထားကြတယ်။

ဟေမက်တီရဲ့ နောက်ပစ်မှတ်က မြောက်ပိုင်း ကော်ဒိုဖန် ပြည်နယ်က ရေနံ အထွက်ကောင်းတဲ့ မြို့တော် El-Obeid ဖြစ်ပါတယ်။ အဲဒီမြို့မှာ လူဦးရေ ၁၃၇၀၀၀ လောက် နေထိုင်တယ်။ အောက်တိုဘာ ၂၅ မှာ RSF က Bara ကို ပြန်ထိန်းချုပ်လိုက်ပြီလို့ ကြေညာထားတယ်။ အယ်(လ်)အိုဘေး(ဒ်)မြို့နဲ့ ၅၉ ကီလိုမီတာပဲ ဝေးပါတယ်။ အဲဒီကနေ လက်နက်ကြီးနဲ့ လှမ်းထုတာ၊ လေကြောင်းက တိုက်ခိုက်တာတွေ လုပ်ခဲ့တယ်။ အယ်(လ်)အိုဘေး(ဒ်)ဟာ ဒါဖောနဲ့ ခါတွန်းကို ချိတ်ဆက်ပေးထားတဲ့ မဟာဗျူဟာမြောက် မြို့တမြို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် RSF က ဒီမြို့ကို နောက်တချီ ဝိုင်းပတ်ချေမှုန်းဖို့ ပြင်ဆင်လာခြင်း ဖြစ်တယ်။ အယ်(လ်)အိုဘေး(ဒ်)မြို့ကို သိမ်းလိုက်နိုင်ရင် ဆူဒန် အစိုးရ စစ်တပ်အနေနဲ့ ခါတွန်းနဲ့ RSF ထိန်းချုပ်နယ်မြေကြားက အလွန်အရေးကြီးတဲ့ buffer ဒေသကို ဆုံးရှုံးသွားလိမ့်မယ်။ နောက်ထပ် လူသတ်ပွဲကြီးတွေလဲ မလွဲမသွေ ထပ်ဖြစ်လာလိမ့်မယ်။

တိုတိုပြောရရင် ဘယ်ဘက်ကမှ ဒီပဋိပက္ခကို လက်ရှိ အနေအထားအတိုင်း အဆုံးသတ်ဖို့ လက်ခံမှာ မဟုတ်ဘူး။ သူတို့လိုချင်သလိုလဲ ဘယ်ဘက်ကမှ ပြဌာန်းနိုင်မဲ့ အလားအလာ မရှိဘူး။ နိုဝင်ဘာ ၆ ရက်နေ့မှာ RSF ဘက်က ယူအက်(စ်) ခေါင်းဆောင်တဲ့ သုံးလ အပစ်ရပ်ရေး ကမ်းလှမ်းချက်ကို သဘောတူခဲ့တယ်။ ဒါပေမယ့် ဆူဒန် အစိုးရ စစ်တပ်ဘက်က ငြင်းဆန်ထားတယ်။ နောက်တရက်မှာပဲ RSF က ခါတွန်းကို ဒရုန်းနဲ့ တိုက်ခိုက်ခဲ့တယ်။ ဆူဒန် ပြည်သူတွေဟာ လက်မရွံ့ လူသတ်သမား ဂန်းစတား အုပ်စု နှစ်ခုကြားက အမှည့်ခြွေစစ်ပွဲအတွင်း ပိတ်မိနေတယ်။



ဒီပြည်တွင်းစစ် ရပ်သွားခဲ့ရင်တောင် သူတို့အဖို့ စစ်အာဏာရှင် အုပ်စိုးမှုပဲ ရစရာ ရှိတယ်။

တိုင်းပြည် လူဦးရေရဲ့ ငါးပုံ တပုံလောက်က နေရပ်စွန့်ခွာ ထွက်ပြေးနေရပြီး လူဦးရေရဲ့ ထက်ဝက် (၂၁ သန်းလောက်) က အသက်အန္တရာယ် ခြိမ်းခြောက်ခံရတဲ့အထိ အစာရေစာ ရှားပါးမှုကို ရင်ဆိုင်နေရတယ်လို့ ယူအန်က အစီရင်ခံထားတယ်။ ဆူဒန်ဟာ လွတ်လပ်ရေးရပြီး နောက်ပိုင်း တတိယအကြိမ် ပြည်တွင်းစစ်နဲ့ ဒုတိယအကြိမ် ဂျီနိုဆိုက်ကို ရင်ဆိုင်နေရတယ်။ ဒီအခြေအနေဟာ အဆုံးမရှိ အနိဋ္ဌာရုံများကို သရုပ်သကန်အပြည့် ဖော်ပြနေတာပဲ။

## လူသေအလောင်းတွေပေါ်က ကိုယ်ကျိုးရှာ နယ်ချဲ့ ပါဝါများ

ဆူဒန်မှာ ဖြစ်ပွားလျက်ရှိတဲ့ ပျက်ကပ်ကြီးကို နယ်ချဲ့ ပါဝါ အသီးသီးက မီးထိုးပေးနေကြတယ်။ ဟေမက်တီရဲ့ အရေးကြီးဆုံး မဟာမိတ်ကတော့ ယူအေအီးပဲ။ ယီမင် စစ်ပွဲမှာ RSF ကြေးစားတွေ လွှတ်ပေးကတည်းက ဟေမက်တီက ယူအေအီးနဲ့ အတော် နီးစပ်သွားခဲ့တယ်။

ယူအေအီးက အာဖရိကတိုက်မှာ တစတစ ဩဇာတက်လာခဲ့တယ်။ ယူအေအီးက အာဖရိကတိုက်မှာ FDI နဲ့ တိုင်းတာမယ်ဆိုရင် စတုတ္ထမြောက် အကြီးဆုံး မြှုပ်နှံသူ ဖြစ်နေပြီ။ သူ့ရှေ့မှာ ယူအက်(စ်)၊ တရုတ်နဲ့ အီးယူတို့ပဲ ရှိတယ်။ အသစ်စတင်တဲ့ စီးပွားရေး ပရောဂျက် အရေအတွက်နဲ့သာ တွက်မယ်ဆိုရင် ယူအေအီးက အာဖရိကမှာ နံပါတ်တစ် ဖြစ်ပါတယ်။ ဒါ့အပြင် အာဖရိကတိုက်ထွက် ရွှေတွေကို အဓိက ဝယ်ယူနေသူဟာ ယူအေအီးပဲ။ အဲဒီလို ဝယ်ယူနေတဲ့ ရွှေတွေထဲမှာ RSF လို ဖောက်ပြန်တဲ့ လက်နက်ကိုင် အုပ်စုတွေ ပိုင်တဲ့ ရွှေတွင်းတွေက တရားမဝင် တင်ပို့လာတာတွေလဲ ပါဝင်တယ်။

RSF ကို လက်နက်တွေ အဓိက ပံ့ပိုးပေးနေတာ ယူအေအီးလို့ စွပ်စွဲထားကြတယ်။ ချတ်(ဒ်)၊ လစ်ဗျား၊ တောင်ဆူဒန်တို့ကို ဖြတ်ပြီး ယူအေအီးက လက်နက်တွေ ထောက်ပံ့ပေးနေတယ်။ RSF က ယူအေအီးထုတ် ဒရုန်းတွေ သုံးပြီး ဆူဒန် စစ်တပ်ရဲ့ လေကြောင်း စိုးမိုးမှုကို တန်ပြန် ခုခံနေခြင်း ဖြစ်တယ်။ Port Sudan လို ဆူဒန် အစိုးရ စစ်တပ်ရဲ့ အမာခံ ခြေကုပ်စခန်းတွေကိုတောင် RSF က ခြိမ်းခြောက်နေပြီ။

တဖက်မှာ ဆူဒန် အစိုးရ စစ်တပ်ကို အဓိက ကျားကန်ပေးထားသူက Abdel Fattah el-Sisi ခေါင်းဆောင်တဲ့ အီဂျစ် စစ်အာဏာရှင်စနစ်ပဲ။ အီဂျစ်နဲ့ ဆူဒန်ဟာ နိုင်း(လ်)မြစ်ကတဆင့် အရေးကြီးတဲ့ ကုန်သွယ်ရေး လမ်းကြောင်း ဖွင့်ထားတယ်။ တရုတ်က နှိုင်းယှဉ်ချက်အားဖြင့် လက်ရှောင်တဲ့ ရပ်တည်ချက်ကို ထိန်းထားတယ်။ ယေဘုယျအားဖြင့် ဗဟို အစိုးရကို ထောက်ခံပေမယ့် ကြားလူလို ပုံဖော်ထားတယ်။ ဆူဒန်ဟာ တရုတ် BRI ရဲ့ အရေးကြီး အစိတ်အပိုင်း ဖြစ်ပါတယ်။ ဆူဒန် အစိုးရက တရုတ် ဘဏ်တွေကို ဒေါ်လာ ၂.၅ ဘီလျံ အကြွေးတင်နေတယ်။ ရေနံတွေ တင်ပို့ပြီး ပြန်ဆပ်မယ်လို့ ယူဆရတယ်။ ဒါ့ကြောင့် ဘေဂျင်းက 'တည်ငြိမ်မှုရှိရေး'ကို အလိုရှိတယ်။

တူရကီနဲ့ အီရန်တို့လိုပဲ ဆော်ဒီကလဲ အယ်(လ်)ဘာဟန်းကို ကျားကန်ပေးထားတယ်။ တူရကီနဲ့ အီရန်တို့က ဆူဒန် အစိုးရ စစ်တပ်ကို ဒရုန်းတွေ ပံ့ပိုးပေးထားတယ်။ ရုရှားက ဝတ်(ဂ်)နာ ကြေးစားတပ်တွေ လွှတ်ပြီး RSF ကို လေ့ကျင့်ပေးခဲ့ဖူးတယ်၊ RSF က ရုရှားကို ရွှေတွေ ပြန်ပေးတယ်။ ရလာတဲ့ ရွှေတွေကို ရုရှားက ယူကရိန်း စစ်ပွဲမှာ သုံးခဲ့တယ်။ ဒါပေမယ့် ၂၀၂၄ ရောက်တော့ ပူတင်က ဗျူဟာ ပြောင်းသွားခဲ့တယ်။ ဆူဒန်ရဲ့ ပင်လယ်နီ ကမ်းခြေအနီး ရေတပ် စခန်း တည်ဆောက်ဖို့ ပူတင်က အယ်(လ်) ဘာဟန်းနဲ့ အပေးအယူလုပ်ခဲ့တယ်။ ဆီးရီးယားမှာ အာဆတ်(ဒ်) အစိုးရ ပြိုလဲကျသွားပြီး နောက်ပိုင်း ဒေသတွင်း ခြေကုပ်ယူနိုင်အောင် ရုရှားက အဲသလို လုပ်ခဲ့တယ်။

အယ်(လ်)ဘာဟန်းရဲ့ ဗဟို အစိုးရကို ယူအက်(စ်) အရင်းရှင် နယ်ချဲ့နဲ့ 'နိုင်ငံတကာ အသိုင်းအဝိုင်း' ဆိုတာတွေက မသိမသာ ထောက်ခံမှု ပေးထားတယ်။ ဆူဒန်ပြည် ဖရိုဖရဲ ဖြစ်မသွားအောင် ဆက်ထိန်းပေးမယ့် အင်အားစု အဖြစ် ဗဟို အစိုးရကို သူတို့က ထောက်ခံပေးကြတယ်။ အနောက် စာနယ်ဇင်းတွေဟာ ဆူဒန်ပြည်တွင်း အနိဋ္ဌာရုံတွေကို အခုမှ အရေးတယူ လုပ်လာကြတယ်။ များသောအားဖြင့် RSF ရဲ့ ရာဇဝတ်မှုတွေကိုသာ ဖောင်းပေးဖော်ပြကြတယ်။

ပထမဆုံး ရှင်းအောင် ပြောရရင် အယ်(လ်)ဘာဟန်းလဲ စစ်ရာဇဝတ်မှုတွေ ကျူးလွန်းထားတယ်၊ မကြာသေးခင်ကအထိ သူနဲ့ ဟေမက်တီတို့ဟာ တကျိတ်တည်း တညာက်တည်း ဖြစ်ခဲ့ကြတယ်။ ဒုတိယအချက်အနေနဲ့ အနောက်က ဒီမိုကရေစီ ဆိုတဲ့ အစိုးရတွေကိုယ်တိုင် ဒီစစ်ပွဲတလျှောက် သွေးစွန်းထားပြီး ဖြစ်တယ်။

၂၀၁၁ ခုနှစ်က တောင် ဆူဒန် ခွဲထွက်ရေးကို ယူအက်(စ်) နယ်ချဲ့က အားတက်သရော ထောက်ခံခဲ့တယ်။ ဒါမှ ဆူဒန်က ရေနံသိုက်တွေကို ယူအက်(စ်)က လွယ်လွယ်သိမ်းပိုက်ပြီး ဒေသတွင်း ဩဇာတက်လာတဲ့

criminal role ကိုလဲ အထူး အလေးပေး ဖော်ပြဖို့ လိုအပ်ပါတယ်။ ဗြိတိန်ဟာ ဆူဒန်ရဲ့ penholder ဆိုသော နေရာကို ယူထားသူ ဖြစ်ပါတယ်။ ဆိုလိုတဲ့သဘောက ယူအန်မှာ ဆူဒန်အတွက် သံတမန်ရေး တာဝန်ကို လက်လွှဲယူထားသူဟာ ဗြိတိန် ဖြစ်ပါတယ်။ သို့သော် ဗြိတိန်က အဲဒီ နေရာကို ဆူဒန်ပြည်ရဲ့ အကျိုးစီးပွားအတွက် အသုံးမပြုဘဲ သူ့အကျိုးစီးပွားအတွက်သာ အသုံးပြုခဲ့တယ်။ ဗြိတိန် အရင်းရှင်နယ်ချဲ့ဟာ မရေတွက်နိုင်တဲ့ ဆူဒန် ပြည်သူတွေရဲ့ အလောင်းပေါ်ကနေ ကိုယ်ကျိုးရှာ အမြတ်ထုတ်ခဲ့တယ်။

ဗြိတိန် အရင်းရှင် နယ်ချဲ့သမားတွေဟာ ဆူဒန်မှာ ဖြစ်ပွားနေတဲ့ ပျက်ကပ်ကြီးကို လစ်လျူရှုထားခဲ့တယ်။ ဂါးဒီးယန်း သတင်းဌာနက ဖွင့်ချခဲ့သလိုပဲ အယ်(လ်)ဖရှားမြို့ ပိတ်ဆို့ခံရပြီး ၆ လအကြာမှာ ဂျီနိုဆိုက် မကြာခင် ဖြစ်တော့မယ့်အကြောင်း ဗြိတိန် ထောက်လှမ်းရေးက သိခဲ့တယ်။ ဒါပေမယ့် ဗြိတိန် အစိုးရက ဆူဒန် အရပ်သားတွေကို ကာကွယ်ဖို့ "least ambitious" အစီအမံကိုသာ ရွေးချယ်ခဲ့တယ်။

တကယ့် လက်တွေ့မှာ ဂျီနိုဆိုက် ကာကွယ်ရေးကို ဗြိတိန်က ဘာမှ မလုပ်ခဲ့ပါဘူး။ ဒါ့ကြောင့် ယူအက်(စ်) အခြေစိုက် လူ့အခွင့်အရေး အဖွဲ့တခု ဖြစ်တဲ့ Paema (Preventing and Ending Mass Atrocities) အဖွဲ့က ဆူဒန်အရေး ကျွမ်းကျင်သူ Shayna Lewis က ဗြိတိန် အစိုးရလဲ "ဒါဖော ပြည်သူတွေကို မျိုးတုန်း သတ်ဖြတ်မှုမှာ ကြံ့ရာပါပဲ" လို့ ပြောခဲ့ခြင်း ဖြစ်တယ်။

ဂါဇာနဲ့ ဆူဒန်က ဂျီနိုဆိုက် သတ်ဖြတ်မှုကြီးတွေဟာ ဗြိတိန် နိုင်ငံရေးနဲ့ လုံးဝ သက်ဆိုင်တယ်။ အကြောင်းကတော့ ဗြိတိန် အစိုးရက ဒီဂျီနိုဆိုက် နှစ်ခုလုံးကို လက်နက်တပ်ဆင်ပေးထားလို့ပဲ။ ဗြိတိန်က အစ္စရေးရဲ့ war machine ကို လက်နက်တွေ၊ စစ်ပစ္စည်းတွေ ထောက်ပံ့ပေးနေတဲ့ အချက်ဟာ လျှို့ဝှက်ချက်တောင် မဟုတ်ဘူး။ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာက ဖော်ပြထားသလိုပဲ ဗြိတိန်ဟာ ယူအေအီးကို လက်နက်တွေ ရောင်းနေတယ်။ သူတို့ ရောင်းလိုက်တဲ့ လက်နက်တွေ RSF လက်ထဲ ရောက်သွားပြီး ဆူဒန်က လူသတ်ကွင်းတွေမှာ အသုံးချနေမှန်း ဗြိတိန် အရင်းရှင် နယ်ချဲ့ ကောင်းကောင်း သိပါတယ်။

ကုလ လုံခြုံရေး ကောင်စီက ကြည့်ရှုစစ်ဆေးထားတဲ့ မှတ်တမ်းတွေအရ ဗြိတိန်လုပ် လက်နက်ငယ်သုံး ပစ်မှတ် အားကောင်းရေး ပစ္စည်းတွေ၊ စစ်ယာဉ်သုံး အင်ဂျင်တွေကို ခါတွန်းနဲ့ အွန်ဒါမန်းမြို့တွေက စစ်မြေပြင်မှာ တွေ့ရှိထားတယ်လို့ သိရတယ်။ ဗြိတိန်က RSF နဲ့ လျှို့ဝှက် ညှိနှိုင်းရေးတွေ လုပ်ထားပြီး မဟာမိတ် အာဖရိကန် နိုင်ငံတွေက သံအမတ်တွေကိုလဲ ယူအေအီးကို ဖြောင်ထုတ် မဝေဖန်ဖို့





ပြောလာရင် “မုသားတွေချည်း ပြည့်နေတဲ့ မင်းတို့ ပါးစပ်က ဆူဒန်ပြည်သူတွေကို ခုတုံး မလုပ်စမ်းပါနဲ့” လို့ ပြတ်ပြတ်သားသား ပြောရလိမ့်မယ်။

ယူအက်(စ်) အရင်းရှင်နယ်ချဲ့ကလဲ ဆူဒန် ပြည်တွင်းစစ်မှာ လောင်စာဖြည့်ပေးနေတဲ့ ယူအေအီးကို မျက်နှာလွှဲထားပါတယ်။ အကြောင်းကတော့ ဒေသတွင်း တရုတ် ဩဇာကို ပြန်ကန့်ထားဖို့ ယူအက်(စ်)က ယူအေအီးကို အားကိုးနေရလို့ပဲ။ အနှစ်ချုပ်လိုက်ရင် ဗြိတိန်နဲ့ ယူအက်(စ်)တို့က နှစ်ဖက်လုံးကို ခွကစားနေတာပဲ။

ယူအန်ကတော့ ချွတ်ခြုံကျမြဲ ကျနေတယ်။ ICJ ကတော့ ဆူဒန်ဟာ သူ့စီရင်မှုအောက် မရှိလို့ RSF က ဂျီနိုဆိုက် ကျူးလွန်သလားဆိုတာ ဆုံးဖြတ်ဖို့ ငြင်းဆန်ထားပါတယ်။

## တော်လှန်ရေးမှ တန်ပြန် တော်လှန်ရေး ဖြစ်သွားခဲ့တဲ့ ဆူဒန်

စစ်မဖြစ်ခင်ကတည်းက ဆူဒန်ဟာ ကမ္ဘာပေါ်က အဆင်းရဲဆုံး နိုင်ငံတွေထဲက တနိုင်ငံ ဖြစ်ပါတယ်။ တကယ်တော့ ဆူဒန်မှာ သဘာဝ သယံဇာတတွေ အမြောက်အမြား ရှိပါတယ်။ ၂၀၂၂ ခုနှစ်မှာ ဆူဒန်ပြည်သူ ၄၆ သန်းဟာ တနှစ်တာ ပျမ်းမျှ ဝင်ငွေ ဒေါ်လာ ၇၅၀ လောက်နဲ့ အသက်ရှင်နေကြရတယ်။

ဒီစစ်ကြီးဟာ အခြေအနေအရပ်ရပ်ကို ဆိုးသထက် ဆိုးသွားစေခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်က ဆူဒန် နိုင်ငံတော်ရဲ့ ဝင်ငွေ ၈၀% ကျဆင်းသွားကြောင်း ဘဏ္ဍာရေး ဝန်ကြီးက ထုတ်ပြောခဲ့တယ်။ တိုင်းပြည် စီးပွားရေး တခုလုံးအနေနဲ့ ၄၀% ပြိုလဲသွားခဲ့တယ်။ စစ်ကြောင့် လူတွေ သိန်းချီ သေဆုံးရုံသာမက အခုလို စီးပွားရေး ပျက်ကပ်ပါ ထပ်ဆောင်းခံနေရတယ်။

ဒီကနေ့ ဆူဒန် ပြည်သူတွေ ကြုံနေရတဲ့ ဒုက္ခ အတိုင်းအဆ ကြီးမားသလို ဆူဒန် တော်လှန်ရေး အင်အားကလဲ ကြီးမားခဲ့တယ်။ အာဏာဟာ ဆူဒန် လူထု လက်ထဲ တကြိမ်မက ကျရောက်ခဲ့တယ်။ ၂၀၁၉ ခုနှစ်က အထွေထွေ သပိတ်တွေဟာ ဆူဒန် မြို့တော်က လူအားလုံးနီးပါး ပါဝင်တဲ့အထိ အားကောင်းခဲ့သလို တိုင်းပြည်တခုလုံးကို သွက်ချာပါဒလိုက်သွားစေခဲ့တယ်။ ရပ်ကွက်အလိုက် ခုခံကာကွယ်ရေး ကော်မတီတွေ ထူထောင်ခဲ့ကြတယ်၊ ဒီလိုနဲ့ အလုပ်သမားထု အာဏာ ကနဦးအဆင့် ပေါ်ထွန်းလာခဲ့တယ်။ ဒီအခြေအနေမှာ တော်လှန်ရေးဘက်က အစိုးရအသစ် ကြေညာပြီး စစ်ဗိုလ်ချုပ်တွေကို ဖမ်းဆီးပစ်ဖို့ပဲ လိုတော့တယ်။

တဆက်တည်း တော်လှန်ရေးနဲ့ အောက်ခြေတပ်သားတွေကြား သွေးစည်းမှု အားကောင်းလာအောင် လုပ်ရင်း လူထုကို လက်နက်တပ်ဆင်ရမယ်။ ဒီလိုသာ လုပ်ခဲ့ရင် တော်လှန်သော လူထုဘက်က အဆုံးသတ်တိုက်ပွဲ ဆင်နွဲနိုင်ခဲ့လိမ့်မယ်။

ဒါပေမယ့် စပိန် တော်လှန်ရေးအစမှာ ထရော့စကီး သတိပေးခဲ့သလိုပဲ ညံ့ဖျင်းတဲ့ ခေါင်းဆောင်မှုက အောင်ပွဲရဖို့ အလားအလာအကောင်းဆုံး အခြေအနေမျိုးကိုတောင် ဖျက်ဆီးပစ်နိုင်တယ်။ ဆူဒန် လူထုကို ခေါင်းဆောင်ခဲ့သူတွေဟာ အာဏာအရယူပြီး ဆိုရှယ်လစ် စနစ် တည်ဆောက်ဖို့အထိ အမြော်အမြင်ရှိတဲ့ ဘော်ရှီဗစ် ပါတီ မဟုတ်ဘူး။ လစ်ဘရယ်တွေ၊ ရွှေပြည်အေးသမားတွေနဲ့ အမျိုးသားရေးဝါဒီတွေ သောင်းပြောင်း ပါဝင်နေတဲ့ အစုအဖွဲ့တခုသာ ဖြစ်ပါတယ်။ အဲဒီထဲ အစိတ်အပိုင်း အတော်များများက အနောက် အန်ဂျီအိုတွေရဲ့ ဩဇာလွှမ်းမိုးမှု ခံနေရသူတွေ ဖြစ်တယ်။ သူတို့ရဲ့ မြော်မြင်ချက်က စစ်ဗိုလ်ချုပ်တွေနဲ့ ‘စေ့စပ်ညှိနှိုင်းပြီး’ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ဖို့လောက်ပဲ ရှိခဲ့တယ်။ စစ်ဗိုလ်ချုပ်တွေက တန်ပြန် တိုက်ခိုက်ဖို့ အားမွေးရင်း အခွင့်အခါကောင်းကို အသာလေး စောင့်နေခဲ့ကြတယ်။

ရက်စက်ကြမ်းကြုတ်လှတဲ့ ဖောက်ပြန်ရေး အင်အားစုတွေ ရှေ့မှောက်မှာ ဆူဒန် လူထုကို အကာအကွယ်မဲ့ ပစ်ထားခဲ့တယ်။ လစ်ဘရယ် ခေါင်းဆောင်မှုက တော်လှန်ရေး အင်အားစုတွေနဲ့ တန်ပြန် တော်လှန်ရေး အင်အားစုတွေကြား ပြည်တွင်းစစ် မဖြစ်အောင် ရှောင်ကွင်းဖို့ ကြိုးစားရင်း တန်ပြန် တော်လှန်ရေးအတွင်း ပြည်တွင်းစစ် ဖြစ်အောင် တဖက်လှည့်နဲ့ ကူပေးခဲ့ကြတယ်။ တချိန်တည်းမှာ တော်လှန်ရေးကို တန်ပြန် တော်လှန်ရေးဘက်က ချေမှုန်းပစ်ခဲ့တယ်၊ အလုပ်သမားနဲ့ လူငယ် အဖွဲ့အစည်းတွေအားလုံးလဲ ဖြိုခွဲခံလိုက်ရတယ်။ ဒီလိုနဲ့ ဆူဒန်ကို ဘာဘရစ်ဇင် ခေတ် ရောက်သွားစေခဲ့တယ်။ ဒီအခြေအနေက ဘယ့်လောက်ထိ ကြာဦးမလဲ ကျနော်တို့ မပြောနိုင်ဘူး။ လောလောဆယ် ဆူဒန် တော်လှန်ရေး တကျော့ပြန် ခေါင်းထောင်လာဖို့ဆိုရင် ပြင်ပက စေ့ဆော်အား ကြီးကြီးမားမား ရှိဖို့ လိုအပ်နေတယ်။ (ဒေသတွင်း ရှေ့တန်းအရောက်ဆုံး တိုင်းပြည်ဖြစ်တဲ့) အီဂျစ်က အလုပ်သမား လူတန်းစားဟာ ဆူဒန် တော်လှန်ရေးအတွက် အဓိက မဟာမိတ် အင်အားပဲ။

အ,ကာလ အမှောင်ဖုံးနေတဲ့ ဖောက်ပြန်ရေး အခြေအနေတွေ လတ်တလော မင်းမူနေသော်ငြား ဆူဒန် လူထုကြီးရဲ့ သူရဲကောင်းပီသသော တိုက်ပွဲက ရောမ တော်လှန်ရေး စွမ်းအင်တွေ ကမ္ဘာတဝှမ်း ကိန်းအောင်း



တည်ရှိနေကြောင်း ပြသနေတယ်။ ဒီစာတွေ ရေးနေချိန် အာရှနဲ့ အာဖရိက တလွှား ဖြစ်ပွားသွားတဲ့ ပုန်ကန်အုံကြွမှု လှိုင်းကြီးမှာလဲ ကိန်းအောင်း တည်ရှိနေတဲ့ အဲဒီ စွမ်းအင်တွေကို နောက်တချီ မြင်တွေ့ခဲ့ရပြီးပြီ။ ဒီကနေ့ခေတ် တိုက်ပွဲဝင် မျိုးဆက်သစ်အတွက် ဆူဒန်ဟာ သိသာထင်ရှားတဲ့ သတိပေးချက်တခု ဖြစ်နေပါတယ်။ အဲဒါကတော့ တော်လှန်ရေးတရပ်ကို တဝက်တပျက် သွားလုပ်လို့ မရဘူး။

ဆူဒန် တော်လှန်ရေးရဲ့ ခေါင်းဆောင်ပိုင်း နေရာ ရောက်သွားတဲ့ လစ်ဘရယ်တွေဟာ ဒီမိုကရေစီ အုပ်ချုပ်ရေးကို အရယူနိုင်လောက်အောင် စွမ်းဆောင်ရည် လုံးဝ မရှိဘူးဆိုတာ သူတို့ဘာသာ ဖွင့်ပြသွားခဲ့တယ်။ ဒီလိုနဲ့ သူတို့ဟာ လူထုကို သစ္စာဖောက်သွားတာပဲ။ ဒီမိုကရေစီကို အရယူပြီး ဆူဒန် လူထုတရပ်လုံး ဂုဏ်သိက္ခာရှိရှိ ရှင်သန်နိုင်ရေး စွမ်းဆောင်နိုင်တဲ့ တခုတည်းသော အင်အားကတော့ ခုခံကာကွယ်ရေး ကော်မတီတွေအဖြစ် စုစည်းထားတဲ့ အလုပ်သမား၊ လူငယ်နဲ့ ဆင်းရဲသား လူထုကြီးပဲ ဖြစ်ပါတယ်။

၂၀၁၈-၂၀၂၁ မှာ လစ်ဟင်းနေတာဆိုလို့ တခုပဲ ရှိပါတယ်။ အဲဒါကတော့ လူထုတရပ်လုံးကို လွှမ်းခြုံနိုင်ပြီး တော်လှန်ရေးကို အဆုံးထိ ဆင်နွှဲလိုတဲ့ ပါတီတခု မရှိခဲ့တာပဲ။ ဒီလိုသာ အဆုံးထိ ဆင်နွှဲနိုင်ခဲ့ရင် အာဖရိကနဲ့ အရှေ့အလယ်ပိုင်း ဒေသက လူထုအားလုံးအတွက် အလွန်တရာ အားကောင်းတဲ့ လှုံ့ဆော်အားပေးမှုကြီး ဖြစ်ခဲ့လိမ့်မယ်။ ဆူဒန် တော်လှန်ရေး မီးပွားလေးကနေ ပိုကျယ်ပြန့်တဲ့ တော်လှန်ရေး လှုပ်ရှားမှုကြီး ဖြစ်ပေါ်လာပြီး အဲဒီ ဒေသကြီးတခုလုံးကနေ အရင်းရှင်စနစ်ကို ဖယ်ရှားပစ်နိုင်ခဲ့လိမ့်မယ်။

ထရော့စကီးကို နောက်တကြိမ် ကိုးကားပြီး ပြောရရင် အနာဂတ်မှာ ဖြစ်လာမဲ့ ဘယ်တော်လှန်ရေးမဆို အောင်မြင်ဖို့ အခြေအနေ သုံးရပ် ရှိရမယ်

-

a party; once more a party; again a party!

မေဆန်

(၂၆ ရက်၊ ဒီဇင်ဘာ၊ ၂၀၂၅)

မှီငြမ်းကိုးကား။ ။

**Sudan's hidden horror: inside the 15 August Guardian Weekly**

**Sudanese Civil War: the devastating consequences of counter-revolution by Joe Attard (10 November 2025)**




HANDS OFF
IRAN
CLASS WAR
AGAINST
IMPERIALISM
THE
STRUGGLE